

# မြန်မာ့ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာအပြောင်းအလဲ

၂၀၁၇ ခုနှစ် ဧပြီလ

လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ
စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) အတွက် ကမ္ဘာ့ဘဏ် World Bank နှင့် ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်းအဖွဲ့ (EMR) တို့ကပူးတွဲပြုစုပါသည်။

WORLD BANK GROUP

Livelihoods and Food Security Trust Fund

EMReF Enlightened Myanmar Research Foundation

# မြန်မာ့ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် လူမှုရေးဆိုင်ရာအပြောင်းအလဲ

လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုအစီအရင်ခံစာ
ဆဋ္ဌမအကြိမ် လေ့လာမှုအစီအရင်ခံစာ

၂၀၁၇ ခုနှစ်၊ ဧပြီလ

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) အတွက် ကမ္ဘာ့ဘဏ် World Bank နှင့် ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်းအဖွဲ့ (EMR) တို့ကပူးတွဲပြုစုပါသည်။

WORLD BANK GROUP

EMReF
Enlightened Myanmar Research Foundation

LIFT
Livelihoods and Food Security Trust Fund

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာသည် ကမ္ဘာ့ဘဏ်၏ ရုံးသုံးစာရွက်စာတမ်းများအတွက် အသုံးပြုသည့် ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်ကို ဖြတ်သန်းထားခြင်းမရှိပါ။ ဤနေရာတွင် ဖော်ပြထားသော တွေ့ရှိချက်များ၊ အနက်ကောက်ယူမှုများနှင့် ကောက်ချက်များသည် စာရေးသူများ၏ အမြင်များသာဖြစ်ပြီး ကမ္ဘာ့ဘဏ်နှင့် ယင်းနှင့် နီးနွယ်နေသော အဖွဲ့အစည်းများ သို့မဟုတ် ကမ္ဘာ့ဘဏ် အမှုဆောင်ညွှန်ကြားရေးမှူးများ သို့မဟုတ် ယင်းတို့ကိုကိုယ်စားပြုသော အစိုးရများ၏ အမြင်ကို ထင်ဟပ်ခြင်းမရှိပါ။

ကမ္ဘာ့ဘဏ်အနေဖြင့် ဤစာတမ်းတွင်ပါဝင်သော အချက်အလက်များ၏ မှန်ကန်တိကျမှုနှင့် စပ်လျဉ်း၍ အာမခံခြင်းမရှိပါ။ ဤစာတမ်းတွင်ပါဝင်သော မြေပုံများပေါ်တွင် ဖော်ပြထားသည့် နယ်နမိတ်၊ အရောင်၊ တန်ဖိုးနှင့် အခြားအချက်အလက်များသည် ကမ္ဘာ့ဘဏ်အနေဖြင့် ပိုင်နက်တစ်ခုခု၏ ဥပဒေအဆင့်အတန်း သို့မဟုတ် ယင်းနယ်နမိတ်များကို သဘောတူခြင်း သို့မဟုတ် လက်ခံခြင်းစသည်တို့ကို မဆိုလိုပေ။

လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု (QSEM) အစီအရင်ခံစာများသည် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးအဖွဲ့ရန်ပုံငွေ (LIFT) ၏ ရန်ပုံငွေဖြင့် ကမ္ဘာ့ဘဏ်နှင့် ပညာအလင်းပွင့်မြန်မာသုတေသနအဖွဲ့ (EMReF) တို့က မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) သို့ ထည့်ဝင်လှူဒါန်းခဲ့ကြသော ဥရောပသမဂ္ဂနှင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စုတို့အား ယင်းတို့ကထောက်ပံ့ကူညီခြင်းကို ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သော မစ်ဆူဘီရှီကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ကွင်းဆင်းသုတေသနလုပ်ငန်းကို EMReF (ပညာအလင်းပွင့် မြန်မာသုတေသနအဖွဲ့)က စီမံခန့်ခွဲခဲ့ပြီး သုတေသနမန်နေဂျာမှာ မင်းမင်းဟန် ဖြစ်ပါသည်။ လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသနကို ခင်မျိုးဝေက ကူညီပံ့ပိုးခဲ့ပါသည်။ သုတေသနအဖွဲ့ ခုနစ်ဖွဲ့သည် ပြည်နယ်လေးပြည်နယ် နှင့် တိုင်းဒေသကြီး သုံးခုတို့တွင် သုတေသနပြုလုပ်ဆောင်ရွက်ခဲ့ကြပါသည်။ သုတေသနအဖွဲ့များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**ရောဝတီတိုင်းဒေသကြီး**
စိုးစိုးလင်း (အဖွဲ့ခေါင်းဆောင်)၊ နီနီဝေ၊ ဇော်ပိုင်၊ ရန်နိုင်ထွန်း

**ချင်းပြည်နယ်**
စုစုလှိုင် (အဖွဲ့ခေါင်းဆောင်)၊ သဲဖြူထွန်း၊ သော်ဇင်၊ ဇန်ခန်းသန်း

**ကချင်ပြည်နယ်**
ဇင်မာအောင် (အဖွဲ့ခေါင်းဆောင်)၊ ခင်မိုးခိုင်၊ ငြိမ်းပိုင်ဦး၊ မျိုးသူထွန်း

မကွေးတိုင်းဒေသကြီး
အိအိခိုင် (အဖွဲ့ခေါင်းဆောင်)၊ ခိုင်သွယ်၊ မြတ်သူရဆွေ၊ အောင်ချမ်းသာ

**မန္တလေးတိုင်းဒေသကြီး**
ရီမွန် (အဖွဲ့ခေါင်းဆောင်)၊ နေရီနွေး၊ ဉာဏ်ထွန်းအောင်၊ ဝေလင်းထက်

**ရခိုင်ပြည်နယ်**
ယဉ်မင်းဖြိုး (အဖွဲ့ခေါင်းဆောင်)၊ ဝါဝါလွင်၊ ဝေဖြိုးအောင်၊ ပြည့်ဖြိုးကျော်

**ရှမ်းပြည်နယ်**
ဖြိုးသစ္စာကျော် (အဖွဲ့ခေါင်းဆောင်)၊ ကေသီခိုင်၊ မေရီပေါ၊ ဇေယျာဖြိုး

လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု (QSEM) အစီရင်ခံစာတွင်ပါဝင်သော ကျေးရွာ ၆၃ ရွာရှိ ရပ်ရွာသူရပ်ရွာသားများ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုမရှိပါက ဤသုတေသနလုပ်ငန်းသည် ပြီးမြောက်ပေါ်ထွက်လာနိုင်မည် မဟုတ်ပါ။ QSEM အဖွဲ့အနေဖြင့် အချိန်၊ အသိပညာဗဟုသုတများနှင့် ညှိဝတ်ကျေပွန်မှုတို့ဖြင့် ဆောက်ရွက်ဖြည့်ဆည်းပေးပါသော ရပ်ရွာသူရပ်ရွာသားများ၊ ကျေးရွာခေါင်းဆောင်များ၊ ဒေသဆိုင်ရာ အစိုးရအရာရှိများနှင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့များ အားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ဤအစီရင်ခံစာအတွက် ပူးတွဲသုံးသပ်သည့် ပုဂ္ဂိုလ်များမှာ Maria Beatriz Drlando (ကမ္ဘာ့ဘဏ်)၊ Libera Antelmi Dazio ၊ Sophie Rigg (LIFT) နှင့် Michael Griffiths (လူမှုရေးမူဝါဒနှင့် ဆင်းရဲနွမ်းပါးမှု သုတေသနအဖွဲ့)တို့ ဖြစ်ကြပါသည် အဖွဲ့အနေဖြင့် အစီရင်ခံစာ၏ စိတ်အပိုင်းကဏ္ဍ အသီးသီးအပေါ် ထိရောက်သည့် အကြံပေးမှုများ ဆောင်ရွက်ပေးပါသော Adam Burke၊ Susanne Kempes၊ Warren Mayes၊ မြတ်သက်သစ္စာ၊ Michael Woolcock နှင့် SergiyZorya တို့ကို ကျေးဇူးတင်ရှိပါသည်။ LIFT ၏ လုပ်ဖော်ကိုင်ဘက်များဖြစ်သော အထူးသဖြင့် Anne Coghlan၊ Sophie Rigg နှင့် ပွင့်ဖြူစိုးတို့က သုတေသနလုပ်ငန်းတစ်လျှောက် အစဉ်တစိုက်ကူညီပံ့ပိုးပေးခဲ့ကြပြီး၊ ကမ္ဘာ့ဘဏ်မှ မသီရိကလည်း ရုံးပိုင်းဆိုင်ရာ ပံ့ပိုးမှုများကို ပြီးပြည့်စုံစွာကူညီပံ့ပိုးပေးခဲ့ကြောင်း တင်ပြအပ်ပါသည်။

အစီရင်ခံစာကို ဦးဆောင်ရေးသားခဲ့ကြသူများမှာ Matthew Zurstrassen၊ Samuel Pursch နှင့် Andrea Woodhouse တို့ ဖြစ်ကြပြီး လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှု သုတေသနကို Polina Polianskaja က စီမံခန့်ခွဲခဲ့ခြင်းဖြစ်ပါသည်။ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှုကို လူမှုဖွံ့ဖြိုးတိုးတက်ရေး အထူးကျွမ်းကျင်သူ Andrea Woodhouse နှင့် ဝါရင့်စီးပွားရေးပညာရှင် ReenaBadiani-Magnusson တို့က စီမံခန့်ခွဲခဲ့ပါသည်။

**အသိပေးကြေညာချက်**

ဤအစီရင်ခံစာကို သြစတြေးလျ၊ ဒိန်းမိတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စုတို့ နှင့် မစ်ဆူဘီရှိကော်ပိုရေးရှင်းတို့၏ ဘဏ္ဍာရေးအထောက်အပံ့တို့ဖြင့် ပြုစုရေးသားထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသာဖော်ပြထားသော အမြင်များသည် LIFT အလှူရှင်များ၏ တရားဝင်အမြင်ဖြစ်သည်ဟု မယူဆနိုင်ပါ။

# အတိုကောက်အက္ခရာအညွှန်း

| | |
|---|---|
| DALMS | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| EAG | တိုင်းရင်းသားလက်နက်ကိုင်အုပ်စု |
| EMREF | ပညာအလင်းပွင့်မြန်မာသုတေသနအဖွဲ့ |
| FGD | အုပ်စုလိုက် ဆွေးနွေးပွဲ |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| KI | အဓိကသတင်းအချက်အလက်ပေးသူ |
| KIA | ကချင်လွတ်မြောက်ရေးတပ်မတော် |
| LIFT | အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ |
| LUC | မြေယာအသုံးပြုမှု သက်သေခံလက်မှတ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MMK | မြန်မာကျပ်ငွေ |
| MOGE | မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း |
| MPLCS | မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့်အသက်မွေးဝမ်းကျောင်းအခြေအနေများသုတေသန |
| NCA | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| QSEM | လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု |
| SEZ | အထူးစီးပွားရေးဇုန် |
| TDSC | မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| VA | ကျေးရွာအုပ်ချုပ်ရေးမှူး |
| VDC | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| VDSC | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ |
| VERP | ကျေးရွာရပ်မိရပ်ဖများ |
| VTA | ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး |

# မာတိကာ

**မာတိကာ**


ကျေးဇူးတင်လွှာ ၁

အတိုကောက်အက္ခရာအညွှန်း ၃

မာတိကာ ၄

အခန်း(၁) နိဒါန်း ၁၃

သုတေသနလုပ်ငန်း၏နောက်ခံအကြောင်းအရာ ၁၃

သုတေသနဒီဇိုင်း ၁၄

သုတေသနပြုလုပ်သည့် နည်းစနစ်နှင့် သရုပ်ခွဲဆန်းစစ်ခြင်း ၁၆

အစီရင်ခံစာဖွဲ့စည်းတည်ဆောက်ပုံ ၁၉

အခန်း(၂) မြန်မာ့ ကျေးလက်ဒေသများရှိ ပြောင်းလဲနေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၂၃

ဖြစ်စဉ်အလိုက်လေ့လာမှု - ဝင်ငွေများတိုးပွားလာစေရန်ဆောင်ရွက်နေသည့်ရခိုင်အိမ်ထောင်စုတစ်စုအကြောင်း ၂၅

အိမ်ထောင်စုများ မည်သို့အသက်မွေးကြသနည်း။ ၃၁

အခန်း (၃) - ဒေသတွင်းဖြစ်ပေါ်တတ်သော ပြဿနာများကြောင့် ပြင်းထန်သော ထိခိုက်မှုများ၊ စိတ်ဖိစီးမှုများနှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိမှု ၄၅

QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိလူများသည် မည်သည့်ပြင်းထန်သော ထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို ကြုံတွေ့ကြရသနည်း။ ၄၅

QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ လူများသည် အဆိုပါပြင်းထန်သော ထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို မည်သို့တုံ့ပြန်ဖြေရှင်းကြသနည်း။ ၄၈

အခန်း (၄) - အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုထိခိုက်စေသောအကြောင်းရင်းများ ၅၉

ချေးငွေရရှိမှု ၅၉

ပြင်ပပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ၆၅

မြေယာ ၆၇

စျေးကွက်သတင်းအချက်အလက် - နည်းပညာ၏အသွင်ပြောင်းလဲလာသောအခန်းကဏ္ဍ ၇၄

အခန်း (၅) - ကျေးရွာစီမံအုပ်ချုပ်ရေး နှင့် အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်မှု ၇၇

ကျေးရွာခေါင်းဆောင်နှင့် အဖွဲ့အစည်းများ ၇၇

အစိုးရထံမှ မျှော်မှန်းချက်များ ၈၅

ပဋိပက္ခ ၉၁

အခန်း (၆) - သုံးသပ်ချက်များ ၉၅

**နောက်ဆက်တွဲ (က) - QSEM သုတေသနများ ပြုလုပ်သည့် နည်းစနစ်** ၁၀၀

ရည်ရွယ်ချက်များ ၁၀၀

သုတေသနချဉ်းကပ်ပုံ ၁၀၃

အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၁၀၅

ကျမ်းကိုးစာရင်း ၁၀၉

# ပုံများ


| | | |
|---|---|---|
| ပုံ ၁ | QESM သရုပ်ခွဲလေ့လာဆန်းစစ်မှုမူဘောင် | ၁၅ |
| ပုံ ၂ | ရခိုင်ပြည်နယ်ရှိမိသားစု၏ဖြစ်ရပ်အလိုက်ကို အချိန်ကာလဖြင့်ဖော်ပြခြင်း | ၂၆ |
| ပုံ ၃ | ရခိုင်အိမ်ထောင်စု - တစ်နှစ်ပတ်လုံး ဝင်ငွေ၏အရင်းအမြစ်များ | ၂၉ |
| ပုံ ၄ | လွန်ခဲ့သောနှစ်က စိုက်ပျိုးရေးဆောင်ရွက်သောအိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှ အလုပ် လုပ်ရက်များ၊ MPLCS | ၃၁ |
| ပုံ ၅ | မတူညီသော အရင်းအမြစ်များမှ ဝင်ငွေရရှိသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်း၊ MPLCS | ၃၅ |
| ပုံ ၆ | သုတေသနအကြိမ်အလိုက် ရာသီဥတုနှင့်ဆက်စပ်သည့် ပြင်းထန်သော ထိခိုက်မှုများ | ၄၆ |
| ပုံ ၇ | ဧရာဝတီတိုင်းဒေသကြီးရှိ မိသားစု၏ဖြစ်ရပ်အလိုက်ကို အချိန်ကာလအဖြင့်ဖော်ပြခြင်း | ၅၂ |
| ပုံ ၈ | အစိုးရချေးငွေရရှိသုံးစွဲသော ကျေးရွာများ၏အချိုးအစား၊ QSEM ၄-၆ | ၆၀ |
| ပုံ ၉ | ၂၀၁၃ နှင့် ၂၀၁၆ ရွေးကောက်ပွဲများ၏ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အပြောင်းအလဲများ | ၇၈ |
| ပုံ ၁၀ | QSEM လေ့လာမှုကာလများအတွင်း အစိုးရ၏အကူအညီပေးမှု (QSEM ၄-၆) | ၈၆ |
| ပုံ ၁၁ | ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အစိုးရစီမံကိန်းများ | ၈၇ |

| | | |
|---|---|---|
| ဇယား ၁ | ကျား၊ မအလိုက် ဖြေကြားမှုများ အကျဉ်းချုပ် (အဓိကသတင်းအချက်အလက် ပေးသူနှင့် အုပ်စုလိုက်ဆွေးနွေးမှုများ) | ၁၆ |
| ဇယား ၂ | ချမ်းသာကြွယ်ဝမှုအလိုက် ဝင်ငွေအရင်းအမြစ်များ (ချမ်းသာကြွယ်ဝမှု အဆင့်အလိုက် အဓိက သတင်းအချက်အလက်ပေးသည့် အိမ်ထောင်စုများ၊ တိုင်းဒေသကြီး/ပြည်နယ် (၅)ခု | ၃၄ |
| ဇယား ၃ | အကြိမ်အရေအတွက်အလိုက် ကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်း | ၃၆ |
| ဇယား ၄ | ရခိုင်အိမ်ထောင်စု - တစ်နှစ်ပတ်လုံးဝင်ငွေ၏ အရင်းအမြစ်များ | ၅၃ |
| ဇယား ၅ | အစိုးရချေးငွေအစီအစဉ်များ၏ အကျဉ်းချုပ်နှင့် အမြင်ရှုထောင့်များ | ၆၀ |
| ဇယား ၆ | QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနီးရှိ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု | ၆၆ |
| ဇယား ၇ | QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများ | ၆၉ |

ဇယား ၈ QSEM-6 တစ်လျှောက် မြေယာအသုံးပြုမှုတွင် ပြောင်းလဲမှုများ ၇၁
ဇယား ၉ ကချင်နှင့် မန္တလေးတွင် လျှပ်စစ်ဓာတ်အား ဆက်သွယ်အသုံးပြုမှု ၈၈

သာဓက ၁ မန္တလေးတွင်ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံကိုဖြစ်ပေါ်စေသည့် ဒေသဆိုင်ရာအခြေအနေများ ၃၆
သာဓက ၂ ရောဝတီနှင့် ရှမ်းပြည်နယ်ရှိလယ်သမားများသည် မတူညီသော ဈေးကွက်များသို့ တင်ပို့ရန် သီးနှံသစ်များစိုက်ပျိုးလာခြင်း ၄၀
သာဓက ၃ ဖြစ်ရပ်အလိုက်လေ့လာမှု - ကြံ့ကြံ့ခံနိုင်ရည်တည်ဆောက်ရန် ရောဝတီရှိ အိမ်ထောင်စုတစ်ခု၏ ကြိုးပမ်းအားထုတ်မှုများ ၅၁
သာဓက ၄ အမျိုးသမီးဦးစီးသောအိမ်ထောင်စုများသည် လျှော့ချထားသောချေးငွေများကိုသာ ရရှိကြခြင်း ၆၃
သာဓက ၅ စီးပွားရေးလုပ်ငန်းသစ်ထူထောင်ရန် Evergreen စီမံကိန်းမှချေးငွေများကိုသုံးစွဲခြင်း ၆၅
သာဓက ၆ မှတ်ပုံတင်ခြင်းနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများ ခိုင်မာစေရန် လယ်ယာမြေသတ်မှတ်မှု ပြောင်းလဲခြင်း။ ၆၈
သာဓက ၇ မန္တလေးရှိ လယ်သမားများကမြေယာအသုံးပြုခွင့်လက်မှတ်ကို အပေါင်ပစ္စည်းအဖြစ် ထားကာ မြေယာကိုပေါင်နှံခြင်း ၇၂
သာဓက ၈ ကချင်ပြည်နယ်တွင် သိမ်းယူထားသောမြေယာများပြန်လည်တောင်းဆိုလျှောက် ထားခြင်း ၇၃
သာဓက ၉ တိုးတက်လာသော တယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်ကြောင့် ရခိုင်ပြည်နယ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုန်သွယ်ရေးအပေါ် သက်ရောက်မှု ၇၅
သာဓက ၁၀ လုပ်ပိုင်ခွင့်အာဏာလျော့နည်းလာခြင်းသည် ချင်းနှင့် ရောဝတီတို့ရှိ ကျေးရွာအဆင့် ခေါင်းဆောင်မှုကို ယိမ်းယိုင်စေခြင်း။ ၈၀
သာဓက ၁၁ မကွေးရှိ ကျေးရွာတစ်ရွာ၏ ဒေသတွင်းနိုင်ငံရေးနှင့် နိုင်ငံရေးအသွင် ကူးပြောင်းမှု ၈၁
သာဓက ၁၂ ရောဝတီတိုင်းဒေသကြီးတွင် တံတားသစ်တစ်စင်းအတွက် စေ့စပ်ညှိနှိုင်းခြင်း ၈၃
သာဓက ၁၃ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ခံရသော အမျိုးသမီးတစ်ဦးအနေဖြင့် တွေ့ကြုံရသော စီမံအုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများ ၈၄
သာဓက ၁၄ ရခိုင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ချေးငွေအစီအစဉ်နှင့်ပတ်သက်သော သတင်း အချက်အလက် မရရှိခြင်းကြောင့် လူမှုရေးဆိုင်ရာတင်းမာမှုကို ဖြစ်ပေါ်စေခြင်း ၈၉
သာဓက ၁၅ ပဋိပက္ခဖြစ်ပွားထားသော ဒေသများအတွင်းရှိ ကျေးရွာ၏ ထည့်ဝင်ထောက်ပံ့မှုများ။ ၉၁

# အကျဉ်းချုပ် အစီရင်ခံစာ

မြန်မာနိုင်ငံရှိ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာစောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (QSEM) သည် မြန်မာ့ကျေးလက်နေပြည်သူများ၏ လူမှုဘဝကို အချိန်ယူကာတစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ထားသည့် လေ့လာချက် ဖြစ်ပါသည်။ ဤသုတေသနအစီအစဉ်တွင် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ နှင့် နည်းဗျူဟာများကိုလည်းကောင်း၊ ထိုနည်းဗျူဟာများကို ပုံဖော်ပေးနေသည့် အချက်အလက်များကို လည်းကောင်း၊ လူမှုရေးနှင့် အဖွဲ့အစည်းဆိုင်ရာ သွင်ပြင်လက္ခဏာများက ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများနှင့် ရလဒ်များအပေါ် မည်သို့သက်ရောက်သည်ကိုလည်းကောင်း ပိုမိုကျယ်ပြန့်စွာ လေ့လာဆန်းစစ်ထားပါသည်။ လေ့လာမှုတွင် မြန်မာနိုင်ငံအနှံ့မှ ပြည်နယ် ၄ ပြည်နယ် (ချင်း၊ ကချင်၊ ရခိုင်နှင့် ရှမ်း) နှင့် တိုင်းဒေသကြီး ၃ခု (ဧရာဝတီ၊ မကွေး နှင့် မန္တလေး) တို့ရှိ ကျေးရွာ ၆၃ ရွာတို့ ပါဝင်ပါသည်။ ၂၀၁၂ မှစတင်ဆောင်ရွက်ခဲ့သည့် ဤ သုတေသနလုပ်ငန်းသည် ယခုအခါ၌ ဤလေ့လာမှုအမျိုးအစားများ၏ အကြီးဆုံးနှင့် အရှည်ကြာဆုံးလေ့လာမှုတို့အနက်မှ တစ်ခု ဖြစ်ပါသည်။ ၎င်းတွင် ထူးခြားသောအမြင်များကို တင်ပြထားပါသည်။ ၎င်းအမြင်များမှတစ်ဆင့် ကျေးလက်ဒေသများ၌ မြန်မာ့အသွင်ကူးပြောင်းရေးသည် မည်သို့ပါဝင်ပတ်သက်နေပြီး ပြည်သူများ၏ လုပ်ငန်းများအပေါ်မည်သို့ သက်ရောက်နေကြောင်း၊ ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို မည်သို့ ကိုင်တွယ်ဆောင်ရွက်နေကြောင်း နှင့် ကျေးရွာအဖွဲ့အစည်းများ နှင့် အစိုးရနှင့် မည်သို့ ချိတ်ဆက်ဆောင်ရွက်နေကြောင်း နားလည်သဘောပေါက်နိုင်မည် ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ခြေရာကောက်ခွဲခြမ်းဆန်းစစ်မှုကို ပြဌာန်းပေးနိုင်ရန် သုတေသနလုပ်ငန်း၏ နောက်ဆုံးအကြိမ်ဖြစ်သည့်ခြောက်ကြိမ်မြောက် ဆောင်ရွက်မှု နှင့် ယခင်သုတေသန လုပ်ငန်းများ၏ ပူပေါင်းဆောင်ရွက်မှုလုပ်ငန်းများမှ တွေ့ရှိချက်များကို တင်ပြထားပါသည်။ ကွင်းဆင်းဆောင်ရွက်မှုကို ၂၀၁၆ ဇန်နဝါရီလ မှ မတ်လအတွင်း ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၆ ဇွန်လ နှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့သည့် လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာလေ့လာမှု သုတေသနကိုလည်း လေ့လာကောက်ချက်ချပါသည်။

ဤသုတေသနလုပ်ငန်းကို ၂၀၁၂ တွင် စတင်ခဲ့ခြင်းကြောင့်၊ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ အိမ်ထောင်စုများသည် အရေးပါသောအပြောင်းအလဲများ နှင့် မသေချာ မရေရာမှု များတို့ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း တွေ့မြင်ရပါသည်။ ၂၀၁၂ နှင့် ၂၀၁၅ တို့အကြား၊ အစိုးရသည် မြေယာ နှင့် ကျေးရွာစီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေသစ်များထုတ်ပြန်ခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ ဖြေလျှော့မှုများ နှင့် အခြေခံအဆောက်အအုံ နှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများအတွက် ရင်းနှီးမြှုပ်နှံမှုကို တိုးပွားစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေများရှိ ချေးငွေရရှိနိုင်မှု တိုးပွားစေပြီး၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ တိုးပွားစေခဲ့ပါသည်။ ၂၀၁၅ အရောက်တွင် အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများအပြားနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ခြင်း၊ ဒီမိုကရက်တစ် ရွေးကောက်ပွဲများကျင်းပခဲ့ခြင်း နှင့် အတိုက်အခံပါတီသို့ နိုင်ငံရေးအာဏာကို ငြိမ်းချမ်းစွာ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဤအပြောင်းအလဲများသည် ကျေးလက်နေ အိမ်ထောင်စုများအတွက် အခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။ သို့ရာတွင် ၎င်းအိမ်ထောင်စု များသည် ဥတုရာသီ နှင့် ကျေးလက်စီးပွားရေးဆိုင်ရာ ပြင်းထန်သော ထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကြောင့်ဖြစ်ပေါ်စေသည့် လေးနက်သောမသေချာမှုကိုလည်း ရင်ဆိုင်ခဲ့ကြရပါသည်။

**အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ**

**QSEM** ဆောင်ရွက်ခဲ့သည့် ကျေးရွာများသည် ဤအပြောင်းအလဲ နှင့် မသေချာမှုတို့ အလယ်တွင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမဟာဗျူဟာများ နှင့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြရပါသည်။ **QSEM** ဆောင်ရွက်မှုတစ်လျှောက်၊ အိမ်ထောင်စုများအတွက် အဓိကမကြာခဏတွေ့ရလေ့ရှိသော ဆုံးဖြတ်ချက်ချမှုတစ်ရပ်မှာ စိုက်ပျိုးရေးလုပ်ငန်းအပြင် ၎င်းတို့၏ ဝင်ငွေများကို နည်းအမျိုးမျိုးဖြင့် တိုးပွားအောင်ကြိုးပမ်း

**ဆောင်ရွက်ရန်ဖြစ်ပါသည်။** ရာသီလိုက်စိုက်ပျိုးရေးဆိုင်ရာ ဝင်ငွေသည် ၎င်း၏ ရာသီဥတုဆိုင်ရာ ထိခိုက်လွယ်မှုကြောင့် ဤနည်းအမျိုးမျိုးဖြင့် တိုးပွားအောင်ဆောင်ရွက်ရန်အတွက် စေ့ဆော်မှု ဖြစ်ပေါ်စေခဲ့ပါသည်။ သုတေသနစတင် ဆောင်ရွက်ခဲ့သည့် အချိန်မှစ၍ ဆင်းရဲသော အိမ်ထောင်စုများ အထူးသဖြင့် မြေယာပိုင်ဆိုင်မှုမရှိဘဲ ကျပန်းလုပ်ကိုင်စားသောရသူများသည် နှစ်တစ်နှစ်၏ ကာလအများစုတွင် အလုပ်အကိုင်ရှားပါးမှုများ ဖြစ်ပေါ်ခဲ့ပြီး၊ တောင်သူလယ်သမား များအနေဖြင့် ဆိုးရွားသောရာသီဥတု အပြောင်းအလဲများ နှင့် အရေးကြီးကာလများတွင် အလုပ်သမားရှားပါးမှုတို့ဖြင့် ရင်ဆိုင်ခဲ့ကြရပါသည်။ ၎င်းစိန်ခေါ်မှုများသည် QSEM အိမ်ထောင်စု များကို ဝင်ငွေရရှိမည့် လမ်းကြောင်းအမျိုးမျိုးကို အဆင့်ဆင့်ဟန်ချက်ညီအောင်ထိန်းနိုင်ရန် စေ့ဆော်ခဲ့ပါသည်။ ချမ်းသာကြွယ်ဝသော အုပ်စုများတွင် ဝင်ငွေစီးဆင်းမည့်လမ်းအမျိုးအမျိုးကို ဖြစ်ပေါ်စေခဲ့သော်လည်း၊ ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့်နည်းအမျိုးအမျိုးဖြင့် ဝင်ငွေတိုး နိုင်ရန် ဆောင်ရွက်နိုင်မှုမှာ နည်းပါးခဲ့ပါသည်။ စီးပွားရေးဆိုင်ရာ အရေးပါလာသည်နှင့်အမျှ မိသားစုတာဝန်ဝတ္တရားများ၊ ဘဝပုံစံနှင့် လူမှုရေး စံနှုန်းများအပါအဝင် ဘဏ္ဍာရေးနှင့်နီးနွယ်မှု မရှိသည့်ဆောင်ရွက်မှုများဖြင့်လည်း နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်းကို ဖြစ်ပေါ်စေခဲ့ပါသည်။

**အိမ်ထောင်စုများသည် သူတို့၏ကျေးရွာအတွင်း လယ်ယာလုပ်ငန်းအပြင်၊ လယ်ယာလုပ်ငန်းနှင့် နီးနွယ်မှုမရှိသည့်လုပ်ငန်းများကိုလည်း နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။** ဤသုတေသန လုပ်ငန်းကို ၂၀၁၂ တွင်စတင်ဆောင်ရွက်ခဲ့သောကြောင့်၊ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာ များ၌ အထူးသဖြင့် အသေးစားလုပ်ငန်းများမှာ ပုံမှန်တိုးပွားမှုများ ရှိခဲ့ပါသည်။ ၎င်းတို့သည် မိသားစုအပြင်မှလူများကို အလုပ်ပေးအပ်မှုမှာ မရှိသလောက်နည်းပါးပြီး၊ အိမ်ထောင်စုသည် ၎င်းလုပ်ငန်းတို့ကို တိုးချဲ့ရာတွင် အရဲစွန့်ဆောင်ရွက်မှု နည်းပါး ပါသည်။ QSEM ဆောင်ရွက်ခဲ့ သည့် ကျေးရွာများအနီးတွင် ပုဂ္ဂလိကပိုင်ကဏ္ဍလုပ်ငန်းများ တည်ထောင်ထားသော်လည်း၊ အဓိကအလုပ်အကိုင်အခွင့်အလမ်းများမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် ရှိနေပါသေးသည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ ပြည်သူတို့သည် လိုအပ်သော ကျွမ်းကျင်မှုများမရှိသဖြင့် ၎င်းလုပ်ငန်းများတွင် အလုပ်အကိုင်ရရှိမှုမှာ အလွန်နည်းပါးပါသည်။

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ ပြည်သူတို့သည် ၎င်းတို့၏ ဝင်ငွေများ နည်းအမျိုးမျိုးဖြင့် တိုးပွားစေရန် ရွှေ့ပြောင်းသွားလာခြင်းဖြင့် ရှာဖွေဆောင်ရွက်ကြပါသည်။ ရွှေ့ပြောင်းသွားလာမှုမှာ လေ့လာမှုအကြိမ်များအတွင်း ပုံမှန်တိုးတက်လျက်ရှိပါသည်။** ပို့ငွေများသည် အိမ်ထောင်စုများအတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးနှင့် နီးနွယ်မှု မရှိသောလုပ်ငန်းတို့တွင် ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်စေပြီး၊ ဝင်ငွေမတည်ငြိမ်မှုကိုလည်း ကျော်လွှား နိုင်စေပါသည်။ ၎င်းတို့မှာ ရွှေ့ပြောင်းသွားလာမှုအတွက် အဓိကအကြောင်းအရင်းများ ဖြစ်ပါသည်။ သို့ရာတွင် ခေတ်မီသော ဘဝပုံစံနှင့် အခြား ဘဏ္ဍာရေးနှင့် နီးနွယ်မှုမရှိသော အကြောင်းအရင်းများအတွက်လည်း လိုချင်တပ်မက်ကြသောကြောင့် ဖြစ်ပါသည်။ ရွှေ့ပြောင်းသွားလာမှုတွင် လူမှုရေးကွန်ရက်များ၏ အရေးပါမှုမှာ QSEM ၏ လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာလေ့လာမှုများမှ ထင်ရှားစေပါသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာသူများ ကြုံတွေ့ရနိုင်သည့် အန္တရာယ်များနှင့် စိန်ခေါ်မှုများရှိပါသည်။
ဥပမာ - ၎င်းတို့အနေဖြင့် ပုံမှန်ဝင်ငွေရနေသော်လည်း၊ မိသားစုကြွေးမြီများကို ပြန်ဆပ်နိုင် အောင်ထိ လုံလောက်စွာမရရှိခြင်း၊ ကြမ်းကြမ်းတမ်းတမ်းဆက်ဆံခံရနိုင်ခြင်းနှင့် ၎င်းတို့၏ မိသားစုများနှင့် လူမှုရေးဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ၏အဝေး၌ နေရသည့် အခက်အခဲများတို့ ဖြစ်ပါသည်။

**မြန်မာနိုင်ငံရှိ ကျယ်ပြန့်သော အပြောင်းအလဲများသည် စိုက်ပျိုးရေးလုပ်ကိုင်စားသောက်ကြသော အိမ်ထောင်စုများကို စိုက်ပျိုးရေး၌ အရေးပါသောနောက်အဆင့်တစ်ရပ်သို့ ရောက်ရှိစေပါသည်။** သုတေသနစတင်ခဲ့သည့်အချိန်မှစ၍ ကျေးလက်ချေးငွေများသည်အထူးသဖြင့် MADB မှတစ်ဆင့် သိသာထင်ရှားစွာ တိုးပွားခဲ့ပါသည်။ အိမ်ထောင်စုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ချေးငွေများ၏ သက်ရောက်မှုဆိုင်ရာ သက်သေသာဓကများမှာရောထွေးနေသော်လည်း၊ ၎င်းသည် တောင်သူလယ်သမားများအပေါ် ကောက်ပဲသီးနှံ့အမျိုးမျိုးစိုက်ပျိုးမှုတိုးပွားလာစေခြင်း တစ်နည်း အားဖြင့် အထွက်တိုးလာခြင်းနှင့် သို့မဟုတ် သူတို့၏ ကောက်ပဲသီးနှံများသည် မတူညီသော ဈေးကွက်သို့ ရောက်ရှိခြင်း တို့ကို ဖြစ်ပေါ်စေပါသည်။ အခြားကြောင်းအရင်းများတွင် ခိုင်မာသော ဝယ်လိုအားများနှင့် ဦးဆောင်နေသောတောင်သူလယ်သမားများ၊ အကြံပေးဝန်ဆောင်မှုများနှင့် စပ်းသပ်ဆောင်ရွက်မှုများမှ လေ့လာသင်ယူခြင်းတို့ပါ ပါသည်။ သို့ရာတွင် QSEM ကျေးရွာများရှိ အသေးစားလုပ်ကိုင်ဆောင်ရွက်သည့် တောင်သူကြီးများသည်အလတ်စားသို့မဟုတ်အကြီးစား

လယ်ယာပိုင်ဆိုင်လုပ်ကိုင်ကြသောတောင်သူကြီးများလောက် အရဲစွန့်ဆောင်ရွက်မှုမရှိဘဲ၊ အခြေအနေကောင်းသော လယ်သမားများ၏ နည်းပညာသစ်များနှင့် ချဉ်းကပ်မှုသစ်များဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်မှုအပေါ် အကဲခတ်၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြပါသည်။

### ပြင်းထန်သော ထိခိုက်မှုများနှင့် ကြံ့ကြံ့ခံနိုင်မှု

**သုတေသနလုပ်ငန်းစတင်ပြုလုပ်ခဲ့ချိန်မှစ၍ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ အိမ်ထောင်စုများသည် ရာသီဥတု၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားပြင်းထန်သော ထိခိုက်မှုများနှင့်ရင်ဆိုင်ခဲ့ကြရပါသည်။ ၎င်းပြင်းထန်သောထိခိုက်မှုများကို ကိုင်တွယ်ရာတွင်၊ အိမ်ထောင်စုများ၏ ကြိုးပမ်းဆောင်ရွက်မှုသည် ချမ်းသာကြွယ်ဝမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ်မူတည်၍ ကွဲပြားကြပါသည်။** ပြင်းထန်သောထိခိုက်မှုများကို ကြိုးပမ်းတုံ့ပြန်ရာတွင်၊ ဆင်းရဲသော အိမ်ထောင်စုများသည် ၎င်းတို့၏ ရေရှည်လူမှုဘဝဖူလုံမှုကို ထိခိုက်စေသည့် ဆောင်ရွက်မှုများကို အသုံးပြုနိုင်မှုအလားအလာ ပိုမိုများပြားပါသည်။ ပိုမိုကြွယ်ဝသော အိမ်ထောင်စုများသည် စုငွေများအပေါ် မှီခိုဖြေရှင်းကြပြီး၊ ဆင်းရဲသောအိမ်ထောင်စုများသည် မြေယာများသို့မဟုတ် အခြားပိုင်ဆိုင်မှုများကို ရောင်းချခြင်း၊ ကလေးငယ်များကို ကျောင်းထုတ်၍ အလုပ်လုပ်ကိုင်စေခြင်း၊ အလွန်ဆိုးရွား ပြင်းထန်သောအခြေအနေများတွင် အစားအစာ လျှော့စားခြင်းတို့ကို ဆောင်ရွက်ကြရပါသည်။ ပြင်းထန်သော ထိခိုက်မှုများကို ကိုင်တွယ်ရာတွင်၊ ချမ်းသာသော စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများသည် စက်များဝယ်ယူရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်း၊ လုပ်အားနည်းသီးနှံများကို ပြောင်းလဲ စိုက်ပျိုးခြင်း၊ မိသားစုလုပ်အားအပေါ် ပိုမိုမှီခိုအသုံးပြုခြင်း သို့မဟုတ် အလုပ်သမားများအတွက် ငွေပေးချေမှုပုံစံသစ်များဆောင်ရွက်ခြင်း ကဲ့သို့သော စိုက်ပျိုးရေးနည်းလမ်းများပြောင်းလဲခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်ကြပါသည်။ ပြင်းထန်သော ထိခိုက်မှုများကို တုံ့ပြန်ကြရာတွင် ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် ရွှေ့ပြောင်းသွားလာမှုအပေါ်အလေးပေးဆောင်ရွက်နိုင်ခြေပိုများပါသည်။ လူမှုစီးပွားအမျိုးအစားတွင် ငွေစုကြရာ၌ အိမ်ထောင်စုများသည် ကုန်ပစ္စည်းများ အထူးသဖြင့် ငွေသားအတွက် ရောင်းချအသုံးပြုနိုင်သော ရွှေများဝယ်ယူမှုတွင် ရင်းနှီးမြှုပ်နှံကြကြောင်းတွေ့ရှိရပါသည်။

### အသက်မွေးဝမ်းလုပ်ငန်းများကို ထိခိုက်စေသောအကြောင်းရင်းများ

**သုတေသနစတင်ဆောင်ရွက်ခဲ့သည့်အချိန်မှစ၍ ပြောင်းလဲမှုနှင့်စပ်လျဉ်းသည့် အဓိကအရေးပါသော ရေိယာနှစ်ခုမှာ ချေးငွေနှင့် မြေယာတို့ ဖြစ်ပါသည်။** ချေးငွေရရှိနိုင်မှုတိုးချဲ့လာသည်နှင့်အမျှ၊ ဆင်းရဲသော အိမ်ထောင်စုများသည် အတိုးနှုန်းမြင့်သည့် ပုဂ္ဂလိက ငွေချေးသူများမှ အတိုးမြင့်ချေးငွေအပေါ် မှီခိုမှုနည်းပါးလာခဲ့ကြပါသည်။ ချေးငွေရရှိနိုင်မှုကိုတိုးချဲ့ဆောင်ရွက်ထားသော်လည်း၊ ချေးငွေများမှာ မြေယာမပိုင်ဆိုင်သူများထက် မြေယာပိုင်ဆိုင်သူများအတွက်သာ လက်လှမ်းမီမှုရှိသလို ဖြစ်နေပါသည်။ အိမ်ထောင်စုများသည် စိုက်ပျိုးရေးနှင့်မသက်ဆိုင်သည့် လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ချေးငွေ၏အရေးပါမှုကို မီးမောင်းထိုးပြသော်လည်း၊ ချေးငွေများဖြင့် အခြားကြွေးမြီများနှင့် မိသားစုစားသုံးမှု တို့အတွက် အသုံးပြုရသည်များလည်းရှိပါသည်။ ၎င်းချေးငွေများသည် ဝင်ငွေရလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမရှိသော်လည်း၊ မိသားစုများ သာယာဝပြောရေး တည်ဆောက်ရာတွင် တိုးတက်ကောင်းမွန်သောအခြေနေများသို့ ဦးတည်သွားခဲ့ပါသည်။

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် မြေပိုင်ဆိုင်မှုသက်တမ်းဆိုင်ရာ မလုံခြုံမှုသည် အိမ်ထောင်စုများအပေါ် သက်ရောက်မှု ဆက်လက်ရှိစေပါသည်။** ၂၀၁၂ မှစ၍ မြေယာအသုံးပြုမှုအခွင့်အရေးများဖြင့် မြေယာမှတ်ပုံတင်ခြင်းဆိုင်ရာများကို အချို့ကျေးရွာများတွင် ပိုင်ဆိုင်မှုသက်တမ်းလုံခြုံမှုအပေါ် ၎င်း၏ သက်ရောက်မှုသည် ဆက်စပ်အခြေအနေများ၊ ပါဝင်မှုပမာဏနှင့် အကောင်ထည်ဖော်ဆောင်ရွက်မှုတို့အပေါ် မူတည်၍ ကွဲပြားကြပါသည်။ များစွာသော QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် မြေယာမှတ်ပုံတင်ခြင်းကို ချောမွေ့စွာ ဆောင်ရွက်ခဲ့ကြပြီး၊ လယ်သမားများသည် သူတို့၏ လယ်မြေများကို (ပုံမှန်အားဖြင့်) အပေါင်ပစ္စည်းအဖြစ် မြေယာအသုံးပြုမှုဆိုင်ရာ သက်သေခံလက်မှတ်များကိုကိုင်ဆောင်စေ၍ ငှားရမ်းဆောင်ရွက်ခဲ့ကြပါသည်။ သို့ရာတွင် အများပိုင်မြေနှင့် ရွှေ့ပြောင်းထွန်ယက်စိုက်ပျိုးရေးတို့အတွက် ကာကွယ်ပေးမှုကင်းမဲ့ခြင်းသည် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာအချို့တွင် မြေယာပိုင်ဆိုင်မှုသက်တမ်းဆိုင်ရာလုံခြုံမရှိဟုခံစားခဲ့ရပြီး၊ ရပ်ရွာများတွင် မြေယာများမှတ်ပုံတင်နိုင်ရန် မြေအသုံးပြုမှုအလေ့အကျင့်များကို ပြုလုပ်ဆောင်ရွက်ရေးသို့ ဦးတည်သွားခဲ့ပါသည်။ အချို့နယ်မြေများတွင် မြေယာမှတ်တင်ခြင်းလုပ်ငန်းမှာ နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာအချို့တွင် မြေပိုင်ဆိုင်မှုဆိုင်ရာ ကိစ္စရပ်များသည် အလွန်အငြင်းပွားဖွယ်ရှိနေပါသည်။

## ကျေးရွာစီမံအုပ်ချုပ်ရေး နှင့် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်မှု

**QSEM သုတေသနလုပ်ငန်းစတင်ချိန်မှစ၍ ကျေးရွာစီမံအုပ်ချုပ်မှုမြင်ကွင်းလည်း ပြောင်းလဲသွားခဲ့ပါသည်။** သုတေသနလုပ်ငန်း၏ အစောပိုင်းကွင်းဆင်းလေ့လာမှုများတွင်၊ ကျေးရွာသူ ကျေးရွာသားများသည် ၎င်းတို့၏ ကျေးရွာအုပ်ချုပ်ရေးမှူးများကို အစိုးရနှင့်ဆက်ဆံရန်အဓိကကျသော ခေါင်းဆောင်များဟု ထင်မြင်ခဲ့ကြပါသည်။ ၂၀၁၂ တွင် မိတ်ဆက်ပေးခဲ့သော ပြုပြင်ပြောင်းလဲမှုများသည် သွယ်ဝိုက်၍ရွေးကောက်တင်မြှောက်ရသော ပိုမိုရာထူးကြီးပြီး ဦးဆောင်စီမံအုပ်ချုပ်ရေးအခန်းကဏ္ဍကို ဦးဆောင်စေသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ (VTLs) ကို ပေါ်ထွက်လာစေပါသည်။ QSEM ကွင်းဆင်းလေ့လာမှုများဖြစ်သော ၃ ကြိမ်မြောက် (၂၀၁၃)၊ ၄ ကြိမ်မြောက် (၂၀၁၄) နှင့် ၅ ကြိမ်မြောက် (၂၀၁၅/၆) တို့တွင် တွေ့ရှိရသည်မှာ ၎င်းပြုပြင်ပြောင်းလဲမှုများ နှင့် ရွေးကောက်ပွဲများ၏ ရလဒ်များကြောင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူးအပြင်၊ ရပ်ရွာအတွင်း ပိုမိုအရေးပါသူများမှာ VTLs များဖြစ်ကြောင်း ယူဆလာကြခြင်းဖြစ်ပါသည်။ ကျေးရွာသူကျေးရွာသားများသည် ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်လာရန် စိတ်ဝင်စားမှုမရှိကြပါ။ သို့ရာတွင် သုတေသနလုပ်ငန်း၏ VTAs များအတွက် ဒုတိယအကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ဒေသရွေးကောက်ပွဲပြီးနောက် မကြာသေးမီက ကွင်းဆင်းလေ့လာမှုများအရ VTA ရာထူးနေရာအတွက်လည်းစိတ်ဝင်စားမှုလျော့နည်းသွားကြောင်းတုံ့ပြန်ပြောဆိုကြပါသည်။ ၎င်းသည် VTAရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်မှုနည်းပါးခဲ့ပြီး၊ ကျေးရွာအများအပြားတွင် ယခင်က VTAအဖြစ် ဆောင်ရွက်ခဲ့သူများသည် ပြန်လည်ရွေးကောက်ခံရန်အတွက် ဝင်ရောက်ယှဉ်ပြိုင်မှုနိမ့်ကျသွားကြောင်း ထင်ရှားစေပါသည်။ အမျိုးသားအဆင့်အစိုးရပြောင်းလဲသွားသည့်အလျောက်၊ ကျေးရွာစီမံအုပ်ချုပ်မှုလည်းပြောင်းလဲသင့်ကြောင်း ရပ်ရွာများမှ ထုတ်ဖော်ပြောဆိုကြပြီး၊ အချို့နေရာများတွင်အစိုးသစ်မှ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များကို ပြန်လည်ပုံစံအသစ် ပြုလုပ်ရန်မျှော်လင့်ကြပါသည်။

**အချိန်ကြာလာသည်နှင့်အမျှ ဒေသဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ပိုင်ခွင့်မှာ အကန့်အသတ်ဖြင့်ဆက်လက်ရှိနေသော်လည်း ကျေးရွာသူ ကျေးရွာသားများသည် အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်မှုများမှာတဖြည်းဖြည်းပြောင်းလဲလာခဲ့ပါသည်။** QSEM စတင်ဆောင်ရွက်စဉ်က၊ ကျေးရွာများတွင် အစိုးရ၏ ဝန်ဆောင်မှုထောက်ပံ့ဆောင်ရွက်ပေးမှုများမှာ အကန့်အသတ်ရှိခဲ့ပါသည်။ ၎င်းသည် QSEM ဆောင်ရွက်ခဲ့သည့်ကျေးရွာများတွင် အချိန်ကြာလာသည်နှင့်အမျှ တိုးတက်ဖြစ်ထွန်းမှုများရှိလာပါသည်။ အထူးသဖြင့်ပညာရေးနှင့်ကျန်းမာရေးတွင်ဖြစ်ပါသည်။ သို့ရာတွင်ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးရာတွင်အများအားဖြင့် အပေါ်အောက်ပုံစံဖြင့်ဖြစ်နေပါသည်။ သို့ရာတွင် QSEM ၆ ကြိမ်မြောက် ကွင်းဆင်းလေ့လာမှုတွင် ထောက်ပံ့ပေးမည့် ဝန်ဆောင်မှုအမျိုးအစားများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များကို ဗဟိုကချမှတ်မှုရှိနေသေးသော်လည်း၊ ရပ်ရွာမှ တိုက်ရိုက်အကောင်အထည်ဖော်ဆောင်မှု ကနဦးအရိပ်နိမိတ်လက္ခဏာများကို တွေ့ရပါသည်။ ထင်ရှားသည်မှာ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ရှိ ဒေသလျှပ်စစ်ဓာတ်အားသုံးစနစ်ဆိုင်ရာ ကော်မတီများနှင့် ကျေးရွာများတစ်လျှောက် မြစိမ်းရောင်စီမံကိန်း ကော်မတီများကို တွေ့ရပါသည်။

MIMU


Myanmar Information Management Unit

Funded by European Union Humanitarian Aid

Canada

Myanmar Information Management Unit

# QSEM Study Townships




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.



# အခန်း(၁) နိဒါန်း

လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု (QSEM) သုတေသနအစီအစဉ်သည် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စောင့်ကြည့်လေ့လာရန်နှင့် နားလည်သဘောပေါက်ရန်အတွက် ရည်ရွယ်ထားသည်။ ဤသုတေသနအစီအစဉ်မှာ မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် နေထိုင်ကြသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မည်သို့လုပ်ကိုင်နေကြပြီး ထိုသို့လုပ်ကိုင်နိုင်ရန်အတွက် ပိုမိုကောင်းမွန်သော အရည်အချင်းများရှိလာစေရန် မည်သည့်အရာများက ပံ့ပိုးပေးနေကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုရေးနှင့် အဖွဲ့အစည်းများအပေါ် အမြင်များကျယ်ပြန့်လာခြင်းသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်ရွေးချယ်မှုအပေါ် မည်သို့ရလဒ်များ ဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာဆန်းစစ်ထားပါသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) ၏ ငွေကြေးနှင့် နည်းပညာပံ့ပိုးမှုများဖြင့် ကမ္ဘာ့ဘဏ်နှင့် ပညာအလင်းပွင့် မြန်မာ သုတေသန ဖွဲ့ (EMR) တို့က ဤသုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

**ဤလေ့လာမှုတွင် မြန်မာနိုင်ငံရှိပြည်နယ်နှင့်တိုင်းဒေသကြီးခုနစ်ခုမှ ကျေးရွာ ၆၃ ရွာ၏ လူမှုဘဝ အခြေအနေများကို အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း စောင့်ကြည့်လေ့လာထားပါသည်။** ဤလေ့လာချက်ကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်လာခဲ့ခြင်းဖြစ်ပါသည်။ အချိန်ကာလတစ်ခုအတွင်း ကျေးရွာများရှိ လူနေမှုဘဝအခြေအနေများမည်သို့ ပြောင်းလဲလာသည်ကိုလေ့လာနိုင်ရန်အတွက် ထိုရွေးချယ်ထားသည့် ကျေးရွာများသို့ ၂၀၁၂ ခုနှစ်ကစတင်ကာ သတ်မှတ်ထားသည့် အချိန်ကာလအလိုက် ခြောက်ကြိမ်သွားရောက်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ လက်ရှိအချိန်အထိ ဆောင်ရွက်ခဲ့ကြသည့် အမျိုးအစားတူသုတေသနများထဲတွင် ယခုသုတေသနလုပ်ငန်းသည် အကြီးဆုံးနှင့် အချိန်အကြာဆုံး ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုက ကျေးလက်ဒေသများတွင် မည်သို့အကျိုးသက်ရောက်မှုရှိခဲ့သည်၊ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်၊ ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို ရင်ဆိုင်ရသည့်အခါ မည်သို့ဖြေရှင်းဆောင်ရွက်ကြသည်နှင့် ကျေးရွာအဆင့်၊ နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးအဖွဲ့များနှင့် မည်သို့ပူးပေါင်းဆောင်ရွက်ကြသည်ဟူသော အချက်များကို ပိုမိုနားလည်သဘောပေါက်စေမည့် ထူးခြားသည့်အမြင်လမ်းကြောင်းတစ်ရပ်ကို ဤလေ့လာချက်မှ အထောက်အကူပေးနိုင်မည်ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ဆဋ္ဌမအကြိမ်မြောက်နှင့် မကြာသေးမီအထိ ပြုလုပ်ခဲ့သော ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီမှမတ်လ သုတေသနမှစ၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် သုတေသနလေ့လာမှုများမှ တွေ့ရှိချက်များကို တင်ပြထားပါသည်။ ၂၀၁၆ခုနှစ်၊ ဇွန်လနှင့်ဇူလိုင်လတွင်း ကျေးရွာသုံးရွာ၌ ပြုလုပ်ခဲ့သော လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာလေ့လာမှု သုတေသနကိုလည်းယခုအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

### သုတေသနလုပ်ငန်း၏ နောက်ခံအကြောင်းအရာ

လူမှုရေးနှင့် စီးပွားရေးဆိုင်ရာစောင့်ကြည့်လေ့လာမှု (QSEM) ၏ သုတေသနဒီဇိုင်းကို ပထမအကြိမ်စတင်ရေးဆွဲခဲ့သည့် အချိန်ကာလမှစတင်၍ မြန်မာနိုင်ငံတွင် ပြောင်းလဲမှုများစွာဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် မှ ၂၀၁၅ ခုနှစ်အကုန် ကာလအတွင်း မြေယာ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာဥပဒေသစ်များကို အစိုးရကပြဋ္ဌာန်းခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ကန့်သတ်မှုများကို ဖြေလျှော့ပေးခြင်း၊ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူများအတွက် ဦးတည်သည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒတစ်ရပ်ကိုချမှတ်ခြင်း၊ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးနှင့်ပညာရေးဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ပြုလုပ်ခဲ့ပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာခဲ့သည်။ ကျေးလက်ဒေသတွင်နေထိုင်သူများက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ကြသည့်အပြင် ရွှေ့ပြောင်းသွားလာမှုများလည်း ရှိနေဆဲဖြစ်သည်။ အကူအညီအထောက်အပံ့များသည် မြန်မာနိုင်ငံအတွက် တစ်ဟုန်တိုးများပြားလာခဲ့ပါသည်။

**ဆဋ္ဌမအကြိမ်မြောက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန် ပြင်ဆင်နေသည့် ၂၀၁၅ ခုနှစ် အတွင်း မြန်မာနိုင်ငံ၌ ထင်ရှားသောအရေးကြီး ဖြစ်ရပ်သုံးခု ဖြစ်ပွားခဲ့ပါသည်။** ၂၀၁၅ ခုနှစ်၊ ဇူလိုင်နှင့် ဩဂုတ်လတို့တွင် တိုက်ခတ်ခဲ့သည့် ကိုမန်ဆိုင်ကလုန်းမုန်တိုင်းကြောင့်ဖြစ်ပေါ်သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုအနက် ၁၂ ခုတွင် ကြုံတွေ့ခံစားခဲ့ကြရပါသည်။ ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် လူပေါင်း ၁ ဒသမ ၆ သန်း နေရာရွှေ့ပြောင်းခဲ့ကြရပြီး ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁ ဘီလျံဖိုး ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထိုပမာဏသည် မြန်မာနိုင်ငံစုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး၏ ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် ညီမျှနေသည်။[၁] ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAGS) ၁၅ ဖွဲ့အနက် ရှစ်ဖွဲ့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံ၏ပဋိပက္ခအတော်များများကို ချုပ်ငြိမ်းစေနိုင်ခဲ့ပါသည်။ သို့ရာတွင်ခုနစ်ဖွဲ့က လက်မှတ်ရေးထိုးခြင်းမပြုခဲ့သဖြင့် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အချို့သောနယ်မြေများတွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားခဲ့ပါသည်။ ထို့နောက် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဒီမိုကရေစီရွေးကောက်ပွဲများကျင်းပခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) က အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့တွင် ကိုယ်စားလှယ်နေရာအများစုအနိုင်ရရှိခဲ့ကာ ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်များတွင်မူ ပြည်နယ်နှင့် တိုင်းဒေသကြီး နှစ်ခုမှလွဲ၍ ကျန်ဒေသများတွင်အနိုင်ရရှိခဲ့သည်။[၂] အစိုးရသစ်သည် နိုင်ငံတော်အာဏာကို ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက်နေ့တွင် လွှဲပြောင်းလက်ခံရရှိခဲ့ပါသည်။ QSEM-6 ၏ ကွင်းဆင်းလုပ်ငန်းအတွက် အဓိကသုတေသနလုပ်ငန်းများကို အစိုးရသစ်မဖွဲ့စည်းမီ ရွေးကောက်ပွဲများအပြီးတွင် ဆောင်ရွက်ခဲ့ပြီး လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာသုတေသနလုပ်ငန်းကို အစိုးရသစ်တာဝန်ယူပြီးနောက် ၂၀၁၆ ခုနှစ်၊ ဇွန်နှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## သုတေသနဒီဇိုင်း

**QSEM လုပ်ငန်းများသည် မြန်မာနိုင်ငံ ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ အခြေအနေများ မည်သို့ပြောင်းလဲနေပုံနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) ၏ လေ့လာစောင့်ကြည့်မှုလုပ်ငန်းအပေါ် အထောက်အကူပြုနိုင်ရန် ဒီဇိုင်းပုံစံချမှတ်ခဲ့ပါသည်။** QSEM အရည်အသွေးဆိုင်ရာ သုတေသန၏ ရည်မှန်းချက်မှာ ထိုသို့သောပြောင်းလဲမှုများ အဘယ်ကြောင့်ဖြစ်ပွားရသည်ဆိုသည် နှင့် မတူညီသော အုပ်စုများက ထိုပြောင်းလဲမှုများကို မည်သို့ရင်ဆိုင်ဖြေရှင်းလျက်ရှိသည်ဆိုသည်တို့ကို နားလည်သဘောပေါက်စေရန်ဖြစ်ပါသည်။ ထို့ပြင်မြန်မာနိုင်ငံရှိကျေးရွာများနှင့် ကျေးလက်ဒေသရှိအသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ပြောင်းလဲမှုအခြေအနေကို စောင့်ကြည့်လေ့လာရန်နှင့် နားလည်သဘောပေါက်စေရန်လည်း ဖြစ်ပါသည်။ ထို့အပြင် LIFT ၏ ဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းအစီအစဉ်များကို ဖော်ထုတ်ရေးဆွဲရန်နှင့် အဓိကမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ အလှူရှင်အဖွဲ့အစည်းများနှင့် အစိုးရတို့အတွက် မူဝါဒနှင့်လုပ်ငန်းအစီအစဉ်များကို ရေးဆွဲချမှတ်ရာတွင် ဖြစ်ပေါ်နေသော ပြောင်းလဲမှုအခြေအနေများ၊ ပေါ်လစီနှင့် အစီအစဉ်များကိုပါ ထည့်သွင်းစဉ်းစားနိုင်စေရန်ဖြစ်ပါသည်။

**ဤသုတေသနတွင် လမ်းဖွင့်မေးမြန်းဆောင်ရွက်သော (semi-structured) နည်းလမ်းကို အသုံးပြုပါသည်။** သုတေသနပညာရှင်အဖွဲ့များသည် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ပြောင်းလဲမှုများနှင့် ကျေးရွာ၏ လူမှုရေးနှင့်စီးပွားရေး အခြေအနေပြောင်းလဲမှုများကို မှတ်တမ်းတင်ရန် လေ့လာမှုတွင်ပါဝင်သည့် ကျေးရွာများသို့ နှစ်စဉ်သွားရောက်ခဲ့ကြပါသည်။ ကျေးရွာအသီးသီးတွင် သုတေသနအဖွဲ့များက ပုံ-၁ တွင် ဖော်ပြထားသော အကြောင်းအရာများနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူစုဆောင်းခဲ့ကြပါသည်။ ထို့ပြင် အဖွဲ့များသည် အသေးစိတ်တွေ့ဆုံမေးမြန်းမှုများ၊ ကျေးရွာအသီးသီးမှ သတင်းအချက်အလက်များကို ပေးနိုင်မည့် အဓိကပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် အုပ်စုငယ်များကို ဆွေးနွေးမေးမြန်းမှုများ၊ ကြည့်ရှုလေ့လာမှုများ၊ ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး အခြေအနေကို သိရှိနိုင်ရန် ကျေးရွာသူ/သားများနှင့် သုတေသီများ အတူတကွ မြေပုံရေးဆွဲခြင်း စသည့်အရည်အသွေးဆိုင်ရာ သုတေသနလေ့လာမှုနည်းလမ်းအမျိုးမျိုးကို အသုံးပြုခဲ့ကြပါသည်။ ပင်မလေ့လာမှု မူဘောင်အတွင်းတိုက်ရိုက်မပါဝင်သော်လည်း အချို့ကိစ္စရပ်များ၊ လေ့လာတွေ့ရှိချက်များသည် လျော်ညီမှုရှိပါက အတွင်းကျကျ လေ့လာမှု

---

၁ (မြန်မာနိုင်ငံ/၂၀၁၅) ကို ကြည့်ပါ

၂ ခြွင်းချက် ပြည်နယ်၂-ခုမှာရခိုင်အမျိုးသားပါတီကအနိုင်ရခဲ့သော ရခိုင်ပြည်နယ်နှင့် ပါတီအချို့အဖွဲ့ကွဲသွားကြသောရှမ်းပြည်နယ်တို့ ဖြစ်ကြသည်။

ပြုလုပ်ရန် သုတေသနပညာရှင်များကို တိုက်တွန်းအားပေးဆောင်ရွက်ခဲ့ပါသည်။ သုတေသနပညာရှင်များကလည်း သုတေသနလုပ်ငန်းများကိုဆောင်ရွက်ရန် ကျေးရွာများသို့ အကြိမ်ကြိမ်သွားရောက် တည်းခိုနေထိုင်ပြီး ဆောင်ရွက်ကြသည့်အတွက် နှစ်ကာလ ကြာလာသည့်အခါ ဒေသခံပြည်သူများနှင့် ခင်မင်ရင်းနှီးလာကြသည့်အလျောက် ယုံကြည်မှု များလည်း တည်ဆောက်လာနိုင်ကြကာ ၎င်းတို့၏ ပကတိလူမှုဘဝအခြေအနေများအပေါ် အတွင်းကျကျသိမြင်နိုင်သည့် အခွင့်အရေးများလည်း ရရှိလာခဲ့ကြပါသည်။

ပုံ(၁) QSEM သရုပ်ခွဲလေ့လာမှု မူဘောင်




**သရုပ်ခွဲလေ့လာမှု မူဘောင်**

**လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု (QSEM) သုတေသနတွင် ပုံ-၁ ၌ ဖော်ပြထားသော အကြောင်းအရာ နယ်ပယ်ငါးခုနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် များကို ကောက်ယူစုဆောင်းခဲ့ပါသည်။** QSEM သည် အချိန်ကာလအပိုင်းအခြားအလိုက် လေ့လာသည့် သုတေသနတစ်ခုဖြစ်ရာ အစီရင်ခံစာတစ်ခုစီတွင် နောက်ဆုံးအကြိမ် ဆောင်ရွက် ခဲ့သည့် လေ့လာမှုနှင့် ယခုအချိန်ကွာခြားမှုအပြင် ယခင်လေ့လာမှုများဆောင်ရွက်ခဲ့သည့် အချိန်ကာလနှင့် ကွာခြားမှုတို့ကိုပါ မှတ်တမ်းတင်လေ့လာထားပါသည်။ အဓိကအကြောင်းအရာ၊ ခေါင်းစဉ်များအချင်းချင်း ဆက်နွယ်မှုအကြောင်းတရားများကိုနားလည် သဘောပေါက်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းအမျိုးမျိုးကို ရွေးချယ်လုပ်ကိုင်ကြသည့်အကြောင်းရင်းနှင့် ထွက်ပေါ်လာသော ရလဒ်များအား ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်ရန်အတွက် QSEM ကလေ့လာတင်ပြထားပါသည်။

**သုတေသနတွင် ပါဝင်သည့်နေရာဒေသများ**

**QSEM သုတေသနကိုအဓိက ဆောင်ရွက်ရာတွင် ပြည်နယ်လေးပြည်နယ်နှင့် တိုင်းဒေသကြီး သုံးခုတို့ရှိ မြို့နယ် ၂၁ မြို့နယ်တို့ကို ကိုယ်စားပြုရန် ရွေးချယ်ထားသော ကျေးရွာ ၆၃ ရွာ ပါဝင်ပါသည်။**[၃] QSEM-5 နှင့် ယခုအကြိမ်တွင် သုတေသနဆောင်ရွက်ရန် ရွေးချယ်ထားသည့် ကျေးရွာများ အနည်းငယ်အပြောင်းအလဲရှိခဲ့ပါသည်။ ဦးစွာ ကချင်ပြည်နယ်တွင် ရွေးချယ်ထား သော မြို့နယ်သုံးခုမှ ကျေးရွာကိုးရွာကို သုတေသနတွင်ထပ်မံဖြည့်သွင်းခဲ့သည်။ ဒုတိယအချက် အနေဖြင့် မူလကျေးရွာများတွင် ပါဝင်ခဲ့သော်လည်း ယခုအခါ ကွင်းဆင်းလုပ်ငန်းများဆောင်ရွက် ရာတွင် အခက်အခဲအတားအဆီးများရှိနေသောကြောင့် အခြားကျေးရွာများဖြင့် အစားထိုးခဲ့ရသည် များရှိပါသည်။ အဆိုပါပြောင်းလဲမှုများရှိခဲ့သော်လည်း အချိန်ကာလတစ်ခုအတွင်း ပြောင်းလဲလာမှု အပေါ်လေ့လာသည့် သုသေတနတန်ဖိုးများမယုတ်လျော့သွားစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ယခုအကြိမ် QSEM-6 လေ့လာမှုတွင် ပါဝင်သည့် ကျေးရွာများနှင့် ပြောင်းလဲမှုတို့ကို နောက်ဆက်တွဲ-က တွင် အပြည့်အစုံဖော်ပြထားပါသည်။

QSEM လေ့လာမှုတွင် ကချင်ပြည်နယ်ကိုထည့်သွင်းလာရခြင်း၏ အကြောင်းရင်းမှာလေ့လာမှုတွင် ပါဝင်သောကျေးရွာငါးရွာအနက်တစ်ရွာခန့်သည် လက်ရှိအခြေအနေတွင်ပဋိပက္ခများဖြစ်ပေါ်နေခြင်း၊ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ (EAGs) လှုပ်ရှားသည့် ဒေသများတွင်တည်ရှိ ခြင်းကြောင့် ဖြစ်ပါသည်။ ဤအကြောင်းရင်းတို့သည် ကျေးရွာလူထု၏ဘဝကို ပဋိပက္ခများက

---

၃ ဤအကြိမ်သုတေသနတွင် ကျေးရွာ ၆၂ ရွာအထိလွှမ်းခြုံခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်တွင်ပဋိပက္ခများကြောင့် သုတေသနမပြုနိုင်ခဲ့ပါ။ အဆိုပါ ကျေးရွာသုံးရွာအနက် နှစ်ရွာကိုသာ သွားရောက်နိုင်ခဲ့ပြီး လုံခြုံရေးပြဿနာများကြောင့် တတိယကျေးရွာသို့ သွားရောက်ရန်တားမြစ်ခဲ့သည်။

ဇယား (၁) ကျား၊မအလိုက် ဖြေကြားမှုများ အကျဉ်းချုပ် (အဓိကသတင်းအချက်အလက်ပေးသူ နှင့် အုပ်စုလိုက်ဆွေးနွေးမှုများ)

| တွေ့ဆုံမေးမြန်းမှုပုံစံ | စုစုပေါင်းတွေ့ဆုံမေးမြန်းမှု | ပါဝင်ဆောင်ရွက်သော အမျိုးသားများ | ပါဝင်ဆောင်ရွက်သော အမျိုးသမီးများ |
|---|---|---|---|
| တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု စုစုပေါင်း (KI) | ၇၃၈ | | |
| လူမှုရေးနှင့်ပတ်သက်သော ချိတ်ဆက်မှုများမြေပုံနှင့် သက်ဆိုင်၍ တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများ | ၃၉၅ | ၁၉၇ | ၁၉၈ |
| အခြားသောတစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများ။ | ၃၄၃ | ၂၁၄ | ၁၂၉ |
| အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGD) | ၂၆၃ | ၇၈၇ | ၅၂၅ |
| စုစုပေါင်းပါဝင်ဆောင်ရွက်သူ | | ၁၁၉၈ | ၈၅၂ |

မည်သို့ ထိခိုက်ကြောင်း မြင်သာစေပြီး ပဋိပက္ခများ၏ ခြိမ်းခြောက်မှုသည်လူထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းရွေးချယ်မှုများနှင့် ကျေးရွာ၏ရှင်သန်လှုပ်ရှားမှုကို မည်သို့ပြောင်းလဲစေနိုင်ကြောင်း သိသာထင်ရှားစေပါသည်။

**သုတေသနပြုလုပ်သည့်နည်းစနစ်နှင့် သရုပ်ခွဲဆန်းစစ်ခြင်း**

**ကွင်းဆင်းလေ့လာခြင်း**

**သုတေသနလုပ်ငန်းကို ၂၀၁၅ ခုနှစ်၊ ဒုတိယနှစ်ဝက် မုတ်သုံသီးနှံရိတ်သိမ်းပြီးချိန် နောက်ပိုင်းမှစတင်၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီမှ မတ်လအထိ ဆောင်ရွက်ခဲ့ပါသည်။** ထိုဆောင်ရွက်မှုသည် ဒေသများ၌ ၂၀၁၆ ခုနှစ် အစောပိုင်း၏ သီးနှံရာသီချိန်ပြင်ပ ကာလနှင့်လည်း ကြုံကြိုက်ခဲ့ပါသည်။ သုတေသနလုပ်ငန်းတွင် တစ်ဖွဲ့လျှင် သုတေသနပညာရှင် လေးဦးစီပါဝင်သော အဖွဲ့ခုနစ်ဖွဲ့ပါရှိပါသည်။ အဖွဲ့တစ်ဖွဲ့ချင်းစီက ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုစီအား တာဝန်ယူလေ့လာပြီး ထိုပြည်နယ်နှင့် တိုင်းဒေသကြီးများရှိရွေးချယ်ထားသော ကျေးရွာကိုးရွာစီ၌လေးရက်ခန့် အချိန်ယူ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။[၄]

**သုတေသနအဖွဲ့များသည် အောက်ပါအချက်အလက်ကောက်ယူစုဆောင်းမှုနည်းစနစ် အမျိုးမျိုးကို အသုံးပြုခဲ့ကြပါသည်**

- ကျေးရွာတစ်ရွာစီတွင်လူမှုရေးနှင့်သက်ဆိုင်သော ချိတ်ဆက်မှုပြများမြေပုံနှင့် ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုလေ့ကျင့်ခန်းနှစ်ခုစီဆောင်ရွက်ခဲ့ခြင်း၊
- ကျေးရွာများ၏ပြန်လှန်ဆက်စပ်နေသောကျယ်ပြန့်သည့် နေရာများမှ အဓိက သတင်းအချက်အလက်ထောက်ပံ့ပေးသူများနှင့် အင်တာဗျူးများပြုလုပ်ခြင်း။
- ရရှိထားသောအချက်အလက်များကို ပြန်လည်စစ်ဆေးရန်အတွက်မြို့နယ်များရှိ အဓိကသတင်းပေးသူတို့နှင့် ပြန်လည်တွေ့ဆုံ မေးမြန်းမှုများပြုလုပ်ခြင်း။
- သီးခြားအုပ်စုများမှကိုယ်စားပြုသူများနှင့် အုပ်စုလိုက်ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခြင်း၊

၄ ကချင်ပြည်နယ်ကျေးရွာနှစ်ရွာတွင်လုံခြုံရေးပြဿနာကြောင့် သုတေသနလုပ်ငန်းကိုနှစ်ရက်သာကန့်သတ်ဆောင်ရွက်ခဲ့ရသည်။

- ကျေးရွာခေါင်းဆောင်ထံမှ ရရှိခဲ့သောအချက်အလက်များဖြင့် ကျေးရွာသတင်း အချက်အလက်မှတ်တမ်းဖြည့်သွင်းခြင်း၊

- ကျေးရွာတွင်ရှိနေသည့်အချိန်ကာလအတွင်း လေ့လာမှုများအားမှတ်တမ်းတင်ထားရှိခြင်း၊

နောက်ဆက်တွဲ (က) တွင် QSEM ချဉ်းကပ်မှုနှင့်သက်ဆိုင်သည့်ပိုမိုပြည့်စုံသော ဖော်ပြချက်တင်ပြထားပါသည်။

ယခုအကြိမ်သုတေသနပြုမှုတွင်အမျိုးသားနှင့်အမျိုးသမီးဦးရေ စုစုပေါင်း ၂,၀၀၀ခန့် ပူးပေါင်းပါဝင်ခဲ့ကြပါသည်။[၅] ဇယား-၁တွင် ကျား/မအလိုက်တွေ့ဆုံမေးမြန်းခဲ့သည့်ပုံစံဖြင့် ဖော်ပြထားပါသည်။

**ယခုနှစ်အတွက် အစီရင်ခံစာကို သုတေသနလုပ်နည်းလုပ်ဟန်သစ်နှစ်မျိုးမှ အကျိုးပြုထားပါသည်။** ပထမတစ်ခုသည် ဆင်းရဲနွမ်းပါးမှု၊ ချမ်းသာကြွယ်ဝမှု၊[၆] အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပြင် ဒေသတွင်ဖြစ်ပေါ်လာတတ်သော ပြဿနာများနှင့်ပတ်သက်၍ ပြင်းထန်သော ထိခိုက်မှုများ၊ စိတ်ဖိစီးမှုများကိုကောင်းစွာနားလည်သဘောပေါက်စေရန် ဆင်းရဲချမ်းသာအဆင့်များသတ်မှတ်ခြင်းနှင့် လူမှုရေးနှင့်ပတ်သက်သော မြေပုံများရေးဆွဲခြင်းများကိုကျေးရွာအသီးသီးတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါလှုပ်ရှားမှုများပြုလုပ်ရာတွင် ကျေးရွာအသီးသီး၌ အမျိုးသားနှင့်အမျိုးသမီးသီးသန့်အုပ်စုဖွဲ့၍ ၎င်းတို့ကျေးရွာ၏ လူမှုရေးနှင့်ပတ်သက်သောမြေပုံများရေးဆွဲခြင်း၊ ၎င်းတို့ကျေးရွာများရှိ အိမ်ထောင်စုများအားဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်တန်းစား၊ ဆင်းရဲသူများထဲမှပိုမိုဆင်းရဲသူများစသည်ဖြင့်အမျိုးအစားခွဲခြားခြင်း၊ သဘာဝအရ၊ ငွေကြေးအရ၊ ရုပ်ဝတ္ထုအရ၊ လူသားနှင့်လူမှုရေး။အဖွဲ့အစည်းဆိုင်ရာအရင်းနှီးအရ ကွဲပြားခြားနားမှုများတို့၏ သိသာထင်ရှားသော အရေးပါမှုအတွက် သရုပ်ပြပုံကားတစ်ခုကိုပေးရန်၊ အဆိုပါအမျိုးအစားများတို့ကို မည်သည်က ခြားနားစေကြောင်း ဖော်ထုတ်သတ်မှတ်ခြင်း၊ အုပ်စုတစ်ခုချင်းစီတိုင်းက သိသာထင်ရှားသည်ဟု သတ်မှတ်ထားသည့် ပြင်းထန်သော ထိခိုက်မှုများနှင့် စိတ်ဖိစီးမှုအမျိုးအစားများအတွက်အနှစ်ချုပ် သရုပ်ပြပုံကားတစ်ခုကိုပေးရန် အိမ်ထောင်စုများတို့က ရင်ဆိုင်ကြုံတွေ့ရသော အကြီးမားဆုံးသော စိန်ခေါ်မှုများတို့ကို ဖော်ထုတ်သတ်မှတ်ခြင်းအပြင် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများတို့ကိုရင်ဆိုင်ဖြေရှင်းရန် အုပ်စုတစ်ခုချင်းစီတိုင်းတို့ရှိ အိမ်ထောင်စုတို့က မည်သည်ကိုလုပ်ဆောင်ကြောင်း ဖော်ထုတ်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။ QSEM သုတေသနလုပ်ငန်းများတစ်လျှောက်တောက်လျှောက်ခြေရာခံလိုက်ကြည့်ရမည့် မတူညီသော ဆင်းရဲ/ချမ်းသာ အုပ်စုများတို့မှ အဓိကသတင်းအချက်အလက်ထောက်ပံ့ပေးသူများနှင့် အင်တာဗျူးများအတွက် ဖြေကြားပေးမည့်သူများတို့ကို ရွေးချယ်ရန် ဆောင်ရွက်မှုအတွက် အသုံးပြုခြင်းဖြစ်ပါသည်။

ဒုတိယတစ်ခုသည် အတွေ့အကြုံရင့်ကျက်သော သုတေသီများက အိမ်ထောင်စုအတွင်း ဆုံးဖြတ်ချက်ချသည့် ကိစ္စရပ်မျိုးနှင့် ပတ်သက်၍ စူးစမ်းလေ့လာရန် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကို ဖော်ပြကာ လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသနကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လတို့တွင် အဖွဲ့ငယ်များသည် ကျေးရွာသုံးရွာသို့ ပြန်လည်သွားရောက်ခဲ့ပြီး ကျေးရွာတစ်ရွာလျှင် အိမ်ထောင်စုနှစ်စုစီကို ဦးတည်၍ လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသနကို ဆောင်ရွက်ခဲ့ကြပါသည်။ လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှု သုတေသနမှတွေ့ရှိချက်များကို ဤအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။

---

၅ အချို့သောဖြေကြားသူများသည် အဓိကသတင်းအချက်အလက်ပေးသူများသာမကအုပ်စုလိုက်ဆွေးနွေးပွဲများတွင်ပါပါဝင်ပါသည်။ သုတေသနအဖွဲ့များကမတူညီသောအမြင်များကို ကောက်ယူစုဆောင်းကြသော်လည်း၊တစ်ခါတစ်ရံတွင်အုပ်စုလိုက်ဆွေးနွေးမှု၌ပါဝင်မှုကိုကန့်သတ်ရန်ခက်ခဲပါသည်။

၆ ဤဆက်စပ်မှုတွင် "ချမ်းသာကြွယ်ဝမှုမှာကျယ်ပြန့်သော အယူအဆတစ်ရပ်ဖြစ်သည် း ချမ်းသာကြွယ်ဝမှုတွင် ငွေကြေးနှင့်ရုပ်ပိုင်းဆိုင်ရာကဲ့သို့သောရင်းနှီးမြှုပ်နှံမှုမျိုး ပါဝင်သည့်အပြင်လူသား၊ သဘာဝနှင့် လူမှုရေးရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်သည်။ " ဥပမာ (khandker-2009)/ ဒဏ်ခံနိုင်မှုသည် အိမ်ထောင်စုသို့မဟုတ် ကျေးရွာအဆင့်တွင် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများအား ဖြေရှင်းရန်နှင့်တုံ့ပြန်ရန် စွမ်းရည်ပေါ်တွင် အလေးပေးသည်။ ယင်းတို့တွင် ရာသီဥတုပြောင်းလဲမှုနှင့် ကျယ်ပြန့်သောစီးပွားရေးဆိုင်ရာစိတ်ဖိစီးမှုများမှပေါ်ထွက်လာသော ဖိစီးမှုများလည်းပါဝင်သည် (ဖြုတ်ရန်)။ LIFT "၂၀၁၅၊ နှစ်ပတ်လည်အစီရင်ခံစာ" LIFT ၂၀၁၆ တို့ကို ကြည့်ပါ။ အခြားတစ်ဖက်တွင်လည်း ကျေးရွာတစ်ခု၌ အိမ်ထောင်စုအချို့သည် အခြားအိမ်ထောင်စုများနှင့်ဆက်စပ်၍ ပိုမိုကျေနပ်ဖွယ်ကောင်းသော အနေအထားတွင်ရှိသည်ဟု တုံ့ပြန်ဖြေကြားသူများကအတန်းအစားခွဲခြားမည်ဖြစ်သော်လည်း ထိုအိမ်ထောင်စုများသည် ချမ်းသာကြွယ်ဝသည် သို့မဟုတ် အခြေအနေပို၍ ကောင်းသည်ဟုယေဘုယျအားဖြင့်မဆိုနိုင်ပါ။ ဤသုတေသနသည် ချမ်းသာမှုနှင့်ဆင်းရဲမှုအဓိပ္ပာယ်၏ ကျယ်ပြန့်သောအပြန်အလှန် ဆက်စပ်မှုအား စစ်ဆေးခြင်းကိုသာ အလေးပေးထားသည်။

### အချက်အလက်ကောက်ယူရယူမှု

**ပင်မကွင်းဆင်းဆောင်ရွက်မှုလုပ်ဆောင်နေချိန်တွင် ထိုအဖွဲ့များသည် အင်တာဗျူးတစ်ခုစီတိုင်းအတွက်ဖြစ်စေ၊ အုပ်စုလိုက်ဆွေးနွေးမှုတစ်ခုစီတိုင်းအတွက်ဖြစ်စေ သတ်မှတ်ထားသော မှတ်တမ်းယူသူတစ်ဦး အပါအဝင် နှစ်ယောက်တစ်တွဲ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။** နေ့စဉ်မှတ်စုအကြမ်းများကို QSEM သီးခြားအချက်အလက်ပုံစံ စာရွက်များတွင် မြန်မာဘာသာဖြင့် ရေးသွင်းကြပြီး၊ ၎င်းတို့ကို ကုဒ်နံပါတ်ဖြင့် မှတ်သားခဲ့ကြပါသည်။ QSEM သည် လေ့လာသုံးသပ်ရန် အဓိကဦးတည်ထားရှိသော သရုပ်ခွဲလေ့လာမှုဆန်းစစ်ခြင်းမူဘောင်ရှိရေိယာများကို ချိတ်ဆက်နိုင်သည်သာမက၊ သုတေသီများသည်အခြေအနေအရ ဖြစ်ပေါ်လာသောအကြောင်းအရာသစ်များနှင့် ကိစ္စရပ်သစ်များတွေ့ရှိပါက မှတ်သားထားနိုင်ရန် အလွတ် ထပ်ဖြည့်နိုင်သည့် ကုဒ်နံပါတ် သွင်းသော လုပ်ငန်းစဉ် (‘semi-open’ coding process) ကို အသုံးပြုခဲ့ကြပါသည်။ ကျေးရွာ သတင်းအချက်အလက်မှတ်တမ်းများ၊ ရပ်ရွာသူရပ်ရွာသားများကိုယ်တိုင်ပြုလုပ်ထားသော လူမှုရေးနှင့်သက်ဆိုင်သော ချိတ်ဆက်မှုများပြ မြေပုံများနှင့်အတူ ၎င်းကုဒ်နံပါတ်မှတ်သားထားသော မှတ်စုများသည် ကွင်းဆင်းသုတေသန လုပ်ငန်းပြီးဆုံးချိန်နောက်ပိုင်းလေ့လာသုံးသပ်မှုများအတွက် အခြေခံအချက်အလက်များဖြစ်ပါသည်။

### သရုပ်ခွဲလေ့လာမှုလုပ်ငန်းစဉ်နှင့် အချက်အလက် အရည်အသွေးအာမခံမှု

**ထိုသို့ကွင်းဆင်းလုပ်ငန်းများ ပြီးဆုံးပြီးနောက် လေ့လာသုံးသပ်ချက်များအပေါ် တွေ့ရှိထားသည့်တွေ့ရှိချက်များကို အလေးပေးဖော်ပြထားသည့် ကျေးရွာအနှစ်ချုပ်အစီအရင်ခံစာများကို သုတေသနအဖွဲ့များကပြုစုကြပါသည်။** မြန်မာဘာသာဖြင့် အဆိုပါအထောက်အထားများပြုစုခြင်းသည် သရုပ်ခွဲလေ့လာဆန်းစစ်မှုဆိုင်ရာလုပ်ငန်းစဉ်၏ ပထမအဆင့်ဖြစ်ပါသည်။ ထို့နောက် သုတေသနအဖွဲ့များနှင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများသည် ရန်ကုန်တွင် အလုပ်ရုံဆွေးနွေးပွဲများကို အစီအစဉ်နှစ်မျိုးခွဲ၍ ကျင်းပပါသည်။ ပထမပိုင်းအနေဖြင့်လေ့လာသုံးသပ်မှုများပြုလုပ်ရာတွင် ပါဝင်သာ အစိတ်အပိုင်းအသီးသီးသည် ၎င်းတို့၏ ပြည်နယ်သို့မဟုတ်၊ တိုင်းဒေသကြီးတွင် မည်သို့ပြောင်းလဲသည်ကိုပြသရန်နှင့် ထိုပြောင်းလဲမှုကရပ်ရွာများအတွင်း မည်သို့ပေါ်လွင်ထင်ရှားသည်ကိုလည်းကောင်း၊ ထိုကဲ့သို့ ပြောင်းလဲမှုများသည် မည်သည့် လှုံ့ဆော်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်းကိုလည်းကောင်း ဖော်ပြရန်အတွက် သုတေသနအဖွဲ့များက ကျေးရွာအနှစ်ချုပ်အစီရင်ခံစာများအပေါ်အခြေပြု၍ ၎င်းတို့၏ ရှာဖွေတွေ့ရှိချက်များကို တင်ပြကြပါသည်။

**ဒုတိယပိုင်း အလုပ်ရုံဆွေးနွေးပွဲများတွင် တင်ပြချက်များကို ဖွဲ့စည်းတည်ဆောက်နိုင်ရန် သရုပ်ခွဲလေ့လာဆန်းစစ်မှုမူဘောင်ကို အသုံးပြု၍ ကမ္ဘာ့ဘဏ်အဖွဲ့က တွေ့ရှိချက်များကို သုတေသနပြုသူများထံ ပြန်လည်တင်ပြခြင်းတို့ပါဝင်ပါသည်။** အဆိုပါတင်ပြချက်များမှာ ယခင်ပြည်နယ်၊ တိုင်းဒေသကြီးသီးခြားတွေ့ရှိချက်များကို ဒေသတစ်ဝန်းပြန်လှန်ရှာဖွေတွေ့ရှိချက်များအဖြစ် ပေါင်းစည်းဖွဲ့စည်းခြင်းဖြစ်ပါသည်။ လေ့လာသုံးသပ်မှုများပြုလုပ်ရာတွင်ပါဝင်သည့်အစိတ်အပိုင်းများ၊ ပြောင်းလဲရန်လိုအပ်သည်များ၊ ပြောင်းလဲရန်အတွက် တွန်းအားများ၊ ပြောင်းလဲမှုများအတွက် တစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခဲ့ပါသည်။ ထိုသို့ထပ်ခါထပ်ခါပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲကိုအခြေခံသည့်လုပ်ငန်းစဉ်မှတစ်ဆင့်ထိုတွေ့ရှိချက်များအပေါ် ပြန်လည်တင်ပြပြောဆိုမှုတစ်ရပ်ပေါ်ထွက်လာသည်။ ထိုကဲ့သို့ အဆင့်ဆင့်လေ့လာဆွေးနွေးမှုများမှ ရေးသားချက်စာတမ်းထွက်ပေါ်လာပြီး လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ စောင့်ကြည့်လေ့လာမှု (QSEM) နှစ်ပတ်လည်အစီရင်ခံစာအတွက် အကြောင်းအရာမူကြမ်း ဖြစ်လာခဲ့ပါသည်။ ပြန်လည်တင်ပြပြောဆိုမှုများကို သုတေနသအဖွဲ့များနှင့် အစီအစဉ်ရေးဆွဲခြင်းမပြုမီတစ်ကြိမ် ထပ်မံစစ်ဆေးခဲ့ပါသည်။

သုတေသနအဖွဲ့များသည် လေ့လာသုံးသပ်မှု လုပ်ငန်းစဉ်နှင့်အတူ ရှာဖွေတွေ့ရှိချက်များကိုလည်း ပိုမိုထင်ရှားပေါ်လွင်စေရန် လိုအပ်သည့် သတင်းအချက်အလက်များစွာကို ဖြည့်စွက်ခဲ့ပါသည်။ ထိုသတင်းအချက်အလက်များမှာကျေးရွာအိမ်ထောင်စုများမှရွှေ့ပြောင်းလုပ်ကိုင်ကြသူ အရေအတွက်၊ ကျေးရွာအသီးသီးသို့ ချေးငွေချပေးသောအဖွဲ့အစည်းများ အရေအတွက်၊ ကူညီဖြေကြားသူများကိုယ်တိုင် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ပြောင်းလဲမှုများ၊ လူမှုရေးကိစ္စများနှင့်ပတ်သက်၍ ရှုမြင်ကြသည့် စကားသံများလည်း ပါဝင်ပါသည်။ ထို့နောက် အစီရင်ခံစာမူကြမ်းအပြည့်အစုံကိုကမ္ဘာ့ဘဏ်အဖွဲ့ကပြုစုပြီး ပြည်တွင်းပြည်ပအဖွဲ့အစည်း အချင်းချင်းသုံးသပ်နိုင်ရန် တင်ပြခဲ့ပါသည်။

### ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများနှင့် လေ့လာမှုပိုင်းဆိုင်ရာကန့်သတ်ချက်များ

စံချိန်မီသော သုတေသနတစ်ခု ဆောင်ရွက်ရာတွင် ရှိသင့်ရှိထိုက်သော ကျင့်ဝတ်ပိုင်းဆိုင်ရာကိစ္စရပ်များကို နားလည်သဘောပေါက်စေရန်အတွက် QSEM သုတေသီများကို လေ့ကျင့်ပေးခဲ့ပါသည်။ QSEM သုတေသနသည် အခြားသောဖွံ့ဖြိုးရေး စီမံကိန်းများနှင့်ချိတ်ဆက်ထားခြင်းမရှိသောကြောင့် သုတေသနအဖွဲ့များအနေဖြင့် QSEM သုတေသန၏ ရည်ရွယ်ချက်များကို

အချိန်ယူရှင်းပြနိုင်ကာ ရပ်ရွာလူထုများ၏ မျှော်လင့်ချက်ထားရှိမှုများအပေါ် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ တုံ့ပြန်ဖြေကြားသူများကိုလည်းသုတေသန၏ရည်ရွယ်ချက်များ၊ ရှာဖွေတွေ့ရှိချက်များကို မည်သို့အသုံးပြုမည့်အကြောင်းနှင့် သုတေသနပြုလုပ်ရာတွင် ပါဝင်ဖြေကြားရာ၌ ၎င်းတို့၏ အခွင့်အရေးများကို အသိပေးခဲ့ပါသည်။ သုတေသနလုပ်ငန်းသည် တုံ့ပြန်ဖြေကြားသူများ၏ ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာသို့မဟုတ် သီးခြားကင်းလွတ်စွာနေထိုင်ခွင့်တို့ကို မထိခိုက်စေရန် ဂရုတစိုက်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်၍ အိမ်ထောင်စုများ၏ နေထိုင်ရာလိပ်စာနှင့် အမည်များကို ဤအစီရင်ခံစာတွင်ဖော်ပြထားခြင်းမရှိပါ။

အခြားသုတေသနနည်းစနစ်ကဲ့သို့ပင် အရည်အသွေးဆိုင်ရာ သုတေသနသဘောသဘာဝအရ အကန့်အသတ်များရှိနေပါသည်။ နောက်ဆက်တွဲ (က) တွင် ဖြေရှင်းဆောင်ရွက်ရမည့် အဓိက အကန့်အသတ်များနှင့် ၎င်းတို့ကိုထုတ်ဖော်ဖြေရှင်းရန် လုပ်ဆောင်သည့်ချဉ်းကပ်မှုများကို ဖော်ပြထားပါသည်။

**အစီရင်ခံစာတွင် အောက်ပါမေးခွန်းများကို ဖြေကြားရန်ဖွဲ့စည်းထားပါသည်။**

## အစီရင်ခံစာဖွဲ့စည်းတည်ဆောက်ပုံ

**လူများသည် မည်သို့အသက်မွေးမှုပြုကြပြီး ထိုအသက်မွေးဝမ်းကျောင်းလုပ်ငန်း မည်သို့ပြောင်းလဲလာခဲ့သနည်း။**

အခန်း (၂)တွင် QSEM ကျေးရွာများရှိ အိမ်ထောင်စုများက မည်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမျိုးအစားများကို တစ်စိုက်မက်မက်လုပ်ဆောင်ကြကြောင်းနှင့် ရရှိလာသည့် ဝင်ငွေကို ၎င်းတို့က မည်သို့ဟန်ချက်ထိန်းသုံးကြကြောင်းတို့ကို အဓိကထားဦးတည်လျက် အဓိကအသက်မွေးဝမ်းကျောင်းပြုမှုများကို လေ့လာဆန်းစစ်ထားပါသည်။ ထိုလေ့လာဆန်းစစ်မှုတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာမှ ရွှေ့ပြောင်းနေထိုင်ခြင်းပုံစံသို့ ပြောင်းလဲသွားခြင်းသို့ဖြစ်စေ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ကုန်ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်ရာတွင်ဖြစ်စေ မည်သို့ကြိုးပမ်းအားထုတ်ကြသည်များကို ဆန်းစစ်လေ့လာထားပါသည်။

**အိမ်ထောင်စုများ၊ ရပ်ရွာလူထုများက ရပ်ရွာတွင်ဖြစ်ပေါ်လာသည့် ကိစ္စရပ်ပြဿနာများအပေါ် စိုးရိမ်နေရခြင်းကိုမည်သို့လျှော့ချသနည်း သို့မဟုတ် ထိုကဲ့သို့သော ပြင်းထန်သောထိခိုက်မှုများကို မည်သို့တုံ့ပြန်ကြသနည်း။**

အခန်း (၃)တွင် ကျေးရွာတွင် နေထိုင်ကြသူများ၏ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုကို လေ့လာ ဆန်းစစ်ထားပါသည်။ ရွာသားများ ရင်ဆိုင်ကြုံတွေ့နေရသည့် ပြင်းထန်သော ထိခိုက်ခံရသော ပုံစံများကို မှတ်တမ်းတင်ထားပြီး ၎င်းတို့ကိုပြေလျော့စေရန်၊ ကောင်းမွန်စွာရင်ဆိုင်နိုင်ရန်၊ အသက်မွေးဝမ်းကျောင်းပုံစံများကို အလိုက်သင့်ပြောင်းလဲစေရန် မည်သို့လုပ်ဆောင်ကြကြောင်း လေ့လာဆန်းစစ်ထားပါသည်။

**မည်ကဲ့သို့သော အကြောင်းရင်းများသည် လူတို့၏အသက်မွေးဝမ်းကျောင်းပြုမှုအပေါ်သက်ရောက်မှုဖြစ်စေသနည်း။**

အခန်း (၄) တွင် အချို့သောအကြောင်းအရာများက လူတို့၏အသက်မွေးဝမ်းကျောင်းပြုမှုအပေါ် မည်သို့သက်ရောက်မှုဖြစ်စေကြောင်းကို ဆန်းစစ်ထားပါသည်။ အထူးသဖြင့် ထုတ်ချေးငွေရရှိမှုနှင့် မြေယာပြဿနာများကြောင့် ဖြစ်ပေါ်တတ်သော ပြောင်းလဲမှုများအပြင် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်သွယ်ရေးကဏ္ဍတို့ရှိ ပြောင်းလဲမှုများကို ဝေဖန်ဆန်းစစ်ထားပါသည်။

**လူမှုရေးဆိုင်ရာဖွဲ့စည်းမှုများနှင့်ခေါင်းဆောင်မှုအပြောင်းအလဲတို့ကအသက်မွေးဝမ်းကျောင်းပြုမှုများအပေါ်မည်သို့ သက်ရောက်မှုဖြစ်စေသနည်း။**

အခန်း (၅) တွင် ကျေးရွာစီမံအုပ်ချုပ်ရေးနှင့် နယ်မြေခံခေါင်းဆောင်မှု၊ ရွာသားများနှင့် ပြင်ပမှ လှုပ်ရှားဆောင်ရွက်သူများအကြား ကွန်ရက်များ၏အပြောင်းအလဲနှင့် အထူးသဖြင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းဆိုင်ရာ မျှော်လင့်မှုများ၌ အပြောင်းအလဲများကို

အဓိကထားဦးတည်သော ကျေးရွာများနှင့်အစိုးရတို့ ကြားရှိဆက်ဆံရေးနှင့် ပတ်သက်သည့် မျှော်လင့်ထားမှုများရှိအပြောင်းအလဲများဖြစ်သည့် လူမှုရေးဆိုင်ရာဖွဲ့စည်းမှုများအပေါ် သက်ရောက်လွှမ်းမိုးနေသည့်အဓိကအကြောင်းအချက်သုံးရပ်တို့ကို ဖော်ထုတ်သတ်မှတ်လျက် ကျေးရွာများ မည်သို့အုပ်ချုပ်ခံနေရကြောင်းနှင့် ကျေးရွာလူထုနှင့်အစိုးရ မည်သို့ချိတ်ဆက် လုပ်ဆောင်နေကြောင်း နှင့်စပ်လျဉ်း၍ အပြောင်းအလဲများကို လေ့လာဆန်းစစ်ထားပါသည်။

**သုံးသပ်ချက်များနှင့် အကြံပြုထောက်ခံချက်များ**

ဤသုတေသနအစီရင်ခံစာ၏ နောက်ဆုံးအခန်းတွင် မြန်မာနိုင်ငံကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ ပိုမိုကောင်းမွန်စေရန်ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများနှင့် အစီအစဉ်များ၏ ဆက်စပ်အခြေအနေများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြိုးပမ်းမှုများ အကြောင်းကို အလေးပေးဖော်ပြထားပါသည်။



# အခန်း(၂) မြန်မာ့ကျေးလက် ဒေသများရှိ ပြောင်းလဲနေသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ

ကျေးရွာများ၌ နေထိုင်သူများ၏ အသက်မွေးဝမ်းကျောင်းနည်းလမ်းများသည် အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသည်။ ၎င်းတို့သည် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း[၇]ကို လုပ်ကိုင်နေကြဆဲ ဖြစ်သော်လည်း ဒေသအတွင်းဖြစ်ပေါ်လာသောပြဿနာများကြောင့် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုအမျိုးမျိုးကို ကြုံတွေ့နေကြရပြီး ကျေးလက်ဒေသစီးပွားရေးကို ထိခိုက်သက်ရောက် စေသောပြောင်းလဲမှုများလည်း ပေါ်ပေါက်လျက်ရှိပါသည်။ ထိုပြောင်းလဲမှုများတွင် ချေးငွေရရှိနိုင်မှု မြင့်တက်လာခြင်း၊ အဆောက်အအုံများတွင်ရင်းနှီးမြှုပ်နှံမှုများ၊ မြေယာဥပဒေများ ပြောင်းလဲမှုများ၊ ဆက်သွယ်ရေးစနစ်တိုးချဲ့လာခြင်းနှင့် ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု[၈]တို့ဖြစ်ကြသည်။ အဆိုပါ ပြောင်းလဲမှုများက QSEM ဆောင်ရွက်ခဲ့သည့်ကျေးရွာများတွင် ကုန်ထုတ်စွမ်းအားမြင့်မားအောင် အထောက်အကူပြုနိုင်မည့်အလားအလာများ[၉]နှင့်လယ်ယာမဟုတ်သော ဒေသန္တရလုပ်ငန်းများ၊[၁၀] သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ခြင်းတို့အထိ ဆက်လက်လုပ်ဆောင်လာစေရန်အပြင်[၁၁] တစ်နှစ်ပတ် လုံးအတွက် ပိုမိုကောင်းမွန်သော၊ သို့မဟုတ် ပုံမှန်တည်ငြိမ်ခိုင်မာသည့် ဝင်ငွေရရှိရေးကို အထောက်အကူပေးနိုင်မည့် အလားအလာများလည်းရှိပါသည်။

ဤအခန်းတွင် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိအိမ်ထောင်စုများသည် မည်သို့အသက် မွေးဝမ်းကျောင်းပြုကြသည်ကို လေ့လာဆန်းစစ်ထားပါသည်။ ၎င်းတို့၏ အရင်းအနှီးများဖြင့် မည်ကဲ့သို့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေရန် မည်ကဲ့သို့တွန်းအားပေးမှုများရှိနေသနည်း။ မတူညီသော ဝင်ငွေရလမ်းကြောင်း များကို ၎င်းတို့ မည်သို့ဟန်ချက်ထိန်းညှိကြသနည်း။ လယ်ယာစိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများ၊ သို့မဟုတ်ရွှေ့ပြောင်းနေထိုင်မှုများ၊ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းတွင် ၎င်းတို့၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် မည်သို့ကြိုးပမ်းအားထုတ်ကြသနည်း။ QSEM ရှိ အိမ်ထောင်စုများက အသက်မွေးဝမ်းကျောင်းမှုကို မည်သို့ဆောင်ရွက်ကြသည်ကို လေ့လာဆန်းစစ်ရန်အတွက် QSEM အဖွဲ့၏ကျယ်ပြန့်သောအချက်အလက်များကို အသုံးပြု၍ အဆိုပါမေးခွန်းများကို ဤအခန်းတွင် စူးစမ်းရှာဖွေခဲ့ခြင်းဖြစ်သည်။ ထိုမေးခွန်းများမှာ -

- အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို မည်သည့် အရာက တွန်းအားပေးသနည်း။

---

၇ ယင်းသည်မြန်မာနိုင်ငံကျေးလက်လုပ်သားအများစုအတွက်အခြေခံအလုပ်အကိုင်ကဏ္ဍဖြစ်သည့်ကျွမ်းကျင်သောနှင့် မကျွမ်းကျင်သောစိုက်ပျိုးရေး လုပ်ငန်းဟု ခွဲခြားသတ်မှတ်သည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းတွင် ထင်ဟပ်ထားသည်။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်အကိုင်ရရှိသူများ၏ ၅၆ ဒသမ ၆ ရာခိုင်နှုန်းကို "စိုက်ပျိုးရေးစက်ရုံနှင့် ရေလုပ်ငန်းကျွမ်းကျင်လုပ်သားများ"အဖြစ် သတ်မှတ်ထားသည်။ ယင်းတွင် အသက်မွေးဝမ်းကျောင်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရေလုပ်ငန်းများပါဝင်သည်။ ၁၇ ဒသမ ၉ ရာခိုင်နှုန်းကို အခြေခံအလုပ်အကိုင်များတွင်လုပ်ကိုင်နေသူများအဖြစ်သတ်မှတ်ထားပြီး ထိုလုပ်ငန်းများတွင် စိုက်ပျိုးရေးဆိုင်ရာ ကျပန်းလုပ်သားများပါဝင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ "၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိမ်ထောင်စုသန်းခေါင်စာရင်း၊ ပြည်ထောင်စုအစီရင်ခံစာ၊ အလုပ်အကိုင်နှင့် စက်မှုလုပ်ငန်း" မြန်မာနိုင်ငံ ၂၀၁၆ ခုနှစ်၊ မတ်လ။

၈ ယင်းတို့ကို QSEM ယခင်အစီရင်ခံစာများတွင် မှတ်တမ်းတင်ပြီးဖြစ်သည့်ပြင် ဤအစီရင်ခံစာ၏နောက်ပိုင်းအခန်းတွင် စစ်ဆေးမည်ဖြစ်သည်။ ဥပမာ - (ကမ္ဘာ့ဘဏ် - ၂၀၁၆)ကိုကြည့်ပါ။

၉ Griffiths, et al "မြန်မာနိုင်ငံကျေးလက်ဒေသများရှိ ဆင်းရဲနွမ်းပါးမှု၊ ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် လူမှုရေးအကာအကွယ်ပေးမှုတို့၏ အတိုင်းအတာ" ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၊ အစီရင်ခံစာတွင် မြန်မာနိုင်ငံရှိအိမ်ထောင်စုအားလုံး၏ ထက်ဝက်ခန့်သည် ဝင်ငွေအရင်းအမြစ် တစ်ခုထက်ပို၍ရရှိကြသည်ဟု ဖော်ပြထားသည်။ ကျေးလက်ဒေသများရှိ အိမ်ထောင်စုဝင်ငွေပေါင်းစပ်မှုသည် နိုင်ငံများက စီးပွားရေးအသွင် ကူးပြောင်းမှုများကို ဖြတ်သန်းကြရသည့်နည်းတူ ပိုမိုကွဲပြားခြားနားလာခဲ့သည်။ (ကမ္ဘာ့ဘဏ် ၂၀၀၈)ကိုကြည့်ပါ။

၁၀ ဤအစီရင်ခံစာ၏ရည်ရွယ်ချက်အတွက် လယ်ယာလုပ်ငန်းမဟုတ်သော ကိုယ်ပိုင်လုပ်ကိုင်သည့် အခြားလုပ်ငန်းများကို ရည်ညွှန်းသည်၊ (ဥပမာ-လယ်ယာမဟုတ်သော စီးပွားရေးလုပ်ငန်းမှတစ်ဆင့်) သို့မဟုတ် လုပ်ခစားအလုပ်အကိုင် (ဥပမာ - လမ်းဖောက်လုပ်ရေးလုပ်ငန်းတွင်)။

၁၁ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်အတွက် လယ်ယာလုပ်ငန်းမဟုတ်သော ကိုယ်ပိုင်လုပ်ကိုင်သည့် အခြားလုပ်ငန်းများကို ရည်ညွှန်းသည်၊ (ဥပမာ-လယ်ယာမဟုတ်သော စီးပွားရေးလုပ်ငန်းမှတစ်ဆင့်) သို့မဟုတ် လုပ်ခစားအလုပ်အကိုင် (ဥပမာ - လမ်းဖောက်လုပ်ရေးလုပ်ငန်းတွင်)။

- မည်သူက (ဝင်ငွေရရှိရန်) နည်းအမျိုးမျိုးအသုံးပြုဆောင်ရွက်နေသနည်း။

- ကွဲပြားခြားနားမှုပုံစံများသည် ချမ်းသာကြွယ်ဝမှုအလိုက် မည်သို့ပြောင်းလဲသွားသနည်း။

- အိမ်ထောင်စုများသည် လယ်ယာစိုက်ပျိုးရေးမှအပ အခြားလုပ်ငန်းများတွင် မည်သို့ပါဝင်လုပ်ဆောင်ကြသနည်း။

- အိမ်ထောင်စုများ မည်သို့ရွှေ့ပြောင်းလုပ်ကိုင်ကြသနည်း။

- အိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရင်း၌ပင် သူတို့၏ကုန်ထုတ်လုပ်မှုစွမ်းရည်ကိုမြှင့်တင်ရန်မည်သို့ကြိုးပမ်းအားထုတ်ကြသနည်း။ ကြိုးပမ်းအားထုတ်မှုများအောင်မြင်စေရန် မည်သည့်တွန်းအားပေးမှုများရှိနေသနည်း။

ဤအခန်းတွင် ရခိုင်ပြည်နယ်ရှိ အိမ်ထောင်စုတစ်ခု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ပုံကို အဖြစ်အပျက်အလိုက် လေ့လာသုံးသပ်မှုတစ်ခုအဖြစ် တင်ပြထားပါသည်။ ပုံမှန်အခြေအနေမှ ပြောင်းလဲလိုက်သော အသက်မွေးဝမ်းကျောင်းအခြေအနေများအတွက် ပုံစံသစ်များ ချမှတ်ခြင်းနှင့် ပြောင်းလဲနေသော နောက်ခံအကြောင်းအရာများကြား ဆီလျော်အောင် ပြုပြင်ခြင်း၊ မိမိပိုင်ဆိုင်သော ပစ္စည်းများကိုစုဆောင်းပြီး ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊ လယ်ယာစိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများကို ရှာဖွေခြင်း၊ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းများနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို တင်ပြထားပါသည်။ ပထမဦးစွာ ၎င်းအဖြစ်အပျက်အလိုက်လေ့လာသုံးသပ်မှုကို တင်ပြထားပါသည်။

ကျေးရွာများတွင်ပြုလုပ်သည့် အဓိကသတင်းအချက်အလက်ထောက်ပံ့ပေးသူများအား တွေ့ဆုံမေးမြန်းမှုများမှလည်းကောင်း၊ အုပ်စုလိုက်ဆွေးနွေးပွဲများမှလည်းကောင်း ရရှိလာသည့် အချက်အလက်များကို ဤအခန်းတွင်အသုံးပြုထားပါသည်။ ထို့ပြင် ရခိုင်လူမျိုးနှင့် ယဉ်ကျေးမှု သရုပ်ခွဲခြင်းဆိုင်ရာ အဖြစ်အပျက်အလိုက်လေ့လာမှုများနှင့် အခြားလူမျိုးနှင့်ယဉ်ကျေးမှုသရုပ်ခွဲခြင်းဆိုင်ရာအဖြစ်အပျက်အလိုက်လေ့လာမှုများ၊ ယခင် QSEM အစီရင်ခံစာများနှင့် ဆင်းရဲနွမ်းပါးမှု၊ ချမ်းသာကြွယ်ဝမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ဒေသတွင်း ဖြစ်ပေါ်လာသော ပြဿနာများကြောင့် ပြင်းထန်သောထိခိုက်မှုများနှင့်ပတ်သက်သည့် အချက်အလက်များ စုဆောင်းရန် ကျေးရွာများတွင် ပြုလုပ်သော လူမှုရေးစီမံလျာထားမှုနှင့် ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်မှုလုပ်ဆောင်ချက် ၁၂၆ ခုတို့မှ အချက်အလက်များကိုလည်း အသုံးပြုထားပါသည်။

# ဖြစ်စဉ်အလိုက်လေ့လာမှု ဝင်ငွေများတိုးပွားလာစေရန် ဆောင်ရွက်နေသည့် ရခိုင် အိမ်ထောင်စုတစ်စုအကြောင်း

မိသားစုဝင်များ

**မိဘနှစ်ဦး သားသမီးလေးယောက်၊ ချွေးမတစ်ယောက်နှင့် မြေးတစ်ယောက်**

နေရာ

**ကျောက်ဖြူ**
**ရခိုင်**



**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ အထူးစီးပွားရေးဇုန်သစ် (SEZ) အနီးတွင် ငါးဖမ်းခြင်းနှင့် စပါးစိုက်ပျိုးခြင်းကို လုပ်ကိုင်ကြသော ကျေးရွာတစ်ရွာ၌ ဇနီးမောင်နှံနှစ်ဦးသည် ၎င်းတို့၏ သား၊ သမီးခုနစ်ဦးအနက် လေးဦး၊ ချွေးမတစ်ဦး၊ မြေးတစ်ဦးတို့နှင့်အတူ နေထိုင်နေကြသည်။** လွန်ခဲ့သော နှစ်ပေါင်း ၂၀ က ထိုမိသားစုသည် ၎င်းတို့၏ ကျေးရွာတွင် အဆင်းရဲဆုံးဖြစ်ပြီး ၎င်းတို့၏ အကြီးဆုံးသားသမီးများ အလုပ်လုပ်နိုင်သော အရွယ်ရောက်သည့်တိုင်အောင် အဆင်းရဲဆုံးဖြစ်မြဲရှိနေခဲ့ကြသည်။ ထိုကဲ့သို့အခြေအနေမှ ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်ခြင်းနှင့် လယ်ယာမဟုတ်သည့် လုပ်ငန်းတစ်ခုကို ပေါင်းစပ်ခြင်းဖြင့် ၎င်းတို့အတွက် ပိုင်ဆိုင်မှုများကို စတင်တည်ထောင်လာနိုင်ခဲ့သည်။ နောက်ဆုံးတွင် ရွှေ့ပြောင်းနေထိုင် အလုပ်လုပ်ကိုင်မှုမှ ပြန်လည်လွှဲပို့လာသည့်ငွေများ၊ အမွေရရှိမှု၊ လယ်ယာစိုက်ပျိုးရေးမဟုတ်သော အလုပ်အကိုင်နှင့် မြေယာဈေးကစားမှုတို့ကြောင့် မြေကွက်ငယ်တစ်ခု ဝယ်ယူနိုင်လောက်သည်အထိ ၎င်းတို့ ငွေကြေးစုဆောင်းရရှိခဲ့သည်။[၁၂] ပိုင်ဆိုင်ထားသောမြေယာတွင် စက်ယန္တရားများအသုံးပြု စိုက်ပျိုးခြင်းနှင့် သီးနှံမျိုးစုံစိုက်ပျိုးခြင်းဖြင့် ကုန်ထုတ်လုပ်နိုင်စွမ်းမြှင့်တင်လာနိုင်ပြီး လွှဲပို့လာသည့် ငွေများကို လယ်ယာမဟုတ် ဒေသန္တရလုပ်ငန်းများနှင့် ငါးဖမ်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အသုံးပြုခဲ့သည်။ ယခုအခါ ၎င်းမိသားစုသည် ကျေးရွာတွင် အချမ်းသာဆုံးမိသားစုတစ်စု ဖြစ်နေပြီဖြစ်သည်။ ၎င်းတို့၏အဖြစ်အပျက်က ဘဝတစ်လျှောက် ၎င်းတို့ကြုံတွေ့ခဲ့ရသော စိန်ခေါ်မှုများနှင့် ပြောင်းလဲမှုများခဲ့သော အသက်မွေးဝမ်းကျောင်းမှုများကို မည်ကဲ့သို့ ရင်ဆိုင်ဖြေရှင်းရင်း တည်ဆောက်ခဲ့ရသည်ကိုလည်းကောင်း၊ အဆင်ပြေစေရန် မိသားစုဝင်များ တစ်ယောက်ချင်းစီတိုင်း မည်ကဲ့သို့ အားထုတ်ခဲ့ရသည်များကိုလည်းကောင်း ထင်ရှားစွာ မြင်နိုင်ပါသည်။

**ထိုမိသားစုသည် နှစ်ပေါင်းများစွာတိုင်အောင် ကျေးရွာရှိ အဆင်းရဲဆုံးမိသားစုများအနက်မှ တစ်စု ဖြစ်ခဲ့သည်။** ၎င်းတို့တွင်မြေယာမရှိခဲ့ပါ။ ထို့ပြင် လင်ယောကျ်ားက လွန်ခဲ့သောနှစ်ပေါင်းများစွာ ကတည်းကရွာမှထွက်ခွာသွားခဲ့သောကြောင့် ဇနီးဖြစ်သူတစ်ဦးတည်းကသာလျှင်သားသမီးများအား ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ သားသမီးအလတ်များက အငယ်ဆုံးသားသမီးအား ထိန်းကျောင်း နေစဉ်မိခင်ဖြစ်သူက တံငါလုပ်ငန်းဖြင့်ကြိုးကြိုးစားစားရှာဖွေရသော်လည်း ဘဝကခက်ခဲကြမ်းတမ်း ခဲ့သည်။ ခင်ပွန်းဖြစ်သူ ပြန်လည်ရောက်ရှိလာခဲ့သည့်တိုင် ပို၍အဆင်ပြေလာခြင်းမရှိခဲ့ပေ။ မိသားစုဝင်ငွေအတွက် ယောကျ်ားဖြစ်သူက ငါးဖမ်းလုပ်ငန်းစတင်လုပ်ကိုင်ခဲ့သော်လည်း အရက်သောက်ခြင်းနှင့် ငွေချေးငှားသုံးစွဲရခြင်းတို့ကြောင့် မိသားစုတွင်ကြွေးမြီများလည်ပင်းအထိ ရောက်ရှိနေခဲ့ရသည်။ ထိုမိသားစုသည် ရှင်သန်ရန် ရုန်းကန်နေရသောကြောင့် ၎င်းတို့၏ သာယာဝပြောရေးကို တိုးတက်ရန် မစီမံနိုင်ခဲ့ပေ။ တဖြည်းဖြည်းနှင့် ငါးဖမ်းခြင်းလုပ်ငန်းက မကောင်းမှု (အကုသိုလ်) ကို ဖန်တီးသည့်အပြင် မကောင်းသောကံအကျိုးကို အားပေးသည်ဟု ယုံကြည်သောကြောင့်၊ ၂၀၀၇ ခုနှစ်တွင် ဇနီးသည်ဖြစ်သူက ငါးဖမ်းလုပ်ငန်းကို ရပ်တန့်ရန် လင်ယောကျ်ားအား ပြောကြားခဲ့သည်။

**၎င်းတို့၏ ကလေးငယ်နှစ်ဦး အရွယ်ရောက်၍ ရွာမှထွက်ခွာသွားသည့်တိုင် ပြောင်းလဲမှုများစွာ မရှိခဲ့ပေ။** ရွာမှထွက်ခွာသွားရန် သားအကြီးဆုံးက အချိန်အတော်ကြာကတည်းကပင် စိတ်အား ထက်သန်လျက်ရှိခဲ့ရာ အရွယ်ရောက်လာချိန်တွင် ငါးဖမ်းလုပ်ငန်း စတင်လုပ်ကိုင်၍ သူရှာသမျှ ဝင်ငွေထဲမှ တတ်နိုင်သမျှ ခြိုးခြံစုဆောင်းခဲ့လေသည်။ နောက်ဆုံးတွင် ကျပ် ၃၀,၀၀၀ ခန့်


---

၁၂ ဤအိမ်ထောင်စုကို ဖြစ်ရပ်လေ့လာမှုအဖြစ်ရွေးချယ်ရခြင်းမှာ စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် အောင်မြင်သောအသက်မွေးဝမ်းကျောင်း လုပ်ငန်းပြောင်းလဲမှုကို ဝန်းရံနေသောလုပ်ငန်းများအား သာဓကပြနေသောကြောင့်ဖြစ်သည်။ အိမ်ထောင်စုသည် သီးခြားဆက်စပ်ပြောင်းလဲမှုများမှ (မြင့်မားသောမိသားစုလုပ်အားအဆင့်နှင့် မြေယာဈေးကစားမှုမှ အကျိုးကျေးဇူးရရှိနိုင်စွမ်းတို့ကဲ့သို့ အကျိုးကျေးဇူးခံစားရသော်လည်း ၎င်းတို့သည် လေ့လာခဲ့သော QSEM ကျေးရွာများတစ်လျှောက် "စံ" အိမ်ထောင်စုအမှုအကျင့်များစွာကိုပြသခဲ့ပြီး ထိုအမှုအကျင့်များက ၎င်းတို့အားထိရောက်၍ သာမကဖြစ်ရပ် ဖြစ်လာစေခဲ့သည်။

(အမေရိကန်ဒေါ်လာ ၂၂ ဒေါ်လာခန့်) ကို သူစုဆောင်းနိုင်ခဲ့သည်။ အဆိုပါ ငွေကြေးဖြင့် ဒေသ၏ မြို့တော်ဖြစ်သည့် ကျောက်ဖြူသို့ ရွှေ့ပြောင်းသွားခဲ့ပြီး ထိုမြို့တွင် အလုပ်သင်စက်ပြင်ဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့နောက် မီးအားမြှင့်စက်ပြုပြင်ရေးလုပ်ငန်းတစ်ခုကိုဖွင့်လှစ်ကာ ပထမနှစ်နှစ်အတွင်းမှာပင် မိဘများထံသို့ ကျပ် ၁၀ သိန်း (အမေရိကန် ဒေါ်လာ ၇၃၀ ခန့်) ပြန်လည်ပေးပို့နိုင်ခဲ့သည်။

**၂၀၀၈ ခုနှစ်တွင် သူ၏ ညီမဖြစ်သူလည်း ရန်ကုန်ရှိအထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ရန် ရွာမှ ထွက်ခွာသွားခဲ့သည်။** ထိုစက်ရုံတွင် ၎င်းတို့ရွာမှ အခြားအမျိုးသမီးလေးများကိုလည်း အလုပ်ခန့်ထားသည်။ သို့ရာတွင် သူမက ထိုအလုပ်ကို မနှစ်သက်ပေ။ သူမ၏လုပ်သက် နှစ်နှစ်ခွဲကာလအတွင်း ထူးဆန်းသည့် ဖြစ်ရပ်များအကြောင်းကို အလုပ်သမားများက သူ့ကိုပြောပြကြသည်။ "အလုပ်သမားအတော်များများ မူးမေ့ကြပြီး သူတို့ကို တစ္ဆေပူးသည်ဟု ယူဆကြကြောင်း"သူက ဆိုသည်။ ကြီးကြပ်သူတစ်ဦးမှာလည်းဒဏ္ဍာရီဆန်သော အံ့သြဖွယ်အခြေအနေဖြင့်သေဆုံးခဲ့ရသည်။ မီးလောင်မှုတစ်ခုဖြစ်ပွားပြီးနောက် အလုပ်သမားများက ရဲတပ်ဖွဲ့ထံတိုင်ကြားမည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် မန်နေဂျာကအလုပ်သမားများအားသော့ခတ်ပိတ်လှောင်ထားခဲ့လေသည်။ ထိုဖြစ်ရပ်နှစ်ခုကိုကြုံတွေ့ပြီးနောက် သူလည်းအလုပ်မှထွက်လိုက်တော့သည်။ သူ၏လစာသည် တစ်လလျှင် ကျပ်တစ်သိန်း (အမေရိကန်ဒေါ်လာ ၇၃ ခန့်) ရရှိသော်လည်း အဆောင်လခနှင့် စားစရိတ်ပေးပြီးနောက်သိပ်မကျန်တော့ပေ။ ထို့ကြောင့်ရွာသို့ပြန်လာခဲ့တော့သည်။

ပုံ (၂) ရခိုင်ပြည်နယ်ရှိမိသားစု၏ ဖြစ်ရပ်အလိုက်ကို အချိန်ကာလဖြင့် ဖော်ပြခြင်း




| 1995-99 | 2006 | 2008 | 2010 | 2012 | 2014 | 2016 |
|---|---|---|---|---|---|---|
| Household head was absent | Son opens business in Kyaukpyu and supports parents | Husband makes a good income by clearing and selling land | Husband earns good income from contracting work during road construction | Daughter returns from Yangon and opens a shop | Husband stops drinking | Husband makes a good income with second land deal |
| | | Husband stops fishing | Daughter migrates to Yangon and son to Thailand | Son sends remittances from Thailand | Wife starts growing and selling betel | Son returns from Thailand and starts catching crab |
| | | | Husband reduces alcohol consumption and is recognized as a village elder | Husband buys one acre of farmland | Husband and wife start selling fish paste | |

Based on perception data

**ထိုအချိန်၌ပင် လမ်းဆောက်လုပ်ရေးလုပ်ငန်း၌ ဖခင်ဖြစ်သူအလုပ်ရရှိခဲ့သည်။** ဘင်္ဂလားပင်လယ်အော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ပို့ဆောင်ရန် အတွက် ရွှေရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန်ရည်ရွယ် ချက်ဖြင့် ကော်ပိုရေးရှင်းကြီးတစ်ခုက ၂၀၀၈ ခုနှစ်တွင် ၎င်းတို့၏ ကျေးရွာအနီးကိုဖြတ်သန်းကာ လမ်းဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ထိုလမ်းကြောင့် ကျေးရွာတွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပွားစေခဲ့သည်။ ထိုကိစ္စကို ဖခင်ဖြစ်သူက စောဒကတက်သောအခါ ကော်ပိုရေး ရှင်းကြီးမှ သူ့အား ခြောက်လဌားရမ်းကာ ဖုန်များလျော့နည်းစေရန် လူများကိုစုစည်း၍ထိုလမ်းကို ရေဖျန်းခိုင်းခဲ့သည်။ တစ်လလျှင် ကျပ်ရှစ်သိန်း (အမေရိကန်ဒေါ်လာ ၅၈၀) အထိသူ ရရှိခဲ့သည်။

**ထိုကဲ့သို့ အခွင့်အရေးကောင်းများရရှိလာရာမှ ငွေများစုဆောင်းမိလာပြီး ရွှေ့အဖြစ်အသွင်ပြောင်း ကာ သိမ်းဆည်းလာနိုင်ခဲ့သည်။** ဖခင်ဖြစ်သူက သူ၏ ဝင်ငွေအများစုကို အရက်သောက်၍ ဖြုန်းပစ်ခဲ့သော်လည်း မိသားစုသည် ခြောက်လအတွင်း တစ်လလျှင် ကျပ်သုံးသိန်း(အမေရိကန် ဒေါ်လာ ၂၂၀) စုဆောင်းနိုင်ခဲ့သည်။

> “ သူက တစ်လကိုသုံးသိန်းပေးတယ်။ ကျွန်မက ရွှေဝယ်ထားတယ်။ ကျန်တာကတော့ အရက်သောက်တာနဲ့ ကုန်တာပဲ” ဟု သူ့ဇနီးက ပြန်ပြောပြသည်။ ဇနီးဖြစ်သူသည် ခင်ပွန်းရသမျှ ဝင်ငွေအားလုံးကို မစုဆောင်းနိုင်ခဲ့သော်လည်း အဆိုပါ စုဆောင်းငွေ များနှင့် ကျောက်ဖြူရှိ ၎င်းတို့၏သားထံမှ လွှဲပို့ငွေပေါင်းစပ်မိသဖြင့် ၎င်းတို့၏ ငွေကြေး ပမာဏလည်း သိသာထင်ရှားစွာ တိုးပွားလာခဲ့သည်။

**တိုးပွားလာသော ငွေကြေးများဖြင့် နောက်ထပ်သားငယ်တစ်ဦးကိုနိုင်ငံခြားသို့ ရွှေ့ပြောင်းကာ အလုပ်လုပ်ကိုင်စေခဲ့သည်။** ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသော အစ်ကိုဝမ်းကွဲတစ်ဦးထံ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် သွားရောက်ခဲ့ပြီး ထိုသို့သွားနိုင်ရန်အတွက် ရွှေအချို့ကို မိခင်ဖြစ်သူက ရောင်းချပေးခဲ့သည်။ ထိုင်းနိုင်ငံတွင် ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် မိသားစု အကူအညီမရှိမှုကြောင့် သားငယ်မှာ ရုန်းကန်လှုပ်ရှားခဲ့ရသည်။ စက်ရုံတစ်ရုံမှ အခြားစက်ရုံ တစ်ရုံသို့ ပြောင်းရွှေ့လုပ်ကိုင်ကာ သူရသမျှငွေကြေးများကိုလည်း အရက်ဘီယာများသောက်သုံး ခြင်းဖြင့် ဖြုန်းတီးပစ်ခဲ့သည်။ သို့ရာတွင် ပထမသုံးနှစ်အတွင်း မိဘများထံသို့ ကျပ်သိန်း၂၀ ခန့် (အမေရိကန်ဒေါ်လာ ၁,၅၀၀) ပြန်ပေးပို့နိုင်ခဲ့သည်။ နောက်ဆုံးတွင် ရွာသို့ပြန်လာခဲ့ပြီး လက်ထပ် ခဲ့သော်လည်းရွာတွင်ဘဝအခြေအနေခက်ခဲသည်ကိုတွေ့ရှိရသောကြောင့် ဇနီးနှင့်အတူထိုင်းနိုင်ငံသို့ ပြန်သွားခဲ့လေသည်။ သို့ရာတွင် တစ်ဦးတည်း၏လစာဖြင့် ငွေကြေးများစွာ မစုဆောင်းနိုင်သည့် အပြင် သူ၏ဇနီးဖြစ်သူတွင်အထောက်အထားအမှန်အကန်မရှိသဖြင့် ဇနီးဖြစ်သူမှာ လုံခြုံမှုမရှိဘဲ အထီးကျန်နေသည်ဟု ခံစားနေခဲ့ရသည်။ ထို့ကြောင့် ၂၀၁၆ခုနှစ်တွင် သူတို့ ရွာသို့ပြန်လာခဲ့ တော့သည်။ ထိုအချိန်မှာ မိသားစု၏ စတုတ္ထမြောက်သားဖြစ်သူက ရွှေ့ပြောင်းထွက်ခွာ အလုပ် လုပ်ကိုင်ရန်ကြိုးပမ်းမှုကလည်း မအောင်မြင်ခဲ့ပေ။ ရန်ကုန်ရှိစက်ရုံတစ်ရုံတွင် အလုပ်လုပ်ရန် ထွက်ခွာသွားခဲ့သော်လည်း သူ၏ဝင်ငွေကို သူငယ်ချင်းများနှင့် သောက်စားပျော်ပါး၍ ဖြုန်းတီး ပစ်ခဲ့လေသည်။ ရန်ပွဲတစ်ခုတွင် ခြေထောက်တစ်ချောင်းကျိုးခဲ့ရပြီးနောက် မိခင်ကသားဖြစ်သူကို အိမ်သို့ပြန်ခေါ်ရန် သူ့ထံသို့ ငွေပို့ပေးခဲ့ရသည်။

**တစ်ချိန်တည်းမှာပင် ထိုမိသားစုသည် အခြားရွာသားများနှင့်အတူ မြေဈေးကစားခြင်းဖြင့် စီးပွား အနည်းငယ်ဖြစ်လာသည်။** ၂၀၁၀ ပြည့်နှစ်တွင် ကျောက်ဖြူ၌အထူးစီးပွားရေးဇုန်တည်ဆောက်မည် ဖြစ်သဖြင့် မြေဈေးတက်လိမ့်မည်ဟု မျှော်မှန်းချက်များကြောင့် ခင်ပွန်းသည်က အခြားသော ကျေးရွာသားကိုးဦးနှင့်အတူ ကျေးရွာအနီးရှိ ကျယ်ပြန့်သောမြေကွက်တစ်ခုကို ခုတ်ထွင်ရှင်းလင်း ကာ စိုက်ပျိုးမြေအဖြစ် ထိုမြေကွက်ကို ၎င်းတို့၏ အမည်များဖြင့် မှတ်ပုံတင်ခွင့်ရရှိစေရန် လမုပင်များ စိုက်ပျိုးထားခဲ့သည်။ မြေယာမှတ်ပုံတင်ရုံးနှင့် အဆက်အစပ်ရှိသော သူ၏ ယောက်ဖ ဖြစ်သူကသူ့ကိုအကူအညီပေးခဲ့သည်။ တစ်လအတွင်းမှာပင် ပြင်ပရင်းနှီးမြှုပ်နှံသူများထံ ကျေးရပ်ရွာ သူရပ်ရွာသားများက ထိုမြေကိုရောင်းချနိုင်ခဲ့ပြီး ရရှိသောအကျိုးအမြတ်ကို ခွဲဝေယူခဲ့ကြသည်။

ထိုအချိန်မှာပင် ထိုမိသားစုသည် ဇနီးသည်၏မိခင်ထံမှမြေတစ်ကေကို အမွေရရှိခဲ့သည်။ လမ်းတည်ဆောက်ရေးလုပ်ငန်းခွင်၊ မြေယာဈေးကစားမှုနှင့် လွှဲပို့ငွေများမှ အရင်းအနှီးများကို အသုံးပြုကာ အခြားမြေတစ်ကေကို ထပ်မံဝယ်ယူနိုင်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်း စတင်လုပ်ကိုင်ခဲ့

**ကြသည်။** ထိုကျေးရွာတွင်မြေယာရှားပါးလှသည်။ လယ်သမားတစ်ဦးလျှင် ပျမ်းမျှအားဖြင့်တစ်ဧက၊ နှစ်ဧကမျှသာပိုင်ဆိုင်ကြသည်။ ၎င်းတို့မိသားစုအတွက် ဒုတိယတစ်ဧကကို အနာဂတ် ရေရှည်အတွက်မျှော်ကိုးကာ ကျပ် ၁၂ သိန်း (အမေရိကန်ဒေါ်လာ ၉၆၀ ခန့်) ဖြင့် ဝယ်ယူခဲ့သည်။

> “ကျွန်တော်တို့ ရွှေကိုစားလို့မရဘူး။ ဒါပေမဲ့ ကျွန်တော်တို့မှာ မြေရှိရင် ကျွန်တော်တို့ ကလေးတွေအတွက်စားစရာတစ်ခုခုတော့ ရှိမှာပဲ” ဟု ခင်ပွန်းဖြစ်သူက ပြောကြားခဲ့သည်။

**ထိုမြေကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို ၎င်းတို့ရရှိခဲ့သည်။** အဆိုပါချေးငွေကို မျိုးစေ့နှင့် လုပ်အားခပေးချေရန် အသုံးပြုခဲ့သည်။ ယခုအခါ ၎င်းတို့သည် ဘဏ်မှတစ်နှစ်လျှင် ကျပ်နှစ်သိန်း၊ သုံးသိန်းခန့်(အမေရိကန်ဒေါ်လာ ၁၅၀-၂၂၀)ချေးယူရရှိသည်။ ၎င်းတို့က စပါးနှင့် ကောက်ညှင်းစပါးတို့ကို စိုက်ပျိုးကြရာ ဆန်မှာစားသုံးရန်ဖြစ်ပြီး ကောက်ညှင်းစပါးကိုမူရောင်းချကြသည်။ ၎င်းတို့က တစ်နှစ်လျှင်တစ်သီးတည်းသာ စိုက်ပျိုးနိုင်ပြီး ပိုးသတ်ဆေး၊ သို့မဟုတ် ဓာတ်မြေသြဇာကို အသုံးမပြုကြပါ။ အဘယ်ကြောင့်ဆိုသော် အချို့မြေသည် ကုန်းမြင့်ဖြစ်ပြီး အချို့မှာ မြေပြန့်ဖြစ်၍ စိုစွတ်သည်။ ၎င်းတို့သည် မတူညီသာ မျိုးစေ့အမျိုးအစား သုံးမျိုး သို့မဟုတ် ငါးမျိုးကို အသုံးပြုကြရသည်။ သို့ရာတွင် လေးမျိုးကိုမူ အသုံးမပြုပါ။ အကြောင်းမှာ စုံဂဏန်းက ကံမကောင်းဟု ၎င်းတို့ကယုံကြည်ကြ၍ဖြစ်သည်။ ယခုအခါ ၎င်းမိသားစုက စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းအတွက် အရေးကြီးသောအချိန်များတွင် ကျပန်းလုပ်သား ၁၀ ယောက်ခန့်ကို ခန့်ထားနိုင်ပြီဖြစ်သည်။

နောက်နှစ်များတွင် လယ်ယာစိုက်ပျိုးရေးမှ ၎င်းတို့၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးနည်းလမ်းများကို၎င်းတို့ကစမ်းသပ်ခဲ့ကြသည်။ နည်းဗျူဟာတစ်ရပ်မှာ စက်ယန္တရားအသုံးပြုခြင်းပင်ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့တွင် နွားထီးခုနစ်ကောင်ရှိလာခဲ့ပြီး ယင်းတို့ကို လယ်ထွန်ရန် အခြားသူများထံ ငှားရမ်းထားခဲ့သည်။ နွားခုနစ်ကောင်အနက် လေးကောင်ကိုရောင်းချခဲ့ပြီး အခြား လယ်သမားလေးယောက်နှင့်အတူ လယ်ထွန်စက်တစ်စီးကို ကျပ်သိန်း ၂၀ (ဒေါ်လာ ၁,၄၇၀) ဖြင့် ဝယ်ယူလိုက်သည်။ သို့ရာတွင် စက်ယန္တရားအသုံးပြုရန် ကြိုးပမ်းမှုမအောင်မြင်ခဲ့သဖြင့် ထိုနည်းဗျူဟာကို စွန့်လွှတ်ခဲ့ရသည်။

> “ကျွန်တော်တို့ ဘယ်သူမှ လယ်ထွန်စက်မမောင်းတတ်ဘူး။ ဒါကြောင့် စက်မောင်းတစ်ယောက် ငှားခဲ့တယ်။ ဒါပေမဲ့ သူကအပျင်းထူတယ်။”

ဟု ခင်ပွန်းဖြစ်သူကပြောပြသည်။ ထို့ပြင် ၎င်းတို့၏ လယ်မြေသည် အနိမ့်အမြင့် မညီညာသဖြင့် လယ်ထွန်စက်အသုံးပြုရန်ခက်ခဲသည်ဟု ၎င်းကဆက်ပြောသည်။

> “ကျွန်တော်တို့က ဘယ်သူ့အပေါ်မှ မှီခိုချင်တာမဟုတ်ဘူး။ ဒါကြောင့် တစ်ရာသီကုန်တာနဲ့ လယ်ထွန်စက်ကို ပြန်ရောင်းပစ်လိုက်ပြီး နွားတွေကို ထပ်ဝယ်လိုက်တယ်။”

အပြန်အလှန်အားဖြင့် သီးနှံများ ပြောင်းလဲစိုက်ပျိုးရန် ၎င်းတို့၏ ကြိုးပမ်းမှုပို၍အောင်မြင်ခဲ့သည်။ ၎င်းတို့မိသားစုသည် ပဲတောင့်ရှည်၊ ချဉ်ပေါင်၊ ခရမ်း၊ ငရုတ်နှင့် ရုံးပတီတို့ကို စတင်စိုက်ပျိုးရောင်းချခဲ့သည်။ ထိုသီးနှံများအားစပါးရိတ်သိမ်းပြီးနောက် ထိုမြေပေါ်တွင် ဆက်လက်စိုက်ပျိုးခြင်းဖြစ်သည်။ ၎င်းတို့၏သရက်ပင်များမှ သရက်သီးများကိုလည်း ရောင်းချခဲ့သည်။ လွန်ခဲ့သော လေးနှစ်ခန့်ကစတင်ကာ ၎င်းတို့၏ အိမ်နောက်ဘက်တွင်ကွမ်းပင်များကို စတင်စိုက်ပျိုးခဲ့ကြသည်။ ကွမ်းရွက်သည် ယခုအခါ ၎င်းတို့အတွက် အဓိကဝင်ငွေအရင်းအမြစ်ဖြစ်နေပြီး တစ်နှစ်လျှင် ကျပ် ၁၅ သိန်း (ဒေါ်လာ ၁,၂၀၀) ခန့် ရရှိခဲ့သည်။ ဇနီးဖြစ်သူက ၎င်းတို့၏ကွမ်းပင် ၁,၀၀၀ မှ ကွမ်းရွက်များကိုနှစ်ပတ်တစ်ကြိမ်ခူးယူကာ ဈေးကောင်းရရှိပါကကျောက်ဖြူဈေးတွင်ရောင်းချသည်။ ဈေးကောင်းမရရှိပါက သူ့သမီးဖြစ်သူ၏ဆိုင်တွင်ပင်ရောင်းလိုက်သည်။ ကွမ်းရွက်ဈေးနှုန်းကလည်း တစ်နှစ်ပတ်လုံး အတက်အကျရှိနေသည်။

**လယ်ယာလုပ်ငန်းမဟုတ်သော စီးပွားရေးလုပ်ငန်းနှစ်ခု (ငါးပိလုပ်ငန်းနှင့် ကုန်စုံဆိုင်) တို့ကို ဖွင့်လှစ်ရန်စီစဉ်နိုင်ခဲ့ပြီး လုပ်ငန်းတစ်ခုစီကို မိသားစုဝင်တစ်ဦးစီက ဦးစီးလုပ်ကိုင်ခဲ့သည်။** ၎င်းတို့အား အကြွေးပြန်ဆပ်ရန်ရှိသူတစ်ဦးက အကြွေးကို ငါးပိဖြင့်ပြန်လည်ပေးဆပ်ချိန်တွင်

ပုံ (၃) ရခိုင်အိမ်ထောင်စု - တစ်နှစ်ပတ်လုံးဝင်ငွေ၏ အရင်းအမြစ်များ

| ဝင်ငွေရင်းမြစ် | ဝင်ငွေ (နှစ်ပတ်လည် အသားတင်) | မည်သူ | ရာသီ/အလုပ်လုပ်ရသည့်ကာလ |
|---|---|---|---|
| စပါး | စားသုံးရန် | အိမ်ထောင်ဦးစီးနှင့် ဇနီး | ဇွန်လမှ ဇန်နဝါရီ |
| ကွမ်း | ၁,၅၃၀,၀၀၀ | ဇနီး | ဇွန်လမှ ဖေဖော်ဝါရီ |
| ငါးပိ | ၁,၀၀၀,၀၀၀ | အိမ်ထောင်ဦးစီးနှင့် ဇနီး | တစ်နှစ်ပတ်လုံး |
| ကုန်စုံဆိုင် | ၁,၂၀၀,၀၀၀ | သမီး | တစ်နှစ်ပတ်လုံး |
| ဂဏန်း | ၆၀,၀၀၀ | အငယ်ဆုံးသား | ဇွန်လမှ ဩဂုတ်လအထိ |
| ကျပန်းလုပ်သား (လယ်ယာစိုက်မျိုးခြင်း | ၇၅,၀၀၀ | စတုတ္ထသား | ဇူလိုင် |
| ဟင်းသီးဟင်းရွက် | ၂၀၀,၀၀၀ | ဇနီး | ဇန်နဝါရီလမှ ဖေဖော်ဝါရီလအထိ |
| ကောက်ညင်းဆန် | ၄၀,၀၀၀ | အိမ်ထောင်ဦးစီးနှင့် ဇနီး | ဇွန်လမှ ဇန်နဝါရီလ |
| ပုံမှန်ဝင်ငွေရင်းမြစ်များ | | | |
| လမ်းဖောက်လုပ်ရေးတွင် စာချုပ်လုပ်ငန်း | ၄,၂၀၀,၀၀၀ | အိမ်ထောင်ဦးစီး | ၆ လ |
| မြေယာရောင်းချခြင်း | ၁,၅၀၀,၀၀၀ | အိမ်ထောင်ဦးစီး | |
| မြေယာရောင်းချခြင်း | ၁,၇၅၀,၀၀၀ | အိမ်ထောင်ဦးစီး | |

ထိုငါးပိကို ၎င်းတို့က ပြန်လည်ရောင်းချခဲ့ရသည့် အမှတ်မထင်သော ဖြစ်ရပ်တစ်ခုမှ ငါးပိလုပ်ငန်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အကြွေးဆပ်သောငါးပိကိုကောင်းစွာရောင်းချနိုင်ချိန်တွင်ငါးပိလုပ်ငန်းကို လုပ်ကိုင်ရန် ၎င်းတို့ဆုံးဖြတ်ခဲ့ကြသည်။ ငါးပိကိုဝယ်ယူပြီး ပြန်လည်ရောင်းချသည့် လုပ်ငန်းသည် ယခုအခါ ၎င်းတို့အတွက်အတည်ငြိမ်ဆုံး ပင်မဝင်ငွေရအရင်းအမြစ်တစ်ခုဖြစ်နေပြီး တစ်နှစ်လျှင် ကျပ် ၁၀ သိန်းခန့် (ဒေါ်လာ ၇၀၀) ဝင်ငွေရရှိခဲ့သည်။ ထိုစဉ် ရန်ကုန်အထည်ချုပ်စက်ရုံမှ ပြန်လာသော ၎င်းတို့၏သမီးကလည်း သူမ၏ စုဆောင်းငွေများနှင့် မိခင်ထံမှ အရင်းအနှီးအချို့ကို အသုံးပြုကာ လမ်းဖောက်လုပ်သည့် အလုပ်သမားများထံ အအေး၊ ဘီယာနှင့် သွားရည်စာတို့ကို ရောင်းချသည့်ကုန်စုံဆိုင်တစ်ခုကိုဖွင့်လှစ်နိုင်ခဲ့သည်။ လမ်းဖောက်လုပ်ရေးလုပ်ငန်း ပြီးစီးသွားသော အခါ ထိုကုန်စုံဆိုင်ကို ရွာသို့ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

**သမီးဖြစ်သူက ထိုဆိုင်ကို ဖွင့်လှစ်နိုင်ရာ၌ အသေးစားချေးငွေကို အသုံးပြုသည့်အပြင် စုငွေ အစီအစဉ်တွင်လည်း ပါဝင်ထားသည်။** သမီးဖြစ်သူသည် ကုန်စုံဆိုင်တွင် ပစ္စည်းများ ပိုမိုဝယ်ယူ

ဖြည့်တင်းနိုင်ရန် PACT မှ ကျပ်နှစ်သိန်း (ဒေါ်လာ ၁၆၀) ကို ခြောက်ကျပ်တိုးဖြင့် ချေးယူခဲ့ပြီး ထိုချေးငွေကို တစ်ကြိမ်လျှင် ၉,၂၀၀ ကျပ် (ခုနစ်ဒေါ်လာ) ဖြင့် တစ်လလျှင် နှစ်ကြိမ်ပေးဆပ်ရသည်။ Save the Children မှစီမံခန့်ခွဲသည့်လည်ပတ်နေသော အသေးစားငွေကြေး ရန်ပုံငွေတွင်လည်းတစ်လလျှင် ၂၀,၀၀၀ ကျပ်ကိုထည့်ဝင်စုဆောင်းနိုင်ခဲ့သည်။ မိဘများက အစိုးရကျေးလက်ချေးငွေ အစီအစဉ်မှ ချေးငွေယူခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ အခြားရပ်ရွာသူရပ်ရွာသားများ အများစုကဲ့သို့ပင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အကောင်အထည်ဖော်သည့် အစီအစဉ်တစ်ခုမှ ကျပ်ငါးသိန်း (ဒေါ်လာ ၃၇၀ ခန့်)ကို ၎င်းတို့ချေးယူခဲ့ပြီး နွားထီးတစ်ကောင်ဝယ်ယူခဲ့သည်။ သို့ရာတွင် အခြားရပ်ရွာသူ ရပ်ရွာသားများနည်းတူ ပြန်လည်ပေးဆပ်မှုနှင့်ပတ်သက်ပြီး ၎င်းတို့အဓိပ္ပာယ်ကောက်လွဲမှားခဲ့သည်။

> “ဒီချေးငွေဟာ ကျေးရွာအတွက်ဖြစ်ပြီး ကျွန်တော်တို့က အတိုးပဲပေးရမယ်လို့ သူတို့ပြောတယ်။ ဒါပေမဲ့ ဒီချေးငွေကို နောက်လမှာ ကျွန်တော်တို့ ပြန်ဆပ်ရမယ်လို့ သူတို့က စာတစ်စောင်ပို့လိုက်တယ်” ဟု ဖခင်ဖြစ်သူကပြောကြားသည်။

**ထိုစဉ်တွင် ထိုင်းနိုင်ငံမှပြန်လာသည့် အစ်ကိုဖြစ်သူကလည်း သူ၏စုဆောင်းငွေများကိုအသုံးပြုပြီး ကဏန်းထောင်သော မြုံးများနှင့် လှေတစ်စင်းဝယ်ယူကာကဏန်းထောင်ခြင်းလုပ်ငန်းကို စတင်ခဲ့သည်။** သို့ရာတွင်ရှမ်းပြည်နယ်ရှိ တိုက်ပွဲများကြောင့် တရုတ်နယ်စပ်မှုဆယ်သို့သွားသောလမ်းများ ပိတ်သွားခဲ့ရာ ကဏန်းဈေးနှုန်းများလည်း ကျဆင်းခဲ့သည်။ ထို့ကြောင့် ကဏန်းထောင်ခြင်းကို ရပ်တန့်လိုက်ကာ ကျပန်းအလုပ်သမားအဖြစ် အသက်မွေးရန် ရွေးချယ်ခဲ့သည်။ သူ၏ကဏန်းမြုံးများကို ရောင်းမပစ်ဘဲ ညီအငယ်ဆုံးလေးကိုပေးခဲ့သည်။ ယခုအခါ ထိုညီအငယ်ဆုံးလေးက မြုံးများဖြင့် ကဏန်းထောင်ကာရရှိသောအမြတ်၏ တစ်ဝက်ကို မိခင်အားပေးခဲ့သည်။

**အပြန်အလှန်အားဖြင့် မိခင်ဖြစ်သူက မိသားစုငွေရေးကြေးရေးကို စီမံခန့်ခွဲပြီး အိမ်အသုံးစရိတ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်အားလုံးကို ချမှတ်သော်လည်း ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်အားလုံးကို ခင်ပွန်းနှင့် တိုင်ပင်ဆွေးနွေးသည်။** ငွေလိုအပ်လျှင် ရွှေက ရောင်းချရန် လွယ်ကူသည်ဟု သူ၏ စကားအတိုင်း ငွေအပိုရှိသည့်အခါတွင် ရွှေကို ဝယ်ယူထားလေ့ရှိသည်။ ယခုအခါ ခင်ပွန်းဖြစ်သူအရက်ဖြတ်လိုက်သောကြောင့် သူတို့ပိုမိုစုဆောင်းနိုင်လာကြသည်။ အရက်သောက်ခြင်းက ကျေးရွာတွင် ပြဿနာတစ်ရပ်ဖြစ်နေသည့်တိုင် ထိုကျေးရွာတွင် လိုင်စင်မဲ့ အရက်ဆိုင်လေးဆိုင်ရှိနေသည်။ ကျေးရွာရှိအမျိုးသားအများစုက အရက်ပုံမှန်သောက်လေ့ရှိကြပြီး နေ့စဉ်ခိုက်ရန်ဖြစ်ပွားလေ့ရှိကြသည်။ ထိုင်းနိုင်ငံမှ ပြန်လာသောသားဖြစ်သူကလည်း သူငယ်ချင်းများနှင့်အတူ တစ်ပတ်လျှင်လေးကြိမ် အရက်သောက်လေ့ရှိပြီး အိမ်တွင်နေထိုင်ကာ အိမ်သန့်ရှင်းရေးပြုလုပ်ခြင်း၊ အဝတ်လျှော်ခြင်းနှင့် ထမင်းဟင်းချက်ပြုတ်ခြင်းများ ပြုလုပ်သည့် ဇနီးဖြစ်သူနှင့် စကားများရန်ဖြစ်လေ့ရှိသည်။

**မိသားစုဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရည်ရွယ်ချက်များသည် မျိုးဆက်တစ်ခုနှင့် တစ်ခု၊ လိင်ကွဲပြားမှုပေါ်မူတည်ကာ ကွဲပြားခြားနားကြသည်။** ခင်ပွန်းသည်က ရွာသားအများစုနှင့် အမြင်မတူဘဲ မည်သည့်မြေယာသိမ်းယူမှုမျိုးအတွက်မဆို လျော်ကြေးရရှိလိမ့်မည်ဖြစ်ပြီး ၎င်းတို့လက်ဖက်ရည်ဆိုင်ဖွင့်ရန်၊ သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းတစ်ခု ဆောင်ရွက်ရန် အခြေအနေပေးလိမ့်မည်ဟု မျှော်မှန်းကာ စီးပွားရေးဇုန်က ၎င်းတို့အတွက် အခွင့်အလမ်းများကို ယူဆောင်လာလိမ့်မည်ဟု အကောင်းမြင်ဝါဒထားရှိသည်။ လယ်ယာမြေများ ပိုမိုဝယ်ယူရန်၊ ကွမ်းစိုက်ခင်းတိုးချဲ့ရန်နှင့် ကွမ်းစိုက်ခင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများဆီသို့ ရေသွယ်ရန်အတွက် မိုးရေခံရေကန်ငယ်လေးတစ်ခုတည်ဆောက်ရန် သူကစီမံလျက်ရှိသည်။ ထိုင်းနိုင်ငံမှပြန်လာသော ၎င်း၏သားသည် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ရန် ကြိုးစားလျက်ရှိသော်လည်း ဝင်ငွေမကောင်းပါက သူနှင့် အဆက်အသွယ်များရှိပြီး အလုပ်အကိုင်လွယ်ကူစွာ ရှာဖွေနိုင်သော ထိုင်းနိုင်ငံသို့ ပြန်သွားမည်ဟု ဆိုသည်။ သူ၏ ဇနီးဖြစ်သူကမူ ထိုင်းသို့ သူပြန်ဖြစ်ခဲ့ပါက အတူလိုက်ပါလိုခြင်း မရှိပေ။ ထိုအချိန်မှာပင် သမီးဖြစ်သူကလည်း ရွာ၌ပင်ဆက်လက်နေလိုသည်။ သူ၏ အလှည့်ကျစုဆောင်းငွေများဖြင့် ကုန်စုံဆိုင်နှင့်လက်ဘက်ရည်ဆိုင်ကိုတိုးချဲ့ကာ မိဘများအသက်ကြီးလာလျှင် ထောက်ပံ့မှုပေးရန် မျှော်လင့်ထားသည်။ အငယ်ဆုံးသားကလည်း ရန်ကုန်သို့ ရွှေ့ပြောင်းရန် စဉ်းစားနေသည်။ သူက မိသားစုထဲတွင် ၉ တန်းအထိ ပညာသင်ကြားဖူးသော တစ်ဦးတည်းသောသားဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သုံးခါကျထားသည်။ ရန်ကုန်၌ ပိုမိုအဆင်ပြေသောဘဝကို သူကမျှော်လင့်နေဆဲဖြစ်သည်။

> “မြို့မှာကလူငယ်တွေအတွက် အများကြီးသာလွန်ကောင်းမွန်ပါတယ်။ ရွာမှာ ကျွန်တော်တို့အတွက် ဘာမှမရှိဘူး” ဟု သူက ပြောသည်။

**အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို မည်သည့်အရာက တွန်းအားပေးနေသနည်း။**


## အိမ်ထောင်စုများ မည်သို့ အသက်မွေးကြသနည်း။

လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသနများ၌ QSEM ဆောင်ရွက်ခဲ့သည့်ကျေးရွာများရှိ အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်များကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းအချို့ကို မီးမောင်းထိုးပြထားသည်။ အဆိုပါ ထည့်သွင်းစဉ်းစားမှုများသည် အဓိကဦးတည်သောအုပ်စုများနှင့် အဓိကသတင်းအချက်အလက်ထောက်ပံ့ပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုများပြုစဉ် အချိန်အတောအတွင်း ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

**ပထမအချက်မှာ ဝင်ငွေပိုင်းဆိုင်ရာအပြောင်းအလဲမြန်ဆန်မှုအပေါ် စီမံခန့်ခွဲခြင်း၏ အရေးပါမှုပင် ဖြစ်သည်။ လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာလေ့လာမှုများတွင် ပါဝင်သောအိမ်ထောင်စုများက နည်းပင်နည်းလင့်ကစား တစ်နှစ်ပတ်လုံးတွင် ပုံမှန်ဝင်ငွေတည်ဆောက်ရန် အစဉ်တစိုက် ကြိုးပမ်းကြသည်။** ၎င်းတို့၏ စားသုံးမှု၊ ရင်းနှီးမြုပ်နှံမှုလိုအပ်ချက်များနှင့် ပိုမိုကိုက်ညီစေရုံမျှမက ရာသီအလိုက် စိုက်ပျိုးရေးမှရရှိသည့် ဝင်ငွေများက ပုံမှန်မဟုတ်ဘဲ အပြောင်းအလဲ များပြားနေမှုကို ကျော်လွှားနိုင်စေရန်အတွက်ဖြစ်ပါသည်။ “ကျွန်တော်တို့ မိသားစု(စားသုံးဖို့)စပါးစိုက်ပါတယ်” ဟု လယ်သမားတစ်ဦးက ပြောသည်။ “ကျွန်တော်တို့ တစ်နှစ်ပတ်လုံး ပုံမှန်ဝင်ငွေရတဲ့အပြင် ကလေးတွေကိုလည်းပညာသင်ကြားပေးနိုင်ဖို့အတွက် ကွမ်းရွက်စိုက်ကြပါတယ်။” တစ်နှစ်ပတ်လုံး ပုံမှန်ဖြစ်စေသည့် ဝင်ငွေရရှိရန်အတွက် လယ်ယာမဟုတ်သော လုပ်ငန်းများက အကျိုးအမြတ်နည်းပါးသည့်တိုင် လုပ်ကိုင်ဆောင်ရွက်ရန် အရေးကြီးသည်ဟု မှတ်ယူကြသည်။

မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှုနှင့် လူနေမှုအခြေအနေများဆိုင်ရာ သုတေသန (MPLCS) အရ လယ်ယာစိုက်ပျိုးရေး လုပ်သားပုံစံများတွင် ရာသီအလိုက်ကွဲပြားခြားနားမှုများစွာရှိသည်ကို

ပုံ (၄) လွန်ခဲ့သောနှစ်က စိုက်ပျိုးရေးဆောင်ရွက်သော အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှအလုပ်လုပ်ရက်များ၊ MPLCS



**ထင်ရှားစေလျက် လယ်ယာမဟုတ်သောလုပ်ငန်းများသို့ ပြောင်းလဲလုပ်ကိုင်ခြင်းကအဘယ်ကြောင့် အရေးကြီးကြောင်းကို တွေ့ရှိရပါသည်။** စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သော နေ့ရက်များ၏ ဖဂ ရာခိုင်နှုန်းသည် စွတ်စိုသောရာသီတွင်စတင်သဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စု တစ်စု၏ အလုပ်လုပ်သောရက် အရေအတွက်မှာ ရာသီအလိုက် သိသာထင်ရှားစွာ ခြားနားနေ သည်ကို ထိုသုတေသနတွေ့ရှိရသည်။[၁၃] မိသားစု၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာဝင်ငွေများအပေါ် ဖြစ်ရပ်အလိုက်လေ့လာမှုတွင် ၎င်းတို့၏ စိုက်ပျိုးရေး၊ သို့မဟုတ် ငါးဖမ်းလုပ်ငန်းမှ ဝင်ငွေ ရလမ်းကြောင်းအားလုံးသည် (စပါး၊ ကွမ်း၊ ကဏန်း၊ ဟင်းသီးဟင်းရွက်နှင့် ကောက်ညှင်းဆန်) ဇွန်နှင့် ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ကြပြီး အခြားသော လယ်ယာစိုက်ပျိုးရေးမှမဟုတ်သည့် ဝင်ငွေကလည်း နှစ်တစ်နှစ်၏ အခြားအချိန်များတွင် ဖြစ်ပေါ်ကြောင်းဖော်ပြနေသည်။

**ဆက်စပ်နေသည့် ဒုတိယမောင်းနှင်အားမှာ ဘေးအန္တရာယ်ကို စီမံခန့်ခွဲရာတွင် အရေးကြီးပုံပင် ဖြစ်သည်။** QSEM ကျေးရွာများတွင် ဖြစ်ပေါ်တတ်သော ပြဿနာတစ်စုံတစ်ရာကြောင့် ပြင်းထန် သော ထိခိုက်မှုများ၊ အထူးသဖြင့် ဆိုးရွားသောရာသီဥတုဘေးအန္တရာယ် ကျရောက်လွယ်မှုကို လျှော့ချရန်လိုအပ်နေခြင်းက အသက်မွေးဝမ်းကျောင်းလုပ်ငန်းပြောင်းလဲရာတွင် အရေးကြီးသော မောင်းနှင်အားတစ်ရပ်ဖြစ်သည်။[၁၄]တွေ့ဆုံမေးမြန်းခံရသူများထံမှသိရသော အသက်မွေးဝမ်းကျောင်း ဆိုင်ရာလုပ်ငန်းများမှာ ၎င်းတို့ ကြုံတွေ့နေရသော ပြဿနာများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရင်းလုပ်ကိုင်ကြရသည်ဟု နားလည်သဘောပေါက်နိုင်ပေသည်။[၁၅] ဥပမာ - QSEM-6 သုတေသနအတွင်း မန္တလေးမြို့နယ်ရှိ မြေယာမဲ့နှင့် မြေယာအနည်းငယ်ပိုင်ဆိုင်သောအိမ်ထောင်စု များသည် ထိုဒေသရှိအခြားသောမြို့နယ်များနှင့် နှိုင်းယှဉ်လျှင် လယ်ယာ စိုက်ပျိုးရေးမဟုတ်သည့် လုပ်ငန်းများက ၎င်းတို့၏ ပင်မဝင်ငွေရင်းမြစ်ဖြစ်သည်ဟု သတ်မှတ်ထားကြသည်။ သီးနှံအထွက် ညံ့သောနှစ်များနောက်ပိုင်းတွင်၎င်းတို့ကအဆိုပါလုပ်ငန်းများသို့ကူးပြောင်းလုပ်ကိုင်ကြခြင်းဖြစ်သည်။ ဒေသအလိုက်ရရှိနိုင်သော အရင်းအမြစ်များကို အသုံးပြုရန် နည်းလမ်းများရှိသည့်တိုင် ၎င်းတို့က လယ်ယာစိုက်ပျိုးရေးမဟုတ်သောလုပ်ငန်းများသို့ လျင်မြန်စွာပြောင်းလဲလုပ်ကိုင်ကြသည်။ ကျေးရွာတစ်ရွာတွင်ဓနိသက်ငယ်ပျစ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထိုရွာတွင် ဓနိရွက်များ အလွယ်တကူရရှိနိုင်သည်။ အခြားကျေးရွာတစ်ရွာတွင်မူ ဆံပင်တုလုပ်ငန်းကိုလုပ်ကိုင်လျက်ရှိသည်။

**တတိယမောင်းနှင်အားမှာ ငွေကြေးမဟုတ်သော်လည်း ထည့်သွင်းစဉ်းစားရမည့်အရာများဖြစ်သည့် မိသားစုတာဝန်များ၊ လူနေမှုဘဝပုံစံနှင့် လူမှုရေးစံနှုန်းများက အသက်မွေးဝမ်းကျောင်းလုပ်ငန်း အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အရေးပါမှုဖြစ်ပါသည်။** လုပ်အားများစွာမလိုသည့်ပြင် ကလေးများအား ထိန်းကျောင်းခြင်းကဲ့သို့ အခြားအိမ်မှုကိစ္စများ ပူးတွဲလုပ်ကိုင်နိုင်ရန် ဈေးဆိုင် ငယ်များ ဖွင့်လှစ်ခြင်းကလည်း လယ်ယာစိုက်ပျိုးရေးမဟုတ်သော ရင်းနှီးမြှုပ်နှံမှုသည် မည်သို့ အရေးပါသည်ကို လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသနများတွင် ဖော်ပြထားပါသည်။ စီးပွားရေးလိုအပ်ချက်ကြောင့် လူနေမှုဘဝပုံစံများ မတူညီဟု ရှုမြင်ယူဆထားကြပြီး လူငယ်များ သည် ရွှေ့ပြောင်းလုပ်ကိုင်ကြရန် စိတ်အားထက်သန်လာစေခဲ့သည်။ ယဉ်ကျေးမှုဓလေ့ထုံးစံများ ကလည်း အလုပ်အကိုင်ရွေးချယ်မှုများအပေါ် ဩဇာသက်ရောက်မှု ရှိနေပေသည်။ ဥပမာ လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုများပြုလုပ်ခဲ့သော အိမ်ထောင်စုခြောက်စုအနက် နှစ်စုက ငါးဖမ်းသည့်လုပ်ငန်းကို စွန့်လွှတ်ရာတွင် ဖြေရှင်းချက်အဖြစ် ဘာသာရေးယုံကြည်မှုများကို ဖော်ပြထားသည်။ ရရှိလာသောဝင်ငွေများကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက်မှာလည်း မိသားစု တွင်း ပြဿနာများရှိနေခဲ့ခြင်းကြောင့် အဆင်ပြေချော့မွေ့ခြင်းမရှိပေ။ ဥပမာ - ဤအခန်းတွင် အဖြစ်အပျက်အလိုက်လေ့လာမှုပြုထားသည့် အိမ်ထောင်စုသည် ဝင်ငွေသစ်ရရှိမည့် လမ်းကြောင်း များတွင် ရင်းနှီးမြှုပ်နှံရန် စုဆောင်းထားသည့်ငွေကြေးများကို အရက်သောက်၍ ဖြုန်းတီးခြင်း ကြောင့်နည်းပါးသွားရသည်။ အလားတူစွာပင် ဧရာဝတီတိုင်းဒေသကြီးတွင် လူမျိုးနှင့် ယဉ်ကျေးမှု ဆိုင်ရာလေ့လာမှုများပြုလုပ်ခဲ့ရာ အခြားအိမ်ထောင်စုတစ်စုက အရက်သေစာကို ရှောင်ရှားသဖြင့် ဆင်းရဲမှုမှလွတ်မြောက်ခဲ့သော်လည်း အရက်သောက်သုံးသောအိမ်ထောင်စုမှာ ဆင်းရဲတွင်းထဲတွင် ရုန်းကန်လှုပ်ရှားနေကြရသည်ဟု ရပ်ရွာသူရပ်ရွာသားများက နားလည်သဘောပေါက်ခဲ့ကြသည်။

---

၁၃ အဆိုပါ ပုံစံများတွင် ဒေသအလိုက် ပြောင်းလဲမှုများရှိသည်။

၁၄ ဤအချက်ကို လာမည့်အခန်းတွင် ပိုမိုအသေးစိတ်ဆွေးနွေးမည် ဖြစ်သည်။

၁၅ ဤအချက်ကို လာမည့်အခန်းတွင် ပိုမိုအသေးစိတ်ဆွေးနွေးမည် ဖြစ်သည်။

**မည်သူက (ဝင်ငွေရရှိရန်) နည်းအမျိုးမျိုးဆောင်ရွက်မှုပြုနေပြီး မည်သည့်အတိုင်းအတာအထိ ပြောင်းလဲသနည်း။**

**QSEM ကလေ့လာမှုပြုထားသောအိမ်ထောင်စုများသည် ပိုမိုပြီးအမျိုးအစားကွဲပြားသည့်ဝင်ငွေရလမ်းကြောင်းများကို အချိန်နှင့်အမျှ တစ်ဆင့်ပြီးတစ်ဆင့် ဟန်ချက်ထိန်းလာနိုင်ခဲ့ကြသည်။**[၁၆] ထိုပြောင်းလဲမှုကို ယခုအကြိမ်သုတေသနပြုလုပ်ရာတွင် ချမ်းသာကြွယ်ဝမှု အဆင့်အတန်း သတ်မှတ်ရေးနှင့် အိမ်ထောင်စုတွေ့ဆုံမေးမြန်းမှုများမှ အချက်အလက်များက ချမ်းသာကြွယ်ဝမှု၏ ၄၄ ရာခိုင်နှုန်းနှင့် ၆၉ ရာခိုင်နှုန်းကြားတွင်ရှိသော အိမ်ထောင်စုများသည် ဝင်ငွေရင်းမြစ်တစ်ခု ထက်ပို၍ ပိုင်ဆိုင်ကြသည်ဟူ၍ ထင်ဟပ်ပြသထားသည်။ (ဇယား-၂)ကိုကြည့်ပါ။[၁၇] အဆိုပါပုံစံများသည် MPLCS နှင့် သိသိသာသာ ကိုက်ညီမှုရှိနေပါသည်။[၁၈]၎င်းတွင်တစ်နိုင်ငံလုံးရှိကျေးလက်ဒေသအိမ်ထောင်စုများ၏ ၃၅ ရာခိုင်နှုန်းသည် လယ်ယာ စိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများမှ ဝင်ငွေရရှိကြပြီး ၂၇ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှမဟုတ်သော အခကြေးငွေများဖြစ်ကာ ၂၄ ရာခိုင်နှုန်းသည် ပြန်လည်လွှဲပြောင်းပေးပို့သည့်ငွေများမှ ဖြစ်သည်ကို ထင်ထင်ရှားရှားတွေ့ရှိရပါသည်။

**လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသနတွင် လေ့လာခဲ့သော အိမ်ထောင်စုများ၌ များသောအားဖြင့် နည်းအမျိုးမျိုးဖြင့် ဝင်ငွေရရှိမှုကို ဆောင်ရွက်ရာတွင် အိမ်ထောင်စုဝင် တစ်ဦးချင်းသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်မျိုး (လယ်ယာလုပ်ငန်းမဟုတ်သော စိုက်ပျိုးရေး၊ ရွှေ့ပြောင်းလုပ်ကိုင်မှု)ကိုသာ လုပ်ကိုင်ကြပြီး ၎င်းအိမ်ထောင်စုဝင် တစ်ဦးချင်းစီ၏ ဝင်ငွေများကို ပေါင်းစပ်ခြင်းဖြင့် ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။** သို့ရာတွင် အချို့မိသားစုဝင်များသည် နည်းအမျိုးမျိုးဖြင့်လုပ်ငန်းတစ်ခုထက်ပို၍ လုပ်ကိုင်ကြသည်။ တစ်ဦးချင်းစီ၏ ဝင်ငွေရလမ်းကြောင်းများအား ပေါင်းစပ်ခြင်းဟူသည် တစ်ခါတစ်ရံတွင် မိသားစုဘဝသက်တမ်းတစ်လျှောက် အသက်မွေးဝမ်းကျောင်းနည်းဗျူဟာများ မကြာခဏပြောင်းလဲခြင်းပင်ဖြစ်သည်။

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ အဆင်းရဲဆုံးအိမ်ထောင်စုများ၏ ဝင်ငွေရလမ်းကြောင်းများမှာ အခြားသူများထက် တစ်နည်းအားဖြင့် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်မှု ပိုမိုနည်းပါးနေသည်။** ဇယား-၁ တွင် အလေးပေးဖော်ပြထားသကဲ့သို့ အဆိုပါ အိမ်ထောင်စုများ၏ ထက်ဝက်ကျော်သည် ဝင်ငွေရင်းမြစ်တစ်ခုတည်းပေါ်တွင်သာ မှီခိုအားထားနေကြသည်။ ၎င်းသည် နည်းအမျိုးမျိုးဖြင့်ဆောင်ရွက်မှုအတွက် မိသားစုလုပ်အား အရေးကြီးပုံကို တစ်စိတ်တစ်ပိုင်း ဖော်ပြဖွယ်ရှိနေသည်။ ဆင်းရဲသားများနှင့် အဆင်းရဲဆုံး အိမ်ထောင်စုနှစ်မျိုးလုံးကို အခြေခံ ပိုင်ဆိုင်ပစ္စည်း အကန့်အသတ်ဖြင့်သာရှိသူများအဖြစ် ခွဲခြားသတ်မှတ်ထားသည်။ ဥပမာ - ၎င်းတို့တွင် မြေအနည်းငယ်သာ ရှိသည်၊သို့မဟုတ်မြေမရှိကြပေ။ စုဆောင်းငွေ အနည်းငယ်သာရှိသည်၊ သို့မဟုတ် စုဆောင်းငွေမရှိကြပေ။ ထို့ပြင် ချေးယူငွေ ကန့်သတ်မှုရှိသည်။ အိမ်ကောင်းကောင်း မရှိကြပေ။ ထို့ပြင် ပညာရေးအဆင့်အတန်း နိမ့်ပါးကြသည်။ မည်သို့ဆိုစေကာမူ လုပ်အားမရှိ သူများ၊ အလုပ်လုပ်နိုင်သော အရွယ်ရောက်သူမရှိသူများ သို့မဟုတ် အရွယ်ရောက်သူ တစ်ဦးတည်းသာ ရှိနေသူများ၊ လပေါင်းများစွာ ကျွေးမွေးစောင့်ရှောက်ရမည့်သူ ရှိသူများကို “ဆင်းရဲသားများအနက် အဆင်းရဲဆုံး” လူများအဖြစ် သတ်မှတ်ကြပါသည်။

---

၁၆ ဥပမာ QSEM-5 ကိုကြည့်ပါ။

၁၇ ချမ်းသာကြွယ်ဝမှုအဆင့်သတ်မှတ်သည့်လုပ်ငန်းများအတွင်း ၎င်းတို့ကျေးရွာများရှိ အိမ်ထောင်စုများကို ချမ်းသာကြွယ်ဝမှုအလိုက်အမျိုးအစားခွဲခြားပြီးနောက် ထိုလုပ်ငန်းတွင် ပါဝင်သူများက ချမ်းသာကြွယ်ဝသောအုပ်စုများထဲရှိ အိမ်ထောင်စုခြောက်စုမှ ၁၀ စုတို့ကိုအဓိက သတင်းအချက်အလက်ထောက်ပံ့ပေးသူများအဖြစ်သတ်မှတ်ခဲ့သည်။ ထို့နောက် သုတေသနပညာရှင်များက အဆိုပါအိမ်ထောင်စုများအား ချမ်းသာကြွယ်ဝသောအုပ်စုတစ်လျှောက် ပြောင်းလဲမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များကို စုဆောင်းစေကာတွေ့ဆုံမေးမြန်းမှု လုပ်ခဲ့သည်။ ထိုအချက်အလက်များသည် ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ မပါဝင်ပါ။ အကြောင်းမူ ရွှေ့ပြောင်းလုပ်ကိုင်မှု အချက်အလက်များအား မည်သို့မှတ်တမ်းတင်ပုံသည်ဆိုသည်မှာ တသမတ်တည်းမရှိ၍ဖြစ်သည်။

၁၈ သို့ရာတွင် QSEM ကိန်းဂဏန်းများသည် MPLCS နှင့် တိုက်ရိုက်နှိုင်းယှဉ်ခြင်းမပြုသည့်အပြင် ကျယ်ပြန့်သောလူဦးရေအား ယေဘုယျကောက်ချက်ချခြင်းမပြုပါ။ ၎င်းတို့ကို လူမျိုးဆိုင်ရာသုတေသနများ၊ အုပ်စုလိုက်ဆွေးနွေးမှုများနှင့် အဓိကသတင်းပေးတွေ့ဆုံမေးမြန်းမှုများမှ ကွဲပြားခြားနားမှုများနှင့်ပတ်သက်၍ ရှေ့နောက်ဆက်စပ်မှုပေးမည့်အစား တင်ပြထားခြင်းဖြစ်သည်။

ဇယား (၂) ချမ်းသာကြွယ်ဝမှုအလိုက်ဝင်ငွေအရင်းအမြစ်များ (ချမ်းသာကြွယ်ဝမှုအဆင့်အလိုက် အဓိကသတင်းအချက်အလက်ပေးသည့် အိမ်ထောင်စုများ၊ တိုင်းဒေသကြီး။ပြည်နယ်ငါးခု)[၁၉]


| | ဆင်းရဲများထဲမှ အဆင်းရဲဆုံး | ဆင်းရဲ | ပျှမ်းမျှ | ချမ်းသာ |
|---|---|---|---|---|
| ဝင်ငွေရင်းမြစ်ပေါင်းစုံ | ၄၄% | ၆၃% | ၆၉% | ၅၂% |
| စိုက်ပျိုးရေးနှင့် ရွှေ့ပြောင်းလုပ်ကိုင်ခြင်း | ၁၀% | ၇% | ၁၃% | ၁၁% |
| စိုက်ပျိုးရေးနှင့် လယ်ယာမဟုတ်သော | ၂၆% | ၃၂% | ၄၁% | ၃၂% |
| စိုက်ပျိုးရေးနှင့် လယ်ယာမဟုတ်သော ရွှေ့ပြောင်းလုပ်ကိုင်မှုဝင်ငွေ | ၃% | ၁၅% | ၁၁% | ၈% |
| ရွှေ့ပြောင်းလုပ်ကိုင်မှုဝင်ငွေ | ၅% | ၈% | ၄% | ၂% |
| ဝင်ငွေရင်းမြစ်တစ်ခု | ၅၆% | ၃၇% | ၃၁% | ၄၈% |
| စိုက်ပျိုးရေး | ၃၃% | ၂၄% | ၁၈% | ၂၇% |
| ရွှေ့ပြောင်းလုပ်ကိုင်မှု | ၅% | ၁% | ၁% | ၀% |
| လယ်ယာလုပ်ငန်းမဟုတ်သော | ၁၈% | ၁၂% | ၁၂% | ၂၁% |
| | **N=39** | **N=97** | **N=93** | **N=63** |

"မိသားစုထဲမှာ စားမယ့်သူကများပြီး အလုပ်လုပ်မယ့်သူ မရှိဘူး" ဟု ရှမ်းပြည်နယ်မှ ကျပန်းလုပ်သားတစ်ဦးက မိသားစုအကြောင်းကို ပြောပြသည်။

**ဤအခန်းရှိ အဖြစ်အပျက်အလိုက်လေ့လာမှုပြုထားသော မိသားစုတစ်စု၏ အတွေ့အကြုံသည် ၎င်းကိုထင်ဟပ်စေသည်။** ထိုမိသားစု၏ ဆင်းရဲနွမ်းပါးသည့် အစောပိုင်းနှစ်များတွင် လယ်ယာစိုက်ပျိုးရေးမဟုတ်သောအလုပ်အကိုင်၊ သို့မဟုတ်ရွှေ့ပြောင်းလုပ်ကိုင်ခြင်းတို့ဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ အထူးသဖြင့် ခင်ပွန်းဖြစ်သူအိမ်တွင် ရှိမနေသည့်အချိန် မိသားစုတွင် ပိုင်ဆိုင်ပစ္စည်းအနည်းငယ်သာရှိပြီး မှီခိုနေသည့်မိသားစုဝင်များမှာများပြားလှပြီး အလုပ်လုပ်နိုင်သူမှာ အရွယ်ရောက်သူတစ်ဦးသာရှိသည်။ အကြီးဆုံးသားသမီးများ ကြီးပြင်းလာသည့်အချိန်ရောက်မှသာ ထိုမိသားစုက ၎င်းတို့၏ လူမှုဘဝဖူလုံရေးကို တိုးတက်အောင်

၁၉ N = ချင်း၊ ကချင်၊ မကွေး၊ မန္တလေးနှင့် ရခိုင်တို့အတွက် လူမှုရေးဆိုင်ရာ ဆက်နွယ်မှုမြေပုံရေးဆွဲရေးလေ့ကျင့်ခန်းမှ ရွေးချယ်ထားသော အဓိကသတင်းအချက်အလက်ထောက်ပံ့ပေးသည့် အိမ်ထောင်စုအားလုံး၏ ပြစုရေးသားမှု။ လူမှုစီးပွားရေးအမျိုးအစားများကို လူမှုရေးဆိုင်ရာ ဆက်နွယ်မှုမြေပုံရေးဆွဲရေးလေ့ကျင့်ခန်းမှတစ်ဆင့်ရပ်ရွာလူထုများကိုယ်တိုင်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းဖြစ်သည်။ လူမှုရေးစီမံလျှာထားမှု FGD အသီးသီးက ချမ်းသာကြွယ်ဝမှု၊ အလယ်အလတ်၊ ဆင်းရဲသော သို့မဟုတ် အလွန်ဆင်းရဲသောဟူသည့် အမျိုးအစားများအလိုက် ကျေးရွာရှိ အိမ်ထောင်စုများကို အတန်းအစား ခွဲခြားခဲ့သည်။ ထို့နောက်၎င်းတို့က အမျိုးအစားတစ်ခုစီရှိ အိမ်ထောင်စုများ၏ ကျယ်ပြန့်သော စရိုက်လက္ခဏာများကို ဆက်လက်ခွဲခြားသတ်မှတ်ခဲ့သည်။ ထိုလေ့ကျင့်ခန်းများသည် ၎င်းတို့၏ သဘာဝ၊ ငွေကြေး၊ ရုပ်ဝတ္ထု၊ လူသားနှင့် လူမှုရေးရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သော အမျိုးအစားများအကြား ခြားနားမှုများနှင့် အတန်အသင့် ကိုက်ညီပါသည်။ (ဆွေးနွေးမှုများအတွင်းသတ်မှတ်သော ခြားနားမှုများမှာ ၎င်းတို့၏မြေယာပိုင်ဆိုင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုစွမ်းရည်၊ ကျောက်ကွဲမြီအဆင့်အတန်း၊ ၎င်းတို့ ပိုင်ဆိုင်သော အိမ်အမျိုးအစား၊ မည်သည့်စီးပွားရေးလုပ်ငန်းပုံစံမျိုးကို ပိုင်ဆိုင်ခြင်း ရှိ-မရှိ၊ ၎င်းတို့ ပိုင်ဆိုင်သောမွေးမြူရေးလုပ်ငန်း၊ မိသားစုဖွဲ့စည်းပုံ၊ ၎င်းတို့၏ ကျန်းမာရေး၊ ရပ်ရွာကိစ္စများနှင့် ၎င်းတို့၏ ပြောကြားမှုများနှင့် ပါဝင်ဆောင်ရွက်မှုများ၊ ဈေးကွက်များအလွယ်တကူရရှိမှု၊ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုများဖြစ်ကြသည်။)လေ့ကျင့်ခန်းများပြီးဆုံးသောအခါလူမှုစီးပွားရေးအမျိုးအစားအသီးသီးမှအိမ်ထောင်စုနှစ်ခုကိုတွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည်။

ပုံ(၅) မတူညီသော အရင်းအမြစ်များမှဝင်ငွေရရှိသော အိမ်ထောင်စုများ၏ရာခိုင်နှုန်း MPLCS




စတင်ဆောင်ရွက်လာနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အကြီးဆုံးသားကငါးဖမ်းလုပ်ငန်းမှငွေကြေးအနည်းငယ် စုဆောင်းပြီး မြို့ပေါ်သို့သွားရောက်ကာ အလုပ်သင်အဖြစ် လုပ်ခဲ့သည့်အချိန်မှစကာ မိသားစုက ထိုသို့တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်မှာ မှတ်သားဖွယ်ပင်ဖြစ်သည်။ ထို့နောက် မိသားစုကပိုင်ဆိုင်ပစ္စည်းများ စုဆောင်းနိုင်စွမ်းရှိလာသောအခါ မိသားစုအတွင်းပြောင်းလဲမှု များစွာရှိလာပြီး အခြားသော မိသားစုဝင်များကလည်း ဝင်ငွေရရှိနိုင်မည့်နည်းလမ်းများဖြင့် မိသားစုစီးပွားရေးကို တည်ဆောက်လာနိုင်ခဲ့ကြပါသည်။

## လယ်ယာစိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သုတေသနစတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၂ ခုနှစ်မှ စတင်၍ ကျေးရွာရှိ လယ်ယာမဟုတ်သော စီးပွားရေးလုပ်ငန်းများ မှန်မှန်တိုးတက်လာမှုကို QSEM က ဖော်ထုတ်ခဲ့သည်။[၂၀] QSEM-6 တွင် တွေ့ရှိချက်အရ အဆိုပါစီးပွားရေးလုပ်ငန်းများ၌ များသောအားဖြင့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၊ သို့မဟုတ် သဘာဝအရင်းအမြစ်များကို ပြုပြင်စီမံခြင်း၊ ဒေသအဆင့် လက်လီရောင်းဝယ်ခြင်းနှင့် သယ်ယူပို့ဆောင်ရေး၊ လက်သမား လုပ်ငန်း၊ သို့မဟုတ် စက်ပြင်လုပ်ငန်းတို့ကဲ့သို့သော ဝန်ဆောင်မှုများပါဝင်သည်။

အဆိုပါလုပ်ငန်းများသည် ချမ်းသာကြွယ်ဝမှုအုပ်စုကိုလိုက်ပြီး ကွဲလွဲသည်။ မိသားစုစီးပွားရေး လုပ်ငန်းထူထောင်ရေး၏ အရင်းအနှီးလိုအပ်ချက်များဆိုသည်မှာ မျှော်မှန်းနိုင်သည့်အတိုင်း

---

၂၀ နမူနာအတွက် အချိန်နှင့်အမျှမယုံနိုင်အောင်မြင့်တက်မှုကို တွေ့မြင်ရသော သီးခြားကုန်ပစ္စည်းများအတွက် တိုးတက်သော ဈေးကွက်များမှ အကျိုးကျေးဇူးခံစားရသည့် ကျေးရွာအချို့ကို တင်ပြထားသော QSEM-5 ကို ကြည့်ပါ။

သာဓက (၁)မန္တလေးတွင် ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံကို ဖြစ်ပေါ်စေသည့် ဒေသဆိုင်ရာ အခြေအနေများ [၂၃]

### မြို့နယ်အလိုက် ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်းများ

မန္တလေးမြို့မှ ကားဖြင့်နာရီအနည်းငယ်သာသွားရသော ဤမြို့နယ်တွင် ဆီထွက်သီးနှံများနှင့် ပုံမှန်စိုက်ပျိုးရေးသီးနှံများအဓိကထုတ်လုပ်သည်။ မြို့နယ်အတွင်းရှိ QSEM ဆောင်ရွက် ခဲ့သည့် ကျေးရွာများတစ်လျှောက်ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်းများသည် သုတေသနပြုလုပ်နေစဉ် ကာလအတွင်း မှန်မှန်မြင့်တက်လျက်ရှိသော်လည်း ပုံစံများကသိသာထင်ရှားစွာ ခြားနားကြ သည်။ ဤအကွက်တွင် ကျေးရွာအဆင့်ပြောင်းလဲမှုများက ရွှေ့ပြောင်းလုပ်ကိုင်မှုအတွက် မတူညီသော အဆင့်များ၊ ပုံစံများနှင့်ဦးတည်ရာအရပ်များအား မည်သို့ဦးဆောင်စေသည်ကို အလေးပေးဖော်ပြထားသည်။

### ဒေသတွင်းရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံများ
### ဇယား (၃) အကြိမ်အရေအတွက်အလိုက် ကျေးရွာရှိ ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်း

| | QSEM 1 | QSEM 2 | QSEM 4 | QSEM 5 | QSEM 6 |
|---|---|---|---|---|---|
| ကျေးရွာ-က[၂၄] | မရှိ | မရှိ | မရှိ | မရှိ | ၁၉၈% |
| ကျေးရွာ-ခ | ဂ.၃% | ဂ.၃% | ၁၀.၉% | ၁၂.၃% | ၁၄.၆% |
| ကျေးရွာ-ဂ | ၁၆.၄% | ၁၇.၅% | ၁၇.၉% | ၂၃.၅% | ၂၆.၁% |

မြို့နယ်ဗဟိုချက်အနီးရှိ ကျေးရွာ(က) ကို QSEM-6 တွင် ဖြည့်စွက်ခဲ့သည်။ ထိုရွာတွင် မြေယာမဲ့အိမ်ထောင်စုအချိုးအစား မြင့်မားသည်။ သို့ရာတွင် ထိုကျေးရွာရှိ လူများသည်

---

၂၃ မူလ QSEM ဒီဇိုင်းအရလည်းကောင်း QSEM-3 တွင် သုတေသန၏တုံ့ဆိုင်သောအကြိမ်များ ပါဝင်နေ၍လည်းကောင်း QSEM-3 တွင် မန္တလေးတိုင်းဒေသကြီး၌ မည်သည့်သုတေသနမျှ ဆောင်ရွက်ခြင်းမပြုခဲ့ပါ။

၂၄ ကျေးရွာ (က) သည် ဤအကြိမ်သုတေသနအတွက် အစားထိုးခြင်းဖြစ်ပြီး ယခင်သုတေသနအကြိမ်များတွင် အချက်အလက်များ စုဆောင်းခြင်းမပြုခဲ့ရပါ။

နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြကာ နေအိမ်များသို့ ငွေလွှဲပို့ပြီး ၁၅ နှစ်ကြာ အဆက်အသွယ်မပြတ်ကြသဖြင့် ကျေးရွာရှိသူများ၏ ပညာရေးအဆင့်များ၊ လူမှုရေး ကွန်ရက်များနှင့် စွမ်းဆောင်ရည်များမှာ အတန်အသင့်မြင့်မားကြသည်။ အိမ်ထောင်စုများစွာ တို့အတွက် အဓိကဝင်ငွေရရင်းမြစ်သည် ရွှေ့ပြောင်းလုပ်ကိုင်မှုအဖြစ် ရှိနေဆဲဖြစ်သည်။ မကြာသေးမီကအထိ အဓိကရွှေ့ပြောင်းလုပ်ကိုင်သော ဦးတည်ရာအရပ်မှာ မလေးရှား ဖြစ်ခဲ့သော်လည်း (ဒုတိယ ဦးတည်ရာအရပ်မှာ ထိုင်းနိုင်ငံ) လတ်တလောတွင် ရပ်ရွာသူ ရပ်ရွာသားများက ကိုးရီးယားတွင် ပို၍ကောင်းမွန်သော လုပ်ခလစာအခွင့်အလမ်းများ ရှိသည်ကိုသိရှိကာ စိတ်ဝင်စားလာခဲ့ကြသည်။

ကျေးရွာ (က)သည် ၎င်း၏ ခိုင်မာသော နိုင်ငံတကာကွန်ရက်များနှင့်အတူ မြို့နယ်အတွင်းရှိ အလားတူ ကျေးရွာများထက် အလွန်ခြားနားသော ရွှေ့ပြောင်းလုပ်ကိုင်မှုပုံစံများ ရှိလာသည်။ ရွှေပြောင်းအလုပ်လုပ်ကိုင်မှုနှုန်းများသည် ကျေးရွာ(ဂ)အောက်တွင်ရှိသော်လည်း နိုင်ငံတကာ ရွှေ့ပြောင်းလုပ်ကိုင်မှုတွင် ရင်းနှီးမြှုပ်နှံရန် မြေယာမဲ့အိမ်ထောင်စုများ၏ စွမ်းဆောင် နိုင်မှုသည် ကျေးရပ်ရွာသူရပ်ရွာသားများအတွက် အပြုသဘောရွှေ့ပြောင်းလုပ်ကိုင်မှု ရလဒ်များဆီသို့ ဦးတည်လျက်ရှိသည်။

ကျေးရွာ(ခ)သည် ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်း အနည်းဆုံးဖြစ်ပြီး ၁၅ ရာခိုင်နှုန်း အောက် တွင်သာရှိသည်။ ထိုရွာတွင် အိမ်ထောင်စု ၆၀ ခန့်ရှိပြီး အတော်သေးငယ်သည်။ အများစု တွင်စိုက်ပျိုးမြေများ ပိုင်ဆိုင်ထားသည်။ ကျေးရွာမှ လူများ၏အုတ်စီလုပ်ငန်း ကျွမ်းကျင်မှုက လူသိများပြီး ထိုအချက်ကြောင့် စိုက်ပျိုးရာသီပြီးဆုံးသောအခါ နီးစပ်ရာကျေးရွာများတွင် ၎င်းတို့အတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိစေသည်။ ရွှေ့ပြောင်းလုပ်ကိုင်သူများသည် လူငယ်အမျိုးသားများသာဖြစ်ကြပြီး ဖားကန့်ရှိ ကျောက်စိမ်းတွင်းများတွင်ဖြစ်စေ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံနယ်စပ်တွင်ဖြစ်စေ အလုပ်လုပ်ကိုင်ရန် အုပ်စုငယ်များစုဖွဲ့ကာထွက်ခွာ သွားကြသည်။ စီးပွားရေးလိုအပ်ချက်အရ ထိုသို့စွန့်စားသွားလာမှုသည် အဆိုပါ ရွှေ့ပြောင်း လုပ်ကိုင်မှုအတွက်မောင်းနှင်အားတစ်ရပ်ဖြစ်လာကြောင်း တုံ့ပြန်ဖြေကြားသူများက ပြောကြား ကြသည်။ ထို့ပြင် ရွှေ့ပြောင်းသွားလာသူများသည် ယခင်ရွှေ့ပြောင်း သွားလာသူများက လမ်းထွင်ထားသော ကွန်ရက်များကို ချိတ်ဆက်ကာ ကန်ထရိုက်စာချုပ်များကိုသုံးလမှ ခြောက်လအထိ ညှိနှိုင်းချုပ်ဆိုကြသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။ မကြာမီနှစ်များအတွင်း စကျင်ကျောက်ကျင်းများတွင် အလုပ်ရနိုင်မှုလျော့နည်းလာသော ကြောင့် ဤသို့သော ရွှေ့ပြောင်းလုပ်ကိုင်မှု မြင့်တက်လာခဲ့သည်။

ကျေးရွာ (ခ) ၏ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ (မြေယာပိုင်ဆိုင်သော အိမ်ထောင်စု ရာခိုင်နှုန်းမြင့်မားမှုနှင့် အုတ်စီလုပ်ငန်းရှိ အလုပ်အကိုင်အခွင့်အလမ်းများ) ရှိနေမှုက ရွှေ့ပြောင်းလုပ်ကိုင်မှုကို အကန့်အသတ်ဖြင့်သာ ဖြစ်ပေါ်စေသည်ကို ဖော်ပြနေ သော်လည်း ဒေသတွင်း အလုပ်အကိုင်ရရှိနိုင်မှုလျော့ကျခြင်း (စကျင်ကျောက်တူးဖော်မှု လျော့ကျခြင်း) က ရွှေ့ပြောင်းလုပ်ကိုင်မှုမြင့်တက်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။

ကျေးရွာသုံးရွာအနက် အကွာဝေးဆုံးဖြစ်သော ကျေးရွာ (ဂ)တွင် ရွှေ့ပြောင်းလုပ်ကိုင်မှု အလွန် မြင့်မားနေသည်။ အိမ်ထောင်စုများ၏ ၆၀ ရာခိုင်နှုန်း နီးပါးသည် မြေယာမဲ့များ ဖြစ်ကြသည့်အပြင်အလုပ်အကိုင်အခွင့်အလမ်းများလည်း အကန့်အသတ်ဖြင့် ရှိနေသည်။ ကျေးရပ်ရွာသူ ရပ်ရွာသားများသည် အနီးအနားမြို့ရှိ ဖရဲသီးစိုက်ခင်းပိုင်ရှင်များနှင့် ကာလ ရှည်ကြာစွာ ဆက်ဆံမှုရှိခဲ့ကြပြီး စိုက်ခင်းပိုင်ရှင်များကလည်း ရွာသူရွာသား ၃၀ ခန့်ကို နှစ်စဉ် နှစ်လမှ သုံးလအထိ အလုပ်အကိုင်ပေးနိုင်ကြသည်။ ၎င်းတို့က တစ်နေ့လျှင် ၃,၀၀၀ ကျပ်မှ ၃,၅၀၀ ကျပ်အထိ (ဒေါ်လာ ၂.၂၀ - ၂.၅၀ ခန့်) လုပ်အားခပေးနိုင်သဖြင့် ခြောက်သွေ့ရာသီအတွက် အလုပ်အကိုင်ကိုဖြည့်ဆည်းပေးခဲ့သည်။ ကျေးရွာသားအနည်းငယ် ကသာ တရုတ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သို့ ပြောင်းရွှေ့လုပ်ကိုင်ကြသော်လည်း ကျန်ရှိသည့် အခြားသော ရပ်ရွာသူရပ်ရွာသားများ အလုပ်ရှာဖွေရန်နှင့် ပြောင်းရွှေ့လုပ်ကိုင် နိုင်ကြရန်အတွက် အဆက်အသွယ်ကောင်းများမရရှိသေးပေ။

စိုက်ခင်းလုပ်ငန်းရှင်များနှင့် ဆက်ဆံရေးကောင်းမွန်သော်လည်း ဒေသအတွင်း အသက်မွေး ဝမ်းကျောင်းလုပ်ငန်းရွေးချယ်ရန် အခွင့်အလမ်းနည်းပါးသဖြင့် ဤကျေးရွာသည် ကျေးရွာ

(ခ)ထက်ပို၍ ရွှေ့ပြောင်းလုပ်ကိုင်မှု အဆင့်ပိုမိုမြင့်မားမည့် အလားအလာများပြားနေသည်။ သို့ရာတွင် ရွှေ့ပြောင်းလုပ်ကိုင်မှုသည် ပြည်တွင်းတွင်သာ သီးခြားတည်ရှိနေဆဲဖြစ်သည်။

စီးပွားရေးလုပ်ငန်းအမျိုးအစားများသည် အိမ်ထောင်စုတစ်စုလုံး၏ ကြွယ်ဝမှုကိုလိုက်ပြီး ကွဲပြားခြားနားသည်ဟု ဆိုလိုသည်။ ဆင်းရဲသော အိမ်ထောင်စုဝင်များသည် အရင်းအနှီးမရှိကြသောကြောင့် ထန်းလျက်[၂၁] ထုတ်လုပ်ခြင်းနှင့် သက်ငယ်ပျစ်ရက်လုပ်ခြင်းတို့ကဲ့သို့သော အသားတင်အမြတ်နည်းပါသည့်လုပ်ငန်းအမျိုးအစားပေါင်းများစွာတို့ကိုဆောင်ရွက်လေ့ရှိကြသည်။ ၎င်းတို့သည် အဆိုပါလုပ်ငန်းများမှ ငွေကြေးများစွာရရှိအောင်စွမ်းဆောင်ခြင်း မပြုနိုင်ကြသည့်အပြင် ငွေကြေးအလျှင်မီရုံသာရှိနေကြသည်။ ချမ်းသာကြွယ်ဝမှုအဆင့် သတ်မှတ်မှုများအတွင်း “အလယ်အလတ်တန်းစား” အဆင့်ဟု သတ်မှတ်ခံရသော အိမ်ထောင်စုအဖွဲ့ဝင်များက ကျေးရွာကုန်စုံဆိုင်များကဲ့သို့ အသေးစားမိသားစု စီးပွားရေးလုပ်ငန်းများထူထောင်ခြင်းဖြင့် ၎င်းတို့အား အပိုဝင်ငွေရရှိနိုင်စေသည့်အပြင် မိသားစုလုပ်အားကိုများစွာ အသုံးမပြုရကြောင်း အစီရင်ခံကြပါသည်။

ထိုစီးပွားရေးလုပ်ငန်းများသည် အသေးစားစီးပွားရေးလုပ်ငန်းများ ဖြစ်ကြပြီး ရံဖန်ရံခါမှသာလျှင် အိမ်ထောင်စု ပြင်ပအလုပ်အကိုင်များကို ဖန်တီးပေးနိုင်သည်။ လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာလေ့လာမှုသုတေသနတွင် အိမ်ထောင်စုများက ထူထောင်သော လယ်ယာမဟုတ်သည့် စီးပွားရေးလုပ်ငန်း ၁၀ ခု အနက် ဧရာဝတီတိုင်းဒေသကြီးရှိ စက်ပစ္စည်းငှားရမ်းသော လုပ်ငန်းတစ်ခုသာလျှင် ပြင်ပလုပ်သားကို ခန့်ထားနိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် နှိုင်းယှဉ်ပါက အိမ်ထောင်စုများသည် မိသားစုဝင်မဟုတ်သော အလုပ်သမားများကို ခန့်ထားကြသည်။ ဖြစ်ရပ်အလိုက်လေ့လာမှုတွင် ပါဝင်သည့် မိသားစုက ၎င်းတို့၏လယ်ယာလုပ်ငန်းတွင် တစ်ခါတစ်ရံကျပန်းအလုပ်သမား ၁၀ ဦးအထိ ခန့်ထားသော်လည်း ၎င်းတို့၏ ကုန်စုံဆိုင်တွင်ဖြစ်စေ၊ ငါးပိလုပ်ငန်းတွင်ဖြစ်စေ ပြင်ပအလုပ်သမားကို ငှားရမ်းခြင်းမရှိကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ လုပ်ငန်းများရှိသည့် အိမ်ထောင်စုများသည် လုပ်ငန်းများကို တိုးချဲ့ရာတွင် စွန့်စားရမှုကို မလိုလားကြပေ။ တိုးချဲ့မည့်အစား မိသားစုလုပ်အားကိုအသုံးပြု၍ ဖြစ်နိုင်သော အတိုင်းအတာအထိသာ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို ဦးစားပေးတိုးချဲ့ကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျေးလက်ဒေသ ချေးငွေဈေးကွက်တွင် အားနည်းမှုရှိသည့်အပြင် လုပ်ငန်းမအောင်မြင်လျှင် ပုဂ္ဂလိကငွေချေးငှားသူများထံသို့ ကြွေးမြီများအား ပြန်လည်မပေးဆပ်နိုင်ပါက ပေါ်ပေါက်လာမည့် ရိုက်ခတ်မှုဒဏ်ကြောင့် ဖြစ်ပေသည်။ လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာလေ့လာမှု သုတေသနတွင် ပါဝင်သည့် အိမ်ထောင်စုများက ပုဂ္ဂလိက ငွေချေးငှားသူများထံမှ ချေးငွေများကိုမတတ်သာသည့်အဆုံးတွင်မှသာရယူကြပြီး အိမ်ထောင်စုအသုံးစရိတ်လျှော့ချခြင်း၊ သို့မဟုတ် ဆွေမျိုးများထံမှ ချေးငှားခြင်းကိုသာ ပိုမိုလိုလားကြောင်း ပြောကြားကြပါသည်။

သို့သော် အဆိုပါအိမ်ထောင်စုများသည် စွန့်စားမှုမလုပ်လိုကြသော်လည်း ၎င်းတို့က အခွင့်အလမ်းကို ရယူတတ်သူများဖြစ်ကြပြီး ၎င်းတို့ ပြုမူခဲ့သည့်နည်းလမ်းနှင့် ကိုက်ညီဆီလျော်အောင် နေထိုင်တတ်ကြပါသည်။ ၎င်းတို့၏ ပြောင်းလဲသောအခြေအနေများနှင့် ပေါ်ပေါက်လာသော အခွင့်အလမ်းများနှင့်အညီ ၎င်းတို့၏ နည်းဗျူဟာများကို ပြောင်းလဲတတ်ကြသည်။ ဥပမာ - ဖြစ်ရပ်အလိုက်လေ့လာခဲ့သော မိသားစုသည်အမှတ်မထင်လုပ်မိခဲ့သော ငါးပိလုပ်ငန်းကိုတည်ထောင်၍ ဆက်လက်လုပ်ကိုင်ကြကာ မအောင်မြင်သောလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခြင်း၊ သို့မဟုတ် စွန့်လွှတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

## ရွှေ့ပြောင်းလုပ်ကိုင်ခြင်း

ဤသုတေသနတွင် လုံးဝပြောင်းလဲသွားမှု အနည်းငယ်ရှိခဲ့သော်လည်း QSEM လုပ်ငန်းစဉ်တစ်လျှောက်တွင် ရွှေ့ပြောင်းလုပ်ကိုင်မှုအဆင့်သည်ပုံမှန်နှုန်းဖြင့် မြင့်တက်လျက်ရှိသည်။[၂၂] သို့ရာတွင် ကျေးရွာများ၏ ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်းနှင့် ပုံစံသည် တစ်ရွာနှင့်တစ်ရွာ ခြားနားမှုရှိနိုင်ပေသည်။

---

၂၁ အညိုရောင်သကြားအမျိုးအစားတစ်မျိုး။

၂၂ ယခင် QSEM အစီရင်ခံစာများနှင့် (World Bank နှင့် LIFT ၂၀၁၆) ကိုလည်း ကြည့်ပါ။

ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်း မြင့်မားသောကျေးရွာများနှင့် အနီးအနားရှိ ရွှေ့ပြောင်းလုပ်ကိုင်မှုနှုန်း နည်းပါးသော ကျေးရွာများကိုနှိုင်းယှဉ်ခြင်းဆိုင်ရာ ကျေးရွာအဆင့်ခြားနားချက်သုံးခုကို QSEM-6 တွင် ခွဲခြားသတ်မှတ်ခဲ့သည်။

- ကျေးရွာရှိလူများနှင့် ၎င်းတို့ရွှေ့ပြောင်းလုပ်ကိုင်ရန် အလားအလာရှိသောဦးတည်ရာဒေသရှိ လူများအကြား လူမှုရေးကွန်ရက်များတည်ရှိနေခြင်း၊
- ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ခြင်း၊
- ဒေသတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ပြင်းထန်စွာသက်ရောက်သည့် ထိခိုက်မှု အမျိုးအစားများ။

ဒေသတွင်းကိစ္စရပ်များကြောင့် မြို့နယ်တစ်ခုအတွင်းတွင်ပင် မတူညီသည့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှုများကို ဖြစ်ပေါ်စေရန်မည်သို့ဦးတည်စေသည်ကို သာဓက - ၁ တွင်ဖော်ပြထားပါသည်။

**မိသားစုများ၏အဖြစ်အပျက်များကို လေ့လာသည့်အခါ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း မရှိမှုက ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ချက်ကို မည်သို့တွန်းအားပေးခဲ့ကြောင်းနှင့် လူမှု ကွန်ရက်များက ရွှေ့ပြောင်းလုပ်ကိုင်မှုကို မည်သို့ဖြစ်စေနိုင်ကြောင်းတို့ကို မီးမောင်းထိုးပြနေသည်။** ပြင်းထန်သောထိခိုက်မှုဖြစ်ပွားလွယ်ခြင်းကို စီမံခန့်ခွဲခြင်းနှင့်အတူ အဆိုပါအကြောင်းအရာများ သည် ပိုမိုကျယ်ပြန့်သော QSEM သုတေသနတွင်ပေါ်ထွက်လာခဲ့ပြီး ရွှေ့ပြောင်းလုပ်ကိုင်သူများက ၎င်းတို့ရွှေ့ပြောင်းလုပ်ကိုင်ကြသည့် ဒေသများ၌တွေ့ကြုံနိုင်သော စိန်ခေါ်မှုများကိုလည်း ဖောင်းပေးထားသည်။ ဉပမာ - ပြည်တွင်းမှာပင် ရွှေ့ပြောင်းလုပ်ကိုင်မှုများသည် နေအိမ်တွင် မိသားစုဝင်ငွေအပြောင်းအလဲမြန်မှုများကိုကျော်လွှားရန် အထောက်အကူပြုနိုင်ပြီး ကျွေးမွေးရမည့် မိသားစုဝင်အရေအတွက်ကို လျှော့ချနိုင်ရုံမှလွဲပြီး ငွေကြေးမြောက်မြားစွာမရရှိနိုင်ပေ။ [၂၅] ဉပမာ မိသားစုတစ်ခုထဲရှိ သမီးဖြစ်သူသည် သူအလုပ်လုပ်သော ရန်ကုန်ရှိ အထည်ချုပ်စက်ရုံတွင် စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရပြီး နောက်ဆုံးတွင် အိမ်သို့ပြန်လာခဲ့သည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် တရားဝင်လမ်းကြောင်းများမှတစ်ဆင့် နိုင်ငံတကာသို့ ရွှေ့ပြောင်းမှုသည် စီးပွားရေးဆိုင်ရာဖူလုံမှုကိုတိုးမြှင့်ရန်အတွက် ပိုမိုခန့်မှန်းနိုင်သော လမ်းကြောင်းဖြစ်လာခဲ့သည်။ ဤသုတေသနသည် ပင်လယ်ရပ်ခြားတွင် ရွှေ့ပြောင်းလုပ်ကိုင်သော မိသားစုဝင်များထံမှ ပြန်လွှဲပို့ ငွေများ၏ အကျိုးကျေးဇူးခံစားရသော အိမ်ထောင်စုများစွာကို မှတ်တမ်းတင်ဆောင်ရွက်ခဲ့ပါသည်။

**သို့ရာတွင် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းသည် အန္တရာယ်များနိုင်ပါသည်။** ဤအချက်သည် အထူးသဖြင့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရန် အဆက်အသွယ်မရှိသော ကျွမ်းကျင်မှုမရှိသော၊ သို့မဟုတ် အရင်းအနှီးမရှိသော ဆင်းရဲသည့်အိမ်ထောင်စုများအတွက်ဖြစ်သည့်အပြင် ချမ်းသာကြွယ်ဝသော အိမ်ထောင်စုများအတွက်လည်း အန္တရာယ်များနိုင်ပြန်သည်။ ထို့ပြင် ရွှေ့ပြောင်းလုပ်ကိုင်မည့် ဒေသတွင် မိသားစုမရှိခြင်းကလည်း ရွှေ့ပြောင်းလုပ်ကိုင်သူများကို ထိုနေရာတွင် အောင်မြင်ရန် ခက်ခဲစေသည်။ ဖြစ်ရပ်အလိုက်လေ့လာသည့် မိသားစု၏ အငယ်ဆုံးသားသည် ရန်ကုန်သို့ ရွှေ့ပြောင်းလုပ်ကိုင်ရန်ကြိုးပမ်းမှု မအောင်မြင်ခြင်းနှင့် အကြီးဆုံးသားက ထိုင်းနိုင်ငံသို့ ဒုတိယအကြိမ် ရွှေ့ပြောင်းလုပ်ကိုင်ရန်ကြိုးပမ်းမှုများက ဤအချက်ကိုညွှန်ပြခဲ့သည်။ အထူးသဖြင့် နိုင်ငံတကာသို့ တရားမဝင်ရွှေ့ပြောင်း လုပ်ကိုင်ခြင်းသည် စွန့်စားရသည်။ အလုပ်ပါမစ်များမရှိခြင်း ဘေးကင်းလုံခြုံရေးနှင့် သင့်လျော်သည့်လုပ်ခလစာ ရရှိမည့် အလုပ်အကိုင်ကို ရှာဖွေရန် ခက်ခဲလေ့ရှိသည်။ ဉပမာ - သုတေသီများသည် ရခိုင်ပြည်နယ်ရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် အခြားဒေသများထက် ထိုင်းနှင့် မလေးရှားနိုင်ငံတို့သို့ တရားမဝင်ရွှေ့ပြောင်း လုပ်ကိုင်သည့် အထောက်အထားများကို အခြားဒေသများထက် ပိုမိုတွေ့ရှိခဲ့သည်။ တုံ့ပြန် ဖြေကြားသူတစ်ဦးဆိုလျှင် နေရင်းနိုင်ငံသို့ ပြန်ပို့မခံရမီ မလေးရှားတွင် လပေါင်းများစွာ ထိန်းသိမ်းခံခဲ့ရပြီး လူကုန်ကူးသူတစ်ဦးထံသို့ ပေးခဲ့သော ငွေကြေးများလည်းဆုံးရှုံးကာ နေအိမ်သို့ပင် ငွေလွှဲမပေးနိုင်ခဲ့ပေ။ ရခိုင်ပြည်နယ်ရှိ အိမ်ထောင်စုများတွင် ငွေကြေးဆိုင်ရာ အကျိုးခံစားရမှု ဆုံးရှုံးခဲ့ရသည့်ဖြစ်ရပ်များ မကြာခဏဖြစ်ပွားလေ့ရှိသည်။ နိုင်ငံတကာသို့

---

[၂၅] (ကမ္ဘာ့ဘဏ်နှင့် LIFT ၊ ၂၀၁၆) တွင် ကြည့်ပါ။

## သာဓက (၂) ရောဝတီ နှင့် ရှမ်းပြည်နယ်ရှိ လယ်သများများသည် မတူညီသော ဈေးကွက်များသို့ တင်ပို့ရန် သီးနှံများစိုက်ပျိုးလာကြခြင်း

ရောဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာမှလယ်သမားများသည် လာမည့်သီးနှံ ရိတ်သိမ်းချိန်နှင့် ပတ်သက်၍ စိတ်လှုပ်ရှားနေကြသည်။ ထိုရွာတွင် ယခင်ကမုတ်သုံ စပါးသီးနှံတစ်မျိုးတည်းကိုသာ လယ်သမားများကစိုက်ပျိုးခဲ့ကြသော်လည်း လွန်ခဲ့သည့် သုံးလေးနှစ်မှစ၍ ရာသီချိန်ပြင်ပတွင်ပါ စတင်စိုက်ပျိုးခဲ့ကြသည်။ ဆားငန်ရေဝင်ရောက်မှု မြင့်တက်လာခြင်းကြောင့် ထိုကျေးရွာများရှိ စပါးစိုက်ခင်းများထိခိုက်ခဲ့ကြရာ ဆားငန်ရေဝင်ရောက်မှုဒဏ်ပိုး၍ခံနိုင်သော ကောက်ညှင်းစပါးကိုလယ်သမားများကစိုက်ပျိုးလာကြသည်။ ၎င်းတို့အနေဖြင့် နည်းလမ်းနှစ်သွယ်မှ အကျိုးကျေးဇူးခံစားကြရသည်။ ပထမနည်းလမ်းမှာ တစ်ကြိမ်ရိတ်သိမ်းရမည့်အစား နှစ်ကြိမ်ရိတ်သိမ်းခြင်းဖြင့် ဝင်ငွေသိသာစွာမြင့်မားလာသည်။ ဒုတိယနည်းလမ်းမှာ ထိုနှစ်တွင် ကောက်ညှင်းဆန်ဈေးနှုန်း နှစ်ဆမြင့်တက်လာသည့်အကြောင်းကို လယ်သမားများကပြောဆိုလာကြသည်။ ကောက်ညှင်းဆန်ကို တရုတ်ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချရခြင်း ဖြစ်သည်။

NGO တစ်ခုမှရရှိသောစိုက်ပျိုးရေးနည်းစနစ်များနှင့် အသိပညာကြောင့် လယ်သမားများအတွက် အကျိုးကျေးဇူးများစွာဖြစ်ထွန်းကြသည်ဟု ထိုကျေးရွာရှိ လယ်မြေများစွာ ပိုင်ဆိုင်သောလယ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။ ရေငန်ဒဏ်ခံနိုင်သည့်မျိုးစေ့ရွေးချယ်မှုအကြောင်းကို လယ်သမားများလေ့လာသင်ယူခဲ့ကြသည်။ ထိုနည်းစနစ်မှာ ဆားဖျော်ထားသော ရေထဲသို့မျိုးစေ့ကိုနှစ်ထားကာ အောက်ခြေသို့မြုပ်သွားသောမျိုးစေ့ကို ရွေးချယ်ခြင်းဖြစ်သည်။ ထိုနည်းသည် ရိုးရှင်းပြီး စရိတ်မကုန်ကျသည့်အပြင် ပျမ်းမျှ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ အထွက်တိုးစေသည်။ မျိုးစေ့များကို တိကျသောပင်ကြားတန်းကြားကွက်လပ်ထား၍ စနစ်တကျစိုက်ပျိုးပုံနှင့် ဓာတုဓာတ်မြေသြဇာများအား မမှန်မကန်အသုံးပြုခြင်း၏ ဆိုးကျိုးများကိုသိရှိစေရန် ထို NGO က သင်ကြားပေးသည်ဟု လယ်သမားများကပြောပြကြသည်။ ဓာတ်မြေသြဇာများက ရေရှည်တွင် လယ်ယာမြေ၏ သြဇာဓာတ်ကိုပျက်စီးစေသည်။ ထိုလယ်သမားသည် လွန်ခဲ့သောလေးနှစ်က ကောက်ညှင်းကို ဦးစွာစိုက်ပျိုးခဲ့သည်။ စတင်စိုက်ပျိုးသည့်နှစ်တွင် သူ၏လယ်ထဲသို့ ဆားငန်ရေဝင်သောကြောင့် ပထမဆုံး စိုက်ပျိုးသည့် သီးနှံမအောင်မြင်ခဲ့ပေ။ ထို့နောက် သီးနှံများအောင်မြင်သော အခြားကျေးရွာများသို့ လေ့လာသင်ယူရန် သူကသွားရောက်ခဲ့ပြီးတွေ့ရှိခဲ့သော အလေ့အကျင့်ကောင်းများကို ချမှတ်ကျင့်သုံးခဲ့သည်။

> “လယ်သမားတစ်ယောက်ဟာ အလုပ်ကြိုးစားရမယ့်အပြင် နည်းစနစ်သစ်တွေကိုလည်း လက်ခံဖို့ဝန်မလေးရဘူး။” လယ်သမား (အမျိုးသား)၊ ရောဝတီ။

ရှမ်းပြည်နယ်ရှိ QSEM ကျေးရွာတစ်ရွာတွင် လုပ်ငန်းတူများထံမှ လေ့လာသင်ယူသော အလားတူလုပ်ငန်းစဉ်ကို နည်းပညာလမ်းညွှန်မှုဖြင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ်တွင် ဆေးရွက်ကြီးကုမ္ပဏီကြီးတစ်ခုက ပြည်ပဆေးရွက်ကြီးမျိုးကွဲတစ်ခုကို စိုက်ပျိုးရန် ထိုရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် လယ်သမားများကို တိုက်တွန်းအားပေးခဲ့သည်။ QSEM ကျေးရွာရှိ လယ်သမားများက စောင့်ဆိုင်းကြပြီး အနီးဝန်းကျင်ကျေးရွာများတွင် ထိုလက်တွေ့စမ်းသပ်စိုက်ပျိုးမှုက မည်သို့အကျိုး ဖြစ်ထွန်းကြောင်း စောင့်ကြည့်ရန်ဆုံးဖြတ်ကြကာ ပဲစင်းငုံ၊ ပြောင်းနှင့် ဒေသဆေးရွက်ကြီးမျိုးကို ဆက်လက်စိုက်ပျိုးခဲ့ကြသည်။

၂၀၁၅ ခုနှစ်တွင် ကုမ္ပဏီ ပြန်လည်ရောက်ရှိလာပြီး ဆေးရွက်ကြီးစိုက်ပျိုးရေးအတွက် လယ်သမားများအား တိုက်တွန်းအားပေးရန် ကျေးရွာအုပ်ချုပ်ရေးမှူးကိုပြောကြားခဲ့သည်။ အနီးဝန်းကျင်ကျေးရွာများ၏ အကျိုးရလဒ်ကိုတွေ့မြင်သောကြောင့် ဆေးရွက်ကြီး ကုမ္ပဏီနှင့် အုပ်စုတစ်ခုအဖြစ် စေ့စပ်ညှိနှိုင်းကာ မြေပိုင်ရှင် ၁၁ဦးက သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ လယ်သမားတစ်ဦးချင်းဆီက ဆေးရွက်ကြီး သုံးကေစိုက်ပျိုးပေးရန် သဘောတူခဲ့သည်။ ထိုကုမ္ပဏီသည် ဆေးရွက်ကြီးအခြောက်ခံအိမ် ခြောက်လုံး၊ မျိုးစေ့များ၊ ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးများ၊ ဆေးဖြန်းကိရိယာများနှင့် အခြောက်ခံစက်များအတွက်

မိုးသေွးအပါအဝင် တိုးချဲ့ဝန်ဆောင်မှုများအတွက် ကြိုတင် စိုက်ထုတ်ငွေ ၄ ဒသမ ၂၅ သန်းထုတ်ပေးပြီး ငါးနှစ်အတွင်းရရှိသော အမြတ်ငွေမှ ပြန်လည်ဆပ်ပေးရမည် ဖြစ်သည်။ အခြောက်ခံပြီးသောအခါ ဆေးရွက်ကြီးကုမ္ပဏီက ဆေးရွက်ကြီးများကို ကောက်ယူစုစည်းပြီး လယ်သမားများအား ငွေပေးချေသည်။ ဆေးရွက်ကြီး အခြောက်ခံအိမ်များနှင့် အခြား သွင်းအားစုများအတွက် ပြန်ပေးဆပ်ရန်ငွေ ၅၀ ရာခိုင်နှုန်း ကို နုတ်ယူပြီးနောက် လယ်သမားတစ်ဦးစီအတွက် အမြတ်ငွေ ကျပ် ၂ ဒသမ ၅ သန်းခန့်စီ ကျန်ရှိခဲ့သည်။ အခြားသီးနှံများနှင့်နှိုင်းယှဉ်လျှင် အမြတ်ငွေနှင့်ပတ်သက်၍ သိသာထင်ရှားသော တိုးတက်မှုတစ်ရပ်ဖြစ်ခဲ့သည်။

ကျေးရွာရှိလယ်ပိုင်ရှင်ငယ်လေးများက ဆေးရွက်ကြီးစိုက်ပျိုးရာတွင်ပါဝင်ရန် စိတ်ဝင်စားမှု နည်းကြသည်။ တွေ့ဆုံမေးမြန်းခံရသူအချို့က ဆေးရွက်ကြီးဈေးနှုန်းများ မတည်ငြိမ်မှုအလား အလာနှင့် ပတ်သက်ပြီး စိတ်ပူပန်ကြကြောင်း ထုတ်ဖော်ပြောကြားသည်။ လယ်ပိုင်ရှင် ကြီးများက အမျိုးအစားပိုမိုကောင်းမွန်သော ကျောက်မီးသွေးဖိုး ကုန်ကျငွေနှင့် ဆေးရွက်ကြီး ခူးဆွတ်ချိန်ကာလအတွင်း တစ်ပတ်လျှင်ပေးချေရသော ကျပန်းလုပ်အားခများကို ၎င်းတို့ တွေ့မြင်ခဲ့ကြသောကြောင့် သီးနှံပြောင်းလဲစိုက်ပျိုးရေး ကုန်ကျမည့် အရင်းအနှီးသူတို့တွင် မရှိဟု ဆုံးဖြတ်ခဲ့ကြသည်။

ရွှေ့ပြောင်းလုပ်ကိုင်နေသူများရှိသည့် အဓိကသတင်းအချက်အလက်ပေးသူအိမ်ထောင်စု ၁၃ စုကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် ၎င်းတို့အနက် လေးစုကသာ လွှဲပို့ငွေများကို ပုံစံတစ်မျိုးမျိုးဖြင့် လက်ခံ ရရှိခဲ့ကြသည်ဟုဖြေကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ကိုင်ကြသော အိမ်ထောင်စုများကလည်း စိုက်ပျိုးရေးလုပ်ငန်းမှ ၎င်းတို့အတွက် အကျိုးအမြတ်များရရှိရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။ ဤအခန်းရှိ ဖြစ်ရပ်အလိုက် လေ့လာမှုနှင့်အတူ ရောဝတီနှင့် ရှမ်းပြည်နယ်တို့မှ အိမ်ထောင်စုများအနေဖြင့် ၎င်းတို့သီးနှံများကို အကျိုးအမြတ်ပိုမိုရရှိစေရန်သို့မဟုတ် အထွက်တိုးသောသီးနှံများဆီသို့ ဦးတည်ပြောင်းလဲကာ နည်းပညာသစ်များကို အသုံးပြုခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များကို ဆီလျော်အောင်ပြုပြင်ခြင်းနှင့် မတူညီသော ဈေးကွက်များသို့ ရောင်းချခြင်းစသည့် အချို့သောသတင်းအချက်အလက်များကို ပြောကြားခဲ့ကြသည်။

## စိုက်ပျိုးရေးလုပ်ငန်းတွင် အထွက်တိုးရန် ဆောင်ရွက်လုပ်ကိုင်ခြင်း

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတစ်လျှောက် တွေ့မြင်ခဲ့ရသော စိုက်ပျိုးရေးပုံစံ ပြောင်းလဲမှုများအပေါ် လယ်သမားများအား စိုက်ပျိုးရေးမှ ပြန်လည်ရရှိမှုများ တိုးပွားလာစေရန် အထောက်အကူပြုသော အကြောင်းရင်းများစွာတို့က သက်ရောက်မှုရှိစေသည်။ ထိုအထဲတွင် အောက်ပါတို့ ပါဝင်သည်။**

**ခိုင်မာသော ဝယ်လိုအားနှင့် ဈေးနှုန်းအပြောင်းအလဲဆိုင်ရာ အရိပ်လက္ခဏာမှုများ** - QSEM ၏ ယခင်သုတေသနများတွင် သီးနှံသစ်အတွက် ဈေးကွက်ဝယ်လိုအားရှိလာပြီး ပိုမို ခိုင်မာသောအခါ လယ်သမားများက အောင်မြင်စွာ ပြောင်းလဲထုတ်လုပ်နိုင်စွမ်းရှိလာကြသည်။ အထက်ပါဖြစ်ရပ်လေ့လာမှုကဲ့သို့ပင် မကြာသေးမီ နှစ်များတွင် ရှမ်းပြည်နယ်၌ ပြောင်းဖူး၊ သို့မဟုတ် ကောက်ညှင်းဆန်တို့ကဲ့သို့သော သီးနှံများ၏ ဈေးနှုန်းသည် ရိုးရာသီးနှံများထက် အကျိုးအမြတ်ပိုမိုရရှိစေခဲ့သည်။ ချင်းပြည်နယ်ရှိလေ့ကားထစ်စိုက်ခင်းများတွင်တွေ့ကြုံရသကဲ့သို့ ကြက်သွန်နီ၊ သို့မဟုတ် ကြက်သွန်ဖြူကဲ့သို့သော သီးနှံများသည် ဈေးနှုန်းအတက်အကျ မြန်ဆန်သဖြင့် အဆိုပါသီးနှံများ စိုက်ပျိုးရန်စိတ်ဝင်စားမှုနည်းပါးလာပြီး ရင်းနှီးမြှုပ်နှံမှုလည်း နည်းပါးလာသည်။

**ဦးဆောင်နေသော လယ်သမားများထံမှသင်ယူခြင်း** - ၎င်းတို့နှင့် လုပ်ငန်းတူများ၏ အတွေ့အကြုံ များမှ လေ့လာသင်ယူကြသည်ဟု လယ်သမားများက ပြောပြကြသည်။ အိမ်နီးချင်းလယ်သမား များက သီးနှံအသစ်တစ်ခုအား ကောင်းမွန်စွာစိုက်ပျိုးထုတ်လုပ်နိုင်သည်ကို တွေ့မြင်ပြီးနောက် အဆိုပါသီးနှံသစ်ပေါ်တွင် လယ်သမားများက ရင်းနှီးမြှုပ်နှံလေ့ရှိသည်ကို QSEM ဆောင်ရွက် ခဲ့သည့် ကျေးရွာများတွင် မြင်တွေ့ရသည်။ လွန်ခဲ့သော သုတေသနများတွင် QSEM

ဆောင်ရွက်ခဲ့သည့် ကျေးရွာများ၌ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်များနှင့် ပတ်သက်သော သတင်းအချက်အလက်များအတွက် အရေးပါဆုံးရင်းမြစ်မှာ လုပ်ဖော်ကိုင်ဖက်လယ်သမားချင်း လေ့လာသင်ယူခြင်းဖြင့် အတွေ့အကြုံရှိသော လယ်သမားများထံမှ လေ့လာသင်ယူခြင်းသည် အသေးစားနှင့် အလတ်စားလယ်သမားများအတွက် အကြံပေးဝန်ဆောင်မှုများထံမှ တိုက်ရိုက် လေ့လာ သင်ယူခြင်းထက်ပိုမိုအောင်မြင်ကြောင်းကို ခိုင်မာစေပါသည်။ အကြောင်း တစ်စိတ်တစ်ဒေသမှာ ၎င်းတို့၏ ကျေးရွာတွင် နည်းစနစ်သစ်များကို အောင်မြင်စွာအသုံးချနိုင်လျှင် စွန့်စားရမှုနည်းပါးကြောင်း လယ်သမားများကယူဆလာကြ၍ ဖြစ်သည်။

**အကြံပေးဝန်ဆောင်မှုများမှသင်ယူခြင်း** - သမားရိုးကျစိုက်ပျိုးသီးနှံများကိုသာ စိုက်ပျိုးနေသော လယ်သမားများအား နည်းစနစ်သစ်များစမ်းသပ်ရန်အကြံပြုခြင်းသည် အတွေ့အကြုံရှိသော လယ်သမားများထံမှ လေ့လာသင်ယူနိုင်စေရန်တွန်းအားပေးခြင်းပင်ဖြစ်သည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် ပုဂ္ဂလိကအကြံပေးဝန်ဆောင်မှု အနည်းငယ်ရှိနေပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများစွာတို့ကလည်း အဆက်မပြတ်ဆောင်ရွက်ပေးနေကြသည်။ အကြံပေးဝန်ဆောင်မှုများရရှိသော ကျေးရွာများတွင် လယ်သမားအားလုံး အကြံပေးဝန်ဆောင်မှုရရှိသော်လည်း ငွေကြေးတတ်နိုင်သော၊ မြေယာပိုင်ဆိုင်သော၊ လူအင်အားသုံးနိုင်သောသူများကသာ ပါဝင်နိုင်ကြပေသည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် အစိုးရကထိုကဲ့သို့တိုးချဲ့ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့သည့် သာဓကများမရှိပါ။

**လုပ်ကိုင်ခြင်းဖြင့် သင်ယူခြင်း** - လယ်သမားများသည် စွန့်စားရမှုကို မနှစ်သက်ကြပေ။ အထက်တွင် ရှင်းလင်းဖော်ပြထားသကဲ့သို့ ၎င်းတို့သည် နည်းလမ်းတစ်ခုကို စမ်းသပ်လုပ်ကိုင်ကြလိမ့်မည်ဖြစ်ပြီး ရလဒ်များအပေါ်မူတည်ကာ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ကြမည်ဖြစ်သည်။ ထို့ကြောင့် သီးနှံသစ်များ၊ သို့မဟုတ် နည်းစနစ်သစ်များ ချမှတ်နိုင်ရန် ၎င်းတို့အတွက် အချိန်ယူရခြင်းပင် ဖြစ်သည်။ စွန့်စားရမှုကို အသေးစားလယ်မြေပိုင်ဆိုင်သူများက အလတ်စား၊ သို့မဟုတ် အကြီးစားမြေပိုင်ဆိုင်သူများထက် ပို၍ပင်မနှစ်သက်ကြပေ။



# အခန်း(၃) ဒေသတွင်းဖြစ်ပေါ်တတ်သော ပြဿနာများကြောင့် ပြင်းထန်သော ထိခိုက်မှုများ၊ စိတ်ဖိစီးမှုများနှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိမှု

QSEM ဆောင်ရွက်ခဲ့သောအိမ်ထောင်စုများသည် မည်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြုလုပ်မည်ဆိုသည်ကိုမတည်ငြိမ်သောပတ်ဝန်းကျင်အခြေအနေများကြားတွင် စဉ်းစားဆုံးဖြတ်ချက်ချကြရသည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများသည် မည်သည့် ပြင်းထန်သော ထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို ကြုံတွေ့နေကြရသနည်း။ ရင်ဆိုင်ကြုံတွေ့နေရသောပြဿနာများကြောင့်၊ ပြင်းထန်သောထိခိုက်များ၊ စိတ်ဖိစီးမှုများကို ကောင်းစွာရင်ဆိုင်နိုင်ရန်အတွက်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရာတွင်အဆင်ပြေစေရန်ဖြစ်စေ သူတို့ဘာလုပ်ကြသနည်း။ ထိုကဲ့သို့ အဆင်ပြေအောင်ပြုလုပ်ကြရာတွင် အချို့အိမ်ထောင်စုများသည် အဘယ်ကြောင့် အခြားသောအိမ်ထောင်စုများထက် ပိုမိုကောင်းမွန်အောင်ဖြေရှင်းနိုင်ကြသနည်း။

ယခင် QSEM သုတေသနများသည် ပြင်းထန်သောထိခိုက်မှုများနှင့် ကိုင်တွယ်ဖြေရှင်းမှု နည်းဗျူဟာများ မှတ်တမ်းတင်ရေးကို အလေးပေးခဲ့သည်။ ယခုအကြိမ်သုတေသနသည် ကြံ့ကြံ့ခံနိုင်ရည်ရှိမှုဆိုင်ရာ နောက်ခံအကြောင်းအရာမှ ထိုပြဿနာများကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်စေရန်ရည်ရွယ်၍ ဤခွဲခြမ်းစိတ်ဖြာမှုကို ပိုမိုဆောင်ရွက်ခဲ့ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့် အကြီးစားနှင့် အသေးစား (လုပ်ငန်းလည်ပတ်မှုနှင့် ဆက်စပ်သောအရာများအပါအဝင်) စီးပွားရေး စိတ်ဖိစီးမှုများမှ ပေါ်ပေါက်လာသော ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို အောင်မြင်စွာကိုင်တွယ်ဖြေရှင်းရန် (ဆန့်ကျင်ဘက်သက်ရောက်မှုများ လျော့ပါးစေရန်)နှင့်ယင်းတို့မှပြန်လည်နာလန်ထူစေရန်၊ ထိခိုက်ခံရပြီးနောက် မူလအခြေအနေ၊ သို့မဟုတ် ပိုမိုကောင်းမွန်သောအခြေအနေများသို့ ပြန်လည်ရောက်ရှိခြင်းနှင့် ပြန်လည်နာလန်ထူရန် ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စုများနှင့် ရပ်ရွာလူထုများ၏ စွမ်းဆောင်ရည်ကို ကြံ့ကြံ့ခံနိုင်ရည်ရှိမှုဟု LIFT က အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သုတေသနတွင် အောက်ပါအချက်များကို ဆန်းစစ်ထားပါသည် -

- **လက်သင့်ခံနိုင်သောစွမ်းရည်** - ရပ်ရွာသူရပ်ရွာသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အခြေခံလိုအပ်ချက်များကို ထိခိုက်လာမည့် ဘေးအန္တရာယ်တစ်ခုခု ဖြစ်မည်စိုးသဖြင့် ပြင်းထန်သောထိခိုက်မှုများကိုလျှော့ချနိုင်ရန် အိမ်ထောင်စုများ အသုံးပြုကြသည့် ဖြေရှင်းနည်းလမ်းများကို ဆိုလိုသည်။ ဥပမာ - စုဆောင်းထားသည့် ငွေများ (သို့မဟုတ်) ပစ္စည်းများကို ပြန်လည်ထုတ်ယူခြင်းမျိုး ဖြစ်ပါသည်။

- **လိုက်လျောညီထွေပြုနိုင်သောစွမ်းရည်** - ဘေးအန္တရာယ် (ရာသီဥတုပြောင်းလဲခြင်းကဲ့သို့) တစ်ခုခု အပေါ် စိုးရိမ်နေရသည့်အခါ အလိုက်သင့် ပြောင်းလဲနေထိုင်နိုင်ခြင်းများကို ဆိုလိုသည်။ ဥပမာ - အိမ်ထောင်စုဝင်ငွေရလမ်းကို ပုံစံအမျိုးမျိုးပြောင်းလဲခြင်းမျိုး ဖြစ်ပါသည်။ [၂၆]

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ လူများသည် မည်သည့် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို ကြုံတွေ့ကြရသနည်း။**

ဤအခန်းသည် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိလူများသည် အိမ်ထောင်တစ်စုအဆင့်တွင် မည်သို့ဆောင်ရွက်ကြသည်ကို အလေးပေးထားသည်။ ဤအခန်းတွင် ဖြစ်ပေါ်လာနိုင်သည့် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို အိမ်ထောင်စုများက မည်သို့ တုံ့ပြန်ကြသည်ဆိုသည့် သတင်းအချက်အလက်များ၊ သတ်မှတ်ထားသောချမ်းသာကြွယ်ဝမှု အဆင့်အလိုက် တုံ့ပြန်လုပ်ဆောင်သည့် အချက်အလက်များကို အသုံးပြုသည့်အပြင် ကျေးရွာတစ်ရွာချင်းစီရှိ

[၂၆] တုံ့ပြန်မှုနှင့်ပတ်သက်သော အထောက်အထားစာပေသည် အသွင်ပြောင်းလဲနိုင်သော စွမ်းရည်ကိုလည်း အလေးပေးဖော်ပြလေ့ရှိသည်။ (Bene ၂၀၁၂) ကို ကြည့်ပါ။ သို့ရာတွင် QSEM သုတေသနအထောက်အထားများသည် ထိုအချက်ကို ခြုံငုံမိစေရန် ဒီဇိုင်းပြုလုပ်ထားခြင်းမဟုတ်သောကြောင့် ဤအခန်းတွင် ထိုအချက်ကို စစ်ဆေးမေးမြန်းမှုပြုမထားပါ။


အိမ်ထောင်စုများမှ အဓိကသတင်းအချက်အလက်ပေးသူများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ရောဝတီ၊ မကွေးနှင့်ရခိုင်တွင်ပြုလုပ်ခဲ့သည့် လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှု သုတေသန၊ ယခင် QSEM သုတေသနများမှ အချိန်အစဉ်အလိုက်အချက်အလက်များနှင့် ယခင်အစီအရင်ခံစာ ပြန်လည်သုံးသပ်မှုမှ အချက်အလက်များတို့ကို အသုံးပြုထားပါသည်။

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် နေထိုင်သူများသည် နဂိုကတည်းကရှိနှင့်နေသော မသေချာမရေရာမှုကို ကြုံတွေ့ကြရသည်။** သုတေသနလုပ်ငန်း စတင်စဉ်ကတည်းက QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာရှိလူများက ကျေးရွာတွင်း ဖြစ်ပေါ်တတ်သော ပြဿနာများအပေါ် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို ကြုံတွေ့နေကြသည်ဟုဆိုသည်။ ထို ပြဿနာများမှာစီးပွားရေးဆိုင်ရာစိတ်ဖိစီးမှုများနှင့် ရာသီဥတုအပြောင်းအလဲမြန်မှုများဖြစ်ကြပြီး ကျေးရွာများအားလုံးကိုဖြစ်စေ၊ ၎င်းတို့အတွင်းမှ အိမ်ထောင်စုအစုအဖွဲ့များကိုဖြစ်စေ ထိခိုက်စေခဲ့ကြသည်။ ဖျားနာမှုကဲ့သို့သော ပြဿနာများမှာ အိမ်ထောင်စုတစ်ခုချင်းစီကို ထိခိုက်စေခဲ့သည်။ အဆိုပါ ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများ၏ ကြိမ်နှုန်းနှင့် ပြင်းထန်မှုတို့သည် သုတေသနဆောင်ရွက်မှုတစ်လျှောက်တွင် သိသာထင်ရှားစွာ ကွဲပြားခြားနားနေကြသည်။

**QSEM စတင်ကတည်းကအသိသာအထင်ရှားဆုံးသောစိတ်ဖိစီးမှုများမှာ ရာသီဥတုပြောင်းလဲမှုနှင့် သက်ဆိုင်နေခဲ့သည်။** ၎င်းမှာ အချိန်နှင့်အမျှ အစီရင်ခံခဲ့သည့် ရာသီဥတုနှင့်ဆက်စပ်သော ပြင်းထန်သည့် ထိခိုက်မှုများ (ရေကြီးရေလျှံခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းနှင့်ရောဂါများဖြစ်ပွားခြင်းတို့ကဲ့သို့ချက်ချင်းထိခိုက်သည့်ဖြစ်စဉ်များနှင့် မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှုပုံမမှန်ခြင်းနှင့်ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းတို့ကဲ့သို့နှေးကွေးသည့် ထိခိုက်မှုများ) စသည့် အကြိမ်အရေအတွက်ပေါ်တွင် ထင်ဟပ်ပြသနေသည်။ ၎င်းမှာ အောက်ပါ ပုံ-၆ တွင် ဖော်ပြထားသကဲ့သို့ ဖြစ်သည်။

**ယခုအကြိမ်သုတေသနသည်လည်း ယခင်သုတေသနများကဲ့သို့ပင်ဖြစ်ပါသည်။** ဤ QSEM သုတေသနတွင် ကျေးရွာများ၏သုံးပုံတစ်ပုံနီးပါးက ၎င်းတို့၏ ကျေးရွာများသည် ရာသီဥတုနှင့် ပတ်သက်ပြီး ပြင်းထန်သောထိခိုက်မှုများကို တစ်နှစ်ပြီးတစ်နှစ် ရင်ဆိုင်ကြုံတွေ့ခဲ့ ကြရသည်ဟု ပြောဆိုခဲ့ကြသည်။ ကျေးရွာခုနစ်ရွာတို့သည် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် တိုက်ခတ်ခဲ့သော ကိုမန်ဆိုက်ကလုန်းမုန်တိုင်းကြောင့် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများကို ကြုံတွေ့ခဲ့ကြရသည်။ ဘေးအန္တရာယ်ကြောင့်ထိခိုက်ခံထားသော ကျေးရွာများရှိ လူများက သီးနှံဆုံးရှုံးမှုများ၊ စားနပ်ရိက္ခာပြတ်လပ်မှုများ၊ ကုန်စျေးနှုန်းမြင့်တက်မှုများ၊ သီးနှံဖျက်ပိုးများပေါ်များလာမှုများနှင့် မွေးမြူရေးတိရစ္ဆာန်ရောဂါပြန့်ပွားမှုများကို ကြုံတွေ့ခဲ့ကြရပြီး ရေကာတာများ၊ လမ်းများနှင့် ရေသွယ်စနစ်များပျက်စီးခဲ့ကြရသည်ဟု ပြောပြခဲ့ကြသည်။

ပုံ (၆) သုတေသနအကြိမ်အလိုက် ရာသီဥတုနှင့် ဆက်စပ်သည့် ပြင်းထန်သောထိခိုက်မှုများ



သို့ရာတွင် လူများ၏လူမှုဖူလုံရေးကို ထိခိုက်စေသည်မှာ ဆိုက်ကလုန်းမုန်တိုင်း တိုက်ခတ်သည့် ရာသီဥတုဘေးအန္တရာယ်များမဟုတ်ဘဲ၊ မိုးရွာသွန်းမှုမမှန်သောကြောင့်တစ်နှစ်ပတ်လုံးသောက်သုံးရေရှားပါးမှုကိုပါကြုံတွေ့ရခြင်းလည်းပါသည်ဟု ချင်း၊ ရခိုင်နှင့်မကွေးတို့ရှိကျေးရွာထက်ဝက်ခန့်က ဤသုတေသနတွင်ပြောကြားခဲ့ကြသည်။

**ရာသီဥတုကြောင့် ဖြစ်ရသည့် စိတ်ဖိစီးမှုများတွင် ပတ်ဝန်းကျင်အရည်အသွေးလျော့ကျပျက်စီးမှုနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုမျိုးစုံပါဝင်သည်။** ၎င်းတို့သည် သစ်တောအရင်းအမြစ်များရရှိသုံးစွဲနိုင်မှုနှင့် ဆက်စပ်နေလေ့ရှိသည်။ ဥပမာ - ကချင်၊ မကွေးနှင့် ရှမ်းပြည်နယ်တို့ရှိ ကျေးရွာများတွင် အနီးဝန်းကျင်သစ်တောများမှ သစ်များအသုံးပြုခွင့်ရရှိရေးအတွက် ရပ်ရွာသူရပ်ရွာသားများက အစိုးရ၊ ပြင်ပသစ်ထုတ်လုပ်သူများနှင့် စေ့စပ်ညှိနှိုင်းခဲ့ကြသည်။ ဥပမာ - ရခိုင်ပြည်နယ်ကျေးရွာတစ်ရွာတွင် အကန့်အသတ်ဖြင့်ရှိနေသော အရင်းအမြစ်များကို စီမံခန့်ခွဲရာ၌ ပြဿနာများရှိနေခဲ့သည်။ ထိုရွာတွင် စပါးစိုက်ခင်းများအတွင်းသို့ မုန်တိုင်းများနှင့် ရေငန်ဝင်ရောက်ခြင်းတို့မှကာကွယ်ရန် လမုပင်များကို မှီခိုအားထားနေရသော မြေပိုင်ရှင်များနှင့် မီးသွေးထုတ်လုပ်ရန် လိုအပ်သော လမုပင်များကို ခုတ်ယူလိုသော မြေယာမဲ့အိမ်ထောင်စုများအကြား ပဋိပက္ခပေါ်ပေါက်ခဲ့သည်။ ထိုသို့ လမုပင်များခုတ်ယူမှုသည် ကြီးထွားလာလျက်ရှိသည်။ ဒေသတွင်းလမုပင်များ စီမံခန့်ခွဲရေးအတွက် လယ်သမားများက အကြံပြုတောင်းဆိုကြသော်လည်း မီးသွေးလုပ်ငန်းများကမူ လျော့နည်းမသွားသည့်အပြင် လွန်ခဲ့သော(၂) နှစ်က သင့်လျော်သည့် သစ်အမျိုးအစားများရှာဖွေရန် ၄၅ မိနစ်ခန့်သာ သွားရောက်ရသော်လည်း ယခုအခါ သုံးနာရီခန့်ကြာသွားရောက်ရသည် အထိဖြစ်လာသည်။ ကျပန်းအလုပ်သမားတစ်ဦးက ဝေဖန်မှတ်ချက် ပေးခဲ့သည်မှာ

> “သစ်ပင်မခုတ်ရဆိုတဲ့ ဆိုင်းဘုတ်ချိတ်ဆွဲဖို့တောင် ဒီနေရာမှာ သစ်ပင်တွေမရှိတော့ပါဘူး” ဟူ၍ ဖြစ်သည်။

**ရာသီဥတုနှင့်ပတ်သက်၍ ပြင်းထန်သောထိခိုက်မှုများ သိသာထင်ရှားစွာ ရှိနေသော်လည်း ငွေကြေးချမ်းသာကြွယ်ဝသူများ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အဆင့်သတ်မှတ်ရန် မေးမြန်းသောအခါ စီးပွားရေးကြောင့် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကသာ ပို၍အဖြစ်များနေပါသည်။** ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်မှုများ ပြုလုပ်စဉ်အတွင်း ပါဝင်ဆောင်ရွက်သူများအား ၎င်းတို့ကျေးရွာရှိ ချမ်းသာသူ၊ အလယ်အလတ်တန်းစား၊ ဆင်းရဲသားနှင့် အဆင်းရဲဆုံး အိမ်ထောင်စုများအနေဖြင့် ကျော်လွှားရန် အခက်အခဲဆုံးဖြစ်သည့် အကြီးမားဆုံး ပြင်းထန်သောထိခိုက်မှုနှင့် စိတ်ဖိစီးမှုသုံးခုကို ခွဲခြားသတ်မှတ်ခိုင်းခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးနီးပါးတွင် ချမ်းသာကြွယ်ဝသူနှင့် အလယ်အလတ်တန်းစား အိမ်ထောင်စုများအတွက် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်မှာ လိုအပ်သည့်ရာသီတွင် အလုပ်သမားရှားပါးမှုဖြစ်သည်ဟု ဖော်ပြကြသည်။ သီးနှံဖျက်ပိုးများ၊ ရာသီဥတုပြောင်းလဲမှုနှင့် အခြားသော ရာသီဥတုဆိုင်ရာ ပြင်းထန်သောထိခိုက်မှုများကို လူသိများသော်လည်း ပြင်းထန်ခြင်း (ရေကြီးခြင်း၊ သို့မဟုတ် မြေပြိုခြင်း) မရှိပါက ၎င်းတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှုအဖြစ် သတ်မှတ်မှုမရှိကြပေ။ ၎င်းတို့ကို ပိုမိုဆင်းရဲသော အိမ်ထောင်စုများအတွက် အကြီးမားဆုံး ပြဿနာများအဖြစ် မသတ်မှတ်ကြပေ။ ထိုအစား ကျန်းမာရေးအခြေအနေကြောင့် စိတ်ဖိစီးမှုများ၊ အလုပ်ရှားပါးချိန်တွင် အလုပ်အကိုင်အခွင့်အလမ်းများမရှိမှု၊ စားနပ်ရိက္ခာမလုံခြုံမှုနှင့် ကြွေးမြီထူပြောမှုတို့ကိုသာ ၎င်းတို့၏ အဓိကစိန်ခေါ်မှုများအဖြစ်ဖော်ပြကြသည်။ ရာသီဥတုကြောင့် ပြင်းထန်သောထိခိုက်မှုများကို ချမ်းသာကြွယ်ဝသော အိမ်ထောင်စုများကသာ ပိုမိုခံစားရသည်ဟု အဘယ်ကြောင့် သတ်မှတ်ကြကြောင်းမှာ ရှင်းလင်းမှုမရှိပေ။ မည်သို့ဆိုစေကာမူ ဒေသတိုင်းတွင် အိမ်ထောင်စုများက “ချမ်းသာကြွယ်ဝသူများ” အဖြစ် သတ်မှတ်ထားကြသူများမှာ ပိုမို၍ ကျယ်ပြန့်သော မြေကွက်များပိုင်ဆိုင်ထားကြသည့် လယ်ယာလုပ်ကိုင်သူများ ဖြစ်လေ့ရှိကြသည်။ ထိုအချက်က ပိုမိုချမ်းသာကြွယ်ဝသော အိမ်ထောင်စုများသည် မျိုးစေ့များ၊ လုပ်အားနှင့် အခြားသော လယ်ယာစိုက်ပျိုးရေးသွင်းအားစုများအတွက် ငွေကြေးသုံးစွဲထားကြသဖြင့် ဆိုးရွားသောရာသီဥတုကြောင့် အကြီးမားဆုံး ဆုံးရှုံးမှုများကိုခံစားရသည်ဟု ယူဆဖွယ်ရာရှိပြီး ဆင်းရဲသားများအတွက်မူ အသက်ရှင်သန်ရေးအတွက် ရိုးရိုးရှင်းရှင်းရင်ဆိုင်နေကြရသည်ဟူသည့် အယူအဆဖြစ်သည်။

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိလူများသည် အဆိုပါ ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို မည်သို့တုံ့ပြန်ဖြေရှင်းကြသနည်း။**

အိမ်ထောင်စုများ ကြုံတွေ့ရသော ပြင်းထန်သောထိခိုက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းအားထုတ်ခဲ့သည့် နည်းလမ်းများကို ယခင် QSEM အစီရင်ခံစာများတွင် မီးမောင်းထိုးပြထားခဲ့ပါသည်။ ၎င်းတို့မှာ (၁)အသုံးစားရိတ်လျှော့ချခြင်း (၂)အကူအညီအတွက်မိတ်ဆွေများ၊မိသားစုနှင့် လူမှုရေးအဖွဲ့အစည်းများအပေါ် မှီခိုအားထားခြင်းနှင့် (၃)ထပ်ဆောင်းဝင်ငွေရှာဖွေခြင်း ဥပမာ - အလုပ်ချိန်ထက်ပို၍ နာရီများစွာကြာအောင် အလုပ်လုပ်ခြင်း၊ သို့မဟုတ် မိသားစုဝင်တိုင်း အလုပ်ခွင်ဝင်ရောက်ရခြင်းတို့ ဖြစ်သည်။ သို့ရာတွင် အချို့သောအိမ်ထောင်စုများ၊ အထူးသဖြင့် အလွန်ဆင်းရဲလှသည့် အိမ်ထောင်စုများအတွက် အချို့သောပြင်းထန်သည့် ထိခိုက်မှုများမှာ အလွန်အမင်းပြင်းထန်လှသဖြင့် ၎င်းတို့၏လူမှုဖူလုံရေးကိုပါ ထိခိုက်လာစေခဲ့သည်။ အဆိုပါ ဖြစ်ရပ်များတွင် ထိုအိမ်ထောင်စုများသည် အစားအစာကို ခြိုးခြံကာလျှော့၍စားရခြင်း၊ မွေးမြူရေး တိရိစ္ဆာန်များနှင့် အခြားပိုင်ဆိုင်သည့်ပစ္စည်းများအားရောင်းချရခြင်း၊ အလွန်မြင့်မားသော အတိုးနှုန်းဖြင့် ငွေချေးငှားရခြင်း၊ ကလေးများအား ကျောင်းမှထုတ်ပယ်ခြင်းနှင့် အခြားအရာများ လုပ်ကိုင်ရခြင်းတို့ကဲ့သို့သော အရေးပေါ်ဖြေရှင်းနည်းများဖြင့် ဖြေရှင်းကြရတော့သည်။ ထိုသို့သော ဖြေရှင်းမှုများသည် ၎င်းတို့အားအရေးပေါ် ပြင်းထန်သည့် ထိခိုက်မှုကို ကျော်လွှားဖြတ်သန်းနိုင်စေသော်လည်း ၎င်းတို့၏ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုအခြေခံကိုလျော့နည်းသွားစေပြီး ပို၍ပင်ဆင်းရဲသွားစေပေသည်။ အလားတူပုံစံများမှာ QSEM-6 တွင် ပါရှိသော ချမ်းသာကြွယ်ဝမှု အဆင့်အတန်း သတ်မှတ်ရာ၌ ထင်ဟပ်လျက်ရှိသည့် မတူညီသောအကြောင်းအရာများကိုအခြေခံ၍ ဖြစ်ပေါ်လာသော ပြင်းထန်သည့်ထိခိုက်မှုများကို ပြေလည်အောင်ဆောင်ရွက်ရာတွင် အိမ်ထောင်စုများသည် ချမ်းသာကြွယ်ဝမှုအခြေအနေအလိုက် ကွဲပြားခြားနားကြပေသည်။

**ချမ်းသာကြွယ်ဝခြင်းအဆင့်အတန်းသတ်မှတ်မှု ဆောင်ရွက်စဉ်ကာလအတွင်း ချို့တဲ့သော အိမ်ထောင်စုများအနေဖြင့် စီးပွားရေးနှင့်ပတ်သက်သည့်ပြင်းထန်သောထိခိုက်မှုများခံစားနေရသည့် ကာလအတွင်း ဝင်ငွေပို၍ရှာရခြင်း၊ သို့မဟုတ် လူမှုရေးကွန်ရက်များအပေါ် မှီခိုအားထားရခြင်းတို့ဖြင့် ပြေလည်အောင်ဆောင်ရွက်ခဲ့ရကြောင်း ၎င်းတို့ကဆိုသည်။** အဆိုပါနည်းဗျူဟာများတွင် လုပ်အားခများ ကြိုတင်တောင်းခံခြင်း၊ ဘာသာရေးအဖွဲ့အစည်းများထံမှအကူအညီတောင်းခံခြင်းနှင့် ဆွေမျိုးများနှင့်အိမ်နီးချင်းများနှင့်အတူနေထိုင်ခြင်းဖြစ်စေ၊ ဆွေမျိုးများနှင့် အိမ်နီးချင်းများထံမှ ငွေချေးငှားခြင်း၊ သို့မဟုတ် ဆွေမျိုးများနှင့်အိမ်နီးချင်းများအပေါ် အခြားနည်းဖြင့် မှီခိုအားထားခြင်း တို့ပါဝင်သည်။

**ထိုသို့နီးစပ်ရာအပေါ် မှီခိုအားထားနေရသော်လည်း ထိခိုက်ခံစားရသော အိမ်ထောင်စုများသည် ဥစ္စာပစ္စည်းပိုင်ဆိုင်မှုအခြေခံ လျော့နည်းသွားစေသည့် ဖြေရှင်းနည်းများဖြင့် ဖြေရှင်းကြရသည်။** ဥပမာ အတိုးနှုန်းမြင့်မားသော ချေးငွေများရယူခြင်း၊ ကလေးငယ်များအား ကျောင်းမှ ထုတ်ပယ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ သို့မဟုတ် မြေယာကိုရောင်းချခြင်းနှင့် အချို့ဒေသများရှိ အဆင်းရဲဆုံး အိမ်ထောင်စုများမှာ အစားအစာကို လျှော့၍စားသုံးရခြင်း၊ သို့မဟုတ် အစားအစာအတွက် ငွေကြေးလျှော့၍ သုံးစွဲခြင်းတို့ဖြစ်သည်။

> “ နွေရာသီမှာထမင်း ဘယ် နှနပ်လျှော့စားခဲ့ရတယ်ဆိုတာ မရေမတွက်နိုင်တော့ပါဘူး”ဟု ရှမ်းပြည်နယ်ရှိ ကျပန်းအလုပ်သမားတစ်ဦးက ပြောသည်။

နှိုင်းယှဉ်ကြည့်ပါက ချမ်းသာသောမိသားစုနှင့် အလယ်အလတ်တန်းစား မိသားစုများအနေဖြင့် ကြွေးတင်ခြင်းနှင့် ကျန်းမာရေးပြဿနာများမှလွဲ၍ ၎င်းတို့ကြုံတွေ့ရသော စီးပွားရေးအရ ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းနိုင်စွမ်းရှိကြပြီး အနုတ်သဘောဆောင်သည့် ဖြေရှင်းနည်းဗျူဟာများကို အဆိုပါ အိမ်ထောင်စုများအနေဖြင့် လုပ်ဆောင်ခြင်း မရှိကြပေ။

**ချမ်းသာသောအိမ်ထောင်စုနှင့် အလယ်အလတ်တန်းစား အိမ်ထောင်စုများသည် ရာသီဥတုဆိုင်ရာ ပြင်းထန်သောထိခိုက်မှုများ ကြုံတွေ့ရသည့်အခါ** သုံးစွဲမှုများကိုလျှော့ချကြပြီး အခြားတွင် သွားရောက် အလုပ်လုပ်ကိုင်နေသော မိသားစုဝင်ထံမှရရှိသည့် စုဆောင်းငွေများနှင့် လယ်ယာစိုက်ပျိုးမှုမဟုတ်သောအခြားငွေကြေးအရင်းအမြစ်များမှရရှိသည့် စုဆောင်းငွေများကို အိမ်ထောင်စုအတွက် လိုအပ်နေသောနေရာများတွင် ပေးချေကြသည်။ ထို့ပြင် ထိုစုဆောင်းမှုများကို

ဘေးအန္တရာယ်ပြီးဆုံးချိန်တွင်ပြန်လည်တည်ဆောက်ရန်အသုံးပြုကြသည်။ မည်သို့ပင် ဆိုစေကာမူ ရာသီဥတုလွန်ကဲမှုများကို ခံနိုင်ရည်မရှိကြောင်း အချို့က တုံ့ပြန်ဖြေကြားကြသည်။ ဥပမာ - မကွေးတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးက ပြောကြားသည်မှာ

> “ သဲသဲမဲမဲ ရွာတဲ့မိုးတွေက ကျွန်တော်တို့ကို ကျွန်ဘဝရောက်အောင်လုပ်မှာ” ဟူ၍ ဖြစ်ပါသည်။

ရေလွှမ်းမိုးပြီးနောက် သီးနှံဖျက်ပိုးများကျရောက်မှုကို တွေ့ကြုံခဲ့ရသော ဧရာဝတီတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးကလည်း ယခုကဲ့သို့ပြောကြားခဲ့သည်။

> “ သမ္မုဒ္ဒေကိုရွတ်တာတောင်မှ သီးနှံဖျက်ပိုးတွေဒဏ်ကနေ မကာကွယ်နိုင်ခဲ့ဘူး”

ကျန်းမာရေးကြောင့် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများသည်လည်းကောင်း၊ ကြွေးမြီတင်ရှိမှုသည်လည်းကောင်း ဖြေရှင်းရန် အထူးခက်ခဲလှသည်။ ကျန်းမာရေးကြောင့်ဖြစ်ပေါ်လာသည့် ပြင်းထန်သောထိခိုက်မှုများမှာ ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်ဖြင့် ဖြေရှင်းရလေ့ရှိသည်။ ထိုဖြေရှင်းရမှုများမှာ ငွေချေးငှားရခြင်း သို့မဟုတ် ကြိုတင်လုပ်အားခများ ရယူခြင်းတို့ဖြင့် ကြွေးမြီတင်ရှိလာခြင်း၊ တတ်နိုင်သလောက်သာ ကုသမှုခံယူရခြင်းနှင့် တိုင်းရင်းဆေးကိုသာ သုံးစွဲရခြင်းတို့ ပါဝင်သည်။ ပြည်နယ်တစ်ခု (ချင်းပြည်နယ်) တွင် ချမ်းသာကြွယ်ဝမှုအဆင့်သတ်မှတ်ရေး၌ ပါဝင်ဆောင်ရွက်သူများ၏ ပြောကြားချက်အရ ဆေးဝါးမရှိသည့်အတွက် ဖြေရှင်းနည်းမှာ “သေဆုံးသွားရန်” ပင်ဖြစ်သည်ဟု တုံ့ပြန်ဖြေကြားမှုတစ်ခုတွင် တွေ့ရှိရခြင်းဖြစ်ပါသည်။ အလားတူစွာပင် အကြွေးတင်ခြင်းကလည်း အချို့သော လူလတ်တန်းစားများနှင့် ချမ်းသာကြွယ်ဝသော အိမ်ထောင်စုများအတွက်ပင် ပြဿနာတစ်ရပ်ဖြစ်ပြီး ၎င်းတို့က မြေယာကို ပေါင်နှံခြင်းနှင့် မွေးမြူရေးတိရိစ္ဆာန်များကို ရောင်းချ၍ ဖြေရှင်းကြသည်ဟု ဆိုသည်။

> “ အကြွေးနွံထဲမှာ ကျွန်တော်တို့ မျက်စိထိအောင်မြုပ်နေကြပြီ” ဟု မကွေးတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးက ပြောကြားခဲ့သည။

> “ ကျွန်တော်တို့မြေတွေမှာ လယ်ယာလုပ်ငန်းကို ပြီးအောင်လုပ်ပြီးတဲ့အခါ တခြားအလုပ်တွေကို လုပ်ကြရတယ်။ ကျွန်တော်တို့ အကြွေးတွေကိုဆပ်ဖို့ ဒါဟာ တစ်ခုတည်းသော နည်းလမ်းပါပဲ” ဟု ကချင်ပြည်နယ်မှ အခြားလယ်သမားတစ်ဦးကလည်း ပြောပြသည်။

### လိုက်လျောညီထွေ ဆောင်ရွက်မှုအစီအမံများ

QSEM အဖွဲ့၏ လေ့လာမှုတစ်လျှောက်တွင် အိမ်ထောင်စုများသည် ပြောင်းလဲနေသော အခြေအနေများကို ပိုမိုကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် အနာဂတ်တွင် အဆိုပါစိတ်ဖိစီးမှုများကို အကောင်းဆုံးရင်ဆိုင်လာနိုင်စေရန် ၎င်းတို့၏ နည်းဗျူဟာများကို နယ်ပယ်လေးခုခွဲခြား သတ်မှတ်ထားပါသည် -

၁။ လယ်ယာစိုက်ပျိုးခြင်းနှင့် လုပ်အားပုံစံများကို လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ခြင်း

၂။ ဝင်ငွေရရှိရန် နည်းအမျိုးမျိုးခွဲ၍ ဆောင်ရွက်ခြင်း၊

၃။ ပိုင်ဆိုင်ပစ္စည်းများနှင့် စုဆောင်းထားမှုများကို တစ်ပေါင်းတည်း ပြုစုခြင်း၊

၄။ စုပေါင်းဆောင်ရွက်သည့် ငွေကြေးလည်ပတ်ရေးယန္တရားစနစ်များမှ ထုတ်ယူဆောင်ရွက်ခြင်း။

### ၁-လယ်ယာစိုက်ပျိုးခြင်းနှင့် လုပ်အားပုံစံများကို လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ခြင်း

QSEM သုတေသနစတင်ချိန်မှစ၍ စိုက်ပျိုးရေးနည်းစနစ်သစ်များနှင့် နည်းပညာသစ်များ မိတ်ဆက်ပေးမှုသည် အိမ်ထောင်စုများအနေဖြင့်ဖြစ်လေ့ရှိသော ဘေးအန္တရာယ်ကိစ္စများ ကျရောက်လာပါက ကောင်းစွာဖြေရှင်းနိုင်ရန် ပြုလုပ်ပေးခဲ့သည်။ ယခင် QSEM အစီရင်ခံစာများတွင် အလတ်စားနှင့် အကြီးစားလယ်သမားများက သီးနှံသစ်များ၊ သို့မဟုတ် နည်းစနစ်သစ်များကို ဦးစွာစတင်လက်တွေ့စမ်းသပ်ကြပြီး ၎င်းတို့၏ ရပ်ရွာလူထုများအား

နမူနာပြဦးဆောင်ခဲ့ကြသည့် သာဓကများကို အလေးပေးဖော်ပြခဲ့ပါသည်။ ဥပမာ - ယခင်အခန်းရှိ သာဓက -၂ တွင် ရှမ်းပြည်နယ်ရှိ အကြီးစားလယ်သမားများက ဆေးရွက်ကြီးစိုက်ပျိုးရန် မည်သို့စတင်ခဲ့ကြပုံကို ထင်ရှားစွာဖော်ပြထားသည်။ အသေးစားလယ်သမားများကလည်း လက်တွေ့စမ်းသပ်ရန်အတွက် လုပ်ဆောင်နိုင်မှု ပိုမိုနည်းပါးမှုဖြင့် မစွန့်စားလိုသည့် သဘောရှိနေသည်။ စိုက်ပျိုးလိုက်သော သီးနှံသစ်မဖြစ်ထွန်းမည်ကို စိုးရိမ်သဖြင့် စိုက်ပျိုးနေကျ သီးနှံကိုပင်စိုက်ပျိုးသော်လည်း ထိုသီးနှံပါ မအောင်မြင်သည့်အခါ ၎င်းတို့အပေါ် ပို၍ထိခိုက်တော့သည်။ ဦးစွာစွန့်စားဆောင်ရွက်သည့် လယ်သမားများက နည်းပညာအသစ်များနှင့် ဖြစ်စေ၊ သီးနှံအသစ်များနှင့်ဖြစ်စေ အောင်မြင်မှုရရှိပြီးနောက်မှသာ အခြားလယ်သမားများက တဖြည်းဖြည်းချင်း လိုက်ပါလုပ်ဆောင်လာခဲ့ကြပါသည်။

**QSEM-6 ၏ ချမ်းသာကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းဆိုင်ရာဆောင်ရွက်မှုမှ အချက်အလက်များသည် ပြောင်းလဲနေသောအခြေအနေများနှင့် ထိုအခြေအနေများကို လိုက်လျောညီထွေ ပြုပြင်နိုင်သော လယ်သမားများ၏ စွမ်းရည်ကို အတိအလင်းဖော်ပြနေသည်။** အဆိုပါအဆင့်သတ်မှတ်မှုများ ပြုလုပ်စဉ်ကာလအတွင်း ၎င်းတို့မည်သည့်သီးနှံကို စိုက်ပျိုးသည်၊ မည်သို့စိုက်ပျိုးသည်နှင့် ပြောင်းလဲနေသော ဈေးကွက်အခြေအနေများတွင် လယ်ယာလုပ်အားကို မည်သို့ စီမံခန့်ခွဲခဲ့ကြောင်းကိုလည်း ပါဝင်ဆောင်ရွက်ခဲ့သူ လယ်သမားများကဆိုကြသည်။ အဆိုပါ လုပ်ဆောင်ချက်များတွင် စက်အင်အားကို အစားထိုးအသုံးပြုခြင်း၊ လုပ်အားအရင်းအမြစ်များအတွက် အခြားကျေးရွာများကို အားကိုးခြင်း၊ လုပ်အားခများ တိုးမြှင့်ခြင်း သို့မဟုတ်ငွေရှင်းချိန်သတ်မှတ်မှုကို ပြောင်းလဲခြင်း သို့မဟုတ် ၎င်းတို့အား ပေးချေသည့်စနစ် ပြောင်းလဲခြင်း၊ ပိုမိုဒဏ်ခံနိုင်သော သီးနှံများ စိုက်ပျိုးခြင်းနှင့် လုပ်အားစရိတ်လျှော့ချရန် မိသားစုလုပ်အားကို ပိုမိုအသုံးပြုခြင်းတို့ ပါဝင်သည်။

## ၂-ဝင်ငွေရရှိရန် နည်းအမျိုးမျိုးခွဲ၍ ဆောင်ရွက်ခြင်း

**ယခင်က ဖော်ပြခဲ့သကဲ့သို့ပင် ကြီးမားသောစီးပွားရေးပြောင်းလဲမှုကြောင့် အိမ်ထောင်စုများအနေဖြင့် လယ်ယာစိုက်ပျိုးရေးမဟုတ်သောကဏ္ဍတွင် ကြီးမားသည့် အခွင့်အလမ်းများရရှိစေခဲ့သည်။** မန္တလေးရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာသုံးရွာ၏ မတူညီသောအတွေ့အကြုံများသည် အဓိကရိတ်သိမ်းမှုကို ပျက်စီးစေခဲ့သည့် လွန်ခဲ့သောနှစ်က ဖြစ်ပေါ်ခဲ့သည့် ကြာရှည်စွာမိုးခေါင်ရေရှားမှုဖြစ်ပေါ်သည့်အခြေအနေမျိုးတွင် ဝင်ငွေရရှိရန် နည်းအမျိုးမျိုးခွဲ၍ ဆောင်ရွက်ခြင်းကဲ့သို့သော အကျိုးကျေးဇူးကို ထင်ရှားပေါ်လွင်စေပါသည်။ ကျေးရွာတစ်ရွာတွင် အိမ်ထောင်စုများသည် ဝင်ငွေရလမ်းကြောင်းနည်းပါးကြသည်။ ဝါဂွမ်းစိုက်တောင်သူများက ရာသီဥတုအပေါ် အလွန်မှီခိုရသောကြောင့် ၎င်းတို့၏ဝင်ငွေသည် ကြီးမားစွာထိခိုက်ခဲ့ကြရသည်။ ၎င်းပြင်းထန်သောထိခိုက်မှုကိုဖြေရှင်းရန် ၎င်းတို့၏ လယ်ယာလုပ်ကိုင်ခွင့်လက်မှတ်ကို ပေါင်နှံ၍ အသုံးပြုရသဖြင့် ကြွေးမြီ ထူပြောလာခဲ့သည်။ နှိုင်းယှဉ်ကြည့်လျှင် အခြားကျေးရွာနှစ်ရွာမှ အိမ်ထောင်စုများသည် ယခင်ကတည်းကပင် ကောင်းမွန်ခြင်းမရှိသောစိုက်ပျိုးရေးအခြေအနေများကို ဒေသတွင်းလယ်ယာစိုက်ပျိုးရေးမဟုတ်သော အသေးစားလုပ်ငန်းများ (ယခင်အခန်းတွင်ဖော်ပြခဲ့သော ဆံပင်တုပြုလုပ်ခြင်း၊ သက်ငယ်ပျစ်ရက်လုပ်ခြင်း) လုပ်ကိုင်ခြင်းဖြင့် ကြံ့ကြံ့ခံနိုင်ရည်ရှိအောင် ပြုလုပ်ခဲ့ကြရာ မိုးခေါင်မှုဒဏ်ခံစားရမှုမှ လျော့ပါးသက်သာစေခဲ့သည်။

ချမ်းသာကြွယ်ဝမှုအဆင့်သတ်မှတ်မှုများဆောင်ရွက်နေစဉ်အတောအတွင်း ပြောင်းလဲနေသောလုပ်အားဈေးကွက်အခြေအနေများ၊ စီးပွားရေးအဆင်မပြေသည့်အခါ ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုများကိုလိုက်လျောညီထွေဖြစ်စေရန် အလုပ်အကိုင်သစ်များ လုပ်ဆောင်ကြရသည်ဟု လူအများကပြောကြားကြသည်။ ထိုသို့ပြုလုပ်ခြင်းတွင် လူသိအများဆုံး နည်းလမ်းတစ်ခုမှာ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းပင် ဖြစ်သည်။ ဒေသအားလုံးနီးပါးရှိ ဆင်းရဲသော အိမ်ထောင်စုများအတွက် အလုပ်အကိုင်မရှိခြင်းနှင့် အခြားသော စီးပွားရေးအရ ဒေသတွင်းဖြစ်ပေါ်တတ်သော ပြဿနာများကြောင့် ပြင်းထန်သောထိခိုက်မှု၊ စိတ်ဖိစီးမှုများတို့နှင့် လိုက်လျောညီထွေဖြစ်စေရန်ပြုလုပ်သည့် အဓိကနည်းဗျူဟာမှာ ရွှေ့ပြောင်းလုပ်ကိုင်ခြင်းဖြစ်သည်ဟု ချမ်းသာကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းတွင် ပါဝင်ဆောင်ရွက်သူများက သတ်မှတ်ကြသည်။ ထိုအချက်သည် QSEM ရွှေ့ပြောင်း လုပ်ကိုင်မှုဆိုင်ရာ အစီရင်ခံစာပါ တွေ့ရှိချက်များနှင့်ကိုက်ညီမှု ရှိနေပါသည်။ ထိုအစီရင်ခံစာတွင် ဧရာဝတီနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဒေသနေပြည်သူများသည် စီးပွားရေးစီမံခန့်ခွဲမှုနှင့် တစ်နှစ်ပတ်လုံး ဝင်ငွေမတည်ငြိမ်မှုကို ထိန်းညှိစေရန် အလုပ်အကိုင်သစ်အဖြစ် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းကို လုပ်ကိုင်ကြသည်။ သို့ရာတွင်မိသားစုလုပ်အားမရှိသော အိမ်ထောင်စုများက ထိုသို့ မဆောင်ရွက်နိုင်ကြပေ။

သာဓက (၃) ဖြစ်ရပ်အလိုက်လေ့လာမှု - ကြံ့ကြံ့ခိုင်ခိုင်ရည်တည်ဆောက်ရန် ရောဝတီရှိ အိမ်ထောင်စုတစ်စု၏ ကြိုးပမ်းအားထုတ်မှုများ

ဤအိမ်ထောင်စုတွင် အသက် ၅၀ နှစ်ဝန်းကျင် အပျိုကြီးညီအစ်မသုံးဦးနှင့် ၎င်းတို့၏ အသက် ၂၂ နှစ်အရွယ် တူမလေးတစ်ဦးတို့ရှိကြသည်။ ထိုညီအစ်မများ၏ဘိုးဘွားများသည် ၁၉၇၀ ပြည့်နှစ်အလယ်ခန့်က လယ်မြေ ၃၂ ဧကေ ပိုင်ဆိုင်ခဲ့သည်။ သို့ရာတွင် ဦးနေဝင်း အစိုးရ၏ တာဝန်ကျေစပါးခွဲတမ်းစနစ်အရှုပ်အထွေးများကြောင့် ၎င်းတို့၏ လယ်ယာမြေ ထက်ဝက်ခန့်ဆုံးရှုံးခဲ့ရသည်။ ဤအချက်က မြေယာမလုံခြုံမှုတစ်ခုကြောင့် မိသားစုတစ်စု၏ ပိုင်ဆိုင်ပစ္စည်းများ မည်သို့ဆုံးရှုံးနိုင်ပုံကို ဖော်ပြလျက်ရှိသည်။ မည်သို့ ဆိုစေကာမူ ၎င်းတို့တွင် လယ်မြေ ၁၆ ဧကေ ကျန်ရှိနေသေးသဖြင့် ကျေးရွာတွင် အချမ်းသာဆုံး မိသားစုအဖြစ် တည်ရှိနေဆဲဖြစ်သည်။

ကျား/မဆိုင်ရာ အတားအဆီးများနှင့် ကြုံတွေ့ရသောကြောင့် ထိုလယ်ယာမြေကို ညီအစ်မများကအမွေမရရှိခဲ့ပေ။ သို့ရာတွင် လက်ဝတ်ရတနာအချို့နှင့် စုဆောင်းငွေအချို့ကို အမွေရရှိသဖြင့် လယ်ယာမြေတွင် ရင်းနှီးမြှုပ်နှံခဲ့ပြီး အကျိုးရှိသည့်ပိုင်ဆိုင်ပစ္စည်းများ ရရှိစေခဲ့သည်။ ၎င်းတို့၏ အစ်ကိုကြီးအိမ်ထောင်ကျသောအခါ လယ်မြေ ၁၀ ဧကေ ရရှိခဲ့ပြီး မောင်အငယ်ဆုံးကကျန်သော ခြောက်ဧကကိုရရှိသည်။ ၂၀၀၃ ခုနှစ်တွင် ၎င်းတို့၏ မိခင် ကွယ်လွန်သောအခါ ရွှေလက်ဝတ်ရတနာများကို သမီးများကအမွေရရှိခဲ့သည်။ ၎င်းတို့၏ စုဆောင်းငွေများနှင့် မိခင်၏ရွှေတို့ဖြင့် ညီအစ်မသုံးဦးက လယ်မြေခုနစ်ဧက ဝယ်ယူခဲ့ပြီး မွေးမြူရေးတိရိစ္ဆာန်များနှင့် ဘဲအချို့ကိုလည်း ပိုင်ဆိုင်ခဲ့သည်။

သို့ရာတွင် ၂၀၀၈ ခုနှစ်၌ နာဂစ်ဆိုင်ကလုန်းက ကျေးရွာကိုပျက်စီးစေခဲ့ပြီး ညီအစ်မများ မှာလည်း ၎င်းတို့၏ အိမ်၊ စပါးများနှင့် ကျွဲများကိုပါ ဆုံးရှုံးခဲ့ရသည်။ ရွာသူရွာသား ၆၀၊ သို့မဟုတ် ကျေးရွာလူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့် အသက်ဆုံးရှုံးခဲ့ရပြီး အိမ်သုံးလုံးသာ ကျန်ရစ်ခဲ့သည်။ ထိုအကျိုးဆက်ကို ခါးသီးရက်ရွံ့စိတ်ဖြင့်ညီအစ်မများက အမှတ်ရမိ ကြသည်။ နာဂစ်ကြောင့် ၎င်းတို့၏ လယ်ယာမြေနှင့် ဘဲများမှတစ်ပါး ပိုင်ဆိုင်ပစ္စည်း အနည်းအကျဉ်းသာ ကျန်ရစ်ခဲ့သည်။ သဘာဝဘေးအန္တရာယ်၏ လက်ငင်းအကျိုးဆက်အဖြစ် ၎င်းတို့ကိုယ်တိုင်ပင် လှူဒါန်းပေးကမ်းမှုများအပေါ် မှီခိုခဲ့ကြရသည်။

> “ ကျွန်မတို့က သူတောင်းစားတွေလိုပဲ။ အစားအစာအတွက် လက်ဖြန့်တောင်းခဲ့ကြ ရတယ်။ အင်မတန်ရှက်ဖို့ကောင်းတယ်” ဟု ညီအစ်မတစ်ဦးက အမှတ်တရ ပြောပြသည်။

မည်သို့ပင်ဖြစ်စေ ၎င်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖြည်းဖြည်းချင်း ပြန်လည် တည်ဆောက်ခဲ့ကြသည်။ ၎င်းတို့၏ ဘဲကောင်ရေ ၁၅၀ ခန့်သည် ဆိုင်ကလုန်းကြားမှ ရှင်သန်ကျန်ရစ်ခဲ့သည်။ မုန်တိုင်းပြီးသည့် နောက်ပိုင်းကာလအတွင်း ဘဲဥများကငင်းတို့ မိသားစုအတွက် တစ်ခုတည်းသောဝင်ငွေဖြစ်လာခဲ့သည်။ ညီအစ်မများက ၎င်းတို့၏ အရင်းအမြစ်များအားလုံးကို ၎င်းတို့၏အိမ်အား ဘေးအန္တရာယ် ပိုမိုခံနိုင်စေရန် ပြန်လည် တည်ဆောက်ရေးအတွက်အသုံးပြုခဲ့သည်။ ၎င်းတို့ စုဆောင်းရရှိသော ဝါးများ၊ သစ်များ ဖြင့် လေပြင်းဒဏ်ကို ပိုမိုခံနိုင်သည့်သေးငယ်သော အိမ်နိမ့်လေးတစ်လုံးကို တည်ဆောက် ခဲ့ကြသည်။

သို့သော် တစ်နှစ်မျှသာကြာသေးချိန်တွင်ညီအစ်မတစ်ဦး၌ ကင်ဆာရောဂါကို စစ်ဆေးတွေ့ရှိ ခဲ့သည်။ ထိုဖြစ်ရပ်က ၎င်းတို့အားကြွေးမြီနွံထဲသို့ နစ်မွန်းစေခဲ့သည်။ ဤကျန်းမာရေးဖြစ်ရပ် ကြောင့်ပြင်းထန်သောထိခိုက်မှုက ၎င်းတို့၏ ဘဏ္ဍာရေးအခြေအနေအတွက် နာဂစ် ဆိုင်ကလုန်းထက်ပင် ပို၍ဆိုးနေသည်ကို၎င်းတို့တွေ့ရှိခဲ့ကြသည်။ ညီအစ်မများက ၎င်းတို့၏ သွေးသားရင်းဖြစ်သူအား ဆေးကုသရန်အတွက် ရန်ကုန်သို့ပို့ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဆေးရုံမှ ငွေတောင်းခံလွှာသည် ကျပ်သိန်း ၇၀(ဒေါ်လာ ၅,၀၀၀ ကျော်) အထိ ရောက်ရှိခဲ့ပြီး ထိုစရိတ်ကမိသားစုကို ယိုင်နဲ့သွားလောက်အောင် ဈေးကြီးသည့်ပြင် ကျန်းမာရေးပြဿနာကြောင့် ဖြစ်ပေါ်ရသော ပြင်းထန်သည့် ထိခိုက်မှု၏ ကပ်ဘေး

ပုံ (၇) ရောဝတီတိုင်းဒေသကြီးရှိမိသားစု၏ဖြစ်ရပ်အလိုက်ကို အချိန်ကာလဖြင့်ဖော်ပြခြင်း




သဖွယ် သက်ရောက်မှုသည် မိသားစု၏ ငွေရေးကြေးရေးကို ထိခိုက်စေကြောင်း ပြသလျက်ရှိသည်။ ၎င်းတို့သည် ရွှေများကိုရောင်းချခဲ့ရသည့်အပြင် အဆိုပါငွေတောင်းခံလွှာများကို ပေးချေရန်အတွက် ချေးငွေအများအပြား (ကျပ်သိန်း ၄၀၊ ဒေါ်လာ ၂,၉၀၀ ခန့်)ကို ချေးယူခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဤစိုးရိမ်ထိတ်လန့်မှု၏ သက်ရောက်မှုကိုလျှော့ချရန် ညီအစ်မများက ၎င်းတို့၏ လူမှုရေးကွန်ရက်များကို အသုံးပြုနိုင်ခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ထိုပြဿနာပြေလည်ရေးကို အထောက်အကူပြုရန် အသုံးစရိတ်ကိုခြိုးခြံ၍ စုဆောင်းခဲ့ကြသည်။ ဆိုင်ကလုန်းပြီးသည့်နောက် ၎င်းတို့တွင် ကြွေးမြီ မြောက်မြားစွာတင်ရှိနေခဲ့သည်။ သို့သော်သူတို့သည် ထိုအကြွေးကို ပြန်ဆပ်ရာတွင် ၆ ရာခိုင်နှုန်းအထိ အတိုးပေးရသော ဒေသတွင်းငွေချေးသူများထံမှမယူပဲ ထိုကြွေးမြီ၏တစ်ဝက်ကို ဘိုကလေးမြို့နယ်ရှိ ၎င်းတို့၏ညီမတစ်ဦးထံမှ ၄ရာခိုင်နှုန်း အတိုးဖြင့်ချေးငှားခဲ့သည်။ အဆိုပါပြဿနာကို အောင်မြင်စွာဖြေရှင်းနိုင်ရန်ချို့တဲ့သော မိသားစုများတွင် မရနိုင်သည့် အခွင့်အရေးကို ၎င်းတို့၏လူမှုရေးကွန်ရက်က ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။ ထိုချေးငွေများကို နောက်လေးနှစ်အတွင်း ပြန်လည်ပေးဆပ်ရန် ၎င်းတို့ အလွန်ကြိုးစားခဲ့ကြရသည်။ ခြိုးခြံချွေတာနေထိုင်ကာ ဘဲဥရောင်းရသည့် ဝင်ငွေအားလုံးကို စုဆောင်းခဲ့ကြသည်။

၎င်းတို့၏ ဝင်ငွေများကို ရာသီဥတုကြောင့် ပြင်းထန်သောထိခိုက်မှုမဖြစ်စေနိုင်သည့် ဝင်ငွေရလမ်းကြောင်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲခဲ့ကြသည်။ ဘဲဥရောင်းရငွေများဖြင့် မုန့်ဟင်းခါးရောင်းရန်၊ ကုန်စုံဆိုင်ငယ်လေးတစ်ခုဖွင့်ရန်နှင့် အအေးရောင်းချရန် ညီအစ်မများက အသုံးပြုခဲ့ကြသည်။ ထို့ပြင်အလယ်တန်းကျောင်း၌ မုန့်ပဲသွားရည်စာ

ဆိုင်လေးတစ်ခုကိုဖွင့်လှစ်ခဲ့သည်။ စပါးများကို ရိတ်သိမ်းပြီးပြီးချင်း ပြန်လည်ရောင်းချကာ နေ့စဉ်စားသုံးရန် ဆန်အနည်းငယ်ကိုသာ ဝယ်ယူခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ၎င်းတို့၏ ကျန်ရှိနေသော ကြွေးမြီများကို အကြေပေးဆပ်နိုင်ပြီး ၎င်းတို့၏ ငွေကြေးအခြေအနေ တိုးတက်အောင် စတင်ဆောင်ရွက်ခဲ့ကြသည်။

သုတေသနပြုသည့်အချိန်တွင် ၎င်းတို့၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာလုပ်ငန်း မဟုတ်သော လုပ်ငန်းများအပါအဝင် ဝင်ငွေရလမ်းကြောင်း ခုနစ်ခုအထိရှိလာခဲ့ကာ မိုးလေဝသနှင့် ရာသီဥတုအခြေအနေကို မှီခိုမှုနည်းသော အသက်မွေးဝမ်းကျောင်းအဖြစ် ပါဝင်နေသည်။ ၎င်းတို့၏ ဝင်ငွေရလမ်းကြောင်းများအနက် သုံးခုသည် (စပါး၊ ကွမ်းနှင့် ဟင်းသီးဟင်းရွက်) မိုးလေဝသအပေါ် မှီခိုနေရသော်လည်း အဆိုပါလုပ်ငန်းများမှ တစ်နှစ်ပတ်လုံးဝင်ငွေရရှိခဲ့သည်။ ၎င်းတို့တွင် အခြားဝင်ငွေရလမ်းကြောင်းလေးခု ရှိနေသည်။ ကုန်စုံဆိုင်၊ မုန့်ဟင်းခါး ဆိုင်၊ အအေးဆိုင်နှင့် အနီးအနားရှိ ကျောင်းတွင် ဖွင့်လှစ်ထားသည့် ထမင်းကြော်နှင့် ခေါက်ဆွဲသုတ်ဆိုင်တို့ ဖြစ်ကြသည်။ ညီအစ်မ တစ်ဦးချင်းစီက လုပ်ငန်းတစ်ခုချင်းစီအတွက် တာဝန်ရှိကြပြီး ၎င်းတို့၏ ရနိုင်သော မိသားစုလုပ်အားကို ဝင်ငွေရရှိစေရန် အသုံးပြုနိုင်စွမ်း ရှိလာကြသည်။ အဆိုပါ လမ်းကြောင်းများမှရရှိသည့် ၎င်းတို့၏ဝင်ငွေသည် ယခုအခါ စပါးစိုက်ပျိုးရာမှ ရရှိသော ဝင်ငွေထက်ပင် သာလွန်လျက်ရှိသည်။

ယခုအခါ မိသားစုသည် ငြိမ်းချမ်းသာယာနေထိုင်ခြင်း၊ စုဆောင်းဖြင်းဖြင့် ရင်းနှီးမြှုပ်နှံခြင်း၊ ကြွေးမြီမတင်စေရန်ရှောင်ကြဉ်လျက် ဘေးအန္တရာယ်ကိုသတိထားနေထိုင်နေကြသည်။ ၎င်းတို့တွင် နည်းအမျိုးမျိုးဖြင့် ဝင်ငွေရစီးပွားရေးလုပ်ငန်းများရှိသော်လည်း ပြန်မဆပ်

ဇယား (၄) ရခိုင်အိမ်ထောင်စု - တစ်နှစ်ပတ်လုံးဝင်ငွေ၏ အရင်းအမြစ်များ

| ဝင်ငွေအရင်းအမြစ် | ဝင်ငွေနှစ်ပတ်လည်အသားတင် | မည်သူ | ရာသီ/အလုပ်လုပ်သည့်ကာလ |
|---|---|---|---|
| စပါး | ၂,၀၀၀,၀၀၀ | ညီမလတ် | ဇူလိုင်-နိုဝင်ဘာ (မိုးစပါး) |
| ကွမ်းရွက် | ၃၆၀,၀၀၀ | ညီမလတ် | တစ်နှစ်ပတ်လုံး |
| ဟင်းသီးဟင်းရွက် | ၃၀၀,၀၀၀ | ညီမလတ် | အောက်တိုဘာ-ဧပြီ |
| ကုန်စုံဆိုင် | ၇၂၀,၀၀၀ | ညီမထွေး | တစ်နှစ်ပတ်လုံး |
| မုန့်ဟင်းခါးဆိုင် | ၇၂၀,၀၀၀ | ညီမထွေး | တစ်နှစ်ပတ်လုံး |
| အအေးဆိုင် | ၇၂၀,၀၀၀ | ညီမထွေး | နိုဝင်ဘာ-မေ |
| ကျောင်းရှိ ထမင်းကြော်နှင့် ခေါက်ဆွဲသုပ်ဆိုင် | ၇၂၀,၀၀၀ | အစ်မကြီး | တစ်နှစ်ပတ်လုံး (မတ်လမှ မေလအထိမှလွဲ၍) |

နိုင်မည့် ချေးငွေများကို မယူကြတော့ပေ။ ကြိုတင်လုပ်အားစရိတ်များ၊ ဓာတ်မြေဩဇာများ၊ လယ်ထွန်စက်ငှားရမ်းခနှင့် စပါးချွေလှေ့စက်လောင်စာဆီစရိတ်တို့ကို ကာမိစေရန် ညီအစ်မတစ်ဦးက မြန်မာ့စိုက်ပျိုးရေးဘဏ်မှ တစ်နှစ်လျှင်နှစ်ကြိမ်ငွေချေးယူခဲ့သည်။ ယခုနှစ်အတွက်မူ စိုက်ပျိုးစရိတ်ချေးငွေကို ပြန်လည်ပေးဆပ်ရန် အတိုးနှုန်းသက်သာသော NGO အဖွဲ့တစ်ခုထံမှ ငွေချေးငှားခဲ့ရသည်။ ၎င်းတို့၏ ကုန်စုံဆိုင်ကို အလျင်စလိုချဲ့ထွင်ခြင်းမပြုရန်ဆုံးဖြတ်ခဲ့ကြသည်။ အကြောင်းမှာထိုဆိုင်က ရင်းနှီးမြှုပ်နှံမှုပိုမိုလိုအပ်သဖြင့် ချေးငွေများအတွက် စွန့်စားမှုကို ထပ်မံရယူလိုခြင်းမရှိသောကြောင့်လည်းဖြစ်သည်။ ၎င်းတို့က ချေးယူငွေများနှင့်ပတ်သက်၍ အလွန်အမင်းသတိထားကြသည်။ ကင်ဆာရောဂါကုသပြီး ကြွေးမြီများပြန်လည်ပေးဆပ်ရသည့် ၎င်းတို့၏ အတွေ့အကြုံကြောင့် အတိုးနှုန်းကြီးသော ချေးငွေများရယူခြင်းကို လုံးဝရှောင်ကြဉ်ခဲ့ကြသည်။ ၎င်းတို့က သုံးစွဲမှုကို အလွန်သတိထားကြပြီး အမျိုးသမီးများ၏ ငွေစုငွေချေးအဖွဲ့သို့ ပုံမှန် ငွေထည့်ဝင်ခဲ့ကြသည်။

အနာဂတ်တွင် ပေါ်ပေါက်လာနိုင်မည့် ကျန်းမာရေးနှင့်ရာသီဥတုဆိုင်ရာ ပြင်းထန်သော ထိခိုက်မှုများအတွက် ပိုမိုကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ရန် ညီအစ်မများက ငွေကြေးများ စုဆောင်းကာ ၎င်းတို့၏နေအိမ်ကို ဘေးအန္တရာယ်ဒဏ် ပိုမိုခံနိုင်ရည်ရှိသော အိမ်အဖြစ် တည်ဆောက်နိုင်ရန် မျှော်လင့်လျက်ရှိကြသည်။ နာဂစ်မှ ရှင်သန်ကျန်ရစ်ပြီး ကျန်းမာရေးကြောင့် ပြင်းထန်သော ထိခိုက်မှုထပ်မံ ကြုံတွေ့ခဲ့ကြရသော ညီအစ်မသုံးဦးကအနာဂတ်အတွက် ပူပန်လျက်ရှိကြသည်။ ဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဆန်၊ ငါးပိ၊ ဆီ၊ ဖယောင်းတိုင်နှင့် မီးခြစ်တို့ကို ပလပ်စတစ်ပုံးတစ်ခုအတွင်း အလုံပိတ်ကာ အိမ်အောက်တွင် မြှုပ်နှံထားခဲ့ကြသည်။ ထို့ပြင် ၎င်းပစ္စည်းများကို သီတင်းပတ်အနည်းငယ်ကြာတိုင်း အသစ်ပြန်လည်လဲလှယ်လေ့ရှိကြသည်။ ကျန်းမာရေးနှင့်ဆက်နွယ်သော ဖြစ်ပေါ်လာမည့် ပြင်းထန်သောထိခိုက်မှုများကို ကြောက်ရွံ့ကြသဖြင့် ညီအစ်မများက ရွှေနှင့်ငွေသား နှစ်ရပ်လုံးကို စုဆောင်းထားကြသည်။ ၎င်းတို့အိမ်မှ သစ်သားများသည်ခြစားချပျက်စီးသည့်အပြင် လေပြင်း၏ဒဏ်မှ ကြာရှည်မလုံခြုံတော့သဖြင့် ၎င်းတို့၏ စုဆောင်းငွေများဖြင့် နောင်နှစ်တွင် အိမ်ကိုပြန်ဆောက်ရန် မျှော်လင့်ထားကြသည်။ သက်ငယ်မိုးကိုလည်း သွပ်မိုးဖြင့်အစားထိုးရန် ရည်ရွယ်ထားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်သည့် အမှုအကျင့်များကိုလည်း ထပ်မံ၍လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ရန် ၎င်းတို့က စီစဉ်ထားပြီး ပို၍ အမြတ်များသော ဝင်ငွေရလမ်းကြောင်းများတွင် ရင်းနှီးမြှုပ်နှံရန် စဉ်းစားထားသည်။ ၎င်းတို့နှင့် အတူနေထိုင်သော တူမကလည်း တစ်ချိန်ချိန်တွင် အခြားနေရာ၌ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်လိုသည်ဟုဆိုပါသည်။ အမြဲတမ်းလုပ်သားများအပေါ် မှီခိုနေရမှုကိုလျှော့ချရန် လယ်ထွန်စက်တစ်စီး ဝယ်ယူနိုင်ရေးကို ၎င်းတို့က မျှော်လင့်နေသည့်အပြင် ရေရှည်အတွက် နေအိမ်ရှေ့တွင် လက်ဖက်ရည်နှင့် အဆာပြေမုန့်များ ရရှိနိုင်သော လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ လက်ဖက်ရည်ဆိုင်သည် ခေါက်ဆွဲသုတ်၊ ထမင်းကြော်နှင့် မုန့်ဟင်းခါးဆိုင်ထက်ပို၍ ဝင်ငွေကောင်းမည်ဟု မျှော်လင့်ထားသည်။ ထို့ပြင် ညီအစ်မများအသက်အရွယ်ကြီးရင့်လာပါကလည်း အထောက်အကူဖြစ်မည်ဖြစ်သည်။ နောက်ဆုံးတွင် တူမက ရွာမှထွက်ခွာသွားပြီး ရန်ကုန်တွင်အလုပ်ရှာရန် မျှော်လင့်ထားသည်။ မြို့ကြီးပြကြီးတွင်နေရသော ဘဝသည် ပိုမိုဆွဲဆောင်မှုရှိပြီး သက်သောင့်သက်သာဖြစ်မည်ဟု တူမဖြစ်သူကယူဆထားသည်။ ထိုအချိန်တွင်ညီအစ်မများ လက်ဖက်ရည်ဆိုင်ဖွင့်ရန် စုဆောင်းငွေလုံလောက်မှုမရှိသေးပေ။ မည်သို့ပင်ဖြစ်စေ၎င်းတို့သည် အကောင်းမြင်ဝါဒရှိကြပြီး လက်ဖက်ရည်ဆိုင်များတွင်ရောင်းချသည့် မုန့်များကို မည်သို့ ပြုလုပ်ရမည်ကို လေ့လာခြင်းဖြင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းသစ်အတွက် ကြိုတင်ပြင်ဆင်စပြုနေပြီဖြစ်သည်။

> “ ကျွန်မတို့ ငွေအလုံအလောက်စုပြီးရင် လက်ဖက်ရည်ဆိုင်ဖွင့်မှာပါ။ (ကျွန်မတို့) ရွာရဲ့ တကယ့်ကို ပထမဆုံးလက်ဖက်ရည်ဆိုင်ဖြစ်လာပြီး ကြီးမားတဲ့အောင်မြင်မှုဖြစ်လာမှာပါ” ဟု ညီအစ်မတစ်ဦးကပြောပြသည်။

**၃-ပိုင်ဆိုင်ပစ္စည်းများနှင့် စုဆောင်းထားမှုကို တစ်ပေါင်းတည်းပြုစုခြင်း**

ပြင်းထန်သောထိခိုက်မှုများ ပိုမိုသက်သာလျော့ပါးလာစေရန် စုဆောင်းခြင်းများပြုလုပ်လာကြသော်လည်း အိမ်ထောင်စုများသည် စုဆောင်းသည့်နည်းလမ်းများ ကွဲပြားနေပေသည်။ အချို့ကျေးရွာများတွင် NGO များက ဆောင်ရွက်နေသော စနစ်များ၊ လည်ပတ်နေသော ရန်ပုံငွေများနှင့် စပါးဘဏ်တို့ကဲ့သို့သော စုဆောင်းမှုစနစ်သစ်များကို မိတ်ဆက်ခြင်းဖြင့် ဆင်းရဲသောအိမ်ထောင်စုများပင် လိုအပ်လျှင်သုံးစွဲရန် အရင်းအနှီးများကိုချန်လုပ်လာခဲ့သည်။ သို့သော်စုဆောင်းရာ၌ အသုံးအများဆုံးနည်းလမ်းများမှာ အိမ်တွင်ပင် ငွေအဖြစ် လျင်မြန်စွာပြောင်းလဲနိုင်သော ရွှေသို့မဟုတ် ကျောက်မျက်ရတနာကဲ့သို့သောပစ္စည်းများအပြင် မွေးမြူရေးတိရိစ္ဆာန်များကိုသာ စုဆောင်းထားဆဲပင်ဖြစ်သည်။  ထိုကဲ့သို့ စုဆောင်းခြင်းမျိုးသည် နောင်တစ်ချိန်တွင်ဖြစ်ပေါ်လာနိုင်သော ပြင်းထန်သောထိခိုက်မှုများကို လက်သင့်ခံနိုင်ရေးဆောင်ရွက်မှုများထက် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လိုက်လျောညီထွေဖြစ်အောင်ပြောင်းလဲရန် အိမ်ထောင်စုများက အခြေခံအနေဖြင့် အသုံးပြုကြသည်ဟု ကွင်းဆင်းသုတေသနပြုလုပ်မှုများက တင်ပြခဲ့သည်။ ဥပမာ - သုတေသီများသည် QSEM ကျေးရွာအနည်းငယ်တွင် ကိုမန်ဆိုင်ကလုန်းနှင့်ဆက်စပ်သော ရေလွှမ်းမိုးမှု ကျရောက်ခဲ့ပြီးနောက်လက်သင့်ခံနိုင်ရေးဆောင်ရွက်မှုများအတွက် စုဆောင်းမှုများကို သုံးစွဲသော အိမ်ထောင်စုအနည်းငယ်ကိုသာ တွေ့ရှိခဲ့ရပါသည်။

ဘေးအန္တရာယ်တစ်ခုခုကျရောက်သည့်အခါ ထိရောက်စွာကာကွယ်နိုင်ကြသော အိမ်ထောင်စုများသည် ယခင်က ပြင်းထန်သောထိခိုက်မှုကြုံခဲ့ဖူးကြသူများ ဖြစ်ကြသည်။ လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှု သုတေသနက စုဆောင်းမှုပုံစံများနှင့် ပတ်သက်ပြီး သုတေသနပြုလုပ်သူများအတွက် ပို၍ထဲထဲဝင်ဝင်သဘောပေါက် နားလည်နိုင်စေခဲ့သည်။ အဆိုပါသုတေသနတွင် လေ့လာခဲ့သော အိမ်ထောင်စုများစွာတို့သည် ယခင်က ကျန်းမာရေးနှင့်ပတ်သက်ပြီး ကြီးမားသည့်ပြင်းထန်သောထိခိုက်မှုများကို ကြုံတွေ့ခဲ့ကြရပြီး အနာဂတ်တွင် ပြင်းထန်သောထိခိုက်မှုများကိုကျော်လွှားနိုင်ရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် သတိကြီးစွာ စုဆောင်းမှုများပြုလုပ်ကြကြောင်းတွေ့ရှိရပါသည်။

**၄-စုပေါင်းဆောင်ရွက်သည့် ငွေကြေးလည်ပတ်ရေး ယန္တရားစနစ်များမှ ထုတ်ယူဆောင်ရွက်ခြင်း**

ယခင် QSEM အစီရင်ခံစာများ၊ အထူးသဖြင့် တတိယအကြိမ်နှင့်စတုတ္ထအကြိမ်အစီရင်ခံစာတို့တွင် စုပေါင်းသုံးစနစ်များက အိမ်ထောင်စုများအနေဖြင့် ပြင်းထန်သောထိခိုက်မှုများကို ကောင်းစွာဖြေရှင်းရာတွင်မည်သို့အထောက်အကူပြုသည်ကို အလေးပေးဖော်ပြခဲ့ပါသည်။ ထိုစနစ်များတွင်သောက်သုံးရေနှင့် ဆည်ရေသယ်ခြင်းတို့ကဲ့သို့သော အရေးကြီးသည့် သဘာဝရင်းမြစ်များရရှိရေးနှင့် ခွင့်ပြုရေးတို့အားစီမံခန့်ခွဲပေးသည့် ကျေးရွာအဖွဲ့အစည်းများပါဝင်သည်။ စားနပ်ရိက္ခာပြတ်လတ်မှုကို များသောအားဖြင့် ကြုံတွေ့ရလေ့ရှိသော ဧရိယာများတွင် စပါးစုဘဏ်များပေါ်ထွက်လာမှုကို ထိုအစီရင်ခံစာများတွင် ဖော်ပြခဲ့ကြသည်။ ထို့ပြင်ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများပေးသော အဖွဲ့အစည်းများနှင့် ဘာသာရေးအုပ်စုများ၏ အခန်းကဏ္ဍကိုလည်း အစီရင်ခံခဲ့ကြသည်။ ယခင် သုတေသနများမှ အနည်းငယ်မျှသာ အပြောင်းအလဲရှိသော QSEM-6 တွင်လည်း အလားတူစနစ်များကိုဖော်ပြခဲ့သည်။

**လက်သင့်ခံနိုင်ရေးနှင့်လိုက်လျောညီထွေရှိစေရေး ဆောင်ရွက်မှုများကို အိမ်ထောင်စုများက မည်သို့ဆောင်ရွက်ကြသနည်း။**

လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာလေ့လာမှုသုတေသနတစ်ခုတွင် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုတစ်စုသည် ပြဿနာကိုမည်သို့ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို လေ့လာကြည့်လျှင်လက်သင့်ခံရေးနှင့်လိုက်လျောညီထွေရှိစေရေး နည်းဗျူဟာ (၂)မျိုးစလုံးကို အသုံးပြုခဲ့ကြောင်း တွေ့ရသကဲ့သို့ကျား။မဖော်ပြချက်ဆိုင်ရာ အတားအဆီးများသည် အသက်မွေးဝမ်းကျောင်းပြုမှု များကို အကန့်အသတ်ဖြစ်စေနိုင်ကြောင်းလည်း တွေ့ရှိရသည်။ ဤဖြစ်ရပ်သည် ဧရာဝတီတိုင်းဒေသကြီးရှိဆန်စပါးစိုက်ပျိုးသော ကျေးရွာတစ်ရွာမှ ချမ်းသာကြွယ်ဝသော အိမ်ထောင်စုတစ်စု၏ ဖြစ်ရပ်ဖြစ်ပြီး ပြင်းထန်သောထိခိုက်မှုကြီးနှစ်ခု (၂၀၀၈ ခုနှစ် နာဂစ်ဆိုက်ကလုန်းမုန်တိုင်းနှင့် ၂၀၀၉ ခုနှစ်တွင် မိသားစုဝင်တစ်ဦး၏ ကင်ဆာရောဂါကိုကုသရခြင်း) နှင့် ကြုံတွေ့ရသောအခါ ၎င်းအိမ်ထောင်စုသည် ပိုင်ဆိုင်မှုအားလုံးနီးပါးဆုံးရှုံးသွားခဲ့ရသည်။ သို့ရာတွင် အခြားသော ဝင်ငွေရလမ်းကြောင်းများ ဆက်လက်ရှိနေရုံမက ကောင်းမွန်သော လူမှုရေးကွန်ရက်များလည်း ရှိပြီး မိုခိုသူနည်းပါးသဖြင့် ချွေတာသုံးစွဲခြင်း၊ အကြွေးများပြန်လည်ပေးဆပ်ခြင်း၊ လက်ရှိဝင်ငွေများအား အခြားဝင်ငွေလမ်းကြောင်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းခြင်းတို့ဖြင့် ၎င်းတို့၏ဘဝကို တဖြည်းဖြည်းချင်းပြန်လည်တည်ဆောက်လာနိုင်ခဲ့သည်။ သုတေသနပြုလုပ်ချိန်တွင် ၎င်းတို့က

ငွေကြေးများ စုဆောင်းနိုင်ခဲ့ရုံသာမက ၎င်းတို့၏အိမ်ကိုလည်း သဘာဝဘေးဒဏ်ခံနိုင်စေရန် ပြုပြင်မွမ်းမံရန် ပြင်ဆင်လျက်ရှိပြီး ဝင်ငွေရလမ်းကြောင်းများကိုလည်း ပိုမိုချဲ့ထွင်လျှက်ရှိသည်။ ရံဖန်ရံခါ ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများမှာ ကျား/မဆိုင်ရာ အတားအဆီးများကြောင့် အဟန့်အတားဖြစ်စေသော်လည်း ၎င်းတို့ကသင့်တင့်မျှတစွာ တုံ့ပြန်ခဲ့ကြသည်။

**အချို့အိမ်ထောင်စုများသည် ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို အဘယ်ကြောင့် အခြားအိမ်ထောင်စုများထက် ပို၍ ကောင်းမွန်စွာဖြေရှင်းနိုင်စွမ်းရှိကြသနည်း။**

အချို့အိမ်ထောင်စုများကပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကို အခြားအိမ်ထောင်စုများထက် ပိုမိုခိုင်မာသည့် ဖြေရှင်းနိုင်စွမ်းများရှိကြသည်ဆိုခြင်းကို QSEM အချက်အလက်များက တိကျသည့် ခွဲခြမ်းစိတ်ဖြာမှုမပြုနိုင်ပါ။ သို့ရာတွင် ချမ်းသာကြွယ်ဝမှုအဆင့် သတ်မှတ်မှုများအတွင်း “ချမ်းသာသော”၊ “အလယ်အလတ်တန်းစား”၊ “ဆင်းရဲသော” သို့မဟုတ် “အဆင်းရဲဆုံးဖြစ်သော” ဟူ၍ အိမ်ထောင်စုများ၏ စရိုက်လက္ခဏာဆန်းစစ်မှုတစ်ခုမှ ပိုမိုကျယ်ပြန့်သောရှာဖွေတွေ့ရှိချက်များကို အထက်ပါဖြစ်ရပ်အလိုက်လေ့လာမှုတွင် ဖော်ပြထားပါသည်။ ၎င်းတို့၏ အောင်မြင်စွာဖြေရှင်းသော နည်းဗျူဟာများနှင့် ချမ်းသာကြွယ်ဝမှုအချိုးအစားနှိုင်းယှဉ်မှုမှ အိမ်ထောင်စု၏ အချို့သောစရိုက်လက္ခဏာများသည် အဓိကကျကြောင်းတွေ့ရှိရသည်။ ယင်းကို သာဓက-၃ ရှိ အိမ်ထောင်စုဖြစ်ရပ်လေ့လာမှုတွင် ရှင်းလင်းထင်ရှားစေခဲ့ပြီးဖြစ်သည်။

**အဆိုပါ ဖော်ပြချက်များအနက် အရေးကြီးဆုံးသော ခိုင်မာသည့် အခြေခံပိုင်ဆိုင်မှုမှာ မြေယာပင်ဖြစ်သည်။** အိမ်ထောင်စု၏ ချမ်းသာကြွယ်ဝမှုအတွက် မြေယာ၏အရေးပါမှုသည်ချမ်းသာကြွယ်ဝမှုသတ်မှတ်မှုများတစ်လျှောက် ကိုက်ညီမှုရှိနေကြပါသည်။ ဥပမာ -ဖြစ်ရပ်လေ့လာသော အိမ်ထောင်စုသည် ဆိုင်ကလုန်းမုန်တိုင်းအတွင်း ၎င်းတို့၏အခြားပိုင်ဆိုင်ပစ္စည်းအများစုဆုံးရှုံးသွားခဲ့သော်လည်း မြေယာဆုံးရှုံးခြင်းမရှိခဲ့သဖြင့် ယခင်က စုဆောင်းထားခဲ့သော ဘဲဥရောင်းရငွေအနည်းငယ်ဖြင့် အဆိုပါမြေတွင် ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်ခဲ့သည်။ မြေယာကြောင့် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိခဲ့သည်။ ချမ်းသာကြွယ်ဝမှုနှင့် ပြဿနာများကြားသို့မဟုတ်အတိအကျဆိုရလျှင်ချမ်းသာကြွယ်ဝမှုနှင့် ကြံ့ကြံ့ခံနိုင်မှုကြားရှိ ဆက်နွယ်မှုသည် အပြည့်အဝ ထပ်တူကျတူညီနေသည်တော့ မဟုတ်ပေ။ (QSEM-6 တွင် ချမ်းသာကြွယ်ဝမှုအဆင့် သတ်မှတ်ရေး၌ ပါဝင်သူများက ချမ်းသာသော အိမ်ထောင်စုများသည်ရာသီဥတုကြောင့် ပြင်းထန်သောထိခိုက်မှုများတွင် စွန့်စားရမှုပိုမိုများသည်ဟု မှတ်ချက်ပြုထားသည်။)[၂၇] မည်သို့ပင် ဖြစ်စေ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများအတွင်းရှိ မြေယာပိုင်ဆိုင်သော ဤမိသားစုနှင့် အခြားမိသားစုများသည် ပြင်းထန်သောထိခိုက်မှုများမှ ကာလရှည်တစ်ခုအတွင်း ပြန်လည်နာလန်ထူနိုင်စွမ်း ရှိခဲ့ကြသည်။

**ထိုအိမ်ထောင်စု၏ လူဦးရေဆိုင်ရာကိန်းကဏန်းများအပြင်** စီးပွားရေးပုံစံမျိုးစုံမှ ဝင်ငွေရရှိခြင်းက ပြဿနာရပ်ဖြစ်ပွားပြီးနောက် ပြန်လည်နာလန်ထူနိုင်ရန် အထောက်အကူပြုလေသည်။ လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာလေ့လာမှုသုတေသနတွင်ပါဝင်သော အထက်ပါမိသားစု၌ မှီခိုသူမရှိပေ။ မိသားစုဝင် သုံးဦး၊ တစ်ခါတစ်ရံလေးဦးရှိပြီး မိသားစုဝင်များမှာလည်း အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိကြကာ ပြဿနာများဖြစ်ပေါ်ပြီးနောက်ပိုင်း မတူညီသည့် ဝင်ငွေရလမ်းကြောင်းများကို စီမံခန့်ခွဲနိုင်ကြသူများဖြစ်ကြသည်။ မိသားစုဝင်တစ်ဦး နာမကျန်းဖြစ်လာသောအခါ မိသားစုတစ်ခုလုံး ဒုက္ခခံစားကြရသော်လည်း ဝင်ငွေရအောင် ရှာဖွေနိုင်သော မိသားစုဝင်သုံးဦး ကျန်ရှိနေသည်။ ထိုဖြစ်ရပ်သည် ချမ်းသာကြွယ်ဝမှုအဆင့် သတ်မှတ်ရာတွင် တွေ့ရှိချက်များနှင့် ကိုက်ညီနေသည်။ ထိုသတ်မှတ်မှုများတွင် အိမ်ထောင်စု၏ လူဦးရေဆိုင်ရာအရေအတွက် ပြောင်းလဲခြင်းသည် “ချမ်းသာသော” သို့မဟုတ် “အလယ်အလတ်တန်းစား”ဟု လူများက သတ်မှတ်မှုနှင့် ဆက်နွယ်ခြင်းမရှိပေ။ သို့ရာတွင် အိမ်ထောင်စုလူဦးရေဆိုင်ရာ အရေအတွက် ပြောင်းလဲခြင်းသည် ဆင်းရဲသော၊ သို့မဟုတ် ဆင်းရဲသားများအနက် အဆင်းရဲဆုံးဟုသတ်မှတ်သော အိမ်ထောင်စုများ၏ အသွင်လက္ခဏာအဖြစ် အများဆုံးကိုးကားကြသည်။ ထိုအုပ်စုများအား အလုပ်လုပ်နိုင်သော မိသားစုဝင်မရှိခြင်း၊ သို့မဟုတ် အနည်းငယ်ရှိခြင်းအပြင် ကျွေးမွေးရမည့်

---

၂၇ အလားတူလှုပ်ရှားမှုမျိုးများသည် နာဂစ်ဆိုက်ကလုန်းအပြီးပြုလုပ်သော နာဂစ်အလွန်လူမှုရေးထိခိုက်မှုစောင့်ကြည့်လေ့လာရေး သုတေသနများတွင်ဆောင်ရွက်ခဲ့သည်။ လယ်သမားများ၏ လုပ်ဆောင်ချက်တစ်ရပ်အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆက်စပ်သောရည်ရွယ်ချက်အမျိုးမျိုးဖြင့် ချေးငွေများထုတ်ယူခဲ့ရာ ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်အဖြစ်သီးနှံများပျက်စီးဆုံးရှုံး၍ ကြွေးတင်လာခဲ့ကြသည်။ ဥပမာ - (ပညာအလင်းပွင့် မြန်မာ့သုတေသနဖောင်ဒေးရှင်း GFDRR၊ ကမ္ဘာ့ဘဏ်အုပ်စု၊ ၂၀၁၄)ကို ကြည့်ပါ။

ပါးစပ်ပေါက်များစွာရှိခြင်းတို့ဖြင့် သတ်မှတ်ကြသည်။ ထိုအုပ်စုများတွင် သက်ကြီးရွယ်အို၊ သို့မဟုတ် မသန်စွမ်းသော မိသားစုဝင်များ၊ သို့မဟုတ် ကလေးငယ်များ ရှိကြပြီး အလုပ်လုပ်နိုင်သော အရွယ်ရောက်သူ မရှိသည့် မိသားစုများ ဖြစ်လေ့ရှိကြသည်။ အထက်တွင် ဖော်ပြသကဲ့သို့ ထိုအမျိုးအစားတွင် ပါဝင်သော အိမ်ထောင်စုများသည် ၎င်းတို့ အသက်အိုးအိမ်စည်းစိမ်ကို အသုံးမပြုဘဲ ပြဿနာများကို ပြေလည်အောင် ဆောင်ရွက်နိုင်စွမ်း အလွန်နည်းပါးကြသည်။ ဝင်ငွေရလမ်းကြောင်းများ ခွဲထွက်စေခြင်းကလည်း အဓိကကျသည်။ ဖြစ်ရပ်အလိုက်လေ့လာထားသော မိသားစုသည်ပြင်းထန်သော ထိခိုက်မှုဆိုးကျိုး၏ မတူညီသောအဆင့်များနှင့် အတူ ဝင်ငွေရလမ်းကြောင်းများရှိနေသည်။ အကြောင်းရင်းတစ်ခုမှာ ဝင်ငွေရလမ်းကြောင်း တိုးပွားလာရန် ၎င်းတို့က စဉ်းစားဆုံးဖြတ်ကြခြင်းပင်ဖြစ်သည်။

**လူမှုအရင်းအနှီး** (social capital) **သည်လည်း အရေးကြီးသည်။** ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ရေး အထောက်အထားများက အိမ်ထောင်စုချမ်းသာကြွယ်ဝမှုကိုသိရှိစေရန် လူမှုအရင်းအနှီးနှင့် အခြားလူမှုရေး ဆိုင်ရာအချက်အလက်များ၏ အရေးကြီးမှုကို ဖော်ထုတ်ထားသည်။ ကျေးရွာအစည်းအဝေးများတွင် ပါဝင်ဆွေးနွေးခြင်းမပြုသူများ၊ သို့မဟုတ် ရပ်ရေးရွာရေးကိစ္စများမှ ဝိုင်းပယ်ခံထားရသူများကို အဆင်းရဲဆုံး မိသားစုများဟု ယူဆထားကြကြောင်း အစီရင်ခံကြသည်။ ဖြစ်ရပ်အလိုက်လေ့လာထားသော မိသားစုတွင် ခိုင်မာသော လူမှုရေးကွန်ရက်များနှင့် ၎င်းတို့အား ပုဂ္ဂလိကငွေချေးသူများက များပြားလှသော အတိုးနှုန်းဖြင့် ငွေချေးမှုကို ရှောင်ကြဉ်စေနိုင်ပြီး ၎င်းတို့ကို ငွေချေးငှားမည့် မိသားစုဝင်များ ရှိကြသည်။

**အမူအကျင့်များကလည်း အဓိကကျသည်။** လေ့လာထားသော မိသားစုတွင် ပိုင်ဆိုင်မှုများ၊ အလုပ်လုပ်နိုင်သော မိသားစုဝင်များ၊ အိမ်ထောင်စုတွင်းရနေသော ဝင်ငွေရလမ်းကြောင်းများနှင့် ခိုင်မာသော ပုဂ္ဂိုလ်ရေးရင်းနှီးမှုများ ရှိနိုင်သလို ဆုံးဖြတ်ချက်များအတူတကွ ချမှတ်နိုင်စွမ်း၊ (ညီအစ်မတစ်ဦးချင်းစီသည် မတူညီသော ဝင်ငွေရလမ်းကြောင်းတစ်ခုစီကို ဦးဆောင်ကြသကဲ့သို့) လက်တွေ့စမ်းသပ်နိုင်စွမ်းနှင့် ဝင်ငွေရလမ်းကြောင်းသစ်များ ဖန်တီးနိုင်စွမ်းအပြင် ၎င်းတို့၏ အနာဂတ် ရေရှည်သက်သာချောင်ချိမှုအတွက် စဉ်းစားစီစဉ်နိုင်စွမ်းလည်း ရှိကြသည်။ ထိုအချက်များက ၎င်းတို့အိမ်ထောင်စု၏ အမူအကျင့်များကို ထင်ဟပ်လျက်ရှိသည်။ ထိုအပြုအမူ များမှာ ၎င်းတို့သည် ခြိုးခြံစွာနေထိုင်၍စုဆောင်းကြသည်။ ငွေကြေးမြောက်မြားစွာ ချေးငှားခြင်း၏ အကျိုးအပြစ်များကို သိမြင်ကြသည်။ သူတို့က အိုးအိမ်အတွက် ရင်းနှီးမြှုပ်နှံကြသည်။ ထို့ပြင် အနာဂတ်တွင် ပေါ်လာနိုင်သည့် ပြင်းထန်သော ထိခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်ထားကြသည်။ ၎င်းတို့သည် ထိခိုက်နစ်နာစေသော အပြုအမူများလည်းမရှိကြပေ။ အခြားသော အချို့မိသားစုများနှင့်နှိုင်းယှဉ်လျှင် ၎င်းတို့က အရက်သောက်ခြင်း၊ လောင်းကစားခြင်းများ မပြုကြပေ။ သို့မဟုတ် ၎င်းတို့၏ ပိုင်ဆိုင်မှုများအား အကျိုးမဖြစ်သော အခြားကိစ္စများတွင် ထည့်ဝင်အသုံးမပြုကြပေ။



# အခန်း(၄) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေသော အကြောင်းရင်းများ

QSEM သုတေသနစတင်ကတည်းက ကျေးလက်ဒေသစီးပွားရေးနှင့် မူဝါဒရေးရာ အခင်းအကျင်းတို့၏ နောက်ခံအကြောင်းအရာသည် ပြောင်းလဲတိုးတက်လျက်ရှိသည်။ ချေးငွေရရှိမှုမှာ မြင့်တက်လျက်ရှိသည်။[၂၈] မြေယာမှတ်ပုံတင်မှုက လယ်သမားများအတွက် တရားဝင်မြေယာ အသုံးပြုခွင့်များကို စတင်ဖြည့်ဆည်းပေးလျက်ရှိသည်။ ဆက်သွယ်ရေးစနစ် ရရှိသုံးစွဲနိုင်မှုက လျင်မြန်စွာ ကျယ်ပြန့်လာလျက်ရှိသည်။ အဆိုပါ ပြောင်းလဲမှုများတွင် လူပေါင်းများစွာအနေဖြင့် ၎င်းတို့၏ ကုန်ထုတ်စွမ်းအား တိုးတက်စေရန်၊ သို့မဟုတ် လယ်ယာစိုက်ပျိုးရေးမဟုတ်သော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်စေရန်၊ သို့မဟုတ် ရွှေ့ပြောင်းလုပ်ကိုင်စေရန် အလားအလာ ရှိလာစေသည်။ ဤအခန်းတွင် ထိုသို့သော ပြောင်းလဲမှုများက QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများအပေါ် မည်သို့ထင်ဟပ်သည်ကို တင်ပြထားပါသည်။

## ချေးငွေရရှိမှု

**ပြည်နယ်များနှင့် တိုင်းဒေသကြီးများအားလုံးတွင် အတိုးနှုန်းနည်းပါးသော အစိုးရချေးငွေများ ရရှိမှု မြင့်တက်လျက်ရှိသည်။** [၂၉] ယခုအခါ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများအားလုံးနီးပါးတွင် ထိုသို့သော အစီအစဉ်များရရှိကြပြီး အိမ်ထောင်စုများမှာ ယခင်ကထက် ပိုမိုများပြားသည့်ပမာဏကို ချေးငှားနိုင်ကြသည်။ ကွင်းဆင်းသုတေသနပြုချိန်တွင် အချို့အစီအစဉ်များအတွက် ချေးငွေပြန်ဆပ်ရမည့် အချိန်ကာလသည် စတင်ခြင်းပင်မရှိသေးသဖြင့် ချေးငွေပိုမိုရရှိမှုသည် လူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို ပြောပြရန် စောလွန်းနေခဲ့ပါသည်။ သို့ရာတွင် ပုဂ္ဂလိကချေးငွေရင်းမြစ်များကို အစားထိုးရန် အတိုးနှုန်းနည်းသောချေးငွေရင်းမြစ်များ စတင်ဆောင်ရွက်လျက်ရှိသည့် သာဓကအချို့ရှိခဲ့ပါသည်။

## အစိုးရချေးငွေ အရင်းအမြစ်များ

**၂၀၁၄ ခုနှစ် အစောပိုင်းက ပြုလုပ်ခဲ့သော QSEM-4 ကတည်းက QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် အစိုးရချေးငွေရရှိမှုမြင့်တက်လျက်ရှိသည်။ အဆိုပါချေးငွေ၏အဓိကအရင်းအမြစ် သုံးခုရှိသည်။**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) သည် ဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်ရာတွင် စောစီးစွာဦးဆောင်သည့်ဘဏ်ဖြစ်ပြီး အစိုးရချေးငွေ အကျယ်ပြန့်ဆုံးရရှိနိုင်သော အရင်းအမြစ်လည်းဖြစ်သည်။ ၎င်းသည် QSEM ကျေးရွာ သုံးပုံနှစ်ပုံနီးပါးတွင်တည်ရှိနေသည်။ ထိုချေးငွေကို မြေယာအသုံးပြုခွင့်သက်သေခံလက်မှတ် (LUC သို့မဟုတ် ပုံစံ-၇)ရှိသည့် မြေပိုင်များသာ ရရှိအသုံးပြုနိုင်သည်။

သမဝါယမချေးငွေအစီအစဉ်ကို သမဝါယမဝန်ကြီးဌာနက စီမံခန့်ခွဲပြီး မူလအခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက် ကျေးရွာသမဝါယမအသင်းများသို့ အတိုးနှုန်းနည်းနည်းဖြင့် ထုတ်ချေးသည်။

မြစ်မ်းရောင် ချေးငွေစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) က စီမံခန့်ခွဲပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ကာဝင်ငွေများ မြင့်တက်လာစေခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးရန် ရည်ရွယ်သည်။ ၎င်းက ကျေးရွာများသို့ ငွေတစ်လုံးတစ်ခဲတည်း ထုတ်ချေးပေးသည်။ ထို့နောက် ကျေးရွာကော်မတီများက ဒေသန္တရ ရရှိသုံးစွဲမှု၊ ချေးငွေပမာဏ ပြန်လည်ပေးဆပ်ရမည့်နည်းလမ်းများကို ဆုံးဖြတ်ပေးသည်။


## ချေးငွေရရှိစေရာတွင် ဆုံးဖြတ်ပေးသည့် အကြောင်းအရာများ

**QSEM ဆောင်ရွက်ခဲ့သည့်ကျေးရွာများရှိ အိမ်ထောင်စုများက အစိုးရချေးငွေကို ရသင့်-မရသင့် ဆုံးဖြတ်သော အကြောင်းအရာတစ်ခုမှာ ထိုချေးငွေအစီအစဉ်က ၎င်းတို့၏ ကျေးရွာကို**

---

[၂၈] ဤအကြိမ်သုတေသနအတွင်း QSEM ကျေးရွာများရှိ လူများက NGO သို့မဟုတ် အသေးစားချေးငွေလုပ်ငန်းကို ၎င်းတို့မည်သို့ အသုံးပြုပုံတွင် ပြောင်းလဲမှုများကို အစီရင်ခံခြင်းမရှိကြပါ။ ရလဒ်အဖြစ် အဆိုပါချေးငွေပုံစံများနှင့်ပတ်သက်၍ ဤအခန်းတွင် ဆွေးနွေးရန် အကန့်အသတ် ဖြစ်စေသည်။

ပုံ (၈) အစိုးရချေးငွေရရှိသုံးစွဲသော ကျေးရွာများ၏အချိုးအစား၊ QSEM 4-6




ဇယား (၅) အစိုးရချေးငွေအစီအစဉ်များ၏အကျဉ်းချုပ်နှင့်အမြင်ရှုထောင့်များ

| | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | သမဝါယမဝန်ကြီးဌာနချေးငွေအစီအစဉ် | မြစိမ်းရောင်ချေးငွေအစီအစဉ် |
|---|---|---|---|
| သုတေသနအကြိမ်များ တစ်လျှောက်အစိုးရချေးငွေ အစီအစဉ်များရှိသော QSEM ကျေးရွာများ အရေအတွက် | QSEM-၆။ ၄၁/၆၂ ကျေးရွာ (ပြည်နယ်၊တိုင်း ၇ ခု)<br><br>QSEM-5။ ၃၈/၅၄ ကျေးရွာ (ပြည်နယ်၊တိုင်း ၆ ခု) | QSEM-၆။ ၃၀/၆၂ ကျေးရွာ (ပြည်နယ်၊တိုင်း ၆ ခု)<br><br>QSEM-၅။ ၁၉/၅၄ ကျေးရွာ | QSEM-၆။ ၁၁/၆၂ ကျေးရွာ (ပြည်နယ်၊တိုင်း ၄ ခု)<br><br>QSEM-၅။ ၄/၁၄ ကျေးရွာ |
| ရရှိမှု | မြေယာပိုင်ဆိုင်မှုနှင့် LUC ပိုင်ဆိုင်မှုအပေါ် မူတည်၍ လယ်သမားများသာရရှိမှု။<br><br>အုပ်စုအာမခံချက်ဖြင့် ရရှိသော်လည်း အချို့ ဒေသများတွင် (မကွေး၊ မန္တလေးနှင့် ရခိုင်) အုပ်စုအဖွဲ့ဝင်ကို ၁၀ ဦးမှ ၃ ဦးသို့ လျှော့ချ ပေးခဲ့သည်။ | အစီအစဉ်နှစ်ခု - သမဝါယမဘဏ်အစီအစဉ် အတွက် အုပ်စုအာမခံချက်<br><br>အနည်းဆုံးဒေသတစ်ခုတွင်(မန္တလေးတရုတ် ဘဏ်အစီအစဉ်သည်အုပ်စုအာမခံချက်မလိုဟု ပြောကြားသည်။<br><br>အချို့ကျေးရွာများတွင် သတ်မှတ်ချက်နှင့် ပြည့်စုံမှု ရှိ/မရှိကိုကျေးရွာခေါင်းဆောင်က ဆုံးဖြတ်သည်။ | ချေးငှားသည့်မူများကို ကျေးရွာကော်မတီက ဆုံးဖြတ်သည်။<br><br>အများအားဖြင့် ပြန်လည်ပေးဆပ်ရန်။ အာမခံပစ္စည်း၏တန်ဖိုးပေါ်မူတည်သည်။ (ကျေးရွာ ခုနစ်ရွာ)<br><br>ကျေးရွာတစ်ရွာတွင် တန်းတူညီမျှရရှိပြီး ချေးငွေအရွယ်အစားတူညီသည်။<br><br>ကျေးရွာနှစ်ရွာတွင်တူညီစွာ ရရှိသော်လည်း ပမာဏမှာ ပြန်လည်ပေးဆပ်နိုင်သည့် စွမ်းရည်ပေါ်မူတည်သည်။<br><br>ကျေးရွာတစ်ရွာတွင် အစိုးရအောင်ဘာ လေထီစနစ်ဖြင့် ဆောင်ရွက်သည်။ |

| | | | |
|---|---|---|---|
| အစီရင်ခံသောအသုံးပြုမှု | အဓိကအားဖြင့် မုတ်သုံရာသီအတွင်း လယ်ယာစိုက်ပျိုးရေးသွင်းအားစုများအတွက် အသုံးပြုသည်။<br><br>ပုဂ္ဂလိကငွေချေးသူများသို့ ပေးဆပ်ရန် အသုံးပြုလေ့ရှိသည်။ သို့မဟုတ် ရိတ်သိမ်းချိန်အတွင်း လုပ်အားအာမခံချက်ရရှိရန် ကြိုတင်လုပ်အားခပေးချေသည်။ | ကျယ်ပြန့်သော အသုံးပြုမှု အမျိုးမျိုးတွင် အောက်ပါတို့ပါဝင်သည် -<br><br>ပုဂ္ဂလိက အလှည့်ကျချေးငွေ များအပေါ် မှီခိုအားထားမှု လျှော့ချရန်<br><br>မွေးမြူရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်<br><br>လျှပ်စစ်ဓာတ်အား ဆက်သွယ်ခပေးချေရန် (မန္တလေးရှိကျေးရွာများတွင်)<br><br>အိမ်ထောင်စုအသုံးစရိတ်များကာမိစေရန် | အခြေခံအားဖြင့်ပုဂ္ဂလိကငွေချေးသူများအပေါ် မှီခိုမှုလျှော့ချရန်၊ အိမ်ထောင်စု သို့မဟုတ် စိုက်ပျိုးရေးလိုအပ်ချက်များ အဆင်ပြေစေရန် အသုံးပြုသည်<br>ကချင်တွင် လျှပ်စစ်ဓာတ်အားဆက်သွယ်ခ ပေးချေရန်<br><br>နမူနာအနည်းငယ်တွင် အကျိုးဖြစ်ထွန်းသော ပိုင်ဆိုင်ပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံရန် |
| သိရှိသော အကျိုးကျေးဇူးများ | အထူးသဖြင့် အလတ်စားနှင့် အကြီးစား လယ်သမားများအတွက် အခြားရွေးချယ်မှုများနှင့်နှိုင်းယှဉ်လျှင် ချေးငွေပမာဏ အသင့်အတင့် ကြီးမားသည်။<br><br>အားထားရသော ငွေချေးငှားသူ လယ်သမားများသည် MADB နှင့်ဆက်ဆံလေ့ရှိသည်။<br><br>သီနှံအားလုံးအတွက် ချေးငွေပမာဏများသည် အချိန်နှင့်အမျှမြင့်တက်သည်။ | အထူးသဖြင့် တရုတ်ဘဏ်အစီအစဉ်မှ ချေးငွေရရှိသူများအတွက် ချေးငွေပမာဏ မြင့်မားသည်။<br><br>အိမ်ထောင်စု စုဆောင်းငွေ တိုးတက်များပြားလာစေရန် အားပေးသည်။ | အလျော့အတင်းပြုလုပ်နိုင်သော ကျေးရွာပိုင်စနစ်<br><br>ချေးငွေအသုံးပြုမှု သို့မဟုတ် ချေးငွေမည်သူရရှိနိုင်သည် (ဒေသတွင် မှီခိုနေထိုင်သူ) တို့နှင့် ပတ်သက်၍ ပြင်ပအခြေအနေ အနည်းငယ်သာရှိသည်။<br><br>အချို့ကျေးရွာများတွင် အကျိုးဖြစ်ထွန်းသော ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံရန် ချေးငွေပမာဏ လုံလောက်သည်။ (စီးပွားရေးလုပ်ငန်း။ စက်ပစ္စည်း) |
| သိရှိရသော ကန့်သတ်မှုများ | စပါးမှလွဲ၍ အခြားသီးနှံများအတွက် ချေးငွေပမာဏ အလွန်အမင်းနည်းသည်။<br><br>အများပိုင်။ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးရေး သို့မဟုတ် သေးငယ်သော ကုန်းမြင့် လယ်ယာများအတွက် ချေးငွေမရနိုင်ပါ။<br><br>ချေးငွေထုတ်ပေးမှု ကြန့်ကြာသဖြင့် လယ်သမားများသည် ပုဂ္ဂလိက ငွေချေးသူများအား မှီခိုနေရဆဲဖြစ်သည်။<br><br>စီမံခန့်ခွဲမှု ဝန်ထုတ်ဝန်ပိုး များ - အခကြေးငွေများ၊ သယ်ပို့စရိတ်များ၊ ကျေးရွာငွေချေးသူများအား မှီခိုရမှု | အချိန်နှင့်အမျှ အတိုးနှုန်း မြင့်တက်သည်။<br><br>ချေးငွေစည်းကမ်းချက်များတွင် တိုက်တွန်းသော စုဆောင်းမှုများလိုအပ်သည်။<br>အဖွဲ့ဝင်အဖြစ် ဝင်ကြေးကိုအချို့က တာဝန်ကြီးသည်ဟု ယူဆသည်။<br><br>အုပ်စုလိုက် ငွေချေးမှုသည် တစ်ဦးချင်းချေးယူမှုထက်လူကြိုက်နည်းသည်။ | ကျေးရွာအဆင့်တွင် ထုတ်ချေးမှုများသည် တန်းတူညီမျှမှုပြဿနာများကိုဖန်တီးသည်။<br><br>ကျေးရွာများအကြားရှိတန်းတူညီမျှမှု ပြဿနာများ- ချေးငွေပမာဏသည်ကျေးရွာများ၏လူဦးရေအလိုက် ပြောင်းလဲမှုမရှိ<br><br>သုတေသနပြုချိန်တွင် ချေးငွေ ပြန်လည်ပေးဆပ်ချိန် မစေ့ရောက်သေးသော်လည်း ပြန်လည်ပေးဆပ်ရန် တွန်းအားပေးသော ကျေးလက်ဒေသ |

**ဦးတည်ခြင်း ရှိ-မရှိပင်ဖြစ်သည်။** အစိုးရချေးငွေအစီအစဉ် အသီးသီး၌ ပါဝင်ဆောင်ရွက်ရန် ကျေးရွာများအား ရွေးချယ်သည့်နည်းလမ်းတွင် မတူညီကြပေ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေများသည် စိုက်ပျိုးသော သီးနှံအမျိုးအစားပေါ်မူတည်၍ ချေးငွေပမာဏကွဲပြားသည်။ QSEM သုတေသနပြုသည့် ကာလအတွင်းတွင်သမဝါယမချေးငွေအစီအစဉ်သည် အဓိကအားဖြင့် အပူပိုင်းဒေသကို ချဲ့ထွင်ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှစ်ခုစလုံးကို ဇဟိုပြု၍ထုတ်ချေးသည်။ မြစိမ်းရောင် စီမံကိန်းအစဉ်ကမူ မည်သို့ဇဟိုပြု၍ တိုးချဲ့မည်ကို ရှင်းလင်းစွာမသိရပေ။

**အိမ်ထောင်စု၏ ချမ်းသာကြွယ်ဝမှုသည် ချေးငွေရနိုင်-မရနိုင်မှုအပေါ်တွင် သက်ရောက်မှုရှိသည်။** မြို့နယ်အဆင့်ရှိ ပုဂ္ဂလိကနှင့် အစိုးရချေးငွေနှစ်ရပ်စလုံးကို ရရှိသောအိမ်ထောင်စုများကို ပိုမို ချောင်လည်သည့် အိမ်ထောင်စုများအဖြစ် ချမ်းသာကြွယ်ဝမှုအဆင့် သတ်မှတ်သောလုပ်ငန်း ကာလအတွင်း QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ လူများက သတ်မှတ်ကြသည်။ အပေါင်ပစ္စည်းအဖြစ် အသုံးပြုနိုင်သော မြေယာ သို့မဟုတ် အခြားပိုင်ဆိုင်ပစ္စည်းများမရှိသော ပို၍ဆင်းရဲသူများသည် NGO ချေးငွေအစီအစဉ်များပေါ်တွင်ဖြစ်စေ၊ ဧရာဝတီ၊ ရခိုင်နှင့် ရှမ်း ပြည်နယ်ရှိ ကျေးရွာများတွင် ၎င်းတို့၏ လုပ်အားခများကို ကြိုတင်ထုတ်ယူမှုအပေါ်တွင်ဖြစ်စေ မှီခိုကြရသည်။ ဤအချက်သည် ယခင် QSEM သုတေသနအကြိမ်များတွင် တွေ့မြင်ခဲ့ရသော ပုံစံများနှင့် တစ်ထပ်တည်း တူညီနေပါသည်။

**ချေးယူသူများအနေနှင့် မြေယာပိုင်ဆိုင်မှုမလိုအပ်သောသမဝါယမနှင့် EVERGREEN ချေးငွေ အစီအစဉ်များ တိုးချဲ့လာသည့်ကြားမှပင် ပို၍ဆင်းရဲသောနှင့် မြေယာမဲ့သော အိမ်ထောင်စုများ သည် အတိုးနည်းသော အစိုးရချေးငွေရရှိရေးတွင် ကန့်သတ်မှုများကို ဆက်လက်ကြုံတွေ့နေရဆဲ ဖြစ်သည်။** သမဝါယမချေးငွေအစီအစဉ်က အာမခံပစ္စည်းများလိုအပ်သည့်အတွက် ချို့တဲ့သော လူများအတွက် ချေးယူ၍မရနိုင်သည့်သဘောသက်ရောက်နေသလိုဖြစ်နေသည်ဟု QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ တုံ့ပြန်ဖြေကြားသူများကပြောကြားသည်။ အလားတူစွာပင် မြစိမ်းရောင်စီမံကိန်းရှိသော QSEM ကျေးရွာအများစုတွင် ချေးငွေကော်မတီများက ချေးငွေ ရရှိနိုင်သူများအား ဆုံးဖြတ်ရေးမူတစ်ရပ်အဖြစ် လူများ၏ ချေးငွေပြန်လည်ပေးဆပ်နိုင်မှု[၂၉] ကို စဉ်းစားသုံးသပ်ခြင်းကြောင့် ပို၍ဆင်းရဲသောအိမ်ထောင်စုများချေးငွေရရှိနိုင်ရန် ကန့်သတ်သကဲ့သို့ ဖြစ်နေပေသည်။ အဆိုပါကန့်သတ်ချက်ပုံစံများမှာ ယခင် QSEM သုတေသနများတွင် ပါဝင်သည့် အတိုင်း ထင်ဟပ်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ ကျပန်းအလုပ်သမားတစ်ဦးက

> “ အလုပ်သမားတွေအတွက် ချေးငွေမရှိပါဘူး။ ကျွန်တော်တို့အတွက် ဘယ်အဖွဲ့အစည်း ကမှ ချေးငွေမပေးပါဘူး” ဟု ပြောပြခဲ့သည်။

**ကြွေးတင်မည့်အလားအလာကို ပို၍ဆင်းရဲသောအိမ်ထောင်စုများကမနှစ်သက်နိုင်ခြင်းသည်လည်း ချေးငွေမရခြင်း၏ အကြောင်းရင်းတစ်ခု ဖြစ်သည်။**

> “ ကျွန်တော်တို့ အကြွေးယူရမှာကိုကြောက်တယ်။ နေ့စားအလုပ်သမားတွေဆိုတော့ ကျွန်တော်တို့ဝင်ငွေက တစ်နေ့စာပဲရတာ” ဟု ရှမ်းပြည်နယ်မှ ကျပန်းအလုပ်သမား တစ်ဦးက ပြောကြားသည်။

**ကျေးရွာအုပ်ချုပ်ရေးနှင့် လူမှုရေးနှုန်းစံနှုန်းများကလည်း လူများ၏ ချေးငွေရရှိခွင့်ကို တစ်ခါတစ်ရံ ထိခိုက်စေသည်။** အောက်ပါ သာဓက-၄ တွင် ဖော်ပြထားသကဲ့သို့ ထိုအချက်သည် အမျိုးသမီး ဦးစီးသော အိမ်ထောင်စုများအား ရံဖန်ရံခါတွင် ချေးငွေလျှော့ချထုတ်ပေးမှုကိုဖြစ်ပေါ်စေပေသည်။

---

၂၉ အကဲဖြတ်သောမူသည် ဒေသအလိုက် ကွဲပြားခြားနားသည်။ သုတေသနအဖွဲ့သည် မြေပိုင်ဆိုင်မှု၊ အိမ်များ၏ အရွယ်အစားနှင့် ပညာရေး အဆင့်များအပေါ် အခြေခံသော အကဲဖြတ်ကော်မတီများကို တွေ့ခဲ့ရသည်။

သာဓက (၄) အမျိုးသမီးဦးစီးသောအိမ်ထောင်စုများသည် လျှော့ချထားသော ချေးငွေများကိုသာ ရရှိကြခြင်း

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများသည် မြစိမ်းရောင်စီမံကိန်းအရ ၎င်းတို့အတွက် အကျုံးဝင်သော ထုတ်ချေးငွေ၏ ထက်ဝက်ကိုသာရရှိကြကြောင်း သုတေသနပြုလုပ်သူများက တွေ့ရှိခဲ့ရသည်။ ထိုရွာတွင် ချေးငွေများ စီမံခန့်ခွဲရန် နယ်မြေကော်မတီတစ်ရပ်ကိုဖွဲ့စည်းထားသည်။ မည်သည့် ရွာသားမဆို ချေးငွေ ကျပ် ၁၀၀,၀၀၀ နှင့် ၂၀၀,၀၀၀ အကြားရရှိမည်ဟုသိရှိထားသည်။ သို့ရာတွင် ထိုကျေးရွာ၌ အမျိုးသမီးဦးစီးသော အိမ်ထောင်စုများအနေဖြင့် ကျေးရွာသို့ ထည့်ဝင်လှူဒါန်းမှုများတွင် ကင်းလွတ်ခွင့်ပေးထားသည့် ဓလေ့တစ်ခုလည်း ရှိနေသည်။ အချို့ကိစ္စရပ်များတွင် အဆိုပါ အိမ်ထောင်စုများသည် အခြားအိမ်ထောင်စုများ ထည့်ဝင်ကူညီငွေ၏ ထက်ဝက်မျှသာ ထည့်ဝင်ကြရသည်။ နယ်မြေဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမှုများကဲ့သို့ အခြားကိစ္စများတွင် ထိုအိမ်ထောင်စုများအား လုံးဝချန်လှပ်ထားကြသည်။ ထိုသို့ ချန်လှပ်ထားခြင်းသည် ဝိုင်းပယ်ထားခြင်းမဟုတ်သော်လည်း ထိုအိမ်ထောင်စုများက အခြားအိမ်ထောင်စုများကဲ့သို့ ထည့်ဝင်လှူဒါန်းနိုင်စွမ်းမရှိဟု အသိအမှတ်ပြုသည့်နည်းလမ်းပင် ဖြစ်သည်။

သို့ရာတွင် ထိုသို့သော အဓိပ္ပာယ်သက်ရောက်ခြင်းကြောင့် အဆိုပါအိမ်ထောင်စုများအနေဖြင့် ချေးငွေ အစီအစဉ်များမှလည်း လျော့နည်း၍ရရှိစေပါသည်။ ထို့ကြောင့် ယင်းကျေးရွာရှိ အမျိုးသမီးဦးစီးသော အိမ်ထောင်စုများသည် မြစိမ်းရောင်ချေးငွေစီမံကိန်းထံမှ ၎င်းတို့ ချေးယူခွင့်ရှိသောငွေ၏ ထက်ဝက်ကိုသာရရှိခြင်းဖြစ်ပါသည်။ ထိုအချက်သည် အမျိုးသမီးတစ်ဦး၏ စီးပွားချမ်းသာတိုးတက်စေသော ချေးငွေရရှိမည့် အလားအလာကို ကန့်သတ်ထားသလို ဖြစ်နေပါသည်။ လယ်မြေအနည်းငယ်မျှပိုင်ဆိုင်သော အသက် ၅၇ နှစ်ရှိ ထိုမုဆိုးမ လယ်သမားအမျိုးသမီးသည် ကြွေးမြီများပေးဆပ်ရန်နှင့် စိုက်ပျိုးရေးသွင်းအားစုများအတွက် မြစိမ်းရောင်စီမံကိန်းမှ ချေးငွေပမာဏ အပြည့်အဝရရန် အားထားခဲ့သည်။ သို့ရာတွင် ၁၃၅,၀၀၀ ကျပ်သာရရှိခဲ့သဖြင့် ကြွေးဟောင်းတစ်စိတ်တစ်ပိုင်းမျှကိုသာပေးဆပ်နိုင်ခဲ့ရသည်။ ထိုအခြေအနေကို စိတ်ပျက်မိသော်လည်း အဘယ်ကြောင့်ချေးငွေထက်ဝက်ကိုသာရရှိသည်ကို နားလည်သဘောပေါက်ကြောင်း ရည်ညွှန်း၍ သူ၏ စိတ်ပျက်မှုကို တွေ့ဆုံမေးမြန်းမှုတွင် ဖွင့်ဟပြောကြားခဲ့သည်။

> “ကျွန်မအနေနဲ့ မကျေနပ်ပေမယ့်လည်း လက်ခံရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက မုဆိုးမဖြစ်တယ်။ ရပ်ရေးရွာရေးကိစ္စတွေမှာ တစ်ဝက်ပဲထည့်ဝင်ရလို့ ချေးငွေကိုလည်း တစ်ဝက်ပဲရတာပေါ့” ဟု သူမက ပြောပြသည်။

### အိမ်ထောင်စု၏အသုံးစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် ချေးငွေများ၏ သက်ရောက်မှု

**QSEM** ဆောင်ရွက်ခဲ့သည့် ကျေးရွာများစွာတို့တွင် အတိုးသက်သာသော ချေးငွေရင်းမြစ်များ ကျယ်ပြန့်လာသောကြောင့် ပုဂ္ဂလိက ငွေချေးငှားသူများအပေါ် မှီခိုမှု နည်းပါးလာကြသည်။ [၂၀] ထိုအချက်ကို ယခင် QSEM အစီရင်ခံစာများတွင်မှတ်တမ်းတင်ထားခဲ့ပြီး QSEM-6 သုတေသနတွင်လည်း ဆက်လက်မှတ်တမ်းတင်ထားပါသည်။[၂၁] ရှမ်းပြည်နယ်ရှိ အလယ်အလတ်တန်းစား အိမ်ထောင်စုတစ်ခုမှ လယ်သမားတစ်ဦးက “ကျွန်တော်တို့ မြစိမ်းရောင်ချေးငွေစီမံကိန်းက ရရှိတဲ့ချေးငွေကို လယ်ယာအတွက် မျိုးစေ့နဲ့ ဓာတ်မြေသြဇာဝယ်ဖို့ သုံးပါတယ်။ ဒါကြောင့် ငွေတိုးကြီးကြီးယူတဲ့ ပွဲစားတွေကို အားကိုးဖို့မလိုတော့ဘူးပေါ့။ စုဆောင်းထားတဲ့ ငွေတွေနဲ့ အိမ်အတွက် အဓိကလိုအပ်တဲ့ပစ္စည်းတွေအတွက် အသုံးပြုပါတယ်” ဟု မှတ်ချက်ပေးခဲ့သည်။

---

၂၀ လူမှုရေးနှင့် စီးပွားရေး စောင့်ကြည့်လေ့လာမှုသုတေသနသည် ကြွေးမြီနှင့် ချေးငွေအသုံးပြုမှုနှင့်ပတ်သက်၍ အလားအလာများကိုတိုင်းတာရန် သီးခြားပြုလုပ်ခြင်းမဟုတ်ပါ။ ကြွေးမြီအဆင့်များနှင့် အိမ်ထောင်စုများကအသုံးပြုသော ချေးငွေရင်းမြစ်များကို တိကျစွာသိရှိရန်မလွယ်သည့်ပြင် နှစ်တစ်လျှောက် ပုံစံတစ်သမတ်တည်း မတူညီကြပါ။ ဖော်ပြထားသောကာလ၏ မည်သည့်အချိန်တွင်မဆိုပေးထားသည့် အဆိုပါသတင်းအချက်အလက်သည် ကြွေးမြီ သို့မဟုတ် ချေးငွေကိစ္စရပ်အားလုံးကို တိကျစွာထင်ဟပ်မည်မဟုတ်ပါ။

၂၁ QSEM-5၊ စာ-၃၉။

**ချေးငွေကြောင့် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်နိုင်စွမ်းရှိ-မရှိသည် အဆိုပါ ချေးငွေကို အတိုးနှုန်းထက်သာလွန်သော အကျိုးအမြတ်ပြန်လည်ရရှိစေမည့် ရေရှည်ရင်းနှီးမြှုပ်နှံမှုများတွင်၎င်းတို့အသုံးပြုခြင်း ရှိ-မရှိအပေါ်မူတည်သည်။ သို့ရာတွင် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် အိမ်ထောင်စုများက ချေးငွေကို အခြားအကြောင်းအရင်းများအတွက်အသုံးပြုလေ့ရှိကြသည်။** သာဓကများစွာအရ အိမ်ထောင်စုများကချေးငွေများကိုလက်ငင်းစားသုံးမှုအတွက်ဖြစ်စေ၊ အတိုးနှုန်းကိုပင်မကာမိသော အမြတ်နည်းသည့် ရင်းနှီးမြှုပ်နှံမှုများတွင်ဖြစ်စေအသုံးပြုကြသည်။ ရှမ်းပြည်နယ်ရှိအလယ်အလတ်တန်းစားအိမ်ထောင်စုတစ်စုမှလယ်သမားတစ်ဦးက“ဒါကသံသရာလည်နေသလိုပဲ။ အဖွဲ့အစည်းတစ်ခုကငွေချေးပြီးနောက်တစ်ဖွဲ့ကို ပြန်ဆပ်လိုက်တယ်။ ဒါပေမဲ့ ကျွန်တော်တို့အခြေအနေက သိပ်ပြီးထူးခြားမလာပါဘူး” ဟုပြောပြခဲ့သည်။

**ထို့အပြင် အတိုးနှုန်းသက်သာသော ချေးငွေရင်းမြစ်များကြောင့် လူမှုဖူလုံရေးကိုတိုးတက်လာစေသော်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်း တိုးတက်လာကြောင်း တုံ့ပြန်ဖြေကြားသူများက ထည့်သွင်းပြောဆိုလေ့ မရှိကြပါ။** ဥပမာ - အတိုးနှုန်းသက်သာသော ချေးငွေရရှိခြင်းကြောင့် ပြဿနာအချို့ကို ဖြေရှင်းနိုင်ကြောင်း အိမ်ထောင်စုများက ဖြေကြားခဲ့သည်ကို သုတေသနပြုလုပ်သူများက လေ့လာတွေ့ရှိခဲ့သည်။ ထိုသို့မဟုတ်ပါက ပုဂ္ဂလိကငွေချေးငှားသူများကြောင့် ၎င်းတို့မှာ အကြွေးဖြင့် နစ်မွန်းနေပေလိမ့်မည်။ သာဓကတစ်ခုမှာ ချေးငွေများရရှိနိုင်မှုသည် ရာသီဥတုကြောင့် ဖြစ်ပေါ်လာသော စိတ်ပူပန်ရသည့် စားနပ်ရိက္ခာအတွက် ရေတိုကာလသာ ချေးငှားရပြီး ရေရှည်ကာလ ချေးငှားရခြင်း၏ သက်ရောက်မှုများကို လျှော့ချပေးနိုင်သည်။

**စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေများကို အဓိကအားဖြင့် ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် လုပ်အားခကဲ့သို့သော သွင်းအားစုကုန်ကျစရိတ်များအတွက် အဆင်ပြေရန်နှင့် ပုဂ္ဂလိကငွေချေးငှားသူများအပေါ် မှီခိုရမှုကို လျှော့ချပေးရန် သုံးစွဲကြသည်။** ချေးငွေများအား စက်ပစ္စည်းများအတွက် သုံးစွဲသည့်အထောက်အထား ရှားပါးလှသည်။ အကြောင်းမှာ ချေးငွေပမာဏနှင့် ထုတ်ချေးသည့် အချိန်ကာလသည် ထိုသို့ကြီးမားသော ကုန်ကျငွေအတွက် မလုံလောက်၊ မကိုက်ညီသောကြောင့် ဖြစ်သည်။ မြေယာမဲ့သော အိမ်ထောင်စုများက ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံသည့် အထောက်အထားများလည်း နည်းပါးသည်။ အဆိုပါ အိမ်ထောင်စုများမှ အဓိကသတင်းအချက်အလက်များ ထောက်ပံ့ပေးသူများ တင်ပြကြသည်မှာ အသေးစားချေးငွေများကိုရယူကြပြီး ယင်းချေးငွေများကို မွေးမြူရေးတိရိစ္ဆာန်များဝယ်ယူခြင်း၊ အိမ်ထောင်စု စားသုံးမှုအတွက် ငွေကြေးသုံးစွဲခြင်း၊ သို့မဟုတ် အတိုးနှုန်းပို၍ မြင့်မားသော ချေးငွေများကို ပြန်လည်ပေးဆပ်ခြင်း တို့အတွက် အသုံးပြုကြကြောင်း သုတေသနပြုလုပ်သူများက မှတ်ချက်ပြုထားကြသည်။

**ချေးငွေများကို မြေယာမဲ့များနှင့်ပို၍ဆင်းရဲသော အိမ်ထောင်စုများက သုံးစွဲသည့်နည်းလမ်းသည် ရေရှည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ရန် သုံးစွဲခြင်းဆိုင်ရာ စိန်ခေါ်မှုများကို ထင်ရှားစွာ ဖော်ပြလျက်ရှိသည်။** ရရှိနိုင်သောချေးငွေများက ပြဿနာများဖြစ်ပေါ်လာချိန်တွင် ခုသာခံသာရှိစေပြီး အိမ်ထောင်စုများအနေဖြင့် ပုဂ္ဂလိကငွေချေးသူများအပေါ် မှီခိုရမှုနည်းပါးစေသော်လည်း ချေးငွေပမာဏနည်းခြင်းက အဆိုပါချေးငွေများ၏ ရေရှည်သက်ရောက်မှုကို ကန့်သတ်ထားသလိုရှိသည်။ မြေယာမဲ့အိမ်ထောင်စုများသည် တင်ရှိဆဲကြွေးမြီများကို အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်းနှင့် ၎င်းတို့၏ ရှိနေဆဲထိခိုက်လွယ်မှုအနေအထားများကို အနည်းဆုံးအဆင့်ထိလျှော့ချရန်လိုအပ်ခြင်း စသည်တို့ကဲ့သို့သော ကြီးမားသည့်စိန်ခေါ်မှုများကို ကြုံတွေ့ကြရသည်။

**လယ်ယာစိုက်ပျိုးရေးမဟုတ်သော ရင်းနှီးမြှုပ်နှံပြုလုပ်လာကြရန် စိုက်ပျိုးရေးအတွက်မဟုတ်သော ချေးငွေ၏အခန်းကဏ္ဍကို အားပေးကြသော်လည်း အဆိုပါချေးငွေက အောင်မြင်သည့် စီးပွားရေးလုပ်ငန်း** ဖြစ်လာစေရန် ပံ့ပိုးပေးနိုင်ခဲ့သည့် တွေ့ရှိချက်အထောက်အထားများမှာနည်းပါးသည်။ မြစိမ်းရောင် ချေးငွေစီမံကိန်းတိုးချဲ့မှုနှင့် သမဝါယမချေးငွေအစီအစဉ်များတွင်ပါဝင်သော QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် လယ်ယာမဟုတ်သော လုပ်ငန်းများ၌ ပို၍ကြီးမားသော ရင်းနှီးမြှုပ်နှံမှုရှိကြသည်။ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံရန်ဆုံးဖြတ်ချက်များတွင်ပါဝင်နေသည့် အဆိုပါချေးငွေ၏ အခန်းကဏ္ဍကို တုံ့ပြန်ဖြေကြားသူများစွာတို့က ဇောင်းပေးပြောကြားကြသည်။ ယင်းကို သာဓက-၅ ရှိ ဖြစ်ရပ်အလိုက်လေ့လာမှုတွင် အလေးပေးဖော်ပြထားသည်။ သို့ရာတွင်မြစိမ်းရောင်ချေးငွေစီမံကိန်းနှင့် သမဝါယမချေးငွေများအား စားသုံးရန်၊ သို့မဟုတ် နေအိမ်ပြင်ဆင်မှုများအတွက် မကြာခဏအသုံးပြုလေ့ရှိသောကြောင့် ချေးငွေနှင့် လယ်ယာမဟုတ်သော လုပ်ငန်းများအကြားဆက်စပ်မှုသည် တိကျရှင်းလင်းမှုမရှိပါ။

သာဓက (၅) စီးပွားရေးလုပ်ငန်းသစ်ထူထောင်ရန် မြစိမ်းရောင် ချေးငွေများကိုသုံးစွဲခြင်း

မြစိမ်းရောင်ချေးငွေစီမံကိန်းကို ချင်းပြည်နယ်၊ တွန်းဇန်မြို့တွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ၌ စတင်ခဲ့သည်။ ကျေးရွာရှိ အိမ်ထောင်စု၂၀၀ နီးပါးလုံးက ချေးငွေများလျှောက်ထားခဲ့ကြသော်လည်း အိမ်ထောင်စု ၃၁စုကိုသာခွင့်ပြုခဲ့သည်။ အကြောင်းမူလျှောက်ထားသူအားလုံးကို လက်ခံပါက ချေးငွေ၏ပမာဏသည် အသုံးဝင်ရန် အလွန်နည်းပါးသွားမည်ဟု ကျေးရွာချေးငွေကော်မတီက ယူဆခဲ့သာကြောင့် ဖြစ်သည်။ ချေးငွေများမှာ ကျပ် ၅၀၀,၀၀၀ မှ ကျပ် ၁,၅၀၀,၀၀၀ အထိ (ဒေါ်လာ ၃၆၀ မှ ၁၁၀၀ ခန့်) အထိ အမျိုးမျိုးရှိသည်။

ချေးငွေရရှိသူတစ်ဦးမှာ အသက်၂၄ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး သူက အသေးစား စီးပွားရေးလုပ်ငန်းထူထောင်ရန်အသုံးပြုခဲ့သည်။ သုတေသနပြုချိန်တွင် သူက အခြား မိသားစုဝင် ခြောက်ဦးနှင့်အတူ နေထိုင်ပြီး ၎င်းတို့အနက် နှစ်ဦးသာ အလုပ်လုပ်ကိုင်သည်။ အဓိကအားဖြင့် နှမ်းစိုက်ပျိုးခြင်းနှင့် လယ်ယာမြေအငှားချထားခြင်းတို့ကို လုပ်ကိုင်ကြသည်။ ထိုလူငယ်အနေဖြင့် ကျေးရွာရှိအိမ်များဆောက်လုပ်ရာတွင် နေ့စားလုပ်သားအဖြစ် လုပ်ကိုင်သည်။ သို့မဟုတ် အိန္ဒိယနယ်စပ်ရှိ သစ်စက်တစ်ခုတွင် သွားရောက်အလုပ်လုပ်သည်။ မိသားစုက ဆင်းရဲသော်လည်း ၎င်းအနေဖြင့် တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

မြစိမ်းရောင်ချေးငွေစီမံကိန်းက  ထိုလူငယ်ကို ၁,၀၀၀,၀၀၀ ကျပ် (ဒေါ်လာ ၇၃၀ ခန့်) ထုတ်ချေးခဲ့သည်။ ရည်ရွယ်ချက်မှာ မော်တော်ဆိုင်ကယ်ပြင်ဆိုင်နှင့် အပိုပစ္စည်းဆိုင် ဖွင့်လှစ်ရန်ဖြစ်သည်။ ထိုစိတ်ကူးကို ကလေးမြို့၌ နေထိုင်သော သူငယ်ချင်းတစ်ဦးထံမှ ရရှိခဲ့ခြင်းဖြစ်သည်။ သူငယ်ချင်းဖြစ်သူက အလားတူဆိုင်ကို ဖွင့်လှစ်ထားပြီး အချို့သော စက်ပြင်လုပ်ငန်းပိုင်းဆိုင်ရာများကို သူ့အားသင်ကြားပေးခဲ့သည်။ ကနဦးချေးယူငွေဖြင့် မလုံလောက်သောကြောင့် သူ၏ ကျေးရွာနှင့် ကလေးမြို့အကြားတွင် မြေပဲအရောင်းအဝယ်လုပ်ခြင်းနှင့် လောင်စာဆီသယ်ယူပို့ဆောင်ခြင်းတို့မှ နောက်ထပ် ကျပ် ၅၀၀,၀၀၀ (ဒေါ်လာ ၃၆၀ ခန့်) စုဆောင်းခဲ့သည်။ သုတေသနပြုချိန်တွင် မော်တော်ဆိုင်ကယ်ပြင်ဆိုင်ဖွင့်သည်မှာ လေးလခန့်ရှိခဲ့ပြီး ကောင်းစွာလည်ပတ်လျက်ရှိကာ တစ်နေ့လျှင် ဝင်ငွေ ၅,၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်အကြား (ဒေါ်လာ ၃.၆ မှ ၇ ခန့်အထိ) ရရှိနေပြီဖြစ်သည်။ ဖခင်ဖြစ်သူ၏ ငွေကြေးကိုစီမံခန့်ခွဲပေးခြင်းဖြင့် စီမံခန့်ခွဲကာလကုန်တိုင်း အတိုးများပေးဆပ်သည်ဟု သိရှိရသည်။

ချေးငွေရရှိသော အခြားရပ်ရွာသူရပ်ရွာသားများသည်လည်း အောင်မြင်မှုမျိုးစုံကို တွေ့ကြုံခဲ့ရသည်။ ရပ်ရွာသူရပ်ရွာသားများစွာတို့က အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမပြုကြဘဲ ချေးငွေများကိုနေအိမ်ကောင်းမွန်ရေး၊ အစားအသောက်အတွက် သုံးစွဲခြင်းနှင့် အတိုးများသော ကြွေးမြီများအားပေးဆပ်ခြင်းတို့တွင် သုံးစွဲခဲ့ကြသည်။

ပြင်ပပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု

**ပြင်ပမှ ဘဏ္ဍာငွေကျခံသော ပုဂ္ဂလိကကဏ္ဍ စီမံကိန်းကြီးများသည် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ ရပ်ရွာသူရပ်ရွာသားများအတွက် အလုပ်အကိုင်များစွာ မပေးနိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် ဒေသခံများအနေဖြင့် အလုပ်ကျွမ်းကျင်မှုအားနည်းကြသောကြောင့် ဖြစ်ကြောင်း ရပ်ရွာသူရပ်ရွာသားများက ပြောကြားကြသည်။** ဇယား-၆တွင် QSEMရပ်ရွာများအနီးရှိ ပုဂ္ဂလိကကဏ္ဍ အဓိကစီးပွားရေးလုပ်ငန်းကြီးများအကြောင်း အသေးစိတ်ဖော်ပြထားသည်။ ရပ်ရွာအချို့မှာ QSEM-6 ၏ ကျေးရွာသစ်များဖြစ်ကြသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းကြီးများနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ရရှိရေးအတွက် အဓိက အခက်အခဲနှစ်ခုကို ရပ်ရွာသူရပ်ရွာသားများက သတ်မှတ်ဖော်ပြကြသည်။ ပထမအခက်အခဲမှာ ရွာသားများနှင့် စီးပွားရေးလုပ်ငန်းများအကြား ချိတ်ဆက်ဆောင်ရွက်မှု မရှိသောကြောင့် ကျေးရွာအဆင့်တွင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အကန့်အသတ်ဖြင့်သာ ရရှိခြင်းပင်ဖြစ်သည်။ ဤဖြစ်ရပ်သည် အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန်အနီးတွင်ဖြစ်ပြီး သတင်းအချက်အလက်စီးဆင်းမှုမှာအကန့်အသတ်ဖြင့်သာ ရှိနေသောကြောင့် မြေယာသိမ်းယူမှုနှင့်ပတ်သက်ပြီး အဆိုးမြင်မှုများနှင့် စိုးရိမ်ကြောင့်ကြမှုများ မြင့်တက်ခဲ့သည်။ ဒုတိယအချက်မှာ တွေ့ဆုံမေးမြန်းသူများသည် အဆိုပါ စီးပွားရေးလုပ်ငန်းများ၏ အလုပ်အကိုင်များတွင် လုပ်ကိုင်ရန် လိုအပ်သောကျွမ်းကျင်မှုမျိုး ၎င်းတို့တွင်မရှိသေးဟု ရှုမြင်ခဲ့ကြပြီး ကျောက်ဖြူ သို့မဟုတ် မကွေးတိုင်းဒေသကြီးရှိ သံမဏိစက်ရုံတို့မှ ဖြစ်ရပ်တို့မှာ အလားတူပင်ဖြစ်သည်။

ဇယား (၆) QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများအနီးရှိပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု

| | ရင်းနှီးမြှုပ်နှံမှုသဘာဝ | နယ်ခံအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများ | အခြားသက်ရောက်မှုများ |
|---|---|---|---|
| ရေနံတူးဖော်ခြင်း (မကွေးတိုင်း ဒေသကြီး ကျေးရွာ(၃)ရွာ | MOGE စီမံခန့်ခွဲသော ရေနံထုတ်လုပ်မှုအချို့သော အလွတ်သဘော အသေးစားတူးဖော်မှု | အလွတ်သဘောတူးဖော်မှုတွင် အဓိကအလုပ်အကိုင် အခွင့်အလမ်းများ၊ ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် ထင်ရှားသော ရေနံထွက်လျော့နည်းမှု | MOGE က မြေယာများကို ထိန်းချုပ်ခြင်း။ MADB မှ ချေးငွေများ ရရှိရန် ကန့်သတ်ချက်များရှိခြင်း။<br><br>MOGE က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြည့်ဆည်းပေးခြင်း (MOGE က ဆုံးဖြတ်သော အတိုင်းအတာနှင့် ပုံစံအတိုင်း)။ |
| ကျောက်မီးသွေးမိုင်း (ရှမ်းပြည်နယ်၊ ကျေးရွာ ၁ ရွာ) | ကျေးရွာသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကျောက်မီးသွေး မိုင်းတွင်းနှင့် ထိစပ်လျက် ရှိသည်။ | ကျေးရွာအတွက် အလုပ်အကိုင် အခွင့်အလမ်းမရှိပါ။ ကျေးရွာသားများက သူတို့တွင်သင့်လျော်သော ကျွမ်းကျင်မှုများမရှိသည်ကို သိမြင်ကြပြီး မိုင်းတွင်း၏ လုပ်ငန်းများနှင့် ပတ်သက်သောသတင်းများ မည်သည့်အခါမျှမရှိပါဟု အစီရင်ခံကြသည်။ | လမ်းများတိုးတက်ကောင်းမွန်လာခြင်း။<br><br>မပြတ်စီးဆင်းသော ရေမှ စိုက်ပျိုးရေး ရလဒ်များ အကျိုးဖြစ်ထွန်းသော်လည်း ဟင်းသီး ဟင်းရွက်ခူးဆွတ်မှုများနှင့် ပတ်သက်သော စိုးရိမ်မှုအပါအဝင် မိုင်းတွင်း၏ စွန့်ပစ်ရေများ၏ ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် စိုးရိမ်လျက်ရှိခြင်း။ |
| ဘိလပ်မြေစက်ရုံ (ရှမ်းပြည်နယ်၊ ကျေးရွာ ၁ ရွာ) | ဘိလပ်မြေစက်ရုံသည် ကျောက်မီးသွေးမိုင်းကဲ့သို့ အလားတူကျေးရွာတွင် တည်ရှိသည်။ | အလုပ်အကိုင်အခွင့်အလမ်းများမရှိပါ။ | စက်ရုံမှ စွန့်ထုတ်မှုနှင့် ကုန်ထုတ်လုပ်မှုကြောင့် နေအိမ်များနှင့် စိုက်ပျိုးမြေများ ပျက်စီးသည်။<br><br>အနီးအနား ကျေးရွာများသို့ အကူအညီ ပေးသည်။ |
| သံမဏိစက်ရုံ (မကွေးတိုင်းဒေသကြီး၊ ကျေးရွာ ၁ ရွာ) | သံမဏိစက်ရုံကို ကျေးရွာ မြေပေါ်တွင် ၂၀၀၀-ခုနှစ်က တည်ဆောက်ခဲ့သည်။ | ကျေးရွာမှဌာနေခံ ၄-ဦးမှ ၅-ဦး သည် အတန်အသင့် ကျွမ်းကျင်သော အလုပ်အကိုင်မှ အကျိုးခံစားရသည်။ အတိုင်းအတာ တစ်ခုထိ သင်တန်း လိုအပ်သည်ဟု ယူဆခြင်း။ | ကျေးရွာလမ်းများ တိုးတက်ကောင်းမွန်သည်။<br><br>လမ်း၊ ရထားလမ်းဖောက်လုပ်ရန် ၂၀၀၀-ခုနှစ်တွင် မြေယာသိမ်းဆည်းခဲ့သည်။ လျော်ကြေး မပေးပါ။ |
| အထူးစီးပွားရေးဇုန် (ကျောက်ဖြူမြို့နယ်၊ ကျေးရွာ ၁ ရွာ) | QSEM ကျေးရွာနှင့်နီးသော နယ်စပ်တွင် SEZ ၏ ဖွံ့ဖြိုး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | အလုပ်အကိုင်အခွင့်အလမ်းများ အာမခံချက်မရှိပါ။ မြို့နယ်အုပ်ချုပ်ရေးဌာနက အသက်မွေးဝမ်းကျောင်း သင်တန်းကို ၂၀၁၅-ခုနှစ်တွင် အဆိုပြုခဲ့သည်။ | SEZ သည် ရွေးချယ်ခွင့်ရှိသော အလုပ်အကိုင်၏ ကန့်သတ်သော အာမခံချက်ဖြင့် စိုက်ပျိုးမြေများကို ရုတ်သိမ်းရန် စိတ်ဖိစီးမှုပေးမည်ကို စိုးရိမ်လျက်ရှိသည်။ |
| စီးပွားဖြစ်ငါးဖမ်းခြင်း (ရခိုင်ပြည်နယ်၊ ကျေးရွာ ၁ ရွာ) | အကြီးစား စီးပွားဖြစ် ငါးဖမ်းလှေများ အရေအတွက် | QSEM ကျေးရွာ ၂-ရွာရှိ မြေယာမဲ့များအတွက် ငါးဖမ်းလုပ်သားကို အမြဲဖြည့်ဆည်းပေးသည်။ အလုပ်သမားများသည် ပုံမှန်အားဖြင့် ရာသီအလိုက် စာချုပ်ချုပ်ဆိုကြရသည်။ | မြင့်တက်လာသော ငါးဈေးနှုန်းနှင့် လုပ်ခလစာဆက်စပ်မှုကြောင့် မကြာမီနှစ်များတွင် ဝင်ငွေ အနည်းငယ်တိုးတက်မှုများရှိသည်။ |

> “ စက်ရုံတွေက လိုအပ်တဲ့ ကျွမ်းကျင်မှုတွေ ကျွန်တော်တို့မှာ မရှိဘူး။ ဒါကြောင့် ကျွန်တော်တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရှိမယ်မထင်ပါဘူး” ဟု ကျောက်ဖြူမှ လယ်သမားတစ်ဦးက ဖြေကြားခဲ့သည်။

**သဘာဝအရင်းအမြစ် ကြီးမားကျယ်ပြန့်စွာ ထုတ်ယူသောဒေသများရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများမှလူများတွင် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်သော စွမ်းရည်အကန့်အသတ် ရှိနေသည်။** ဤတွေ့ရှိမှုကို အထူးသဖြင့် ကြီးမားသော တီကျစ်ကျောက်မီးသွေးမိုင်းတွင်းကြီး တည်ရှိရာရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်ရှိကျေးရွာများမှရရှိခဲ့ခြင်းဖြစ်သည်။ စိုက်ပျိုးရေးအတွက် ရေဖြန့်ဖြူးရေးတွင် ထင်ရှားသောထိခိုက်မှုများနှင့် လေထုညစ်ညမ်းမှုအပေါ် စိုးရိမ်မှုများကို ကျေးရပ်ရွာသူရပ်ရွာသားများက ပြောပြခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့ကမိုင်းတွင်းတာဝန်ခံများ နှင့်ဖြစ်စေ၊ သတင်းအချက်အလက်ရရှိရေးအတွက်ဖြစ်စေ စေ့စပ်ညှိနှိုင်းမှု အနည်းငယ်သာ ပြုလုပ်ကြကြောင်း သိရှိရသည်။

> “ ကြာလာတဲ့အခါ မြေအရောင်က အနီရောင်ကနေ အပြာရောင်ကို ပြောင်းသွားတယ်။ သီးနှံတွေကလည်း မလှတော့ဘူး။ အာလူးကလည်းဈေးကျသွားတယ်။” ဟု ရပ်မိရပ်ဖ လယ်သမားတစ်ဦးက ပြောပြပါသည်။

မြေယာ

**မြန်မာနိုင်ငံ၌ ယခင်အချိန်ကာလများကတည်းက မြေယာပိုင်ဆိုင်မှုဆိုင်ရာစိတ်ချရမှုမရှိခဲ့ခြင်းသည် QSEM ဒေသများတွင် နေထိုင်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဆက်လက် အကျိုးသက်ရောက်လျက်ရှိသည်။** ၂၀၁၂ ခုနှစ် ကတည်းက မြေယာမှတ်ပုံတင်ရေးလုပ်ငန်း စတင်ဖြန့်ကြက်ဆောင်ရွက်မှုက အချို့ကျေးရွာများရှိ လယ်သမားများအား မြေယာအသုံးပြုခွင့် ပြန်လည်ပေးခဲ့သော်လည်း ဤမှတ်ပုံတင်ရေး၏ မြေယာပိုင်ဆိုင်မှုအပေါ် လုံခြုံစိတ်ချရရေးနှင့် ပတ်သက်သော သက်ရောက်မှုသည် ဆက်စပ်မှု၊ လွှမ်းခြုံမှုနှင့် အကောင်အထည်ဖော်မှုတို့အပေါ် အခြေခံ၍ ပြောင်းလဲလျက်ရှိသည်။ အချို့သော QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် မြေယာအငြင်းပွားမှုများ ဆက်လက်မြင့်မားလျက်ရှိပြီး မြေယာသိမ်းဆည်းမှုများ၊ ပြန်လည်ရရှိမှုနှင့် အသုံးပြုမှုပြောင်းလဲခြင်းများသည်ကျေးရွာအဆင့်အငြင်းပွားမှုများ၏ရှုပ်လျားသော သမိုင်းကြောင်း ကို ထင်ဟပ်လျက်ရှိသည်။ မြေယာစီမံခန့်ခွဲမှုနှင့် မြေယာပိုင်ဆိုင်ခွင့်များနှင့် ပတ်သက်သည့် ရပ်ရွာနေပြည်သူများ၏ အတွေ့အကြုံများ၊ မြေယာအသုံးချမှုနှင့် မြေယာလွှဲပြောင်းခြင်း စသည် တို့သည် အဓိကကျသော စိန်ခေါ်မှုများအဖြစ် ဆက်လက်တည်ရှိနေသည်။

ဤအခန်းတွင် ပြဿနာများ၏ အပြန်အလှန်ချိတ်ဆက်မှုလေးချက်ကို တင်ပြထားသည်။ [၃၂]

- မှတ်ပုံတင်ခြင်းကဲ့သို့သော မြေယာဥပဒေများ၏ ကျေးရွာအဆင့်သက်ရောက်မှုများ၊
- အစိုးရမြေယာစီမံခန့်ခွဲမှုရှိ ကန့်သတ်ချက်များ၊
- မြေယာမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ဖြစ်ပွားသောပြောင်းလဲမှုများကဲ့သို့ မြေယာအသုံးပြုမှု တွင် ပြောင်းလဲမှုများ၊ [၃၃]
- ၎င်းတို့၏ မြေပိုင်ဆိုင်မှုလုံခြုံမှုရှိခြင်းဆိုင်ရာစိန်ခေါ်မှုများအားလူအများ၏ထင်မြင်ယူဆမှုများ။

---

၃၂ မူဘောင်ကို FAO “မြေယာသက်တမ်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး” ၂၀၀၂ မှ ရယူသည်။

၃၃ QSEM က သုတေသနအဖွဲ့ကို ပထဝီဝင်ဆိုင်ရာနှင့် မြေဆီလွှာ၊ သီးနှံနှင့် ဂေဟဗေဒဆိုင်ရာဇုန်များ၏ အရေအတွက်ကို လွှမ်းခြုံမိစေရန် ဒီဇိုင်းရေးဆွဲထားသည်။ ကျေးရွာရွေးချယ်မှုကို မြေယာနှင့်ဆက်စပ်သောပြဿနာများ သို့မဟုတ် မြျတ်ကွယ်နေသော မြေယာ၏အငြင်းပွားမှုများ တည်ရှိမှုကိုထည့်သွင်းစဉ်းစားခြင်းမပြုပါ။ ဤအကြောင်းအရင်းအတွက်သုတေသနအဖွဲ့သည် မြေယာအငြင်းပွားမှုများကြုံတွေ့ရသောကျေးရွာများအား အခြေခံရွေးချယ်ခြင်းမပြုဘဲ ကျေးရွာရှေ့နောက်အဆက်အစပ်ရှိ အမျိုးသားမြေယာမူဝါဒအကောင်အထည်ဖော်မှုနှင့်ရလဒ်များကို သုတေသီများအား မှတ်တမ်းပြုစေနိုင်ခဲ့သည်။

**မြေယာဥပဒေများ**

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် လေ့လာတွေ့ရှိနိုင်သည့် အဓိကပြောင်းလဲမှုမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ မြေယာမှတ်ပုံတင် ပိုမိုရရှိလာမှုပင်ဖြစ်သည်။** ယခင် QSEM အစီရင်ခံစာများတွင် ဆွေးနွေးထားပြီးသကဲ့သို့ ထိုဥပဒေအရ လယ်သမားများအား ၎င်းတို့၏ မြေယာများကို တရားဝင်မှတ်ပုံတင်ရမည်ဖြစ်ပြီး ထိုသို့မှတ်ပုံတင်မှသာ မြေယာအသုံးပြုခွင့် သက်သေခံလက်မှတ်ကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုဥပဒေဖြင့် မြေယာအခွင့်အရေးများ ခိုင်မာစေရန်နှင့် လယ်သမားများအနေဖြင့် မြေယာအသုံးပြုခွင့်များကို ဝယ်ယူရောင်းချနိုင်စွမ်းရှိစေရန် ရည်ရွယ်သည်။

**မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းက QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများစွာ[၃၄]တို့တွင် အသင့်အတင့်ချောမွေ့ခဲ့သော်လည်း အဓိကအကန့်အသတ်နှစ်ခု ပေါ်ထွက်ခဲ့သည်။**

- အများပိုင်မြေနှင့်ရွှေ့ပြောင်းစိုက်ပျိုးမြေများအတွက် စည်းမျဉ်းထိန်းချုပ်မှုဆိုင်ရာအကာအကွယ်ပေးမှုမရှိခြင်း၊
- အချို့ဒေသများတွင် မြေယာမှတ်ပုံတင်ရေး နှောင့်နှေးမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း။

**အများပိုင်မြေနှင့် ရွှေ့ပြောင်းစိုက်ပျိုးမြေများအပေါ် အကာအကွယ်ပေးရေးဆိုင်ရာ ကွာဟချက်များ**

**လယ်ယာမြေဥပဒေနှင့် ၂၀၁၂ ခုနှစ်၊ မြေလွတ်မြေရိုင်းနှင့် ပလပ်မြေများ စီမံခန့်ခွဲမှုဥပဒေတို့တွင် အများပိုင်မြေနှင့် ရွှေ့ပြောင်းစိုက်ပျိုးမြေများအတွက် အကာအကွယ်ပေးမှုမရှိခြင်းကြောင့် ကုန်းမြင့်ဒေသများရှိ အချို့သော QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများမှလူများက ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်အတွက် စိတ်မချမှုကို ဖြစ်ပေါ်စေသည်ဟုတင်ပြကြသည်။** ဥပမာ - ကချင်ပြည်နယ်ရှိ ကျေးရွာလေးရွာတွင် သဘာဝအရင်းအမြစ်များ ဝယ်လိုအားနှင့်ဆက်စပ်နေသည့် မြေယာပိုင်ဆိုင်မှု မသေချာခြင်းသည် ရပ်ရွာသူရပ်ရွာသားများကအများပိုင်ကျေးရွာမြေဟုဆိုကြသောနေရာကို မှတ်ပုံတင်ရန် ပြင်ပစီးပွားရေးလုပ်ငန်းရှင်များကို မက်လုံးများပေးထားသလို ဖြစ်နေပါသည်။ ထိုမြေကို မှတ်ပုံတင်ရန် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (DALMS) [၃၅] ဦးစီးဌာနအရာရှိ များကဖြစ်စေ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ (VTAs) ကဖြစ်စေ၊ ထိုနှစ်ရပ်လုံးတို့ကဖြစ်စေ အဆိုပါပြင်ပပုဂ္ဂိုလ်များအား ကူညီပေးခဲ့သည်ဟု ထိုကျေးရွာရှိ လူများက ပြောကြားခဲ့ကြသည်။

**တုံ့ပြန်သည့်အနေဖြင့် ရပ်ရွာလူထုများက ၎င်းတို့၏ အခွင့်အရေးများ ခိုင်မာမှုရှိစေရန် ကြိုးပမ်းခဲ့ကြသည်။ လူသိအများဆုံးချဉ်းကပ်နည်းမှာ လယ်ယာမြေဥပဒေပါ မှတ်ပုံတင်ရေးမူများနှင့် ကိုက်ညီစေရန် ၎င်းတို့၏ မြေယာအသုံးချမှု အလေ့အကျင့်များကို ဆီလျော်အောင်ပြုပြင်ခြင်းပင်ဖြစ်သည်။** ယခုတစ်ကြိမ် သုတေသနပြုရာတွင် အများပိုင်မြေယာကို မှတ်ပုံတင်ခွင့်ရရှိစေရန်အတွက် ကချင်ပြည်နယ် ကျေးရွာများစွာက မြေယာများကို သီးခြားအကွက်များအဖြစ် ပိုင်းခြားခဲ့ကြသည့်တွေ့ရှိမှုကို အောက်တွင်ဖော်ပြထားသည်။

သာဓက(၆) မှတ်ပုံတင်ခြင်းနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများ ခိုင်မာစေရန် လယ်ယာမြေ သတ်မှတ်မှု ပြောင်းလဲခြင်း

၎င်းတို့၏ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ စိတ်ချရမှုမရှိဟုယူဆသော ကချင်ပြည်နယ် ကျေးရွာတစ်ရွာတွင် လယ်ယာမြေဥပဒေနှင့်အညီ မြေယာအသုံးပြုခွင့်များရရှိရန် ရပ်ရွာသူရပ်ရွာသားများက ၎င်းတို့၏မြေယာအသုံးပြုပုံကိုပြောင်းလဲခဲ့ကြသည်။ ၂၀၀၉ ခုနှစ်က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်ရှိ ကျေးရွာတစ်ရွာမှလယ်သမားများသည် ရွှေ့ပြောင်းစိုက်ပျိုးသည့် အလေ့အကျင့်ကို စပါးစိုက်ပျိုးရေးနှင့် စိုက်ခင်းစိုက်ပျိုးရေးတို့ဖြင့် အစားထိုးခဲ့ကြသည်။ ၎င်းတို့ ၂၀၀၉-ခုနှစ်ကတည်းကထွန်ယက်ခဲ့သော်လည်း မစိုက်ပျိုးဘဲပလပ်ထားခဲ့သော ကျန်ရှိနေသည့် ရွှေ့ပြောင်းစိုက်ပျိုးမြေကိုလယ်ယာမြေဥပဒေနှင့်အညီမှတ်ပုံတင်နိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ပြောင်းလဲသည့် လုပ်ငန်းစဉ်ကို ၂၀၁၅ ခုနှစ်တွင်ရပ်ရွာသူရပ်ရွာသားများကစတင်ခဲ့ကြသည်။

---

၃၄ ဤအချက်ကို ယခင် QSEM အစီရင်ခံစာများတွင် မှတ်တမ်းပြုပြီးဖြစ်သည်

၃၅ တုံ့ပြန်ဖြေကြားသူများက မြေစာရင်းဦးစီးဌာနဟုရည်ညွှန်းကြသည်။သို့ရာတွင်ယခုအခါထိုဌာနကို လယ်ယာမြေ စီမံခန့်ခွဲရေး နှင့် စာရင်းအင်း ဦးစီးဌာန ဟုတရားဝင်အမည်သတ်မှတ်ထားသည်။

မြန်မာနိုင်ငံ၏ အခြားဒေသများမှ ဝင်ရောက်လာသူများကြောင့် အဆိုပါ ပလပ်မြေများအား ထိန်းချုပ်မှုဆုံးရှုံးရမည်ကို စိုးရိမ်ပူပန်သည့်အပြင် စီးပွားဖြစ်စိုက်ခင်းများ စိုက်ပျိုးမှုနှင့် ပတ်သက်ပြီး စိုးရိမ်ကြသောကြောင့် ထိုသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ရပ်ရွာသူရပ်ရွာသားများက ပြောကြားခဲ့သည်။ ရပ်ရွာသူ ရပ်ရွာသားများ၏ အဆိုအရလွန်ခဲ့သော ၁၀ နှစ်ခန့်က ကျွန်းစိုက်ခင်းထူထောင်ရန်အတွက် ရွာသားအုပ်စုတစ်ခုထံမှ မြေကေအတော်များများကို တရုတ်ကုမ္ပဏီတစ်ခုကဝယ်ယူခဲ့ကြောင်း သိရှိရသည်။ ထိုပြည်နယ်၏ အခြားနေရာဒေသများတွင် မြေယာများသိမ်းယူခြင်းကို ကြားသိရသည့်အတွက် မှတ်ပုံမတင်ထားနိုင်ပါက ကုမ္ပဏီအနေဖြင့် ထိုပလပ်မြေများကိုရယူသွားလိမ့်မည်ကို စိုးရိမ်မိကြောင်း ကျေးရွာခေါင်းဆောင်များက ပြောပြကြသည်။ ကျေးရွာခေါင်းဆောင်များက ပိုင်ဆိုင်မှုအခွင့်အရေးများ ခိုင်မာစေရန်အစီအစဉ်တစ်ခု ကြိုတင်ပြင်ဆင်ခဲ့ကြသည်။ ထိုအစီအစဉ်မှာ အိမ်ထောင်စု (၆၀)အား တစ်အိမ်လျှင် လယ်မြေ(၅)ကေစီ ခွဲဝေထားပေးရန်ဖြစ်သည်။ ကျေးရွာသားများစုပေါင်း၍ ထိုမြေနေရာများကိုရှင်းလင်းခဲ့ကြသည်။ ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။ လုပ်အားပေးခြင်းမပြုနိုင်သော အိမ်ထောင်စုလေးစုကိုမူ အစီအစဉ်မှ ချန်လှပ်ထားခဲ့သည်။

မှတ်ပုံတင်ရန်ဆုံးဖြတ်ချက်များကို ရပ်ရွာသားများ ပါဝင်ခြင်းမရှိပဲ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံသင်းအုပ်ဆရာတို့ နှစ်ဦးမှသာချမှတ်ခဲ့ခြင်းဖြစ်သည်ဟု လူအများမှ တင်ပြကြသည်။ အဆိုပါခေါင်းဆောင်နှစ်ဦးက မြို့နယ်အဆင့်မြေယာမှတ်တမ်းများဦးစီးဌာနနှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့ထံအကြောင်းကြားခဲ့ပြီး ကွင်းဆင်းစစ်ဆေးခြင်းနှင့်ခွင့်ပြုချက်စာများရရှိရေးလုပ်ငန်းစဉ်များကို စတင်နိုင်ခဲ့ကြသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက မြေယာသတ်မှတ်ချက် ပြောင်းလဲရေးကို အတည်ပြုခဲ့သည်။ ကျေးရွာက DALMS ၏ ကုန်ကျစရိတ်အတွက် တစ်အိမ်ထောင်လျှင် ၁၀,၀၀၀ ကျပ် (ဒေါ်လာ ၇ ဒသမ ၃ ခန့်)နှင့် မြေတိုင်းခအတွက် တစ်ကွက်လျှင် ၃၅,၀၀၀ကျပ် (ဒေါ်လာ ၂၅ ခန့်) စုဆောင်း၍ပေးခဲ့ကြရသည်။ သုတေသနပြုချိန်တွင် မြေတိုင်းလုပ်ငန်းပြီးစီးသွားသော်လည်း မြေယာအသုံးပြုခွင့် သက်သေခံလက်မှတ်များအား ထုတ်ပေးခြင်းမပြုသေးပါ။

**ရပ်ရွာအဖွဲ့ဝင်များအတွက် ဒုတိယချဉ်းကပ်နည်းမှာ မြေလွတ်၊ မြေရိုင်းနှင့်ပလပ်မြေများ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၂) အရ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းစနစ်မှတစ်ဆင့် အဆိုပါမြေယာများကို မှတ်ပုံတင်ရန် ကြိုးစားခြင်းပင်ဖြစ်သည်။** အများပိုင်သစ်တောများကို မှတ်ပုံတင်ရန် ကြိုးပမ်းအားထုတ်မှုများသည် ရောဝတီ၊ ချင်း၊ ကချင်၊ မန္တလေးနှင့် ရခိုင်တို့ရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင်ရှိနေသည်။ ထိုလုပ်ငန်းစဉ်သည် ရခိုင်ကျေးရွာတစ်ရွာတွင် တိုးတက်မှု အရှိဆုံးဖြစ်သည်။ ထိုကျေးရွာတွင် ကျေးရွာခေါင်းဆောင်များက ဒေသခံ NGO နှင့်ပူးပေါင်း၍ ၎င်းတို့၏ လမုသစ်တောကို မှတ်ပုံတင်ရန်ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၄ခုနှစ်တွင် ထိုကျေးရွာသည် ပြည်နယ် အစိုးရထံမှကနဦးကေ ၇၀အတွက်အတည်ပြုချက်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်နောက်ထပ်ကေ ၆၀ အတွက် အတည်ပြုချက် ထပ်မံရရှိခဲ့သည်။ ကချင်ပြည်နယ်ရှိ ကျေးရွာ တစ်ရွာ၏

ဇယား (၇) QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများ

| ဒေသ | ကျေးရွာအရေအတွက် | မှတ်ပုံတင်ရေးလုပ်ငန်းစဉ်တွင် တွေ့ကြုံရသော စိန်ခေါ်မှုများ | သက်ရောက်မှု/ပါဝင်ပတ်သက်မှု |
|---|---|---|---|
| ကချင် | ၂ | ပဋိပက္ခအနီးတွင် တည်ရှိသော ကျေးရွာများ | **DALMS** က ထိုဒေသများသို့ သွားရောက်ရန် ငြင်းပယ်သည်။ |
| ကချင် | ၃ | **DALMS** နှင့်။သို့မဟုတ် **VTA** က ပြင်ပ ကုမ္ပဏီများသို့ မြေယာလွှဲပြောင်းပေးသည်။ | မြေပိုင်ရှင်များ မြေယာသိမ်းယူခံကြရသည်။ **DALMS /VTA** အရာရှိများအား ယုံကြည်မှု နည်းလာသည်။ |
| မကွေး (မင်းဘူး) | ၃ | ကျေးရွာမြေသည် ရေနံမြေများပေါ်တွင်ရှိ။ **MOGE** က မှတ်ပုံတင်ရန်ဟန့်တား။ | မှတ်ပုံတင်မှုမရှိခြင်း |

ဇယား (၇) QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများ

| ဒေသ | ကျေးရွာအရေအတွက် | မှတ်ပုံတင်ရေးလုပ်ငန်းစဉ်တွင် တွေ့ကြုံရသော စိန်ခေါ်မှုများ | သက်ရောက်မှု/ပါဝင်ပတ်သက်မှု |
|---|---|---|---|
| မကွေး | ၁ | အချို့ပိုင်ရှင်များ၏ တိုင်ကြားမှုကို အသိအမှတ်မပြု။ | **DALMS** ကအထောက်အထား မခိုင်လုံသောကြောင့် အချို့ရပ်ရွာသူ ရပ်ရွာသားများ၏ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း။ |
| မန္တလေး | ၃ | LUC များတွင် အမည်များကို မှားယွင်းစွာ မှတ်တမ်းတင်ခြင်း။ | **LUC** ရှိအမည်များမတိကျသောကြောင့် အိမ်ထောင်စုများက**MADB** ချေးငွေမရရှိ။ |
| ရခိုင် | ၁ | DALMS က မြေယာကို မှား၍ တိုင်းတာခြင်း။ | **DALMS** သို့ တိုင်ကြားသော်လည်း နောက်ဆက်တွဲဆောင်ရွက်မပေးခြင်း။ |
| ရှမ်း (ဆီဆိုင်) | ၁ | LUC ရရှိရန် နှောင့်နှေးခြင်း။ | လယ်သမားများကနှောင့်နှေး၍စိတ်ပျက်ခြင်း။ သို့ရာတွင်သမားရိုးကျအတိုင်းဟု ယူဆခြင်း။ |
| ရှမ်း(ပလောင်) | ၃ | မြေတိုင်းရန်ခဲယဉ်း၊ မြေကွက်များသေးငယ် လွန်းခြင်း။ | မှတ်ပုံတင်ခြင်း၏ အကျိုးကျေးဇူးများ (**MADB** ချေးငွေရရှိမှု)သည် မှတ်ပုံတင်ကုန်ကျစရိတ်ကိုပင် မကာမိခြင်း။ |

အတွေ့အကြုံသည် ပဋိပက္ခဖြစ်ပွားနေသောရပ်ရွာများတွင် ကြုံတွေ့နေရသည့် ထူးခြားသော ရှုပ်ထွေးမှုများကိုထင်ဟပ်စေခဲ့သည်။ အစိုးရနှင့်ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှစ်ဖက်လုံးထံ သစ်ခုတ်ခြင်းအတွက်ပေးနေရသော အခွန်ငွေများလျှော့ချရန်အလို့ငှာ ဧက ၁,၀၀၀ ကို အစုအဖွဲ့ပိုင်သစ်တောအဖြစ် မှတ်ပုံတင်ရန် ၎င်းတို့က ကြိုးပမ်းကြခြင်းဖြစ်သည်။ ပြင်ပကုမ္ပဏီများမှ ပိုင်ဆိုင်ခွင့်များကိုရယူလာသည့် ခြိမ်းခြောက်မှုများကိုလည်း စိုးရိမ်ခဲ့ကြရကြောင်း ဒေသခံများမှ ပြောပြခဲ့ကြသည်။ မှတ်ပုံတင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးနှင့် ဒေသခံ KIA ခေါင်းဆောင်တို့ထံသို့ ကျေးရွာက လျှောက်လွှာများ တင်သွင်းခဲ့ကြသည်။ QSEM-6 သုတေသန ကာလအတွင်း လုပ်ပိုင်ခွင့်အတည်ပြုချက်ကို အာမခံကြောင်း KIA ကသာ ပြန်ကြားခဲ့သည်။

**မြေယာမှတ်ပုံတင်ရာတွင် နှောင့်နှေးမှုများ**

**အချို့ဒေသများတွင် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းမှာ ဆက်လက်နှောင့်နှေးနေဆဲဖြစ်သည်။** မကွေးတိုင်းဒေသကြီး၊ မြို့နယ်တစ်ခုရှိ ရေနံမြေရေိယာအတွင်းရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင်သိသာထင်ရှားသောစိန်ခေါ်မှုများကို ကြုံတွေ့ရလျက်ရှိကြသည်။ ရပ်ရွာသူရပ်ရွာသားများက ၎င်းတို့အားမြေယာမှတ်ပုံတင်ခွင့်ပြုရန်လျှောက်သည့်နည်းလမ်းကိုယခင်QSEM အစီရင်ခံစာများတွင် မှတ်တမ်းတင်ထားပြီးဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲအပြီးတွင် ပြောင်းလဲမှုများ ချက်ချင်းဖြစ်ပေါ်လာမည့် အလားအလာနည်းပါးသည်ကို ရပ်ရွာသူရပ်ရွာသားများက အသိအမှတ်ပြုကြသဖြင့် ဤအကြိမ်သုတေသနတွင်မူအဆိုပါကြိုးပမ်းအားထုတ်မှုများကိုထင်ရှားစွာမတွေ့ရှိရပေ။

**မြေယာစီမံခန့်ခွဲမှု**

**ကျေးရွာများစွာရှိ လူအများသည် မြေယာစီမံခန့်ခွဲမှုအရာရှိများနှင့် တွေ့ဆုံညှိနှိုင်းရာတွင် ပြဿနာများရှိကြောင်း တင်ပြကြသည်။** ထိုပြဿနာများသည် များသောအားဖြင့် ဒေသအလိုက် ကွက်၍ ပေါ်ပေါက်ပြီး QSEM သုတေသနတစ်လျှောက် မှတ်ပုံတင်ခြင်း၏ ညီမျှမှုမရှိသောသဘာဝနှင့် ဒေသခံအာဏာပိုင်များ၏ မတူညီသော စွမ်းရည်များထင်ဟပ်လျက်ရှိသည်။ "ကျုပ်တို့အနေနဲ့ မြေစာရင်းဌာနကို ဘယ်လိုမှ မယုံကြည်နိုင်တော့ဘူး" ဟု ရှမ်းပြည်နယ်ရှိ ကျေးရွာ ရပ်မိရပ်ဖတစ်ဦးကပြောကြားခဲ့သည်။ ထိုပြောကြားချက်သည် အဆိုပါစိန်ခေါ်မှုအချို့ကို လှစ်ဟပြလိုက်ခြင်းဖြစ်သည်။ ၎င်းတို့ဖြေကြားခဲ့ကြသော မြေယာမှတ်ပုံတင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သော ပြဿနာများကို ဇယား ၆ တွင် အသေးစိတ်ဖော်ပြထားပါသည်။

ဇယား (ဂ) QSEM-6 တစ်လျှောက် မြေယာအသုံးပြုမှုတွင် ပြောင်းလဲမှုများ

| ဒေသ | မြေယာအသုံး ပြုမှုအဟောင်း | မြေယာအသုံးပြုမှု အသစ် | ပြောင်းလဲခြင်း၏ အကြောင်းရင်း |
|---|---|---|---|
| ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်းမြို့ နယ်ရှိ ကျေးရွာ ၂ရွာ | ဒုတိယ စပါးသီးနှံ | ဆောင်းသီးနှံ ကောက်ညှင်း | ခိုင်မာသော ကောက်ညှင်းဆန်ဈေးကွက်သည် ကျေးရွာများရှိလယ်သမား အများစုအား ဒုတိယရိုပ်သိမ်းသော စပါးအစားကောက်ညှင်းကို ဆောင်းသီးနှံ အဖြစ်စိုက်ရန် တွန်းအားပေးလျက်ရှိသည်။ ကျေးရွာ ၁ ရွာတွင် အချို့လယ်သမားများသည် ပဲနီလေး နှင့်ဖရဲသီးစိုက်ပျိုးရေး အတွက် ရင်းနှီးမြှုပ်နှံကြသည်။ |
| ချင်းပြည်နယ်၊ ကျေးရွာ-၂ရွာ(ဖလမ်းတွင်တစ်ရွာ၊ ထန်တလန်တွင်တစ်ရွာ) | ပလပ်မြေ | အိုးအိမ်ဆောက် လုပ်ခြင်း | ကျေးရွာနှစ်ရွာတွင် ကျေးရွာအိမ်များ၏နေရာကို ပြောင်းရွှေ့ရန် ရှာဖွေကြသည်။ တစ်ရွာသည် လမ်းများနှင့် ရေရရှိရေး တိုးတက်စေရန်ဖြစ်ပြီး အခြားတစ်ရွာမှာ မြေပြိုမှုများကို တုံ့ပြန်ရန်ဖြစ်သည်။ |
| ချင်းပြည်နယ်၊ ထန်တလန် မြို့နယ်ရှိ ကျေးရွာ ၂-ရွာ | ပုံမှန်အားဖြင့် ရွှေ့ပြောင်း စိုက်ပျိုးခြင်း | စိုက်ခင်း စိုက်ပျိုးခြင်း | လယ်သမားများသည် ကုန်ထုတ်စွမ်းအား တိုးတက်စေရန် စိုက်ခင်း စိုက်ပျိုးရေးကို ပြောင်းလဲလုပ်ကိုင်ကြသည်။ |
| ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ ကျေးရွာ ၂-ရွာ | ပုစွန်မွေးမြူရေး | စပါးစိုက်ခင်းများ | ပုစွန်အထွက်နှုန်း အလွန်နည်းပါး သည့် ရာသီကုန်ဆုံးပြီးလတ်တလော စပါးဈေးပိုမိုမြင့်တက်လာသောကြောင့် လယ်သမားအုပ်စုများသည် ၎င်းတို့၏မြေယာများကို ပုစွန်မွေးမြူရေးတွင် ၅-နှစ် ကြာ ရင်းနှီးမြှုပ်နှံပြီးနောက် စပါးစိုက်ခင်းများအဖြစ်ပြန်လည်ပြောင်းလဲခဲ့ကြသည်။ |
| ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်ရှိ ကျေးရွာ ၁-ရွာ | ရွှေ့ပြောင်း စိုက်ပျိုးခြင်း | စိုင်ခင်း စိုက်ပျိုးခြင်း | လယ်သမားများသည် မြေယာအသုံးပြုမှုကို ပြောင်းလဲခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် တောင်ယာ(ရွှေ့ပြောင်းစိုက်ပျိုးရေး) မြေမှ အမြတ်အစွန်းနည်းပါးသည်ကို ကြုံတွေ့ရသည့်အပြင် စီးပွားရေး လုပ်ငန်းများက မှတ်ပုံမတင်ရသေးသော မြေယာများကို ဝယ်ယူခြင်းမှ မြေယာသက်တမ်းစိတ်ချရမှု မရှိသည့်အပေါ် စိုးရိမ်မှုများ မြင့်တက်လာ၍ ဖြစ်သည်။ ၎င်းတို့သည် မြေယာများကို စိုက်ခင်းစိုက်ပျိုးရန် မှတ်ပုံတင်ကြပြီး ကျွန်းပင်များကို စတင်စိုက်ပျိုးခဲ့ကြသည်။ |
| ကချင်ပြည်နယ်၊ မြို့နယ် ၂-ခုမှ ကျေးရွာ ၃-ရွာ | ရွှေ့ပြောင်း စိုက်ပျိုးရေး | စာချုပ်ချုပ်ဆို စိုက်ပျိုးခြင်း | လယ်သမားများသည် ငှက်ပျောသီးနှင့်ဖရဲသီးစိုက်ပျိုးရန် မြေယာများအား တရုတ်ကုမ္ပဏီများသို့ စာချုပ်ချုပ်ဆို၍ အငှားချထားကြသည်။ ရပ်ရွာသူရပ်ရွာသားများကစိုက်ပျိုးရေး ကျပန်းအလုပ်သမားအဖြစ်လည်း ဝင်ရောက်လုပ်ကိုင်ကြသည်။ |
| ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်ရှိ ကျေးရွာ ၁-ရွာ | စပါးစိုက်ပျိုးမြေ | အိမ်ယာမြေ | စပါးစိုက်မြေ ၁၀-ကေခန့်သည်ရေမရရှိမှုကြောင့် မစိုက်ပျိုးဘဲထားသည်မှာ ၅-နှစ် ရှိပြီဖြစ်သည်။ ယခုနှစ်တွင် ထိုမြေကို ပိုင်သောလယ်သမား ၅-ဦး၊ ၆-ဦးအုပ်စုက ထိုနေရာတွင်အိမ်ဆောက်လိုသော အနီးအနားကျေးရွာမှ လူ ၇-ဂဦးသို့ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၏ထောက်ခံချက်ဖြင့် အဆိုပါ ။ မြေယာရောင်းချခဲ့သည်။ |
| မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်ရှိ ကျေးရွာ ၁-ရွာ | ကုန်းမြင့် လယ်မြေ | အိမ်ယာမြေ | မုတ်သုံရာသီတွင် ပုံမှန်ရေကြီးရေလျှံလေ့ရှိသော ကျေးရွာတစ်ရွာသည် ရွာရှိအိမ်များအားလုံးကိုပို၍မြင့်သောနေရာသစ်သို့ ရွှေ့ပြောင်းလိုကြသည်။ မြို့နယ်အာဏာပိုင်များက အကြောင်းပြန်ကြားခြင်းမရှိသေးပေ။ |
| ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်ရှိကျေးရွာ ၁-ရွာ | ကုန်းမြင့် လယ်မြေ | စာချုပ်ချုပ်ဆို စိုက်ပျိုးခြင်း | လယ်သမားများသည်ဆေးရွက်ကြီးစိုက်ပျိုး၍အခြောက်ခံရန် ဆေးရွက်ကြီး ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုခဲ့ကြသည်။ ပို၍ချမ်းသာသော လယ်သမားများကို ကန့်သတ်ထားသည်။ |

ပဋိပက္ခ၏ ဆိုးကျိုးသက်ရောက်နေသော နယ်မြေများရှိ မြေယာစီမံခန့်ခွဲမှုသည် ပိုမိုရှုပ်ထွေးနေပြီး ရပ်ရွာလူထုအနေဖြင့်မတူညီသော အုပ်ချုပ်မှုပုံစံအနေအထားများကြား အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန်လိုအပ်နေသည်။ မြေယာစီမံခန့်ခွဲရေးအရာရှိများသည် ကျေးရွာ၏တည်နေရာအပေါ်မူတည်၍ မြေတိုင်းတာရေးအတွက် သွားရောက်ရေးကို တုံ့ဆိုင်းဝန်လေးကြခြင်း သို့မဟုတ် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စု အဖွဲ့အစည်းများနှင့် ဆက်ဆံနေကြရသည်ဟု ဒေသခံများက ပြောကြားကြသည်။ အထင်ရှားဆုံး ဥပမာမှာအစုအဖွဲ့ပိုင်သစ်တောကို အစိုးရနှင့် KIA နှစ်ခုလုံးထံ မှတ်ပုံတင်ရသောကချင်ကျေးရွာပင်ဖြစ်သည်။ သို့ရာတွင် ပို၍အလွတ်သဘောဆန်သော စနစ်များကိုလည်းတင်ပြကြသည်။ ဥပမာ - မြောက်ပိုင်းရှမ်းပြည်ရှိ ရပ်ရွာသူရပ်ရွာသားများသည် ၎င်းတို့၏ မြေယာများသုံးစွဲခွင့် သေချာစေရန် လက်နက်ကိုင်အဖွဲ့သုံးဖွဲ့ (အစိုးရတပ်မတော်၊ ရှမ်းပြည်တောင်ပိုင်း တပ်မတော်၊ တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်) တို့နှင့် ဆက်ဆံရေးကို ထိန်းသိမ်းထားကြရခြင်းဖြစ်သည်။

## မြေယာအသုံးပြုမှုတွင် ပြောင်းလဲမှုများ

၂၀၁၂ ခုနှစ်တွင် QSEM စတင်ကတည်းက သီနှံသစ်များစိုက်ပျိုးခြင်း၊ ထွန်ယက်ပြီး နှစ်ပေါင်းများစွာ မစိုက်ပျိုးဘဲထားသော ပလပ်မြေများကို အခြားအကြောင်းအရာများအတွက် အသုံးပြုခြင်းနှင့် စာချုပ်ချုပ်ဆို၍ လယ်ယာစိုက်ပျိုးခြင်းတို့ ပေါ်ပေါက်လာသောကြောင့် မြေယာအသုံးပြုမှုတွင် ပြောင်းလဲမှုများစွာ ဖြစ်ပေါ်ခဲ့သည်။ အောက်ပါ ဇယား-၇တွင်ဖော်ပြထားသောပြောင်းလဲမှုများသည် အိမ်ထောင်စုများက ဈေးကွက်ပေါက်ဈေးအချက်ပြမှုများအား တုံ့ပြန်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့်ရာသီဥတုကြောင့် ပြင်းထန်သောထိခိုက်မှုများကို တုံ့ပြန်ခြင်းတို့ကိုထင်ဟပ်လျက်ရှိပေသည်။

သာဓက (၇) မန္တလေးရှိလယ်သမားများက မြေယာအသုံးပြုခွင့်သက်သေခံလက်မှတ်ကို အပေါင်ပစ္စည်းအဖြစ်ထားကာ မြေယာကိုပေါင်နှံခြင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ရှိကျေးရွာတစ်ရွာတွင်မိုးခေါင်မှုကို နှစ်နှစ်ဆက်တိုက်ကြုံတွေ့ခဲ့ရသာကြောင့် လယ်သမားများသည် MADB ချေးငွေများကို ပြန်လည်ပေးဆပ်ခြင်း မပြုနိုင်ခဲ့ကြပေ။ ယခုနှစ်ပထမအကြိမ်ဆုံးအကြိမ်အဖြစ် ဝါဂွမ်းစိုက်ပျိုးကြသော ၁၀ ဦးပါ လယ်သမားအဖွဲ့တစ်ခုက မိတ္ထီလာရှိ အကြီးစားဝါဂွမ်းပွဲစားတစ်ဦးထံမှ ငွေချေးယူခဲ့ကြသည်။ ၎င်းတို့၏ လယ်ယာအသုံးပြုခွင့်သက်သေခံလက်မှတ်များအား အပေါင်ပစ္စည်းအဖြစ် အတင်းအကျပ် အသုံးပြုစေခဲ့သည်။ ထိုနောက်အများစုသည် ထိုငွေဖြင့် MADB ချေးယူငွေများကို ပေးချေခဲ့ကြသည်။

အဆိုပါပုဂ္ဂိုလ်ထံမှချေးယူရန်အတွက်လယ်သမားများ၏ ဝါဂွမ်းများကို နှစ်စဉ်ဝယ်ယူ၍မိတ္ထီလာတွင် ရောင်းချလေ့ရှိသော ကျေးရွာကုန်သည်တစ်ဦးကအကြံပေးခဲ့ခြင်းဖြစ်သည်။ လယ်သမားများက ထိုပွဲစားကိုတွေ့ရန် မိတ္ထီလာသို့ အတူတကွသွားခဲ့ကြသည်။ လယ်သမားတစ်ဦးစီက (တစ်လလျှင်) အတိုး ၈ ရာခိုင်နှုန်းဖြင့် ကျပ်တစ်သန်းစီ (ဒေါ်လာ ၇၄၀ ခန့်) ချေးယူခဲ့ကြသည်။ ပုဂ္ဂလိကချေးငွေအတွက် ထိုအတိုးနှုန်းသည် သင့်တင့်သည်ဟု ယူဆကြသည်။

သို့ရာတွင်ယှဉ်တွဲပါလာသော ကန့်သတ်ချက်များကားတာဝန်ကြီးလှသည်။ ချေးငွေစာချုပ်၏ အစိတ်အပိုင်းအဖြစ် လယ်သမားများက ၎င်းတို့၏ မြေယာအသုံးပြုခွင့်လက်မှတ် မူရင်းကို ချေးငှားသူအား လွှဲပြောင်းပေးရမည်ဖြစ်ပြီးငွေချေးယူသူကချေးယူငွေကိုအရစ်ကျပေးဆပ်ရမည့်အစား တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ရာ ထိုအချက်သည် လယ်သမားအများစုအတွက် အဓိကစိန်ခေါ်မှုဖြစ်သည်။ နောက်ဆုံးတွင်စာချုပ်အထောက်အထားနှင့် သက်သေများအတွက် ကုန်ကျစရိတ်ကဲ့သို့သော ဆက်နွယ်ပေါ်ပေါက်လာသည့်စရိတ်များကို လယ်သမားများက ကျခံကြရသည်။

လယ်သမားသုံးလေးဦးသာလျှင်ချေးယူငွေကိုပြန်လည်ပေးဆပ်နိုင်ခဲ့ကြသည်။ အခြားသူများက ၎င်းတို့အနေဖြင့် ချေးယူငွေကို ပြန်လည်မပေးဆပ်နိုင်လျှင် ၎င်းတို့၏ မြေယာအသုံးပြုခွင့် မရှိတော့မည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။

**လယ်သမားများသည် ၎င်းတို့၏မြေယာအသုံးပြုခွင့်သက်သေခံလက်မှတ်များကို တရားမဝင်အပေါင် ပစ္စည်းပုံစံအဖြစ်အသုံးပြုကာ မှတ်ပုံတင်ထားသော လယ်ယာမြေများနှင့် ပတ်သက်၍ငွေချေးယူစ ပြုလာခဲ့ကြသည်။** ယခင်သုတေသနများတွင်အဆိုပါလက်မှတ်များသည် MADB မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ချေးငွေရရှိရေးအတွက် ကြိုတင်သတ်မှတ်ထားချက်တစ်ခုဖြစ်သည်။ ယခုအကြိမ် သုတေသနတွင် လူများက ထိုလက်မှတ်များကို ပုဂ္ဂလိကချေးငွေများရယူရန် အသုံးပြုခဲ့ကြသည်။ သာဓက-၇ တွင် မန္တလေးမြို့နယ်တစ်ခုမှ ထိုဖြစ်စဉ်ကို ဖြစ်ရပ်အလိုက်လေ့လာမှုအဖြစ် ဖော်ပြထားသည်။ ဤပြောင်းလဲမှု၏ ရေရှည်လက်တွေ့အသုံးချမှုများတို့သည်ဖြစ်စေ၊ မြေယာများကို သိမ်းယူရန်၊ သို့မဟုတ် အတင်းအကျပ်လွှဲပြောင်းစေရန် ငွေချေးငှားသူများ၏ လုပ်ပိုင်ခွင့်တို့သည် ဖြစ်စေ တိကျရှင်းလင်းမှုမရှိသေးပါ။

**မြေယာများစွာ ပိုင်ဆိုင်ကြသော လယ်သမားများက MADB ချေးငွေများ ပိုမိုရရှိရန်အတွက် မြေယာများကို အမျိုးသမီးများအပါအဝင် အိမ်ထောင်စုဝင်များ၏ နာမည်အမျိုးမျိုးဖြင့်မှတ်ပုံတင်ကြကြောင်းသိရှိရသည်။** MADB ချေးငွေကို မှတ်ပုံတင်ထားသည့် ပိုင်ရှင်တစ်ဦးလျှင် ၁၀ ဧက သတ်မှတ်ထုတ်ချေးပေးသည်။ ဆိုလိုသည်မှာ မြေယာအသုံးပြုခွင့်လက်မှတ် ကိုင်ဆောင်ထားသော အမျိုးသမီးအရေအတွက်သည် အချိန်နှင့်အမျှမြင့်တက်လာခြင်းပင်ဖြစ်သည်။သို့ရာတွင် QSEM-6 သုတေသနတွင် မြေယာအသုံးပြုခွင့်လက်မှတ်များတွင် အမျိုးသမီးများ၏ အမည်ပါရှိခြင်းကြောင့် အိမ်ထောင်စုအတွင်း ဆုံးဖြတ်ချက်များချမှတ်ခြင်း၌ အပြောင်းအလဲဖြစ်စေခြင်းများကို မတွေ့ရပါ။ မြေယာအသုံးပြုခွင့်လက်မှတ်များကို အမျိုးသမီးများ၏ အမည်ဖြင့် တရားဝင်မှတ်ပုံတင်ထားသော်လည်း ၎င်းတို့၏ ကိုယ်စားလှယ်ခံမှုမှာ အိမ်ထောင်စုများအတွင်း အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် သိသာစွာ မြင့်တက်မှုမရှိပါ။

### မြေယာ လုံခြုံရေးဆိုင်ရာ သိသာထင်ရှားသော စိန်ခေါ်မှုများ

မြန်မာနိုင်ငံ၏ ရှည်လျားသော မြေယာသိမ်းယူမှုသမိုင်းကြောင်းသည် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် အလေးအနက် စဉ်းစားစရာ ဖြစ်နေသည်။ ကာလရှည်ကြာနေပြီဖြစ်သည့် မြေယာသိမ်းယူမှုများအတွက် လျော်ကြေးရရှိရေးကို ကျေးရွာများစွာတို့က ဆက်လက်ရှန်းကန်နေရဆဲဖြစ်သည်။ ထိုအမှုများတွင် မကွေးတိုင်းဒေသကြီး၌ သံမဏိစက်ရုံသို့ ရထားလမ်းဖောက်လုပ်ရန် သိမ်းယူထားသောမြေနှင့် ကချင်ပြည်နယ်တွင် ဒေသဆိုင်ရာစစ်တပ်က ရော်ဘာစိုက်ခင်း စိုက်ပျိုးရန် သိမ်းယူထားသော မြေဧက ၅၀၀ (သာဓက-၈ ကို ကြည့်ပါ)တို့ပါဝင်သည်။

> “ သူတို့က စကားတစ်လုံးမှမပြောဘဲ မြေကိုသိမ်းသွားတာ။ ဒီမြေကို ကျုပ်တို့ပိုင်သလား၊ မပိုင်ဘူးလားဆိုတာတောင်မေးဖော်မရဘူး။ သူတို့ကလျော်ကြေးမပေးဘဲသိမ်းသွားခဲ့တာ” ဟု ဤဖြစ်ရပ်မျိုးကြုံတွေ့ခဲ့ရသော ကချင်ပြည်နယ်မှ လယ်သမားတစ်ဦးကပြောပြသည်။

သာဓက (၈) ကချင်ပြည်နယ်တွင်သိမ်းယူထားသောမြေယာများ ပြန်လည်တောင်းဆို လျှောက်ထားခြင်း

၂၀၀၇ နှင့် ၂၀၀၈ ခုနှစ်တို့တွင် တပ်မတော်စစ်စခန်းတစ်ခုက ကျေးရွာရှိအိမ်ထောင်စု ၁၃၀ ပိုင်ဆိုင်သော မြေဧက ၅၀၀ ကို သိမ်းယူခဲ့သည်ဟု ကချင်ပြည်နယ်ရှိ QSEM ကျေးရွာတစ်ရွာက ပြောကြားသည်။

ထိုကျေးရွာရှိ လူများ၏အဆိုအရနယ်မြေခံတပ်မှူး၊ ၎င်း၏ဆွေမျိုးနှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့သည် တပ်မှူး၏ဆွေမျိုးတစ်ဦးမှလုပ်ဆောင်မည့် ရော်ဘာစိုက်ခင်းစိုက်ပျိုးရေးအတွက် စီစဉ်ခဲ့ရာမှ ထိုမြေသိမ်းမှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ထိုမြေသည် ရော်ဘာစိုက်ခင်း၏ လိုအပ်ချက်များနှင့် ကိုက်ညီခြင်းမရှိဟုမြို့နယ်က ကနဦးအကြံပေးချက်အရ ဆွေမျိုးဖြစ်သူက တပ်မတော်တပ်စခန်းကို အသုံးပြုကာ ကျေးရွာစပါးစိုက်ခင်းများဝန်းကျင်ရှိ စိုက်ပျိုးခြင်းမပြုသော မြေများကိုသိမ်းယူခဲ့သည်။ ထိုမြေကို ခုတ်ထွင်ရှင်းလင်းကာရွာမှ လူများမဝင်နိုင်စေရန် ခြံစည်းရိုးကာရံ၍ ပိတ်ထားလိုက်သည်။ ရပ်ရွာသူ ရပ်ရွာသားများက ထိုမြေကိုဖြတ်၍ ၎င်းတို့၏ စပါးစိုက်ခင်းများသို့မဟုတ် သစ်တောသို့သွားရန် ကြိုးစားပါက ရွာသားများအား အကြမ်းဖက်ခြိမ်းခြောက်သည့်ပြင် ပျက်စီးမှုတစ်စုံတစ်ရာအတွက် လျော်ကြေးပေးရမည်ဟု ပြောကြားခဲ့သည်။ ၎င်းအချိန်တွင်ရော်ဘာစီမံကိန်းမှာရပ်တန့်လျက်ရှိပြီး မည်သည့်သစ်ပင်မျှ စိုက်ပျိုးထားခြင်းလည်းမရှိပေ။

အစပိုင်းတွင် လယ်သမားများက တစ်စုံတစ်ရာဆောင်ရွက်ခြင်းမရှိကြပါ။ အဘယ်ကြောင့် ဆိုသော် ထိုမြေယာသိမ်းယူမှုက ၎င်းတို့၏ စပါးခင်းများကို တိုက်ရိုက်ထိခိုက်မှုမရှိသကဲ့သို့ လျော်ကြေးတောင်းဆိုရမည်ကိုလည်းမသိကြ၍ဖြစ်သည်။ ထို့ပြင် တောင်းဆိုခြင်းကြောင့် ထိုက်သင့်သည့်အပြစ်ဒဏ်ခံရမည်ကိုလည်း ကြောက်ရွံ့ကြ၍ ဖြစ်သည်။ သို့ရာတွင် ၂၀၁၄ ခုနှစ်၌ စစ်တပ်အားကန့်ကွက်တိုင်ကြားရန် ကျေးရပ်ရွာသူရပ်ရွာသားများကပိုမိုပြင်ဆင် လာကြပြီး တရားဝင်တိုင်ကြားရေးအတွက် ကြိုတင်ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရွာသား တစ်ဦးကဦးဆောင်ကာ ကန့်ကွက်မည့်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိခိုက်နစ်နာခဲ့သော အိမ်ထောင်စုအားလုံး ပူးပေါင်းပါဝင်လာကြသကဲ့သို့ အနီးအနားကျေးရွာများမှ လူအချို့က ၎င်းတို့၏ ထောက်ခံအားပေးမှုကို ပြသခဲ့ကြသည်။ နှမ်းဈေးနှုန်းမြင့်တက်လာခြင်းသည် ထိုတောင်းဆိုမှုအတွက် ကြီးမားသောတွန်းအား ဖြစ်လာခဲ့သည်။ ဈေးနှုန်းများပြောင်းလဲ လာခြင်းကြောင့် လယ်သမားများက ၎င်းတို့ ထွန်ယက်စိုက်ပျိုးနိုင်သော မြေဧရိယာကို တိုးချဲ့ရန် စပါးစိုက်ပျိုးခြင်းမပြုသော စိုက်ပျိုးမြေများကို ရယူလိုခဲ့ကြသည်။

ထိုအဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေယာမှတ်တမ်းများဌာနတို့ထံ စာဖြင့် ရေးသားတင်ပြခဲ့ကြသော်လည်း အရာမထင်ခဲ့ပေ။ ထို့နောက် ၎င်းတို့၏ အစီရင်ခံစာကို ပြည်ထောင်စုမြေယာစီမံခန့်ခွဲမှု ကော်မတီသို့တင်ပြခဲ့ရာ ထိုကော်မတီက ကိုယ်စားလှယ်တစ်ဦးနှင့်အတူ နေရာချထားရေးနှင့် မြေယာမှတ်တမ်းများ ဦးစီးဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့မှ အရာရှိများကို စေလွှတ်ခဲ့သည်။ နေပြည်တော်မှအရာရှိများကလည်း ထိုရွာသို့ နောက်ထပ်နှစ်ကြိမ် သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါ တွေ့ဆုံမှုများ ပြီးစီးသည့်နောက် ကော်မတီက စိုက်ပျိုးမြေများကို ပြန်၍ပေးရန် ဆုံးဖြတ်ခဲ့ပြီး တောင်းဆိုသူများအား မြေယာ အသုံးပြုခွင့် လက်မှတ်များထုတ်ပေးရန် ညွှန်ကြားချက်နှင့်အတူ ထိုအမှုကို မြေယာ မှတ်တမ်းများ ဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။ သုတေသနပြုလုပ်ချိန်တွင် မြေတိုင်းလုပ်ငန်း ပြီးစီးသွားပြီ ဖြစ်ပြီး တရားဝင်လွှဲပြောင်းသည့်လုပ်ငန်းစဉ်ကို မေလတွင် ပြုလုပ်မည်ဟု မျှော်လင့်ရပါသည်။

**လတ်တလောဖြစ်ပေါ်ခဲ့သည့် မြေယာသိမ်းယူသည့် အမှုများကို QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာ အနည်းငယ်တို့မှ တင်ပြကြသည်။** ရောဝတီနှင့် မကွေးတို့ရှိ QSEM ဆောင်ရွက်ခဲ့ သည့် ကျေးရွာများတွင်လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက အမှုပေါင်းများစွာ ပေါ်ပေါက်ခဲ့ပြီး လျော်ကြေးလျှောက်လဲရန်ကိုမူ ရပ်ရွာသူရပ်ရွာသားများက ယခုမှစတင်ဆောင်ရွက်လာကြသည်။ ကျောက်ဖြူရှိ အထူးစီးပွားရေးဇုန်နှင့်ချိတ်ဆက်ပြီး ရခိုင်ပြည်နယ်တွင် မြေသိမ်းယူမည့် အလား အလာနှင့် ပတ်သက်သော ကောလာဟလသတင်းများကိုလည်း ကျေးရွာများကပြောပြကြ သည်။ သို့ရာတွင် အမှုဟောင်းများနှင့် နှိုင်းယှဉ်လျှင်အမှုသစ်များ၌ စစ်တပ်ပါဝင်ပတ်သက်မှု တစ်စုံတစ်ရာရှိသည်ဆိုသည်ကို ရပ်ရွာသူရပ်ရွာသားများကပြောကြားခြင်းမပြုပေ။ လတ်တလော အမှုများကို ဖြေရှင်းရန် ကြိုးပမ်းမှုများသည် စီးပွားရေးလုပ်ငန်းများနှင့် တိုက်ရိုက်စေ့စပ်ညှိနှိုင်း မှုများပါဝင်လျက်ရှိပြီး လိုအပ်မှသာ အစိုးရက ပါဝင်ဆောင်ရွက်ပါသည်။

ဈေးကွက်သတင်းအချက်အလက် - နည်းပညာ၏ အသွင်ပြောင်းလဲလာသော အခန်းကဏ္ဍ

**QSEM သုတေသနလုပ်ငန်းများတစ်လျှောက် ဆက်သွယ်ရေးအခြေခံ အဆောက်အအုံ တိုးတက် မှုများသည် လူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် စတင်ပြောင်းလဲလျက်ရှိပြီး ဝင်ငွေနှင့်ဝင်ငွေရရှိမှုတို့နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များအပေါ် စတင်အကျိုးသက်ရောက် လျက် ရှိသည်။** အစောပိုင်း QSEM အစီရင်ခံစာများတွင် လယ်သမားများသည် ဈေးနှုန်း သတင်း အတွက် များသောအားဖြင့် ပွဲစားများကိုသာ အားကိုးနေကြရပြီး ဈေးနှုန်းရွေးချယ်မှုများအတွက် အကဲဖြတ်နိုင်စွမ်း မရှိသလောက်နည်းပါးကြကြောင်း တွေ့ရှိရသည်။ “ကျွန်တော်တို့က ဆင်ကန်း တောတိုးသလို ဖြစ်နေကြတယ်” ဟု မကွေးရှိ လယ်သမားတစ်ဦးက ပြောပြသည်။ ယခင်က ပြောင်းလဲနေသော ဈေးနှုန်းများကိုမှန်းဆပြီး သီးနှံများအားရောင်းချရခြင်းကို ၎င်းက ဖော်ပြလို ခြင်း ဖြစ်သည်။ QSEM ကျေးရွာအများစုတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲမှု သိသာထင်ရှားစွာ မြင့်တက် လျက်ရှိသော်လည်း (ချင်းပြည်နယ်မှလွဲ၍) QSEM-6 မတိုင်ခင်က မိုဘိုင်းဖုန်းကို အသက် မွေးဝမ်းကျောင်းလုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ ၎င်းတို့အသုံးပြုမှု အနည်းငယ်သာရှိခဲ့သည်။

QSEM-6 ကွင်းဆင်းလုပ်ငန်းတစ်လျှောက် မိုဘိုင်းလ်ဖုန်း ထိုးဖောက်ဝင်ရောက်မှု မြင့်တက်လာခြင်းသည် ယခင်ကတစ်သီးတစ်ခြားဖြစ်နေကြသော တံငါသည်များ၊ လယ်သမားများနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအား မည်သည့်အချိန်တွင် မည်သည့်နေရာ၌ ရောင်းချရမည်ကို ရွေးချယ်နိုင်စေပြီး ပိုမိုကောင်းမွန်သောကုန်ထုတ်လုပ်မှုလမ်းကြောင်း စီမံခန့်ခွဲမှုအား ဆောင်ရွက်နိုင်စွမ်း ရှိလာစေသည့် သာဓကများစွာကို သုတေသီများက တွေ့ရှိခဲ့ကြသည်။ ယခုအခါ ရပ်ရွာသူရပ်ရွာသားများက မွေးမြူရေးတိရိစ္ဆာန်များကို ရောင်းချရန် အသင့်ဖြစ်သောအခါ ပွဲစားများက တိုက်ရိုက်စာချုပ်ချုပ်ဆိုခြင်း (မကွေး)၊ ကျေးရပ်ရွာသူရပ်ရွာသားများက ပွဲစားများမရောက်မီ စပါးဈေးနှုန်းများကို ကြိုတင်သိရှိနေခြင်း (ဧရာဝတီ)နှင့် ပိုမိုကောင်းမွန်သော ဈေးကွက်သတင်းကြောင့်မြို့နယ်ရှိ ပိုမိုသာလွန်သော ဆန်စပါးဈေးကွက်ကိုရရှိရန် လယ်သမားများက သယ်ယူပို့ဆောင်ရေး စက်ကိရိယာများတွင် ရင်းနှီးမြှုပ်နှံလာကြခြင်း (မန္တလေး) တို့ကို သုတေသနအဖွဲ့များက တွေ့ရှိခဲ့ကြသည်။ သာဓက-၉ သည် အဆိုပါ သက်ဝင်လှုပ်ရှားမှုအချို့ကို ဖော်ပြထားသည်။

သာဓက (၉) တိုးတက်သော တယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်ကြောင့် ရခိုင်ပြည်နယ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့ကုန်သွယ်ရေးအပေါ် သက်ရောက်မှု

ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်မှ ကဏန်းနှင့် ပုစွန်ရောင်းဝယ်သူ အမျိုးသမီးတစ်ဦးသည် သူ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတိုးတက်စေရန် မိုဘိုင်းလ်ဆက်သွယ်ရေးဖြင့် အခွင့်အလမ်းများရယူနိုင်ခဲ့သည်။ သူ၏ခင်ပွန်းဖြစ်သူက ထင်းနှင့် မီးသွေးရောင်းချပြီး ထိုအမျိုးသမီးကမူ လွန်ခဲ့သောငါးနှစ်ကတည်းက ပင်လယ်စာများကို အရောင်းအဝယ်လုပ်ခဲ့သည်။ ၎င်းတို့က ကဏန်းမြုံးထောင်သူများအား ကြိုတင်ငွေပေးထားပြီး ဖမ်းမိသည့်ကဏန်းများကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပွဲစားထံမှတစ်ဆင့် တရုတ်-မြန်မာနယ်စပ်ရှိ မူဆယ်မြို့သို့ တင်ပို့ရောင်းချသည်။ ယခင်ကဈေးနှုန်းကို ပွဲစားကသတ်မှတ်ပြီး ထိုဈေးနှုန်းသည် ကဏန်းပွဲစားက ပေးချေနိုင်သည့်ဈေးနှုန်းအတိုင်း အတည်ဖြစ်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် မိုဘိုင်းလ်ကွန်ရက်တိုးတက်လာခဲ့ရာ 3G အင်တာနက် စတင်သုံးစွဲသော ရပ်ရွာသူရပ်ရွာသားများ၏ အရေအတွက် မြင့်တက်လာခဲ့သည်။ ပွဲစား၏ အကြံပေးချက်အရ ကျေးရွာကုန်သည်တစ်ဦးက Viber (လူမှုကွန်ရက် ဆက်သွယ်မှုပုံစံတခု) အုပ်စုတစ်ခုကို ထူထောင်ခဲ့သည်။ ရည်ရွယ်ချက်မှာ သယ်ယူပို့ဆောင်ရေးအခြေအနေများ၊ ဈေးကွက်ဈေးနှုန်းများနှင့် အခြားအဓိကသတင်းများကို လျင်မြန်စွာဖလှယ်နိုင်ရန်ဖြစ်သည်။ Viber အုပ်စုအဖွဲ့ဝင်များတွင် ဒေသခံကုန်သည်၊ ၎င်းတို့၏ ပွဲစားများနှင့် မူဆယ်ရှိမရှိမဖြစ် ဝယ်ယူသူများ ပါဝင်သည်။ ထိုအုပ်စုကို ၂၀၁၆ခုနှစ် အစောပိုင်း၊ တရုတ်နှစ်ကူးပွဲတော်မတိုင်မီ အချိန်ပိုင်းအတွင်း ထူထောင်ခဲ့ခြင်းဖြစ်သည်။

Viber အုပ်စုဖန်တီးမှုက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လက်တွေ့စွမ်းရည်ပြည့်စုံမှုဆီသို့ ဦးတည်စေခဲ့သည်။ ဥပမာ - မူဆယ်သွားကားလမ်းကို ပိတ်လိုက်သောအခါ ၎င်းတို့က Viber အုပ်စုမှတစ်ဆင့် အကြောင်းကြားခဲ့ပြီး ၎င်းတို့ ဝယ်ယူသော ဖမ်းမိသည့် ကဏန်းများကို လျှော့၍ဝယ်ယူကာ မြောက်ဘက်သို့ သင်္ဘောဖြင့်တင်ပို့ခဲ့ခြင်းကြောင့် ယခင်က ၎င်းတို့ခံစားခဲ့ရသော ဆုံးရှုံးမှုကို ကြိုတင်ကာကွယ်နိုင်ခဲ့သည်။ တွေ့ဆုံမေးမြန်းခံရသူက သူ၏ဝင်ငွေ ခိုင်မာစွာတိုးတက်လာခဲ့ပြီး အိမ်အသစ်ဆောက်ရန် စီစဉ်နေသည်ဟု ပြောကြားခဲ့သည်။



# အခန်း (၅) - ကျေးရွာစီမံအုပ်ချုပ်ရေးနှင့် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်မှု

QSEM စတင်ခဲ့ကတည်းက ကျေးရွာများကို အုပ်ချုပ်ပုံနှင့် လူများက အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်ပုံတို့တွင် ပြောင်းလဲမှုများ ဖြစ်ပွားခဲ့သည်။ ဤအခန်းတွင် အဆိုပါပြောင်းလဲမှုများကို မည်သို့ ဖော်ထုတ်သည်ကို ဆန်းစစ်ထားပါသည်။ ထို့ပြင် လူမှုဆက်ဆံရေးများနှင့် ကျေးရွာတွင်း အဖွဲ့အစည်းများအပေါ် ပဋိပက္ခ၏လွှမ်းမိုးသက်ရောက်မှုကိုလည်း ဆန်းစစ်ထားပါသည်။

## ကျေးရွာခေါင်းဆောင်များနှင့် အဖွဲ့အစည်းများ

**ကျေးရွာအုပ်ချုပ်ရေးနေရာမှာ အမြဲတစေ လူပြောင်းလဲမှုများဖြစ်သည့် အခြေအနေတွင်ရှိသည်။ ကျေးရွာ၏ ခေါင်းဆောင်ပိုင်းတာဝန်သည် ယခင်ကထက် လုပ်ပိုင်ခွင့်နည်းသောကြောင့် ၎င်းတာဝန်အား လူအများမှ စိတ်ပါဝင်စားမှုနည်းလာစေသည်။** ယခင်ကပြုလုပ်ခဲ့သော လူမှုရေးနှင့်စီးပွားရေးဆိုင်ရာအကြောင်းအရာ စောင့်ကြည့်လေ့လာမှု QSEM သုတေသနများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးကဏ္ဍများအပေါ် စိတ်ဝင်စားမှုကျဆင်းလျက်ရှိကြောင်း အစီရင်ခံပြီးဖြစ်ပါသည်။ မန္တလေးရှိ ကျပန်းအလုပ်သမားတစ်ဦးက “ကျေးရွာခေါင်းဆောင်ကို လူတွေကမုန်းတယ်၊ ရုံးက အပြစ်တင်တယ်။ သူ့မိန်းမက မြည်တွန်တောက်တီးတယ်” ဟု ပြောကြားသကဲ့သို့ပင် ဖြစ်သည်။ ယခုအကြိမ်သုတေသနတွင် အဆိုပါစိတ်ဝင်စားမှုမရှိခြင်းသည် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (VTA) များကဏ္ဍအထိ ကျယ်ပြန့်လာခဲ့သည်။[၃၆] မကြာသေးမီက ကျေးရွာ ရွေးကောက်ပွဲများတွင် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများ၌ VTA ရာထူးအတွက် အနည်းအကျဉ်းသာ ပါဝင်ယှဉ်ပြိုင်မှုကို တွေ့ခဲ့ရသည်။


## ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ

**၂၀၁၆ ခုနှစ်တွင် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ VTA ရွေးကောက်ပွဲသည် နေရာအားလုံးနီးပါးတို့၌ ချောမောစွာ ပြီးဆုံးခဲ့သည်။** ရခိုင်ရှိ ကျေးရွာနှစ်ရွာ၊ မကွေးမှ ကျေးရွာနှစ်ရွာ၊ ချင်း၊ ကချင်နှင့် မန္တလေးတို့မှ ကျေးရွာတစ်ရွာစီတို့ရှိ အင်တာဗျူးဖြေကြားသူများက မဲဆန္ဒမသမာမှုများကို စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သော်လည်း ယင်းတို့မှာ ခြွင်းချက် တစ်ရပ်သာဖြစ်သည်။ ခြုံ၍ဆိုရလျှင် VTA ရာထူးများအတွက် စည်းရုံးလှုံ့ဆော်မှုများသည် ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲနှင့်နှိုင်းယှဉ်လျှင် တက်ကြွမှုမရှိသလောက်ဖြစ်ကြောင်း ရပ်ရွာသူရပ်ရွာသားများက ပြောကြားကြသည်။

---

၃၆ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ တရားဝင်ရာထူးများ ဖြစ်သည်။ VTA သည် ကျေးရွာ အုပ်စုတစ်ခုအတွင်းရှိ ကျေးရွာအားလုံးကို ကိုယ်စားပြုသည်။ VTA ရာထူးသည် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် သူ (QSEM ကျေးရွာများ တစ်ဝန်း VTA များသည် အမျိုးသားများဖြစ်သည်) သည် ရပ်ရွာလူထုနှင့် အစိုးရအကြား အဓိကပြောဆိုဆွေးနွေးသူအဖြစ် ဆောင်ရွက်ရ သောကြောင့် ဖြစ်သည်။ VTA သည် မြို့နယ်အဆင့်အစည်းအဝေးများတွင် ကျေးရွာများအား ကိုယ်စားပြုရသည်။ အဆိုပြုချက်များတင်ပြရပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များအတွက် တာဝန်ယူရသည်။ မြေယာနှင့် ကြွေးမြီများအပါအဝင် အကြောင်းကိစ္စများနှင့်ပတ်သက်၍ အရာရှိများနှင့်ဆွေးနွေးညှိနှိုင်းရသည် ကျေးရွာအဆင့် ကော်မတီအမျိုးမျိုး) အတွက် အမည်စာရင်းတင်သွင်းပေးရသည်။ မြန်မာနိုင်ငံရှိ ကျေးရွာများကို အိမ်ထောင်စုဆယ်ခု ပါဝင်သော အုပ်စုများ ဖွဲ့စည်းထားပြီး အုပ်စုတစ်စုလျှင် ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ရသည် (ဆယ်အိမ်မှူး)။ VTA များကို ကျေးရွာအုပ်စုအနှံ့ရှိ ဆယ်အိမ်မှူးများက လျှို့ဝှက်မဲပေး ရွေးချယ်ကြသည်။ မကြာသေးမီအချိန်အထိ ကျေးရွာတစ်ခုချင်းစီကို ကျေးရွာအုပ်ချုပ်ရေးမှူး (VA တစ်နည်းအားဖြင့် ရာအိမ်မှူး) တစ်ဦးက ကိုယ်စားပြုသည်။ အဆိုပါ ရာထူးကို တရားဝင်ဖျက်သိမ်း ပြီးဖြစ်သော်လည်း ဖော်ပြပါကျေးရွာများရှိ လူအများစုက လက်တွေ့အားဖြင့် ကျေးရွာခေါင်းဆောင်မည်သူဖြစ်သည်ကို သတ်မှတ်နိုင်ပြီး ဤရာထူး၏ အခန်းကဏ္ဍကို ဆက်လက်ထမ်းဆောင်ကြသည်။

ပုံ (၉) ၂၀၁၃ နှင့် ၂၀၁၆ ရွေးကောက်ပွဲများ၏ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအပြောင်းအလဲများ



**ဤ QSEM ဆောင်ရွက်ခဲ့သည့် အကြိမ်အတွင်း VTA ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရာထူးနေရာများတွင် အပြောင်းအလဲများခဲ့သည်။**

အထက်ပါ ပုံ-၉ တွင် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများ၏ VTA ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်မှုကို နှိုင်းယှဉ်ကြည့်ပါက ၂၀၁၃ ခုနှစ်တွင် ၄၄ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၆ ခုနှစ် တွင် ၇၃ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲများတွင် ထိုရာထူးများအတွက် စည်းရုံးရေးလှုပ်ရှားမှုကို ကန့်သတ်ထားခဲ့သည်ဟု ဖြေကြားသူများက ပြောကြားသည်။ ၂၀၁၃ ခုနှစ်ရွေးကောက်ပွဲအတွေ့အကြုံနှင့် နှိုင်းယှဉ်ကြည့်သောအခါ QSEM-3 အစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများ၏သုံးပုံတစ်ပုံခန့်တွင်ယှဉ်ပြိုင်မှုသို့မဟုတ် လူမှုရေးတင်းမာမှုတို့ကိုလေ့လာတွေ့ရှိခဲ့ရသည်။ ဤသို့အလုည့်အပြောင်းဖြစ်ပွားရခြင်းမှာ အဓိကအားဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသော VTA အများစုက ၎င်းတို့၏ရာထူးများကို ပြန်လည်အရွေးမခံချင်ကြသောကြောင့် ဖြစ်သည်ဟု သုတေသီများက ၎င်းတို့၏တွေ့ဆုံမေးမြန်းမှုများ အပေါ်အခြေခံကာ မှတ်ချက်ပြုခဲ့ကြသည်။ အဓိကအကြောင်းရင်းနှစ်ရပ်မှာ လုပ်ပိုင်ခွင့်မြင့်မားမှုမရှိဘဲ တာဝန်များမြင့်တက်လာခြင်းနှင့် တာဝန်ယူမှုကျဆင်းလာခြင်းတို့ကြောင့်ဖြစ်ပြီး ထိုအနေအထားများက လုပ်ငန်းတာဝန်ကို ပိုခက်ခဲလာစေခဲ့သည်။

ထိုရာထူး၏ တာဝန်ဝတ္တရားများ မြင့်တက်လာခဲ့သော်လည်း လုပ်ပိုင်ခွင့်မြင့်တက်မှုမရှိဟု VTA များက ဖြေကြားကြသည်။ QSEM-4 နှင့် ၅ သုတေသနတွင် VTA ၏ လိုအပ်သော လုပ်ငန်းတာဝန်များ မြင့်တက်လာခြင်းကို မှတ်တမ်းတင်ထားသည်။ သို့ရာတွင် ၎င်းတို့၏ လုပ်ပိုင်ခွင့်မှာ ပူးတွဲမြင့်တက်လာခြင်းမရှိပေ။ မြို့နယ်အရာရှိများထံမှ ညွှန်ကြားချက်အသစ်များက ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများတွင် VTA များ၏ ပါဝင်ပတ်သက်မှုကို လျှော့ချရန်ကြိုးစားနေသည်။ ဥပမာ - မြစိမ်းရောင်ချေးငွေစီမံကိန်းအတွက် ဖွဲ့စည်းထားသော ကော်မတီများတွင် VTA များအတွက် အခန်းကဏ္ဍမပါဝင်ခဲ့ပေ။ အလားတူစွာပင်လှုပ်စစ်ဓါတ်အားရရှိရေးကော်မတီများကို ကျေးရွာအဆင့်တွင် စီမံခန့်ခွဲထားသည်။ လက်တွေ့တွင် အရင်းအမြစ်များ ပူးတွဲပါရှိသောစီမံချက်များအား စီမံခန့်ခွဲရာတွင် VTA များ၏ ဩဇာလွှမ်းမိုးမှုကိုလျှော့ချလိုက်ခြင်းပင်ဖြစ်သည်။

၎င်းတို့အတွက် အခက်အခဲ ဖြစ်စေသော အဆိုပါ အခန်းကဏ္ဍများတွင် များစွာတာဝန်ခံရဖွယ်ရှိကြောင်း ကျေးရွာခေါင်းဆောင်များက ပြောကြားကြသည်။ ရွာသူရပ်ရွာသူရပ်ရွာသားများအကြား အမျိုးမျိုးသောအမြင်များနှင့် ဝေဖန်မှုများကို ထုတ်ဖော်ပြောကြားရန် ယုံကြည်မှုမြင့်မားလာရာမှ တာဝန်ခံမှု ပိုမိုလျော့နည်းလာနိုင်သည့် အလားအလာကို ယခင် QSEM သုတေသနများတွင် ဖော်ပြပြီးဖြစ်သည်။ နေရာများစွာတို့တွင် ရပ်ရွာသူရပ်ရွာသားများသည်ကျေးရွာခေါင်းဆောင်များ၏ အလုပ်ကို ထောက်ပြရန်၊ သို့မဟုတ် ကျေးရွာခေါင်းဆောင်များအပေါ် အသာစီးရစေရန် ရွှေ့ပြောင်းလုပ်ကိုင်သူများ၏ အဆက်အသွယ်များမှတစ်ဆင့် နည်းပညာသို့မဟုတ် သတင်းအချက်အလက်ကို အသုံးပြုကြပြီး မြို့နယ်အဆင့်အရာရှိများနှင့် တိုက်ရိုက်ဆွေးနွေး ညှိနှိုင်းကြသည်။ မကွေးတိုင်းဒေသကြီးမှ အလားတူသာဓကကို သာဓက-၁ တွင် အသားပေးဖော်ပြထားသည်။ "ရွာမှာ စာဒကတက်တာတွေအများကြီးပဲ။ လူတွေက အဲဒီလို စာဒကတက်တာတွေများလွန်းရင် မြို့နယ်က ကျုပ်တို့ပြောတာကို နားမထောင်တော့ဘူး" ဟု မကွေးရှိ ကျေးရွာခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

> "အခုတော့ ကျုပ်တို့အမှားတစ်ခုလုပ်မိရင် ရွာသားတွေက ချက်ချင်းတိုင်တော့တာပဲ။ ကျေးရွာရွေးကောက်ပွဲအတွက် ကြီးကြပ်ရေးကော်မတီရွေးတာကိုတောင် ရွာသားတွေက Facebook မှာတင်တော့တာပဲ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ချင်းနှင့် ရေဝတီမှ အဆိုပါ သက်ဝင်လှုပ်ရှားမှုများ၏ သာဓကနှစ်ခုကို သာဓက-၁၀ တွင် ဖောင်းပေးဖော်ပြထားသည်။

**သာဓက (၁၀) လုပ်ပိုင်ခွင့်အားနည်းခြင်းက ချင်းနှင့်ရောဝတီတို့ရှိ ကျေးရွာခေါင်းဆောင်မှုကို ယိမ်းယိုင်စေခြင်း**

ချင်းပြည်နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးသည်ကျေးရွာရှိနေအိမ်များ၏တည်နေရာနှင့် ပတ်သက်၍ ပြဿနာကိုဖြေရှင်းပေးရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကိုကျော်ကာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးသို့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးခဲ့သည်။ ရပ်ရွာသူရပ်ရွာသားများက အရောက်အပေါက်ခက်ခဲပြီး ရေရှားပါးသောနေရာရှိ ၎င်းတို့၏ အိမ်များအား ပြန်လည်နေရာ ရွှေ့ပြောင်းပေးရန် တောင်းဆိုကြသည်။ ၎င်းတို့က ကျေးရွာကို အသစ်ဖောက်လုပ်ပြီးစီးထား သည့် လမ်းနှင့်ပို၍နီးပြီး မြို့လယ်ခေါင်နှင့် နီးသောနေရာသို့ ရွှေ့ပြောင်းလိုကြသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးက ၎င်း၏ကိုယ်ပိုင်အဆက်အသွယ်ကို အသုံးပြုကာ ရွှေ့ပြောင်းရန် အဆိုပြုချက်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဆွေးနွေးခဲ့သည်။ ၎င်းတို့သည် VTA ကို အသိ မပေးဘဲ နှစ်ကြိမ်တွေ့ဆုံခဲ့ကြသည်။

အဆိုပြုထားသော အဆိုပြုနေရာသစ်ကို VTA က ကန့်ကွက်ခဲ့သည်။ ရပ်ရွာသူရပ်ရွာသား များက VTA အဆိုပြုသည့် ကျေးရွာနေရာသည် ယခင်ကျေးရွာနှင့်နီးသော်လည်း မြို့သို့သွား ရန် ပိုဝေးသောလမ်းကြောင်းပေါ်တွင်ဖြစ်နေကြောင်း စောဒကတက်ကြသော်လည်း VTA က ထိုနေရာကိုသာ ပြောင်းရွှေ့စေလိုသည်။ အစည်းအဝေးတစ်ခုတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ထိုပြဿနာကို တင်ပြဆွေးနွေးပြီး VTA အား မေးခွန်းများမေးမြန်းရာ ၎င်းကမဖြေဆိုနိုင် သဖြင့် ၎င်းအား လူသိရှင်ကြားပြစ်တင်ဝေဖန်သောအခါ တင်းမာမှုများ မြင့်တက်လာခဲ့သည်။ ထိုကိစ္စကိုလက်တုံ့ပြန်သည့် အနေဖြင့် VTA က ကျေးရွာအုပ်ချုပ်ရေးမှူးကို လူစားထိုးခဲ့ သည်။ နေရာရွှေ့ပြောင်းမှုမှာ ဆိုင်းငံ့သွားခဲ့သည်။ ထိုအတွေ့အကြုံအရ ကျေးရွာတိုင်းတွင် ၎င်းတို့၏ ကိုယ်ပိုင်ကိုယ်စားလှယ်ရှိသင့်သည်ဟု ကျေးရွာခေါင်းဆောင်အချို့က မှတ်ချက်ပြု ကြသည်။

ရောဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက သူ၏ လုပ်ပိုင်ခွင့်မှေးမှိန်နေသည်ဟု ယူဆကာ ရာထူးမှနုတ်ထွက်ခဲ့သည်။ ထိုကျေးရွာတွင် ကျေးရွာတွင်း အငြင်းပွားမှုတစ်ခုကြောင့် အကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့နှင့်သဘောထား ကွဲလွဲခဲ့သည်။ ကျေးရွာသားနှစ်ဦးအကြား အငြင်းပွားမှုအရှိန် ပြင်းထန်လာသောကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးက ၎င်းတို့အား သူ၏အိမ်သို့ခေါ်ယူလိုက်သည်။ သူက ထိုအငြင်းပွားမှု ကို မဖြေရှင်းနိုင်ဖြစ်ပြီးအကြမ်းဖက်မှုဖြစ်ပွားခဲ့သည်။ ရပ်ရွာသူရပ်ရွာသားများအား သင်ခန်းစာ ပေးလိုသဖြင့် ရဲတပ်ဖွဲ့ကို ခေါ်ယူခဲ့ရာ ရဲတပ်ဖွဲ့က ထိုလူငယ်နှစ်ဦးကို လာရောက်ဖမ်းဆီး သွားခဲ့သည်။ သို့ရာတွင် လူငယ်တစ်ဦး၏မိသားစုက ရဲစခန်းရှိအရာရှိများနှင့်အဆက်အသွယ် ရှိသဖြင့် ၎င်းလူငယ်များအား အာမခံဖြင့်လွှတ်ပေးရန် သွားရောက်၍ ပြောဆိုခဲ့သည်။ ထိုကိစ္စကို ကျေးရွာအုပ်ချုပ်ရေးမှူးက မသိခဲ့ပေ။ သိရှိသွားသောအခါကျေးရွာအုပ်ချုပ်ရေးမှူး က ရဲတပ်ဖွဲ့အား

> “ခင်ဗျားတို့ ကျုပ်ကိုအသိမပေးဘဲ သူတို့ကို လွှတ်ပေးခဲ့တယ်။ ခင်ဗျားတို့ ဒီလိုလုပ်ရင် ခင်ဗျားတို့ခိုင်းတာကို ကျုပ်ဘယ်တော့မှ လုပ်မပေးတော့ဘူး” ဟု ပြောဆိုခဲ့သည်။

နောက်ဆုံးတွင် သူ့အမိန့်ကို ရပ်ရွာသူရပ်ရွာသားများက နာခံတော့မည်မဟုတ်ဟု ယူဆကာ ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

QSEM ဆောင်ရွက်ခဲ့သည့်ကျေးရွာများစွာတွင် VTA များက ၎င်းတို့မှာ ရွေးကောက်တင်မြှောက် ခြင်းခံထားရသော်လည်း လုပ်ပိုင်ခွင့်ကိုလက်ရှိအစိုးရနှင့်နီးစပ်သူများထံ မလွဲမသွေ လွှဲပြောင်းပေး ရလိမ့်မည်ဟု ယူဆထားကြပုံရသည်။ ထိုကိစ္စမျိုးကို ရခိုင်ပြည်နယ်ရှိကျေးရွာအများအပြားတို့တွင် ထင်ထင်ရှားရှားတွေ့ရှိခဲ့ရသည်။ ထိုဒေသတွင် နိုင်ငံရေးပါတီတစ်ခုမှ အဖွဲ့ဝင်များရောက်ရှိလာပြီး ရွေးကောက်ပွဲ၏ ရလဒ်များနှင့်အညီ VTA များကို အစားထိုးရမည်ဟု အငြင်းအခုံပြုကြကြောင်း သုတေသီများကို ပြောကြားကြသည်။ အခြားရွာတစ်ရွာတွင်လည်း VTA များက ၎င်းတို့မှာ

ထိုအလုပ်ကို ပိုမိုငြီးငွေ့လာကြကြောင်း သို့မဟုတ်ပြောင်းလဲချိန်တန်ပြီဖြစ်ကြောင်း အကြံပြုသည့်သဘောမျိုးပြောကြားကြသည်။ မကွေးတိုင်းဒေသကြီးရှိ VTA ဟောင်းတစ်ဦးက

> "ကျုပ် အရွေးမခံတော့ဘူး။ အသက်ကြီးလာတော့ တရားဘာဝနာပွားပြီး အချိန်ကုန်ချင်တယ်" ဟု ပြောကြားခဲ့သည်။ ကျေးရွာခေါင်းဆောင်များအကြား ထိုသို့သော အမြင်များရှိနေကြသည်ဟု သုတေသီများက မှတ်ချက်ပြုထားခဲ့ကြသည်။

သာမန်လူများတွင်လည်း ထိုကဲ့သို့ အမြင်ရှိကြကြောင်း သာဓက - ၁၁ နှင့် ၁၂ တို့တွင် ဖော်ပြထားသည်။

**သာဓက (၁၁) မကွေးရှိ ကျေးရွာတစ်ရွာ၏ ဒေသတွင်း နိုင်ငံရေး နှင့် အသွင်ကူးပြောင်းမှု**

QSEM သုတေသနရှိ ကျေးရွာများကဲ့သို့ပင် မကွေးတိုင်းဒေသကြီးရှိ ဤကျေးရွာတွင် လက်တစ်ဆုပ်စာမျှသာရှိသည့် တက်ကြွသောနယ်မြေခေါင်းဆောင်နေရာများကို အမျိုးသားများက လွှမ်းမိုးထားပြီး ၎င်းတို့မှာရာထူးရပြီး ကျေးရွာကို ဩဇာလွှမ်းမိုးနိုင်ရန် ယှဉ်ပြိုင်နေကြသည်။ ကျေးရွာအုပ်စုရွေးကောက်ပွဲမတိုင်မီက VTA သည် ကျေးရွာရှိ ဩဇာရှိသော ကုန်သည်တစ်ဦးဖြစ်သည်။ သူကမြို့နယ်အဆင့် အရာရှိများအပြင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)မှ ကိုယ်စားလှယ်များနှင့်အလုပ်လုပ်နိုင်စွမ်းရှိသူတစ်ဦးဟု သူ့ကိုယ်သူမှတ်ယူထားသည်။ ထိုရွာသည် မြေယာပြဿနာများဖြင့် ရှုပ်ထွေးလျက်ရှိသော၊ နယ်မြေစီမံကိန်းများအတွက် MOGE က ရန်ပုံငွေထောက်ပံ့ပေးထားသော ရေနံတူးဖော်ရာနယ်မြေအတွင်းတည်ရှိနေသောကြောင့် ဤအချက်မှာအရေးပါနေသည်။

သို့ရာတွင် ဒေသခံ NGO တစ်ခုက ထောက်ပံ့သော ပညာပေးသင်တန်းတစ်ခုတွင် အခြားသော နယ်မြေခေါင်းဆောင်များ တက်ရောက်ပြီးသောအခါ MOGE နှင့် အလုပ်လုပ်ပုံနှင့်ပတ်သက်ပြီး ကျေးရွာတွင်သဘောထားကွဲလွဲမှုများ ပေါ်ပေါက်ခဲ့သည်။ မြေယာအခွင့်အရေးများအတွက် ပညာပေးရေးနှင့် ရေကာတာတည်ဆောက်ရေးအတွက်လျာထားသော မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်သော အငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းရေးတို့တွင် MOGE နှင့် မည်သို့ပူးပေါင်းဆောင်ရွက်မည်နှင့်ပတ်သက်ပြီး အမြင်များကွဲပြားစေခဲ့သည်။ ကျောင်းအသစ် ပြန်လည်မွမ်းမံခြင်းအပါအဝင် ကျေးရွာရှိ ဖွံ့ဖြိုးရေးစီမံချက်များအား ရန်ပုံငွေကျခံသော MOGE ၏ အကူအညီနှင့်ပတ်သက်၍ သဘောထားချင်းမတူညီသော ခေါင်းဆောင်များက သိထားသမျှ အတွေ့အကြုံဗဟုသုတများကိုသုံးကာ မေးခွန်းများ ပိုမေးလာခဲ့သည်။ နမူနာတစ်ခုမှာ ကျောင်း၏အရည်အသွေးမမီသော ကျောင်းအဆောက်အအုံဓါတ်ပုံများကို ၎င်းတို့က လူမှုကွန်ရက်စာမျက်နှာတွင် တင်ခဲ့ကြသည်။ ရလဒ်အနေဖြင့် မြို့နယ်အရာရှိများက ၎င်းကိုပြင်းထန်စွာအပြစ်တင်ကြသည်ဟုVTA ကစောဒကတက်ခဲ့သည်။

အဆိုပါ တာဝန်ထမ်းဆောင်ဆဲဖြစ်သော VTA သည် ပြန်လည်ရွေးကောက်ပွဲတွင် ထပ်မံမယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သည်။ လုပ်ငန်းတာဝန်က အလွန်ကြီးလေးပြီး မိသားစုအတွက် သူ၏ စီးပွားရေးလုပ်ငန်းကိုသာ အာရုံစိုက်လိုသည်ဟု VTA က ရှင်းပြခဲ့သည်။

> "ကိုယ့်စီးပွားရေးမအောင်မြင်ရင် ကိုယ့်ရဲ့အမျိုးသမီးနဲ့အဆင်ပြေမှာမဟုတ်ဘူး။ ကျေးရွာခေါင်းဆောင်ဆိုတာ အကုန်အကျများတယ်။ ဒါပေမဲ့ ဘာဝင်ငွေမှ မရဘူး။" ၎င်းကပြောသည်။

ထိုရာထူးကိုအခြားသူများကလည်း စိတ်ဝင်စားမှုနည်းပါးကြသည်။ သို့ရာတွင် ၎င်း၏ မိသားစုများက အုပ်ချုပ်ရေးမှူး၏တူဖြစ်သူအား ရွေးချယ်ခြင်းခံရစေရန် အုပ်စုကျေးရွာများ အနှံ့အဆက်အသွယ်ကောင်းများရှိခြင်းကြောင့် နောက်ဆုံးတွင် ၎င်း၏တူဖြစ်သူမှ ရွေးချယ်ခံခဲ့ရသည်။

အထွေထွေရွေးကောက်ပွဲကတည်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့် ပိုမိုချိတ်ဆက်မှုရှိသည့် ရပ်ရွာသူရပ်ရွာသားများက ရပ်ရေးရွာရေးကိစ္စများတွင် ပိုမိုပါဝင်

ဆောင်ရွက်လာခဲ့ကြသည်။ သို့ရာတွင် ၎င်း၏တူသည် ယခင်အစိုးရ၏ပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP နှင့်ချိတ်ဆက်ခဲ့သည်။ ထို့ကြောင့် အစိုးရပြောင်းလဲပြီးနောက် ရပ်ရွာသူရပ်ရွာသားများက အခြားရွေးကောက်ပွဲတစ်ခုအတွက် ကြိုတင်မျှော်မှန်း လုပ်ဆောင်လျက်ရှိကြသည်။

> “ရွေးချယ်ခံရတဲ့ပါတီသစ်ကို သူတို့က ဘာဖြစ်လို့ လုပ်ငန်းတာဝန်တွေ မလွှဲပြောင်းသေးတာလဲ” ဟု ဖြေကြားသူတစ်ဦးကမေးခွန်းထုတ်ခဲ့သည်။

### အခြားသော ကျေးရွာ အဖွဲ့အစည်းများ

**ကျေးရွာအုပ်ချုပ်ရေးမှူးရာထူးကို စိတ်ဝင်စားမှုနည်းပါးလာခြင်းကအခြားသောကျေးရွာခေါင်းဆောင် တာဝန်များကို လူအများပို၍ စိတ်ဝင်စားလာစေခြင်းမျိုး ဖြစ်ပေါ်စေခဲ့ခြင်းမရှိပါ။** ယခင်သုတေသန များတွင်အစီရင်ခံခဲ့သကဲ့သို့ ကျေးရွာခေါင်းဆောင်၊ သို့မဟုတ်အုပ်ချုပ်ရေးမှူး၏ အခန်းကဏ္ဍသည် အချို့ကျေးရွာများတွင်၊ အထူးသဖြင့် ပို၍ဝေးလံခေါင်ပါးသောဒေသများတွင် အရေးပါနေဆဲဖြစ် သည်။ သို့ရာတွင် အဆိုပါရာထူးများအား ဖြည့်စွက်ခြင်းက စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက် တည်ရှိနေသည်။ VTA ရာထူးများရှိနေသော ကျေးရွာများတွင် ထိုရာထူးကို လိုအပ်သော်လည်း တာဝန်ကြီးမားကာ အကျိုးခံစားခွင့်နည်းသည်ဟုလူများက ရှုမြင်ကြောင်း ပြောကြားကြသည်။ “ကျွန်တော်တို့အလုပ်က ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကို အလကား ကျောင်းနေရ သလိုပါပဲ” ဟု ရောဝတီတိုင်းဒေသကြီးရှိ ကျေးရွာခေါင်းဆောင်တစ်ဦးက ပြောပြသည်။ ရှမ်းပြည်နယ်မှ အခြားခေါင်းဆောင်တစ်ဦးကလည်း “အဓိကအလုပ်ကတော့ လူတွေဆီမှာ ညနေစောင်းတဲ့အထိ ပိုက်ဆံလိုက်ကောက်ရတယ်။ ကျေးရွာအစည်းအဝေးတွေ တက်ဖို့ သတိပေးရတယ်။ ကျွန်တော်က အဲဒီအလုပ်တွေ စိတ်မဝင်စားဘူး” ဟု ဝေဖန်ခဲ့သည်။

**ကျေးရွာနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၏ ဩဇာသက်ရောက်မှုမှာ သုတေသနပြုလုပ်သည့် အချိန်တွင် လျော့နည်းလာခဲ့သည်။ အစိုးရ၏အစီအစဉ်များ အကောင် အထည်ဖော်ရာတွင် ပံ့ပိုးပေးရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ (TDSCs) နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများ (VDSCs) ဖွဲ့စည်း ခြင်းကို ယခင် QSEM အစီရင်ခံစာများတွင်တင်ပြခဲ့ပြီးဖြစ်သည်။** ဤသုတေသနတွင် ကျေးရွာ အများစု၌ ယခင်က ဖွဲ့စည်းထားသော VDSCs များ၏ လှုပ်ရှားမှုများမရှိကြတော့ပေ။ ကော်မတီသစ်များ ဖွဲ့စည်းရန်၊ သို့မဟုတ် ယခင်တည်ရှိဆဲ ကော်မတီများအား ကိုယ်စားလှယ်ဝင် များ တိုးချဲ့ဖွဲ့စည်းရန် အစိုးရထံမှ ညွှန်ကြားချက်များရရှိကြောင်း ပြည်နယ်/တိုင်းဒေသကြီးများစွာ တို့မှ ကျေးရွာခေါင်းဆောင်များက ပြောကြားကြသည်။ TDSCs များ၏ ဩဇာသက်ရောက်မှုလည်း မှေးမှိန်သွားခဲ့သည်။ အဆိုပါ အစည်းအဝေးများသို့ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်လိုအပ်သော အချိန်နှင့်အားထုတ်မှုသည် ရရှိသော အကျိုးကျေးဇူးနှင့် မထိုက်တန်ကြောင်း TDSCs အဖွဲ့ဝင် များက သတိထားမိသည်ဟု တုံ့ပြန်ဖြေကြားသူများကပြောကြားကြသည်။ ဤသုတေသန ပြီးစီးသောအခါ အဆိုပါကော်မတီနှစ်ခုလုံးကို သမ္မတရုံးအမိန့်[၃၇] ဖြင့် ဖျက်သိမ်းခဲ့သည်။

အောက်ပါ သာဓက - ၁၂ တွင် ဆွေးနွေးသကဲ့သို့ ပါဝင်ဆောင်ရွက်ခြင်းကို အားပေးရန် ရည်ရွယ်သည့်ပေါ်လစီပိုင်းဆိုင်ရာ ဆောင်ရွက်မှုများမှ လိုလားသည့် အကျိုးဆက်များမရှိနိုင်ပေ။

---

၃၇ အစိုးရသစ်က ကျေးရွာနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက် နေ့စွဲပါ သမ္မတရုံးဆိုင်ရာအမိန့်ဖြင့် ဖျက်သိမ်းခဲ့သည်။

**သာဓက (၁၂) ရေဝတီတိုင်းဒေသကြီးတွင်တံတားသစ်တစ်စင်းအတွက် စေ့စပ်ညှိနှိုင်းခြင်း**

ရေဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတွင် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်သစ်များစွာကို ဦးဆောင်ဦးရွက်ပြုရန် VDSC က တက်ကြွစွာလှုပ်ရှားခဲ့သည်။ ၎င်းတို့ထဲတွင် ကျေးရွာချင်းဆက် လမ်းတစ်လမ်းကို အဆင့်မြှင့်တင်ခြင်းနှင့် အနီးအနားရှိ ကျေးရွာနှင့် ပို၍အဆင်ပြေစွာ ဆက်သွယ်နိုင်မည့် တံတားသစ်တစ်စင်း တည်ဆောက်ရေးလည်းပါဝင်ခဲ့သည်။ တံတားသစ်အတွက် အကြံဉာဏ်ကို VDSC မှတစ်ဆင့် စေ့စပ်ညှိနှိုင်းကြသည်။ ဥက္ကဋ္ဌကကျေးရွာရှိ ရပ်မိရပ်ဖများနှင့်ပေါင်းစပ်ညှိနှိုင်းကာကျေးရွာ လိုအပ်ချက်ဆိုင်ရာဓါတ်ပုံများ၊ အမျိုးမျိုးသော မြေယာမှတ်တမ်းများနှင့် မြေပုံများပါဝင်သော အဆိုပြုချက်တစ်ရပ်ကို ကြိုတင်ပြင်ဆင်ခဲ့သည်။ အဆိုပြုချက်ကို TDSC မှတစ်ဆင့် မြို့နယ်သို့ တင်ပြခဲ့သည်။ VDSC ဥက္ကဋ္ဌသည် မြို့နယ်အဆင့် စေ့စပ်ညှိနှိုင်းရေးနှင့် အဆက်အသွယ်ကောင်းများဖြင့် ဆက်သွယ်လုပ်ဆောင်နိုင်ရေးတွင် ဦးဆောင်တာဝန်ယူခဲ့သည်။ ဒုတိယဥက္ကဋ္ဌကကျေးရွာ၏ ထောက်ခံမှုရရန် စည်းရုံးခြင်း၊ ဘဏ္ဍာငွေစုစည်းခြင်းနှင့် စီမံချက်အတွက် လုပ်အားစုစည်းခြင်းတို့ကို တာဝန်ယူခဲ့သည်။ သူသည်ကျေးရွာတွင် နယ်မြေခံ NGO ၏ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ရရှိခဲ့သည့်အတွေ့အကြုံများမှ သင်ယူရရှိမှုများကိုအသုံးချခဲ့သည်။

အဆိုပြုချက်ကို TDSC ထံသို့တင်ပြခဲ့သော်လည်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန DRD အရာရှိများသာပါဝင်ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံချက်ကို အသိအမှတ်ပြုခဲ့သော်လည်း တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများနှင့် အကောင်အထည်ဖော်ခြင်းတို့ကို DRD က ဆောင်ရွက်ခဲ့သည်။ တံတားတည်ဆောက်မှုသည် ၂၀၁၅ ခုနှစ် နွေရာသီအစောပိုင်းတွင် ပြီးစီးခဲ့သည်။ အစိုးရက ကျပ် ငါးသန်း ထောက်ပံ့ခဲ့ပြီး ကျေးရွာက ကျပ် တစ်သန်းနှင့် လုပ်အား ထည့်ဝင်ခဲ့သည်။ ထို့ကြောင့် လက်တွေ့တွင် တံတားစီမံချက်၌ TDSC က များစွာပါဝင် ပတ်သက်မှု မရှိခဲ့ပေ။

**ကျေးရွာအုပ်ချုပ်ရေးတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်ရာ၌ အခက်အခဲများဆက်လက်ကြုံတွေ့နေရသော်လည်း ၎င်းတို့ ပါဝင်ဆောင်ရွက်မှုများမှာ QSEM သုတေသနများတစ်လျှောက် အတိုင်းအတာတစ်ခုအထိ မြင့်တက်လာသည်။** ကျေးရွာအုပ်ချုပ်ရေးမှူး VTA ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်မှုအဖြစ် ဆယ်အိမ်မှူးများ ရွေးချယ်ရာတွင် အမျိုးသမီးများပါဝင်မှုနှင့်ပတ်သက်ပြီး အပြောင်းအလဲဆိုင်ရာ အထောက်အထားအချို့ရှိနေပါသည်။ မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာနှစ်ရွာ၊ မကွေးတိုင်းဒေသကြီးရှိ ကျေးရွာနှစ်ရွာနှင့် ရေဝတီတိုင်းဒေသကြီးရှိ ကျေးရွာတစ်ရွာတို့တွင်ဆယ်အိမ်မှူးများအဖြစ် အမျိုးသမီးအချို့ရွေးချယ်ခံခဲ့ကြရသည်။ (မန္တလေးမှ သုံးဦး၊ မကွေးမှ ငါးဦးနှင့် ရေဝတီမှတစ်ဦးဖြစ်သည်။) ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားမပြုနိုင်ကြသေးသော်လည်း ယခင်သုတေသနများနှင့်နှိုင်းယှဉ်လျှင် ထင်ရှားသော ပြောင်းလဲမှုဖြစ်သည်။ ယခင်သုတေသနများတွင် အမျိုးသမီးဆယ်အိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တစ်ဦးတစ်လေမျှပင်မရှိကြောင်း တွေ့ရသည်။[၃၈] အမျိုးသားများသာ ဦးဆောင်နေသော အခန်းကဏ္ဍတစ်ခုတွင် အမျိုးသမီးတစ်ဦးရွေးချယ်ခံရခြင်းကြောင့် အမျိုးသမီးပါဝင်မှု အတိုင်းအတာမြင့်တက်လာသည်ဟု ဆိုနိုင်ကြောင်း ဖြေကြားသူအချို့ကဆိုကြသည်။ “လွှတ်တော်မှာ အမျိုးသမီး ကိုယ်စားလှယ်တွေ အများကြီးပါပဲ။ ဒေါ်အောင်ဆန်းစုကြည်တောင်မှ ပါလီမန်မှာ ရှိနေတာပဲ” ဟု မကွေးရှိ အမျိုးသမီးဆယ်အိမ်မှူးတစ်ဦးက ပြောကြားခဲ့သည်။ “အမျိုးသမီးတွေဟာ မီးဖိုချောင်ထဲမှာပဲ ငရုပ်သီးထောင်းပြီး မနေနိုင်ကြတော့ဘူး။ သူတို့က ပြင်ပလောကကို ကြည့်စပြုလာပြီလေ။ သူတို့ အသိအမြင်တွေလည်း ပြောင်းလဲနေကြပြီ” ဟု VDC အမျိုးသမီး ဥက္ကဋ္ဌတစ်ဦးက ပြောပြသည်။ သို့ရာတွင် ခြုံ၍ကြည့်လျှင် အမျိုးသမီးပါဝင်မှု အရေအတွက်မှာ နည်းပါးနေဆဲဖြစ်သည်။ သာဓက-၁၃ တွင် သရုပ်ဖော်ထားသကဲ့သို့ ခေါင်းဆောင်မှုအခန်းကဏ္ဍရှိ အမျိုးသမီးများမှာ စိန်ခေါ်မှုများ ကြုံတွေ့နေကြရဆဲ ဖြစ်သည်။

---

၃၈ ဆယ်အိမ်မှူးများ၏ အရေအတွက်သည် ကျေးရွာရှိ လူဦးရေပေါ်တွင်မူတည်၍ ပြောင်းလဲပြီး ကိုယ်စားလှယ် ၃-ဦး သို့မဟုတ် ၄-ဦးမှ ၁၅-ဦးနှင့် အထက်အထိ အဆင့်ဆင့်ရှိနိုင်သည်။

**သာဓက (၁၃) ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ခံရသော အမျိုးသမီးတစ်ဦးအနေဖြင့် တွေ့ကြုံရသော စီမံအုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများ**

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် VTA ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်ရာ၌ မကွေးတိုင်းဒေသကြီး၊ ကျေးရွာတစ်ရွာတွင် ဆယ်အိမ်မှူးများကို လူအများကရွေးချယ်ခဲ့သည်။ အိမ်ထောင်စု ၃၀၀နီးပါးရှိသော ရွာကြီးဖြစ်သည့်အလျောက် ဆယ်အိမ်မှူး ၃၀ ကို ရွေးချယ်ခဲ့သည်။ ၎င်းတို့အနက် တစ်ဦးမှာအမျိုးသမီးဖြစ်သည်။ သူခေါင်းဆောင်ရသော ဆယ်အိမ်စုက ထိုအမျိုးသမီးအမည်အားတင်သွင်းခဲ့သည်။ အကြောင်းမှာ ရပ်ရေးရွာရေး ကိစ္စများတွင် သူမအနေဖြင့်တက်ကြွစွာပါဝင်လှုပ်ရှားလေ့ရှိသည့်အပြင် ၎င်းတို့၏အကျိုးစီးပွား များကို ကိုယ်စားပြုရန် အကောင်းဆုံးနေရာပေးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အချို့သော ကျေးရွာခေါင်းဆောင်များက စောဒကတက်ခဲ့ကြသည်။ စောဒက တက်ခြင်း၏ အကြောင်းရင်းတစ်ခုမှာ အဆိုပါရာထူးများကိုရယူရန်မှာ အမျိုးသမီးများ၏ အခန်းကဏ္ဍမဟုတ်ဟု ၎င်းတို့ယူဆ၍ဖြစ်သည်။ အမျိုးသမီးအားရွေးချယ်မှုကို ၎င်းတို့က ကန့်ကွက်ခဲ့ကြသည်။ ထိုသို့ ကန့်ကွက်ခြင်းမှာ ထိုအမျိုးသမီး၏ အမျိုးသားမှတ်ပုံတင် ကတ်ပြားရှိနေရပ်လိပ်စာမှာ ထိုရွာမဟုတ်သောကြောင့် ဖြစ်သည်ဟူသည့် လက်တွေ့ကျ သည့် အကြောင်းရင်းကြောင့်ဖြစ်သည်။ အခြားဒေသတွင်မွေးဖွားခဲ့ပြီး ခင်ပွန်းဖြစ်သူနေထိုင် ရာ ကျေးရွာသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ အမည်စာရင်းတင်သွင်းခံရသူ ၃၀ အနက် သူတစ်ဦးတည်းသာ ကန့်ကွက်ခံရခြင်းဖြစ်ပါသည်။

### အစိုးရထံမှ မျှော်မှန်းချက်များ

**QSEM သုတေသနများတစ်လျှောက် ပြည်သူလူထုကအစိုးရအပေါ်မျှော်မှန်းချက်များ ကြီးမားလာလျက်ရှိသည်ကိုတွေ့ရသည်။** ကျေးရွာအဆင့်၌ အစိုးရကပေးအပ်သည့် ဝန်ဆောင်မှုအနည်းငယ်သာရှိခြင်းကျေးရွာကလည်း ရပိုင်ခွင့်များနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှုနည်းသေးသဖြင့် အစောပိုင်း QSEM အစီရင်ခံစာများတွင် ပြည်သူ့ဝန်ဆောင်မှုကိစ္စရပ်များအပေါ်တွင် လေ့လာမှုနည်းခဲ့သည်။[၃၉] သို့ရာတွင်ပြည်သူ့ဝန်ဆောင်မှုရရှိခြင်းနှင့်သတင်းအချက်အလက်ရရှိခြင်း မြင့်တက်လာပြီး ရပိုင်ခွင့်များကို မျှော်လင့်လာကြသောကြောင့် လတ်တလော သုတေသနများတွင် ထိုအချက်များကိုဖော်ပြလာခဲ့သည်။ အမျိုးသားအဆင့်ရွေးကောက်ပွဲများနှင့် အစိုးရပြောင်းလဲမှု စသည့်ပံ့ပိုးပေးသည့် အကြောင်းအရာများကြောင့်ကျေးရွာသားများအနေဖြင့်ရရှိသောအထောက်အပံ့များ၏ပမာဏကိုအာရုံထားသည်သာမက ထိုအထောက်အပံ့များ၏ အရည်အသွေးများကိုပါ အာရုံထားလာကြသည်ကို ယခုတစ်ကြိမ် သုတေသနပြုရာတွင် သုတေသီများမှ သတိပြုမိခဲ့ကြပါသည်။

### အမျိုးသားအဆင့် ရွေးကောက်ပွဲများ

**၂၀၁၅ခုနှစ်၊ နိုဝင်ဘာလတွင်ကျင်းပသော အမျိုးသားအဆင့်ရွေးကောက်ပွဲများကြောင့်ကျေးရွာတွင်း ပြိုင်ဆိုင်မှုသို့မဟုတ်တင်းမာမှုမြင့်တက်လာသည်ဟူသည့်အထောက်အထားအနည်းငယ်ရှိခဲ့သည်။** [၄၀] ထိုသို့ဖြစ်ရခြင်းမှာ ရပ်ရွာသူရပ်ရွာသားဘက်မှဖွင့်ဟပြောဆိုမှုနည်းပါးပြီး သတင်းပေးပို့မှုလည်း မရှိသောကြောင့်ဖြစ်နိုင်ပြီး ထိုတွေ့ရှိချက်များမှာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာများနှင့် ကိုက်ညီမှုရှိနေပါသည်။ [၄၁]

**ရွေးကောက်ပွဲကာလသို့ ရွေ့ရှုနေသောကြောင့် တည်ရှိဆဲနစ်နာမှုများကို ဖြေရှင်းရန် ကျေးရွာအများစုတွင် ဆိုင်းငံ့ထားကြသည်ဟု သုတေသီများကမှတ်ချက်ပြုကြသည်။** မကွေးတိုင်းဒေသကြီးရှိ ရေနံထုတ်လုပ်သည့် ကျေးရွာများတွင် မြေယာမှတ်ပုံတင်ရေး ပြဿနာများကိုဖြေရှင်းရန် ကြိုးပမ်းမှုများနှင့် ရခိုင်ပြည်နယ်ရှိ ရွှေရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းအနီးရှိ ကျေးရွာများတွင် မြေယာမှတ်ပုံတင်ရေးကြိုးပမ်းမှု ပြဿနာများအပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှကျေးရွာများတွင် မြေယာလျော်ကြေးကိစ္စဖြေရှင်းရေး ကြိုးပမ်းအားထုတ်မှုများတွင် တိုးတက်မှု အနည်းငယ်သာရှိသည်ကို သုတေသီများက ခွဲခြားသိရှိခဲ့သည်။ ရွေးကောက်ပွဲသို့ ဦးတည်နေချိန်တွင် ဖြေရှင်းမှုများက အရာထင်မည်မဟုတ်သည်ကို ရပ်ရွာသူရပ်ရွာသားများက သဘောပေါက်ကြပုံရသည်။

မျှော်မှန်းချက်များသည် အစိုးရအသစ်ထံသို့ ဦးတည်ပြောင်းလဲခဲ့ကြသည်။ မြေယာလျော်ကြေးနှင့် ပတ်သက်သောနစ်နာမှုများကဲ့သို့ နစ်နာမှုများကို ကာလရှည်ကြာစွာခံစားကြရသောကျေးရွာများက လာမည့်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများကိုဖြေရှင်းပေးလိမ့်မည်ဟုမျှော်လင့်နေကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အချို့သောနေရာများတွင် ထိုကဲ့သို့ မျှော်လင့်ချက်များမှာ ပို၍ပင်များပြားနေသေးသည်။ ပင်မဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကုန်ကျခဲ့ရသော ကြွေးမြီဝန်ထုတ်ဝန်ပိုးကို လျှော့ချရန် အစိုးရသစ်ကဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း မန္တလေးမှ ကျေးရွာနှစ်ရွာတွင် နေထိုင်သူများက ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ချင်းတိုင်းရင်းသားတစ်ဦးကို ဒုတိယသမ္မတအဖြစ် ခန့်အပ်ခဲ့သောကြောင့် ချင်းပြည်နယ်၏ ဒေသဆိုင်ရာ အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများ များစွာမြင့်တက်လာမည်ဟု မျှော်လင့်ကြောင်း ချင်းပြည်နယ်မှဒေသခံများက ပြောကြားခဲ့ပါသည်။

> “ (လမ်းအတွက်) အထောက်အပံ့ရမယ် မရဘူးဆိုတာကတော့ ကံတရားပေါ်မူတည်တယ်။ ရွာသားတွေကတော့ အကူအညီတောင်းနေကြတာပဲ။” ကျေးရွာအုပ်ချုပ်ရေးမှူး (အမျိုးသား)၊ မန္တလေးတိုင်းဒေသကြီး။.

### အစိုးရ၏ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်း ဆက်လက်တိုးတက်လာမှု

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် အစိုးရပိုင်းဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း တိုးတက်လာလျက်ရှိသည်။** ၎င်းတို့မှာ အဓိကအားဖြင့် လျှပ်စစ်ဓာတ်အားနှင့် ချေးငွေစီမံချက်များကဲ့သို့သောပုံစံများတွင် မြင့်တက်ခြင်းဖြစ်သည်။ အောက်ပါ ပုံ-၁၀ သည် ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ် အကြား (QSEM-4 နှင့် QSEM-6) QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရရှိသည့်

---


၃၉ သုံးပွင့်ဆိုင်အုပ်စုကိုလည်း ကြည့်ပါ။ “နာဂစ်အလွန် ပူးတွဲဆန်းစစ်ချက်၊ ၂၀၀၈-ခုနှစ်။”

၄၀ NLD အစိုးရသည် ၂၀၁၆-ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် တရားဝင် တာဝန်ယူခဲ့သည်။

၄၁ ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာစောင့်ကြည့်မှုတွင် ကြည့်ပါ။ “ကြိုတင်ထုတ်ပြန်ချက် - ရွေးကောက်ပွဲကောင်းမွန်စွာ ကျင်းပရေးနေ့နှင့် ပါဝင်မဲဆန္ဒထည့်ဝင်မှုများသည် မြန်မာနိုင်ငံ၏အရေးပါသော ၂၀၁၅ ရွေးကောက်ပွဲများကိုဂုဏ်ပြုသည်၊ အဓိကဥပဒေရေးရာပြုပြင်ပြောင်းလဲမှုများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ တိုးတက်မှုများလိုအပ်သေးသည်။” ၂၀၁၅။

အစိုးရ၏ အကူအညီ အကျဉ်းချုပ်ကို ဖော်ပြထားသည်။[၄၂] အကူအညီပေးမှုအဆင့်သည် ၂၀၁၂ နှင့် ၂၀၁၄ ခုနှစ်အကြား (QSEM-1 မှ QSEM-3) သိသာစွာ ပိုမို မြင့်မားလာခဲ့သည်။

ပုံ (၁၀) QSEM အကြိမ်များလေ့လာမှုကာလအတွင်း အစိုးရ၏အကူအညီပေးမှု (QSEM 4-6)




ယခုတစ်ကြိမ်တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများရှိ ကျေးရွာများက ပြည်နယ်များရှိ ကျေးရွာများထက် အစိုးရစီမံကိန်းများကို ပိုမိုရရှိကြသည်ကို တွေ့ရှိရသည်။[၄၃] မကွေး၊ မန္တလေးနှင့် ဧရာဝတီရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများသည် ချင်း၊ ကချင်နှင့် ရှမ်းတို့ရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများထက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းအရေအတွက် နှစ်ဆနီးပါး ရရှိကြသည်။ ထိုသို့ရရှိခြင်းသည် အပူပိုင်းဇုန်ရှိ ကျေးရွာများစွာတို့တွင် ချေးငွေမျိုးစုံ အစီအစဉ်များ (MADB နှင့် သမဝါယမ၊ သို့မဟုတ် မြစ်မ်းရောင်စီမံချက်ချေးငွေများ) တည်ရှိခြင်းနှင့် ဧရာဝတီရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် ပညာရေးအစီအစဉ်များ ရှိနေမှုအပြင် မကွေးတိုင်းဒေသကြီးရှိ မြို့နယ်တစ်ခုတွင် MOGE အစီအစဉ်များရှိနေခြင်းကြောင့် ဖြစ်သည်။ အောက်ပါ ပုံ-၁၁သည် QSEM 6သုတေသနတွင်တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရရှိသည့် စီမံချက်များကို ခွဲခြားပြသထားသည်။

**ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် လုပ်ပိုင်ခွင့်ပိုမိုရရှိခြင်း**

ပိုမိုပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းများနှင့်အတူ အစိုးရစီမံချက်များအတွက် ဆောင်ရွက်ပေးမှုစနစ်များမှာလည်း ပြောင်းလဲလျက်ရှိသည်။ QSEM ယခင်အကြိမ်များတွင် အစိုးရဝန်ဆောင်မှုများကို ဖြန့်ဝေပေးသည့်ပုံစံမှာ ဗဟိုမှသာ အဓိကကိုင်တွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး နေရာအားလုံးတွင် တူညီသောပုံစံဖြင့် အကောင်အထည်ဖော်သည့်စနစ်မျိုးဖြစ်သည်။ ယခုအကြိမ်တွင် ပြည်နယ်။ တိုင်းဒေသကြီးနှင့် ကျေးရွာအဆင့် ပြောင်းလဲမှုများရှိသည်။ သာဓကနှစ်ခုဖြစ်သည့် အမျိုးသား စီမံကိန်းနှစ်ခု (လျှပ်စစ်ဓာတ်အားနှင့် ကျေးလက်ဒေသ ချေးငွေ)က ထိုသို့ ပြောင်းလဲမှုများကို ဖော်ပြလျက်ရှိသည်။

---

၄၂ လွန်ခဲ့သော QSEM အကြိမ်များတွင် အလှူရှင်အကူအညီပေးမှုအဆင့်နှင့် ပုံစံကို ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဤအကြိမ် QSEM တွင် အလှူရှင် အစီအစဉ်များတွင် ပြောင်းလဲမှုအနည်းအကျဉ်းသာရှိသည်။ ထိုအချက်ကို ထည့်သွင်းစဉ်းစား၍ အစီရင်ခံစာသည် အလှူရှင်အကူအညီပေးမှုနှင့် ပတ်သက်၍ အသေးစိတ်ကို အလေးပေးခြင်း မပြုပါ။

၄၃ QSEM သည် မတူညီသောစီမံကိန်းများ၏ သက်ဆိုင်သော တန်ဖိုးများကောက်ယူစုဆောင်းရန် ကောင်းစွာစီစဉ်ထားခြင်းမဟုတ်သောကြောင့် ဘဏ္ဍာရေးစည်းကမ်းချက်များတွင် အကူအညီ၏အဆင့်ကို ဖော်ပြရန်မလိုအပ်ဟုသတိပြုသင့်ပါသည်။ အချို့ကျေးရွာများသည် စီမံချက်အသေးစား အရေအတွက်များစွာကိုရရှိကြပြီး အခြားကျေးရွာများသည်စီမံချက်အရေအတွက်နည်းပါးသော်လည်း ကြီးမားသောဘတ်ဂျက်များကိုရရှိနိုင်ကြပါသည်။

ပုံ (၁၁) ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အစိုးရစီမံကိန်းများ



အမျိုးသားအဆင့် လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတွင် ပြည်နယ်။တိုင်းဒေသကြီးအဆင့်၌ မှတ်သားဖွယ်အကောင်းဆုံးသော ပြောင်းလဲမှုများ ပေါ်ပေါက်လာခဲ့သည်။ အမျိုးသားဓာတ်အား လိုင်းသို့ ချိတ်ဆက်မှု တိုးချဲ့ရေးစီမံကိန်းတွင် ကချင်နှင့် မန္တလေးရှိ QSEM ကျေးရွာအများစု ပါဝင်ခဲ့သည်။ ဖြည့်ဆည်းပေးထားသော အခြေခံအဆောက်အဦ၏ အတိုင်းအတာ၊ ကျေးရွာ ရွေးချယ်မှု၊ ငွေပေးချေမှုစနစ်များနှင့် သတင်းအချက်အလက် ကွာခြားချက်များကို အောက်ပါ ဇယား-ဂ တွင် နှိုင်းယှဉ်ဖော်ပြထားသည်။ ပြည်နယ်။ တိုင်းဒေသကြီးနှစ်ခုလုံးရှိ ကျေးရွာများတွင် ကျေးရွာခေါင်းဆောင်များက အဓိကဆုံးဖြတ်ချက်များကို ချမှတ်ပြီး လျှပ်စစ်ဓာတ်အားကော်မတီက သတင်းအချက်အလက်များ ဖြန့်ဖြူးခြင်းနှင့် အခကြေးငွေကောက်ခံခြင်းကို ဆောင်ရွက်သည်။ ကချင်ပြည်နယ်တွင် စီမံကိန်း၏ကုန်ကျစရိတ် ပိုမိုမြင့်မားသော်လည်း မန္တလေးရှိ စီမံကိန်းထက် ဒေသခံရွာသူ ရပ်ရွာသူရပ်ရွာသားများက ပိုမိုနှစ်သက်ကြသည်။ အဘယ်ကြောင့်ဆိုသော် အိမ်ထောင်စုတစ်ခုချင်းစီသည် အမျိုးသားဓာတ်အားလိုင်းနှင့် ချိတ်ဆက်မိသကဲ့သို့ သတင်း အချက်အလက်များကို အပြည့်အစုံရရှိခဲ့ကြခြင်းကြောင့်ဖြစ်သည်။[၄၄] နှိုင်းယှဉ်ကြည့်လျှင်

[၄၄] ယင်းသည် အမျိုးသားလျှပ်စစ်ဓာတ်အားဆက်သွယ်ရေးစီမံကိန်း၊ ဒီဇိုင်းရေးဆွဲ ပုံနှ င့် တ်သမတ်တည်း ဖြစ်နေပုံရသည်။ ထိုစီမံကိန်းတွင် ချိတ်ဆက်မှုအဆင့် ၃ ခု ရှိသည်။ အမျိုးသားအစိုးရက ဘဏ္ဍာငွေကျခံသော ကျေးရွာသို့ ချိတ်ဆက်မှု၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် သို့မဟုတ် ကျေးရွာများက ဘဏ္ဍာ ၁ငွေကျခံသော အခြေခံအဆောက်အဦနှင့် အိမ်ထောင်စုများသို့ ချိတ်ဆက်မှုတို့ ဖြစ်သည်။ မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရ၏ "၂၀၃၀ တွင် မြန်မာတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှု"၊ ၂၀၁၅ ကို ကြည့်ပါ။ ကျေးရွာများ၏ ရရှိသုံးစွဲမှုပေါ်မူတည်၍ ကုန်ကျစရိတ်ကွဲပြားသည်။ ကချင်ပြည်နယ်တွင် ကုန်ကျစရိတ်မြင့်မားမှုသည် ဓာတ်အားချိတ်ဆက်မှု ကျေးရွာအဆင့်ထက် အိမ်ထောင်စုများကို ချိတ်ဆက်ခြင်းကို ထင်ဟပ်သည်။

ဇယား (၉) ကချင်နှင့်မန္တလေးတွင်လျှပ်စစ်ဓာတ်အားဆက်သွယ်အသုံးပြုမှု

| | ကချင် | မန္တလေး |
|---|---|---|
| ဖြန့်ဖြူးမှု | QSEM-6 တစ်လျှောက် မြို့နယ်သုံးခုတွင် စုစုပေါင်း ကျေးရွာ၉-ရွာ | QSEM-5 တစ်လျှောက် မြို့နယ်သုံးခုတွင် စုစုပေါင်း ကျေးရွာ၉-ရွာ |
| ကျေးရွာရွေးချယ်မှု | အစိုးရက ဆုံးဖြတ်သည်။ ဆုံးဖြတ်ချက်ကဏ္ဍတွင် ကျေးရွာများ မပါဝင်ပါ။ | မြို့နယ်အဆင့်အစည်းအဝေး။ အဆိုပြုချက်များ တင်သွင်းရန် ကျေးရွာများအား ဖိတ်ခေါ်သည်။ |
| ကုန်ကျစရိတ်များ | အိမ်ထောင်စုသို့ လျှပ်စစ်ချိတ်ဆက်မှုအတွက် ကျပ် ၂၀၀,၀၀၀ မှ ၈၈၀,၀၀၀ အကြား | ကျေးရွာသို့ ချိတ်ဆက်မှုအတွက် ကျပ် ၁၀၀,၀၀၀ မှ ၄၀၀,၀၀၀ အကြား။ |
| | ကုန်ကျစရိတ်ခန့်မှန်းခြေကို အစိုးရကပေး သည်။ အိမ်ထောင်စု ကျသင့်ငွေကို VA က ဆုံးဖြတ်သည်။ | ကျေးရွာနှစ်ရွာက အိမ်ထောင်စုနှုန်းကို သတ်မှတ်သည်။ အခြားကျေးရွာသုံးရွာတွင် VA က သတ်မှတ်သောနှုန်း ကွာခြားသည်။ |
| | လျှပ်စစ်ချိတ်ဆက်သော အိမ်ထောင်စုများက တစ်ကြိမ်တည်းပေးချေရသည်။ | ကြိုတင်ပေးချေရသည်။ |
| | ကုန်ကျစရိတ်များကျခံရန် ရပ်ရွာသူရပ်ရွာသားများက အဓိကအားဖြင့် ကိုယ်ပိုင်ရင်းနှီးငွေကို အသုံးပြု သည်။ မွေးမြူရေးတိရိစ္ဆာန်များရောင်းချခြင်း သို့မဟုတ် ချေးငွေ ရယူရသည်။ ကျေးရွာနှစ်ရွာတွင် EVERGREEN ချေးငွေ စီမံကိန်းအတွက် ပြန်လည်ပေးဆပ်ရန် အသုံးပြုရသည်။ | ကျေးရပ်ရွာသူရပ်ရွာသားများက ချေးငွေရယူသည်။ သမဝါယမရန်ပုံငွေကို အသုံးပြုသည် လှူဒါန်းငွေ... |
| ပါဝင်ဆောင်ရွက်မှု | အိမ်ထောင်စုကုန်ကျစရိတ်ကို ကျေးရွာရှိ အိမ်တည်နေရာနှင့် အသုံးပြုမှု အလားအလာကို မူတည်ဆုံးဖြတ်သည်။ | အိမ်ထောင်စုကုန်ကျစရိတ်ကို ကျေးရွာရှိ အိမ်တည်နေရာနှင့် အသုံးပြုမှု အလားအလာကို မူတည်ဆုံးဖြတ်သည်။ |
| | ကျေးရွာတိုင်းရှိ ပို၍ဆင်းရဲသည့် အိမ်ထောင်စုများက ကျသင့်ငွေများ မပေးနိုင်၍ ပါဝင်ဆောင်ရွက်မှုမပြုလုပ်ကြပါ။ | ကျေးရွာတိုင်းရှိပို၍ဆင်းရဲသည့်အိမ်ထောင်စုများက ကျသင့်ငွေ များ မပေးနိုင်၍ ပါဝင်ဆောင်ရွက်မှုမပြုလုပ်ကြပါ။ |

ဇယား (၉) ကချင်နှင့်မန္တလေးတွင်လှျပ်စစ်ဓာတ်အားဆက်သွယ်အသုံးပြုမှု

| | | |
|---|---|---|
| အကောင်အထည် ဖော်မှုနှင့် သိရှိမှု | ကျေးရွာအားလုံးတွင် ပြီးစီးသည်။<br>ရပ်ရွာသူရပ်ရွာသားများက ကုန်ကျစရိတ်ကို ကျခံနိုင်သည် ဟု သုံးသပ်သည်။ အကြောင်းမှု ၎တို့သည် ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချနိုင်ပြီး သတင်းများကို ဦးဦးဖျားဖျားရနိုင်၍ ဖြစ်သည်။<br>ကချင်ပြည်နယ်အစိုးရ၏ စီမံကိန်းအဖြစ်ရှုမြင်သည်။ | ကျေးရွာနှစ်ရွာတွင် ကျေးရွာအဆင့် ထရန်စဖော်မာရှိသော်လည်း ကျေးရွာအတွင်းချိတ်ဆက်မှုမရှိပါ။ အခြားကျေးရွာ ၃-ရွာတွင် တိုးတက်မှုမရှိပါ။<br>ပေါ်ပေါက်လာမည့် ကြွေးမြီနှင့်နှုန်းများ အကဲဖြတ်သည့်မှုများကို စိုးရိမ်သည်။<br>ကျေးရွာနှစ်ရွာတွင် အစိုးရသစ်သည် စီမံကိန်းကို ပြန်လည်သုံးသပ်ပြီး ကုန်ကျစရိတ်ကို ပြန်လည်ထုတ်ပေးမည်ဟု သိရှိထားသည်။ |

**သာဓက (၁၄) ရခိုင်ပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် ချေးငွေအစီအစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက် မရရှိခြင်းကြောင့် လူမှုရေးဆိုင်ရာတင်းမာမှုကို ဖြစ်ပေါ်စေခြင်း**

ရခိုင်ပြည်နယ်၊ ကျေးလက်ဒေသချေးငွေအစီအစဉ်တစ်ခု၌ သတင်းမရရှိမှုကြောင့် လူမှုဆက်ဆံရေးတင်းမာလျက်ရှိသည်။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာသုံးရွာတို့သည် တစ်ရွာလျှင် မြန်မာငွေကျပ် သန်း၃၀(US ၂၂၀၀၀ခန့်) ထုတ်ပေးမည့် အစီအစဉ်တစ်ခုတွင် ပါဝင်နေကြပြီး ထိုငွေကို အိမ်ထောင်စုတစ်ခုချင်းစီထံသို့ ချေးငွေအဖြစ် ခွဲဝေပေးမည်ဖြစ်သည်။[၄၅] အကောင်အထည်ဖော်ခါစတွင် VTA ကချေးငွေကိုစီမံခန့်ခွဲရန် ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့သော်လည်း ရပ်ရွာသူရပ်ရွာသားများချေးငွေယူလျှင် အတိုးပေးရမည်ဆိုသောအချက်ကို ကော်မတီအဖွဲ့ဝင်များအား ပြောရန်ပျက်ကွက်ခဲ့သည်ဟု ရပ်ရွာသူရပ်ရွာသားများက တိုင်ကြားခဲ့သည်။ ထို့ကြောင့် ကော်မတီဝင်များက ရပ်ရွာသူရပ်ရွာသားများအား အတိုးပေးရန်မလိုဟု မှားယွင်းစွာပြောကြားခဲ့ကြသည်။

သီးခြားမြို့နယ်အဆင့် အစည်းအဝေးတစ်ခုတွင် အစီအစဉ်၌ ပါဝင်သော အိမ်ထောင်စုများအနေဖြင့် အမှန်တကယ် အတိုး (တစ်လလျှင် ၀ ဒသမ ၅ ရာခိုင်နှုန်း) ပေးရမည်ဖြစ်ပြီး ထိုအတိုးရရှိငွေကို ကျေးရွာကော်မတီက ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးပြုရမည်ဟု ကော်မတီဝင်များသိရှိခဲ့ရသည်။ ထို့ကြောင့် ကော်မတီဝင်များက ချေးငွေထုတ်ပေးသောအခါ ချေးငွေအသီးသီးမှ အတိုး ၀ ဒသမ ၅ ရာခိုင်နှုန်းကိုထိန်းသိမ်းထားပြီး ထိုအတိုးဖြင့် အိမ်သာ ခြောက်လုံးဆောက်ရန် ရည်ရွယ်ထားခဲ့သည်။

သို့ရာတွင် ရပ်ရွာသူရပ်ရွာသားများက ချေးငွေများအပေါ် အတိုးမပေးရဟု မှတ်ထားသောကြောင့် ထိန်းသိမ်းထားသော အတိုးငွေများကို အလွဲသုံးစားပြုလိမ့်မည်ဟု ယူဆခဲ့ကြသည်။ ထို့ကြောင့် ရွာသား၂၀ခန့်က လက်မှတ်ရေးထိုးထားသော အသနားခံစာကိုအုပ်ချုပ်ရေးမှူးထံ တင်သွင်းခဲ့သည်။ ကော်မတီဝင်များကလည်း အသနားခံစာမိတ္တူတစ်စောင်ကို လက်ခံရရှိခဲ့ကြပြီး အသနားခံစာတွင် ရေးထိုးထားသော လက်မှတ်များကို ရွာသားအနည်းငယ်ကသာ အတုပြုလုပ်ထားခြင်းဖြစ်ကြောင်းတွေ့ရှိခဲ့ရသည်။ မကြာမီက ကျင်းပခဲ့သော အစည်းအဝေးတွင် အမှန်တကယ် လက်မှတ်ရေးထိုးခဲ့သူများက အသနားခံစာကို ၎င်းတို့အား ပြန်ပေးရန်တောင်းဆိုခဲ့ကြသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးက ပြန်ပေးရန်ငြင်းဆိုခဲ့ပြီး အသနားခံစာကို မြို့နယ်သို့တင်ပြမည်ဟု ခြိမ်းခြောက်သောအခါ လက်မှတ်ရေးထိုးသူများက ပြဿနာပိုမိုကျယ်ပြန့်လာမည်ကို သတိထားမိသောကြောင့် လက်နက်များကိုင်ဆောင်၍ ပြန်လာကြပြီး အသနားခံစာကိုတောင်းခံခဲ့ကြသည်။ နောက်ဆုံးတွင် အသနားခံစာကို မြို့နယ်သို့ အစီရင်မခံရန် ဆုံးဖြတ်လိုက်ကြသည်။

၄၅ အစီအစဉ်သည် ထာဝရစိမ်းလန်းစိုပြေရေး၏ အစိတ်အပိုင်းဖြစ်သည်ဟု ရွာသားအများစုက ယုံကြည်ထားသော်လည်း အချို့ရှုတ်ထွေးမှုများ ရှိနေခဲ့သည်။ အခြားရွာသားများက SEZ ကို ပံ့ပိုးပေးသော CITIC ကုမ္ပဏီက ရန်ပုံငွေ ကျခံသည်ဟု ယူဆထားကြသည်။ သတင်းအချက်အလက် မရရှိသောကြောင့် ထိုအစီအစဉ်၏ အရင်းအမြစ်ကို သုတေသီများကလည်း ဆုံးဖြတ်ခြင်းမပြုနိုင်ကြပါ။

မန္တလေးရှိ ကျေးရွာများသည် အစိုးရစီမံကိန်းကို လက်ခံသင့်မသင့် ဆုံးဖြတ်ရာတွင် ရွေးချယ်ခွင့် အများအပြားရရှိကြပြီး အခကြေးငွေကောက်ခံရာတွင်လည်း နည်းလမ်းမျိုးစုံတို့ဖြင့် ဆောင်ရွက်ကြသည်။ ၎င်းတို့ပေးရသည့် အခကြေးငွေများမှာ နည်းပါးသော်လည်း ကြိုတင် ကုန်ကျစရိတ်များကို ကျခံရန် ချေးငွေများရယူကြသောကြောင့် ပိုမိုကြီးမားသည့် ကြွေးမြီများတင်ကျန်ခဲ့သလို ဖြစ်နေပါသည်။ သုတေသနပြုချိန်တွင် မန္တလေးရှိကျေးရွာများသို့ လျှပ်စစ်ဓာတ်အား သွယ်တန်းမှု လုပ်ငန်းမှာ ဆိုင်းငံ့နေဆဲဖြစ်သည်။

**လမ်းညွှန်မှုများကို အနည်းငယ် ကွဲပြားစွာထုတ်ပြန်ခဲ့ဖွယ်ရှိသည်။** အထူးသဖြင့် ကျေးရွာ ကော်မတီအဖွဲ့ဝင်များ၏ အရေအတွက်နှင့် ပတ်သက်၍ပြောင်းလဲခြင်းဖြစ်သည်။ သို့ရာတွင် အကျိုးခံစားခွင့်ရှိသူများ ရွေးချယ်ခြင်းနှင့် ချေးငွေပမာဏ အပါအဝင် အရေးကြီးသော ဆုံးဖြတ်ချက်များကို ကျေးရွာအဆင့်တွင်ဆောင်ရွက်ကြသည်။ ထိုသို့ဆောင်ရွက်မှုကိုရပ်ရွာသူရပ်ရွာသားများက သဘောကျကြသော်လည်း ချေးငွေများထုတ်ပေးပြီးနောက်ပိုင်းမှ ကွင်းဆင်းသုတေသနကို ဆောင်ရွက်ခဲ့သည့်အတွက် ကျေးရွာအဆင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်သည် ချေးငွေပြန်လည်ပေးဆပ်မှုအပေါ် မည်သို့သက်ရောက်မည်ဆိုသည်ကို တိတိကျကျမသိရသေးပေ။

**စီမံကိန်းများ မည်သို့အကောင်အထည်ဖော်သည်ကို ပုံဖော်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် ကျေးရွာခေါင်းဆောင်များထံ ကိုယ်ပိုင်လုပ်ပိုင်ခွင့် အများအပြားပေးထားကြောင်း ပြောင်းလဲမှုများက ညွှန်ပြလျက်ရှိသည်။** သို့ရာတွင် အမျိုးသား အဆင့်ရွေးကောက်ပွဲများမတိုင်မီ အစိုးရကစီမံကိန်းများချပေးခြင်းဖြစ်ပြီး ဤသို့ဆောင်ရွက်ခြင်းက ဗဟိုချုပ်ကိုင်မှုစနစ်ကို အမှန်တကယ်လျှော့ချလိုခြင်း ဟုတ်မဟုတ်၊ သိရှိရန် ယခုပြောင်းလဲမှုများကို နောင်လာမည့် သုတေသနများတွင် စောင့်ကြည့်လေ့လာရမည် ဖြစ်သည်။

## သတင်းအချက်အလက် စီးဆင်းမှု

**အစိုးရ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ကျေးရပ်ရွာသူရပ်ရွာသားများတွင်ရှိသော မျှော်လင့်ချက်များကို ၎င်းတို့ရရှိသော သတင်းအချက်အလက်များ၏ အရည်အသွေးက လွှမ်းမိုးလျက်ရှိသည်။** ရပ်ရွာသူရပ်ရွာသားများသည် မိုဘိုင်းလ်ကွန်ရက်များများပြားလာခြင်းကြောင့် ရပ်ရွာသူ ပြင်ပမှ သတင်းများကိုပါ ရရှိလာကြသည့်အတွက် အစိုးရအနေနှင့် သူတို့၏ သတင်းထုတ်ပြန်ချက်များ အပေါ် ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန် လိုအပ်လာခဲ့သည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် ပြည်သူ့ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အစိုးရကပေးသော သတင်းအရည်အသွေးသည် သိသာထင်ရှားစွာ ပြောင်းလဲခဲ့သည်။ အထက်တွင်ဆွေးနွေးခဲ့သော လျှပ်စစ်ဓါတ်အား ဖြန့်ဝေမှုပိုင်းတွင် ဖော်ပြထားသကဲ့သို့ ထုတ်ပြန်သော သတင်းအချက်အလက်၏ အရည်အသွေးသည်  ထိုသို့သောစီမံချက်များတို့ကို မည်သို့ရှုမြင်သုံးသပ်သည်ဆိုသည့်အပေါ် သိသာထင်ရှားစွာ လွှမ်းမိုးထားနိုင်သည်။ သတင်းအချက်အလက်ဆိုင်ရာ ပိတ်ပင်မှုများဖြစ်စေ၊ ပွင့်လင်းမြင်သာမှုမရှိခြင်းကဖြစ်စေ တင်းမာမှုကိုဖြစ်ပေါ်စေသည်။ ပုဂ္ဂလိကကဏ္ဍက ငွေကြေးထောက်ပံ့သော စီမံကိန်းများသို့မဟုတ်၎င်းတို့လုပ်ဆောင်ချက်အတွက် နစ်နာကြေးအနေနှင့် လုပ်ဆောင်ပေးသော စီမံကိန်းများ စသည့်ကိစ္စရပ်များတွင်မူ သတင်းထုတ်ပြန်ပေးမှုပိုမိုနည်းပါးကြောင်း ရပ်ရွာသူရပ်ရွာသားများက ပြောပြခဲ့ကြသည်။ ဥပမာ- ရခိုင်ပြည်နယ်၊ ကျောက်ဖြူရှိ ရွှေရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းများအနီးအပါးရှိ QSEM ကျေးရွာများတွင် ရပ်ရွာသူ ရပ်ရွာသားများ ရပ်ရွာလူထုသည် ကျေးရွာများအတွက် မြန်မာကျပ်ငွေ သန်း ၃၀ (USD ၂၂,၀၀၀ခန့်) ချပေးသော ဒေသအထွေထွေဖွံ့ဖြိုးရေးထောက်ပံ့ငွေနှင့်ပတ်သက်ပြီး မရှင်းမလင်း ဖြစ်နေကြသည်။ သာဓက-၁၅ တွင်ဖော်ပြထားသည့် အဖြစ်အပျက်တစ်ခုအရ ထိုကိစ္စသည် ရှုန်းရင်းဆန်ခတ်ဖြစ်မှုသို့ ပြောင်းလဲသွားရန် ဦးတည်နေသည်။

**ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများက ပိုမိုကျယ်ပြန့်လာပြီး အစိုးရအပေါ် မျှော်လင့်ချက်များကလည်း ပိုမိုကြီးမားလာခဲ့သည်။ ထိုအခြေအနေများကြောင့် အခွင့်အလမ်းများ ပိုမိုများပြားလာသကဲ့သို့ ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေသည်။** ဖြစ်နိုင်ခြေ ၃ခုပေါ်ပေါက်လာသည် - ပထမဖြစ်နိုင်ခြေမှာ  ယခင်ထက် ပိုမိုပွင့်လင်းလာသော အမျိုးသားနိုင်ငံရေးအခြေအနေများကြောင့် ကျေးရွာခေါင်းဆောင်မှုတွင် လူသစ်များက ပါဝင်ဆောင်ရွက်လာကြလိမ့်မည်။ ကျေးလက်နိုင်ငံရေးတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု အနည်းငယ်မြင့်တက်လာသည်ကိုတွေ့မြင်ရသောကြောင့် ကျေးရွာခေါင်းဆောင်ရာထူးများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာမည့် အလားအလာရှိနေသည်။ ကျေးရွာအဆင့်နှင့်အထက် အုပ်ချုပ်ရေးကဏ္ဍများအပေါ် တာဝန်ခံမှုနှင့်တာဝန်ယူမှုများဆိုင်ရာ စောင့်ကြည့်လေ့လာခဲ့မှုများကို အစီရင်ခံစာတွင် မှတ်တမ်းတင်ထားပြီးဖြစ်ပါသည်။ ဒုတိယဖြစ်နိုင်ခြေမှာ အသွင်ကူးပြောင်းမှုက

**သာဓက (၁၅) ပဋိပက္ခ ဖြစ်ပွားထားသော ဒေသများအတွင်းရှိ ကျေးရွာ၏ ထည့်ဝင်ထောက်ပံ့မှုများ**

QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာတစ်ရွာတွင်ပဋိပက္ခများလတ်တလောတွင် မြင့်တက် လျက်ရှိသည်။ ရပ်ရွာသူရပ်ရွာသားများအနေဖြင့် ၎င်းတို့၏ နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန် ထိုနယ်မြေ၌ လှုပ်ရှားနေသော တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတစ်စုနှင့် ပုံမှန်စေ့စပ် ညှိနှိုင်းရန်လိုအပ်သည်။ စေ့စပ်ညှိနှိုင်းမှုအားလုံးကို ကျေးရွာခေါင်းဆောင်တစ်ဦးက ဆောင်ရွက်ပေးသည်။

ရပ်ရွာသူရပ်ရွာသားများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် လစဉ် ၅,၀၀၀ ကျပ်မှ ၂၀,၀၀၀ အကြား ဆက်ကြေးအဖြစ်ပေးရန်လိုအပ်သည်။ သုံးလဆက်တိုက် ဆက်ကြေးမပေးနိုင်သော အိမ်ထောင်စုအနေဖြင့် ၎င်းတို့၏ မိသားစုဝင် တစ်ဦးအား ဖမ်းဆီးကာ အတင်းအကျပ် လက်နက်ကိုင်ခိုင်းမည့် အန္တရာယ်ကိုကြုံတွေ့ကြရသည်။

၂၀၁၅ ခုနှစ်တွင် EAG အဖွဲ့တစ်ခုက ထိုရွာသို့ ချဉ်းကပ်ကာ ၎င်းတို့အဖွဲ့သို့ဝင်ရမည့် လူငယ်များအား သတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ရွာသားနှစ်ဦးအား ရွေးချယ် သတ်မှတ်ပေးပြီး ခြောက်လသင်တန်းတက်ရန် ၎င်းတို့အား စေလွှတ်ခဲ့သည်။ ထို့ပြင် ကျေးရွာက တစ်လလျှင်လူတစ်ဦးကျဖြင့် စခန်းတွင် နေ့စဉ်တောက်တိုမယ်ရကိစ္စများ ကူညီရန်စေလွှတ်ပေးရသည်။ ရပ်ရွာသူရပ်ရွာသားများက ထိုကိုယ်စားလှယ်အတွက် အသုံးစရိတ်ကာမိစေရန် ဆန်သုံးအိတ် နှင့် တစ်အိမ်ထောင်လျှင် ကျပ် ၅,၀၀၀ ထည့်ဝင်ကြရသည်။

ကျေးရွာရာထူးများအတွက် ယှဉ်ပြိုင်မှုကို မြင့်တက်စေခြင်းဖြစ်သည်။ သို့သော် ယခုအကြိမ်တွင်မူ ထိုအချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ထိုဆန့်ကျင်ဘက်အနေအထားမှာလည်း အသွင်ကူးပြောင်းဆဲကာလဖြစ်သဖြင့် ရပ်ရွာခေါင်းဆောင်များအနေဖြင့် ထိုရာထူးများကို ယှဉ်ပြိုင်ခြင်းမပြုဘဲ စောင့်ကြည့်နေကြခြင်းဖြစ်သည့်အတွက် ယာယီမျှသာဖြစ်ဖွယ်ရှိပေသည်။ လူထု၏ ဆက်သွယ်ရေး ကွန်ရက်များသည် ကျေးရွာအဆင့်ကို ကျော်လွန်ပြီး ကျယ်ပြန့်လာခြင်းနှင့် အစိုးရအပေါ် မျှော်လင့်ချက်ပိုထားလာခြင်းကြောင့် ကျေးရွာသားများက လက်ရှိခေါင်းဆောင်များ အပေါ် တိုင်ကြားမှုရှိလာခြင်း သို့မဟုတ် ထိုသူများ၏ လုပ်ပိုင်ခွင့်များအပေါ် လေးစားမှုလျော့နည်းလာခြင်းများကယှဉ်ပြိုင်မှုများ မြင့်တက်လာနိုင်မည်ဆိုသည်ကိုညွှန်ပြနေသည်။ တတိယဖြစ်စဉ်မှာ စိတ်ဝင်စားမှု ဆက်လက်နည်းပါးနေပြီး ကျေးရွာရာထူးများကို လိုလားမှုဆက်လက်ကျဆင်းခြင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းတွင် အရေးကြီးသောပါဝင်ပတ်သက်မှုများ ရှိလိမ့်မည်ဖြစ်သည်။ ထိုသို့ဖြစ်ခြင်းကကျေးရွာသားများတွက် လူမှုရေးစည်းကမ်းများထိန်းသိမ်းခြင်းနှင့် ရပ်ရွာအရေးကိစ္စများတွင် အားတက်သရောပါဝင်လုပ်ဆောင်ကြခြင်းစသည့်ကိစ္စများတွင်ဖြစ်စေ၊ အစိုးရ သို့မဟုတ် အလှူရှင်များထောက်ပံ့ခြင်းနှင့် သက်ဆိုင်သောကိစ္စရပ်များကို ဆုံးဖြတ်ချက်ချခြင်းတွင် ၎င်းတို့၏ စီမံခန့်ခွဲနိုင်မှု စွမ်းဆောင်ရည်ကို အားနည်းသွားစေလိမ့်မည်။

ပဋိပက္ခ

**ပဋိပက္ခကြောင့် ကျေးရွာလူမှုဆက်ဆံရေးက ပိုမိုရှုတ်ထွေးလာလျက်ရှိသည်။** QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၅ရွာအနက် တစ်ရွာသည် လတ်တလောတွင် ပဋိပက္ခများကြောင့် ထိခိုက်ခံနေရသည် သို့မဟုတ် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ (EAGs) လှုပ်ရှားသော နယ်မြေများတွင် တည်ရှိကြသည်။ ပဋိပက္ခ သို့မဟုတ် လက်နက်ကိုင်အုပ်စုများ ရှိနေခြင်းကြောင့် ရပ်ရွာသူရပ်ရွာသားများက အခြားကျေးရွာနှင့် ပြင်ပလောက တို့သို့ဆက်ဆံသည့် ပုံစံကို ပိုမိုရှုပ်ထွေးစေသည်။ ထိုအချက်က ပဋိပက္ခဒဏ်ခံနေရသော QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် နည်းလမ်းအမျိုးမျိုးဖြင့် ပေါ်လွင်ထင်ရှားလျက်ရှိသည်။

**ပိုမိုရှုပ်ထွေးသော နယ်မြေတွင်း နိုင်ငံရေးအခင်းအကျင်းတွင် ကျေးရပ်ရွာသူရပ်ရွာသားများ လုပ်သာကိုင်သာ ရှိစေရေးအတွက် ကျေးရွာခေါင်းဆောင်များက ရှေးဦးစွာ စေ့စပ်ညှိနှိုင်းပေးရန် လိုအပ်သည်။** ရပ်ရွာသူရပ်ရွာသားများက ထိုအချက်ကို ပွင့်လင်းစွာဆွေးနွေးရန် ဝန်လေးကြသော်လည်း နယ်မြေခေါင်းဆောင်များ၊ ရပ်ရွာသူရပ်ရွာသားများအနေဖြင့် ၎င်းတို့၏ စီးပွားရေး

လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ကြားနေဇုန်တစ်ခုရှာဖွေရန် အစိုးရနှင့် EAG အုပ်စုများအကြား အဆက်မပြတ် စေ့စပ်ညှိနှိုင်းခဲ့ကြသည်ကို ကချင်နှင့် ရှမ်းပြည်နယ်ရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် ကွင်းဆင်းသုတေသနပြုပြီးနောက် သုတေသနပြုများက မှတ်ချက်ပြုခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရေးအတွက် အစိုးရနှင့် EAG နှစ်ဖက်လုံးတွင် မက်လုံးပေးမှုအချို့ ရှိကြသည်။ များသောအားဖြင့် အဆိုပါ စေ့စပ်ညှိနှိုင်းမှုများအား ကျေးရွာခေါင်းဆောင်များက ရပ်ရွာသူ ရပ်ရွာသားများကိုယ်စား တာဝန်ယူဆောင်ရွက်ကြသည်။

ပဋိပက္ခဖြစ်ပွားနေသည့် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာအမြောက်အများတွင် တရားမဝင် အခွန်ငွေများ ပေးဆောင်နေကြရသည်။ ထိုအခွန်များမှာ ရပ်ရွာသူရပ်ရွာသားများအနေဖြင့် စစ်မှုမထမ်းရစေရန်၊ သဘာဝသယံဇာတများ သုံးစွဲခွင့်ရစေရန်နှင့် မြေယာမှတ်ပုံတင်ရရှိနိုင်ရေး တိုင်းရင်းသားလက်နက်ကိုင်များ၏ ခွင့်ပြုချက်ရယူရန်အတွက် ပေးဆောင်ရခြင်းဖြစ်သည်။

> “ သူတို့လည်း ကျွန်တော်တို့လို ထမင်းစားတာပဲ။ ဘာကွာလည်းဆိုတော့ သူတို့က လက်နက် ရှိတယ်။ ဒါပေမဲ့ သူတို့ဆက်ကြေးတောင်းတာပဲ။ ပြဿနာလည်းဟုတ်တယ် ပြဿနာလည်းမဟုတ်ဘူး။ ဘာမှမတတ်နိုင်ဘူး “သူတို့စစ်တပ်ထဲကို ဝင်ရရင်တော့ ဒုက္ခပဲ” ဟု ပဋိပက္ခ ဖြစ်ပွားနေသည့်ဒေသမှ လယ်သမားတစ်ဦးက ပြောပါသည်။

**မြေယာပိုင်ဆိုင်ခွင့်၊ တရားမဝင် အခွန်အခများ၊ သို့မဟုတ် အလားတူစေ့စပ်ညှိနှိုင်းမှုများကို တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးရန် ကျေးရွာများ၏စွမ်းဆောင်ရည်သည် ပဋိပက္ခများကြောင့် အားနည်းလျက်ရှိသည်။** လုံခြုံမှုမရှိသော ကာလများတွင် ရပ်ရွာသူရပ်ရွာသားများက စောဒကတက်ရန် ဝန်လေးနေကြပြီး တွေ့ရှိမှုအားလုံးကို မျက်ကွယ်ပြုနေခဲ့ကြရသည်။ ပြင်ပပုဂ္ဂိုလ်များနှင့် စေ့စပ်ညှိနှိုင်းရာတွင် ရပ်ရွာသူ ရပ်ရွာသားများက ညီညွတ်စွာရင်ဆိုင်ကြသော်လည်း အိမ်ထောင်စုများ အချင်းချင်း မယုံကြည်မှုများရှိနေဆဲ ဖြစ်သည်ဟု ကချင်ပြည်နယ်တွင် သုတေသနပြုပြီးနောက် သုတေသီများက မှတ်ချက်ပြုခဲ့ကြသည်။ အကျိုးဆက်အားဖြင့် ကျေးရွာကိစ္စများအားစေ့စပ်ညှိနှိုင်းရာတွင် ပါဝင်ပတ်သက်ရန် ဆန္ဒရှိသူ အနည်းငယ်သာရှိနေသည်။ တစ်နည်းအားဖြင့် စွမ်းဆောင်ရည်ရှိပြီး လေးစားထိုက်သော ပုဂ္ဂိုလ်များက စေ့စပ်ညှိနှိုင်းမှုများတွင် မပါဝင်လိုကြပေသည်။

**ပဋိပက္ခနယ်မြေများရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများသည် အစိုးရအစီအစဉ်များကို လက်ခံရာတွင် လက်ငင်းအကျိုးဖြစ်ထွန်းရန်လိုလားကြသည်။** ပဋိပက္ခကာလအတွင်း ၎င်းတို့အား အစိုးရနှင့် စစ်တပ်က ပြုမူဆက်ဆံသည့် နည်းလမ်းကြောင့် စိုးရိမ်ကြောင်း ကချင်ပြည်နယ်ရှိ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများစွာတို့က ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အဆိုပါ စိုးရိမ်မှုများတွင် မြေယာလက်လွှတ် ဆုံးရှုံးရမှုများအပြင် အဓမ္မပြုကျင့်မှု၊ တစ်ဖက်သတ်ဖမ်းဆီးချုပ်နှောင်မှုနှင့် အရမ်းမဲ့ပစ်ခတ်မှုကဲ့သို့သော ဆိုးရွားသည့် လွဲမှားစွာပြုမူမှုများပါဝင်သည်။ သို့ရာတွင် ထိုသို့စိုးရိမ်မှုများရှိသည့်ကြားမှပင် လျှပ်စစ်ဓာတ်အားနှင့် မြေယာမှတ်ပုံတင်ခြင်းတို့ကဲ့သို့သော အစိုးရ၏ ဝန်ဆောင်မှုများမှ လက်ငင်း အကျိုးခံစားခွင့်ရရှိစေရန် ထိုကျေးရွာများမှ လူများက အစိုးရဌာနများနှင့် စေ့စပ်ညှိနှိုင်းလိုသော သဘောထားများ ရှိပုံရကြသည်။



# အခန်း (၆) - သုံးသပ်ချက်များ

သုတေသနလုပ်ငန်းကို စတင်ခဲ့သော ၂၀၁၂ ခုနှစ်ကစ၍ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ အိမ်ထောင်စုများတွင် ထင်ရှားသော ပြောင်းလဲရေးများကို တွေ့မြင်ခဲ့ရသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အကြားတွင် အစိုးရက မြေယာနှင့် ကျေးရွာအုပ်ချုပ်ရေး ဥပဒေသစ်များကို အတည်ပြုခဲ့ပြီး ဆက်သွယ်ရေးလုပ်ငန်းများကို လွတ်လပ်ခွင့်ပေးခဲ့ကာ အခြေခံအဆောက်အအုံများနှင့် ပြည်သူ့ဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများကို မြင့်တက်စေခဲ့သည်။ ကျေးလက်ဒေသများတွင် ချေးငွေရရှိမှု မြင့်တက်ခဲ့ပြီး စိုက်ပျိုးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် အစိုးရက တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများစွာနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ရရှိခဲ့ပြီး ဒီမိုကရေစီ ရွေးကောက်ပွဲများကျင်းပကာ အတိုက်အခံပါတီသို့ ငြိမ်းချမ်းစွာအာဏာ လွှဲပြောင်းပေးခဲ့သည်။

**အိမ်ထောင်စုများမှာလည်း ပြင်းထန်သောထိခိုက်မှုများနှင့် ဖိစီးမှုမျိုးစုံတို့ကို ကြုံတွေ့ခဲ့ကြရသည်။** သုတေသန စတင်စဉ်ကတည်းက မြန်မာနိုင်ငံတွင် မိုးခေါင်မှု၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှု၊ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုတို့ အပါအဝင် ပုံမှန်ဖြစ်လေ့ဖြစ်ထရှိသော ရာသီဥတုအပေါ် စိုးရိမ်ပူပန်ရမှုများနှင့်ကြုံတွေ့လျက်ရှိသည်။ ထိုကိစ္စရပ်များမှာ ဖြစ်ပေါ်နေကျပင်ဖြစ်သော်လည်းမြန်မာနိုင်ငံ၏ စိုက်ပျိုး ကုန်ထုတ်မှုလုပ်ငန်းသည် ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အထိခိုက်ဆုံး ဖြစ်နေသည်။ စီးပွားရေးအရ ပြင်းထန်သောထိခိုက်မှုများနှင့် စိတ်ဖိစီးမှုများကိုလည်း အိမ်ထောင်စုများအနေဖြင့် ဖြတ်ကျော်နိုင်ရန်ခက်ခဲလှသည်။ လယ်ယာစိုက်ပျိုးသောအိမ်ထောင်စုများသည် စိုက်ပျိုးရေး၏ အရေးကြီးဆုံးရာသီများတွင် လုပ်သားရှားပါးမှုများကို အခါခါကြုံတွေ့ကြရပြီး အခြားတစ်ဖက်တွင်လည်း မြေယာမဲ့သော ဆင်းရဲသည့် အိမ်ထောင်စုများမှာ ၎င်းတို့ ဝင်ငွေတစ်စိတ်တစ်ပိုင်းကို ကျပန်းလုပ်ကိုင်မှုမှ ရရှိကြကာ တစ်နှစ်တာ၏ အချိန်ကာလအတော်များများတွင် အလုပ်အကိုင်အခွင့်အလမ်းများ မရှိကြကြောင်းသိရှိရသည်။ နောက်ဆုံးတွင် ချို့တဲ့သော အိမ်ထောင်စုများသည် ကျန်းမာရေးမကောင်းခြင်း မတော်တဆမှုများကြုံရခြင်းနှင့် အခြား ငွေရေးကြေးရေးနှင့်သက်ဆိုင်သော အခက်အခဲများကိုလည်း ကြုံတွေ့လျက်ရှိသည်။ ကျန်းမာရေးနှင့်ပတ်သက်သော အခက်အခဲများသည် အိမ်ထောင်စုများအတွက် ကိုင်တွယ်ဖြေရှင်းရန် အထူးသဖြင့်ခက်ခဲသည်။ ချို့တဲ့သော အိမ်ထောင်စုများက ကျန်းမာရေးနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်ရမှုများကို ကျော်လွှားရန် အထူးခက်ခဲကြောင်း ပြောကြားကြသော်လည်း QSEM လူမျိုး နှင့်ယဉ်ကျေးမှုလေ့လာခြင်းဆိုင်ရာ သုတေသနအရ ထိုစိုးရိမ်ပူပန်ရမှုများသည် အသင့်အတင့်ချမ်းသာကြွယ်ဝသော အိမ်ထောင်စုများအပေါ် ငွေကြေးအရ မည်သို့ သက်ရောက်မှုရှိသည်ကို အလေးပေးဖော်ပြထားသည်။

### အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

**QSEM ဆောင်ရွက်ခဲ့သည့်အိမ်ထောင်စုများသည် ဝင်ငွေရလမ်းကြောင်းအမျိုးမျိုးမှ ဝင်ငွေများကို အချိန်နှင့်အမျှ ပိုမိုထိန်းညှိလာနိုင်ကြသည်။ ၎င်းမှာ လူမှုစီးပွားရေးအုပ်စုအလိုက် ကွဲပြားမှုရှိနေသည်။** ချမ်းသာသောအုပ်စုများ၏ ဝင်ငွေရလမ်းကြောင်းများမှာ ထင်ရှားသည့် ကွဲပြားခြားနားမှုရှိသော်လည်း အချို့တဲ့ဆုံးသောအိမ်ထောင်စုများမှာ အခြားသော အိမ်ထောင်စုများထက် ကွဲပြားခြားနားမှုအတိုင်းအတာနည်းပါးသည်။ ရာသီအလိုက်ပြောင်းလဲနေသော စိုက်ပျိုးရာမှရရှိသည့် ဝင်ငွေများနှင့် ကျရောက်တတ်သော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းတို့သည် နည်းအမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ရန် ဆုံးဖြတ်ချက်ကို အဓိက တွန်းအားပေးသည်။ ထိုတွေ့ရှိချက်များကို စိုက်ပျိုးရေးလုပ်သားများ၏ ရာသီအလိုက် လုပ်ငန်းအနေအထားနှင့် ကျေးလက်ဒေသရှိ အလုပ်လက်မဲ့ဖြစ်မှုများကို မီးမောင်းထိုးပြထားသော MPLCS အချက်အလက်များမှ ဖော်ပြနေပါသည်။ QSEM သုတေသနတွင်လည်း မိသားစုတာဝန်ဝတ္တရားများ၊ ဘဝပုံစံနှင့် လူမှုရေးနှုန်းစံများ စသည့်ငွေကြေးပါဝင်မှုမရှိသော အချက်များသည် အိမ်ထောင်စုများအနေဖြင့် မည်သည့်အချိန်တွင် ၎င်းတို့၏ ဝင်ငွေရလမ်းကြောင်းများကို ကွဲပြားစေမည်ဆိုသည့်အပေါ် သြဇာသက်ရောက်ကြောင်းကို တွေ့ရှိခဲ့သည်။

အလုပ်အကိုင်ရှားပါးသည့်အခါ အလုပ်အကိုင်မရရှိပဲ ကျပန်းလုပ်အားပေါ်တွင် မှီခိုနေကြသော ချို့တဲ့သည့် အိမ်ထောင်စုများအတွက် အဓိကစိန်ခေါ်မှုအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ QSEM-6 အတွင်း ချမ်းသာကြွယ်ဝမှု အဆင့်သတ်မှတ်ရာတွင် ပါဝင်ဆောင်ရွက်သူများက အလုပ်အကိုင် အခွင့်အလမ်းများမရှိခြင်းသည် ချို့တဲ့သောအိမ်ထောင်စုများတွေ့ကြုံရသည့် အဓိကအကျပ်အတည်းဖြစ်သည်ဟု တစ်ညီတစ်ညွတ်တည်း သတ်မှတ်ခဲ့ကြသည်။ ဒေသဆိုင်ရာ အရင်းအမြစ် သို့မဟုတ် ဈေးကွက်အဆက်အသွယ်ရှိပြီး ဖွံ့ဖြိုးသည်ဟု သတ်မှတ်သော ရပ်ရွာ အချို့တွင် အဆိုပါစိန်ခေါ်မှုများ လျော့ကျသွားသည်။ အိမ်ထောင်စုများအနေဖြင့် စိုက်ပျိုးရေး အပြင် စီးပွားရေးလုပ်ငန်များလုပ်ဆောင်နိုင်ကြပြီး ဒေသအလိုက်ရနိုင်သော သဘာဝအရင်းအမြစ်များကို အသုံးပြုကာပို၍ပုံမှန်ဖြစ်စေမည့် ဝင်ငွေရလမ်းကြောင်းများကိုတည်ဆောက်နိုင်ကြသည်။

**ယခုအကြိမ် သုတေသနတွင်စိုက်ပျိုးရေးလုပ်ငန်းမှ ရလဒ်များကအသင့်အတင့် အပြုသဘော ဆောင်နေသည်။** QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများ၌ လယ်ယာစိုက်ပျိုးသောအိမ်ထောင်စု များသည် စိုက်ပျိုးရေးလုပ်ငန်းကို တန်ဖိုးမြှင့်တင်ရန်အတွက် ကြိုးစားအားထုတ်မှု နည်းဗျူဟာ များစွာကို ဆောင်ရွက်ခဲ့ကြသည်။  လယ်သမားတို့သည် ကောက်ပဲသီးနှံအမျိုးမျိုးကို ပြောင်းလဲ စိုက်ပျိုးရန်၊ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် ဈေးကွက်တင်ပို့ရန်တို့ လုပ်ဆောင်နိုင်ခဲ့ကြသည့် အကြောင်းအရာများ ရှိပါသည်။ ထိုအထဲတွင် ခိုင်မာသောဝယ်လိုအားနှင့်ဈေးနှုန်းပေါက်ဈေးများ အကြောင်း အတွေ့အကြုံရှိသော လယ်သမားများထံမှသင်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုများ ထံမှသင်ယူခြင်းနှင့် အလုပ်လုပ်ရာမှသင်ယူခြင်းတို့ ပါဝင်သည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် လယ်မြေအနည်းငယ်သာ ပိုင်ဆိုင်သော လယ်သမားများသည် အလတ်စား၊ သို့မဟုတ် အကြီးစားမြေပိုင်ရှင်လယ်သမားများထက် စွန့်စားမှုကိုပို၍ မလိုလားကြသဖြင့် ချမ်းသာသောလယ်သမားများမှ နည်းပညာသစ်များကို အောင်မြင်စွာလုပ်ဆောင်နိုင်သည်ကို တွေ့မြင်ရမှသာလျှင် သီးနှံသစ်များတွင် ရင်းနှီးမြှုပ်နှံလိုကြသည်။ ထိုအချက်ကြောင့် ရပ်ရွာ တွင်းရှိ ဦးဆောင်နိုင်သော လယ်သမားများကို နည်းစနစ်သစ်များစမ်းသပ်နိုင်ရန် အကူအညီပေး ခြင်းဖြင့် ၎င်းတို့၏အောင်မြင်မှုကို မြင်တွေ့ကြသော အသေးစားလယ်သမားများကပါ အတုယူ လာမည်ဖြစ်ပါသည်။ QSEM ဆောင်ရွက်ခဲ့သည့်ကျေးရွာများရှိ လယ်ယာစိုက်ပျိုးရေး မဟုတ်သော ကျေးလက်ဒေသစီးပွားရေးလုပ်ငန်းများသည် များသောအားဖြင့် အသေးစား စီးပွားရေးလုပ်ငန်းများသာဖြစ်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့်မတူသည့်အချက်မှာ မိသားစုဝင် များကိုသာ ဝင်ရောက်လုပ်ကိုင်စေကြခြင်းဖြစ်သည်။ အိမ်ထောင်စုများသည် ထိုလုပ်ငန်းများကို တိုးချဲ့ရန်အတွက် စွန့်စားရမည်ကို မလိုလားကြပေ။ အချို့ဒေသများတွင် လမ်းဖောက်လုပ်ခြင်းနှင့် အခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းတို့၏ အကျိုးဆက်အဖြစ် လယ်ယာ မဟုတ်သော လုပ်ခစား အလုပ်များကို ရရှိကြသည်။ သို့ရာတွင် QSEM ကျေးရွာ လူထုအတွက် အနီးဝန်းကျင်ရှိ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းကြီးများတွင် အလုပ်အကိုင်ရရှိရန်မှာ မလွယ်ကူပေ။ အကြောင်းမှာ ၎င်းတို့တွင် လိုအပ်သော သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုများ မရှိသောကြောင့်ဟု ဆိုကြသည်။

**ဤအကြိမ် သုတေသနတွင် ရွှေ့ပြောင်းလုပ်ကိုင်မှုသည် အနည်းငယ်မျှသာ ပြောင်းလဲသော်လည်း သုတေသနစတင်ကတည်းက ရွှေ့ပြောင်းလုပ်ကိုင်မှု မြင့်တက်လျက်ရှိပြီး ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှုအတွက် အထူးအရေးပါနေဆဲဖြစ်သည်။** ဝင်ငွေမတည်ငြိမ်မှုကို ကျော်လွှားရန်နှင့် စွန့်စားမှုကို စီမံခန့်ခွဲခြင်းတို့သည် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများ၏ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုတွင် အရေးကြီးသော မောင်းနှင်အားဖြစ်သော်လည်း ပိုမို ကောင်းမွန် သော ဘဝပုံစံရရှိလိုသောဆန္ဒနှင့် ငွေကြေးမဟုတ်သော အခြားအကြောင်းအရာများကလည်း အလားတူတွန်းအားများဖြစ်သည်။ ရွှေ့ပြောင်းလုပ်ကိုင်နိုင်စွမ်းရှိရန်လူမှုအသိုင်းအဝိုင်းကွန်ရက်များ၏ အရေးကြီးပုံကို QSEM လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသနများက အတည်ပြုခဲ့ သကဲ့သို့ ရွှေ့ပြောင်းလုပ်ကိုင်သူများသည် ပုံမှန်ဝင်ငွေရရှိနိုင်သော်လည်း ခြံ၍ချွေတာသုံးစွဲကြည့်လျှင်ငွေများစွာ စုဆောင်းနိုင်မှုမရှိခြင်း၊ ကောင်းမွန်စွာပြုမူဆက်ဆံမှုမခံရခြင်းနှင့် ၎င်းတို့၏မိသားစုများနှင့် လူမှုရေး အဖွဲ့အစည်းများ၏အဝေးတွင် ခက်ခဲသောဘဝကို ကြုံတွေ့ရခြင်းတို့ကဲ့သို့သော စွန့်စားမှုများနှင့် စိန်ခေါ်မှုများအား ရင်ဆိုင်နိုင်ရကြောင်း အခိုင်အမာသိရှိနိုင်သည်။ အိမ်ထောင်စုများသည် လွှဲပို့ငွေများကို စိုက်ပျိုးရေးနှင့် လယ်ယာမဟုတ်သောလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန် အသုံးပြုသည့်နည်းလမ်းများအကြောင်းကို လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသန များတွင် မီးမောင်းထိုး ဖော်ပြထားပါသည်။ ဤအကြိမ် သုတေသနတွင် လေ့လာတွေ့ရှိသော ရွှေ့ပြောင်းလုပ်ကိုင်မှုဖြစ်စေသည့် တွန်းအားများနှင့် ပုံစံများသည် ထိုအလားတူ ပုံစံမျိုးများကို ပိုမိုအသေးစိတ် လေ့လာဖော်ပြထားသော A Country on the Move (ရွှေ့လျားနေသည့်နိုင်ငံ) ဟူသော QSEM ရွှေ့ပြောင်းလုပ်ကိုင်မှု အစီရင်ခံစာပါ အချက်အလက်များနှင့် ဆင်တူနေသည်။

### ပြင်းထန်သောထိခိုက်မှုများနှင့် ကြံ့ကြံ့ခံနိုင်ရည်ရှိမှု

**ချို့တဲ့သော အိမ်ထောင်စုများ၏ ဖြေရှင်းသည့်ပုံစံများသည် ၎င်းတို့၏ ရေရှည်လူမှုဖူလုံရေးကို ယိုယွင်းပျက်စီးစေသည့်နည်းလမ်းများ ပို၍ဖြစ်နိုင်ဖွယ်ရှိနေသည်။** အခြားတစ်ဖက်တွင်လည်း ချမ်းသာသော အိမ်ထောင်စုများက စုဆောင်းငွေများအပေါ်အားထားခြင်း၊ သို့မဟုတ်ရွှေကဲ့သို့သော ပိုင်ဆိုင်ပစ္စည်းများကို ရောင်းချခြင်းပြုလုပ်ကြရပြီး ချို့တဲ့သူများကမူ မြေယာ၊ သို့မဟုတ် အခြားပိုင်ဆိုင်ပစ္စည်းများကိုရောင်းချခြင်း၊ ကလေးများအား ကျောင်းထုတ်ပြီးအလုပ်လုပ်ခိုင်းခြင်းနှင့် အချို့သော ပြင်းထန်ဆိုးရွားသည့် ဖြစ်စဉ်များတွင် ၎င်းတို့၏စားသုံးမှုကိုလျှော့ချရခြင်းကဲ့သို့သော ရေရှည်တွင် ၎င်းတို့အားထိခိုက်စေမည့် ဖြေရှင်းမှုများကို ဆောင်ရွက်ရလေ့ရှိသည်ဟု ပြောကြားကြသည်။ ကျန်းမာရေးနှင့်ဆိုင်သည့် ပြင်းထန်သောထိခိုက်မှုသည် အထူးသဖြင့်ပြဿနာဖြစ်စေပြီး ကျန်းမာရေးနှင့် တုံ့ပြန်မှုအတွက် သာဓကအခြေခံတည်ဆောက်ရန် လိုအပ်ကြောင်း အကြံပြုထားသည်။

**ပြင်းထန်သောထိခိုက်မှုများ ဖြစ်ပေါ်ချိန်တွင် လိုက်လျောညီထွေရှိသော ဆောင်ရွက်မှုများတို့သည်လည်း အသက်မွေးဝမ်းကျောင်းပြုမှုများနှင့် တစ်နည်းနည်းဖြင့် ပိုမိုနီးကပ်စွာချိတ်ဆက်နေသည့်တိုင် လူမှုစီးပွားဆိုင်ရာအုပ်စုအလိုက် ကွဲပြားခြားနားမှုရှိသည်။** လယ်ယာစိုက်ပျိုးသည့် ချမ်းသာသောအိမ်ထောင်စုများသည် ၎င်းတို့၏ လယ်ယာစိုက်ပျိုးရေးနည်းစနစ်များကို ပြောင်းလဲခြင်းဖြင့် ကိုက်ညီဆီလျော်အောင်ပြုလုပ်ကြသည်။ ပြောင်းလဲမှုများတွင် စက်မှုလယ်ယာသို့အသွင်ကူးပြောင်းရေးအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်အားကိုအများအပြားအသုံးမပြုရသည့် သီးနှံများသို့ ပြောင်းလဲစိုက်ပျိုးခြင်း၊ မိသားစုလုပ်အားပေါ်တွင် မှီခိုအားထားခြင်းနှင့် အလုပ်သမားများအားလုပ်ခပေးသည့် ပုံစံသစ်ကို ကျင့်သုံးခြင်းတို့ဖြစ်သည်။ ချို့တဲ့သည့်မိသားစုများကမူ ကွဲပြားသည့် နည်းလမ်းဖြင့် ဆောင်ရွက်ကြရာတွင် ၎င်းတို့၏ ဝင်ငွေရလမ်းများအဖြစ် ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ရန် အာရုံစိုက်လေ့ရှိကြသည်။ ငွေကြေးနှင့် ပစ္စည်းများစုဆောင်းမှုကို မည်သည့်အလွှာတွင်မဆို တွေ့နိုင်ပြီး ရွှေနှင့်ကျောက်မျက်ရတနာများကဲ့သို့ ငွေဖြစ်လွယ်သည့် ပစ္စည်းများကို အိမ်ထောင်စုများက စုဆောင်းထားကြသည်။

**အချို့အိမ်ထောင်စုများက အခြားအိမ်ထောင်စုများထက် ပိုမိုတုံ့ပြန်နိုင်စွမ်းရှိအောင် မည်သည့်အရာက စွမ်းဆောင်ပေးသည်ကို QSEM က တိကျစွာ သတ်မှတ်ခြင်းမပြုနိုင်သော်လည်း အကြောင်းအရာများစွာတို့က အရေးပါသည့်ပုံ ပေါ်ပေါက်နေသည်။** ထိုအကြောင်းအရာများစွာတို့ကို လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာလေ့လာမှု သုတေသနများတွင် အလေးပေးဖော်ပြခဲ့ပြီး ဖြစ်သည်။ ၎င်းတို့ထဲတွင်အိမ်ထောင်စုများ၏ဥစ္စာပစ္စည်းအခြေခံပိုင်ဆိုင်မှု၊ အိမ်ထောင်စုလူဦးရေ၊ လူမှုယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် ပံ့ပိုးပေးသည့်စနစ်များဖြစ်သည်။ ထို့ပြင် အခြားအိမ်ထောင်စုများကို ချေးငှားခြင်းမပြုလိုခြင်းကဲ့သို့သော အပြုအမူနှင့် စွန့်စားရမှုများကို သတိပြုမိခြင်းတို့ပါဝင်သည်။

### အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေသော အကြောင်းရင်းများ

**ချေးငွေနှင့် မြေယာရရှိမှုတို့သည် အိမ်ထောင်စုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား ထိခိုက်စေသော အထင်ရှားဆုံး အကြောင်းအရာများအဖြစ် ဆက်လက်သတ်မှတ်ဖွယ်ရှိသည်။** အခန်း-၄ တွင် အဆိုပါ ကြွေးမြီပြဿနာများကို စူးစမ်းဖော်ထုတ်သကဲ့သို့ ဒေသတွင်း သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲမှုနှင့်ဈေးကွက်သတင်းများရရှိပုံတွင် မိုဘိုင်းလ်နည်းပညာ၏ သက်ရောက်မှုပေါ်ပေါက်လာပုံတို့ကို အလေးပေးဖော်ပြထားသည်။ QSEM သုတေသန ကာလအတွင်း ချေးငွေရရှိရေး၌ အဓိကပြောင်းလဲမှုမှာ အစိုးရချေးငွေရင်းမြစ်များ တိုးချဲ့ခြင်း၊ အထူးသဖြင့် မြစ်မိုးရောင်ချေးငွေစီမံကိန်းနှင့် သမဝါယမချေးငွေအစီအစဉ်များကို ကျေးရွာသစ်များသို့ တိုးချဲ့ခြင်းပင်ဖြစ်သည်။ ချေးငွေများပိုမိုများပြားလာသည့်အလျောက် ပို၍ချို့တဲ့သော အိမ်ထောင်စုများသည် ပုဂ္ဂလိကငွေချေးသူများအပေါ် မှီခိုမှုနည်းပါးလာသော်လည်း အဆိုပါပြောင်းလဲမှုများက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို တိုးတက်စေခြင်းရှိမရှိကမူ အဆိုပါအိမ်ထောင်စုများက ချေးငွေများကို ရေရှည်ရင်းနှီးမြှုပ်နှံမှုတွင် အသုံးပြု-မပြုပေါ် မူတည်နေသည်။

**QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများ၌ ချေးငွေအသုံးပြုမှုနှင့် ပတ်သက်သော အထောက်အထားမှာ အမျိုးစုံလင်လှသည်။** ချေးငွေရရှိမှု ကျယ်ပြန့်လာခြင်းနှင့်အတူ အိမ်ထောင်စုများကလည်း အတိုးနှုန်းထက်ပိုသော အမြတ်အစွန်းလုပ်ငန်းအမျိုးအစားများတွင် ရင်းနှီးမြှုပ်နှံလျှင် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်မှုကို အထောက်အကူပြုဖွယ်ရှိပေသည်။ သို့ရာတွင် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ အိမ်ထောင်စုများသည် ချေးငွေများကို အခြားအကြောင်းရင်းများအတွက် အသုံးပြုလေ့ရှိကြသည်။ အိမ်ထောင်စုများကလယ်ယာမဟုတ်သော စီးပွားရေးလုပ်ငန်းများ တိုးတက်ရေးတွင် ချေးငွေများ၏အရေးကြီးပုံကိုသိရှိကြသော်

လည်း ၎င်းတို့သည် ချေးငွေများအား အခြားကြွေးမြီများပေးဆပ်ရန်နှင့် အိမ်ထောင်စုစားသုံးရန် အတွက်သာသုံးစွဲပစ်လေ့ရှိကြသည်။ ထိုချေးငွေကို စီးပွားရေးလုပ်ငန်းအတွက် အသုံးမပြုလျှင် သော်မှ ချေးငွေအား ထိုသို့အသုံးပြုခြင်းသည် အိမ်ထောင်စုကောင်းကျိုး ချမ်းသာ တိုးတက်မှု များကို ဦးတည်သွားပါသည်။ ထို့ကြောင့် ချေးငွေထုတ်ပေးဖြေရှင်းမှုများကို စောင့်ကြည့်လေ့လာ၍ ကျေးလက်ဒေသ ချေးငွေနှင့်ပတ်သက်ပြီ ခိုင်လုံသော အထောက်အထားရှိမရှိ ပိုမိုလေ့လာရန် လိုအပ်သည့်အပြင် ကိုက်ညီဆီလျော်အောင်ပြုလုပ်ရန်လိုအပ်နေသေးကြောင်း အကြံပြုထားသည်။

**မြေယာပိုင်ဆိုင်ခွင့် လုံခြုံစိတ်ချရမှုမရှိခြင်းကလည်း QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ အိမ်ထောင်စုများအပေါ် ဆက်လက်ထိခိုက်လျက်ရှိသည်။ တစ်ဦးချင်းပိုင်ဆိုင်မှုကို သတ်မှတ် ဖွင့်ဆိုထားခြင်းမရှိသော မြေယာသက်တမ်းမှုဘောင်ရှိနေခြင်းက အချို့သောရပ်ရွာများကို ဘေးအန္တရာယ်ကျရောက်လွယ်သော အခြေအနေတွင် ရှိနေစေသည်။** အများပိုင်မြေနှင့်ပတ်သက် သော စည်းမျဉ်းစည်းကမ်းများတွင် ပါဝင်သည့် ကန့်သတ်ချက်များသည် မြေယာအလွဲသုံးစားမှုကို ဦးတည်စေပါသည်။ အကျိုးဆက်အားဖြင့် မြေယာပိုင်ဆိုင်ခွင့် လုံခြုံစိတ်ချရမှု ခိုင်မာစေရန် ကြိုးပမ်းသည့်အနေဖြင့် ရပ်ရွာသူရပ်ရွာသားများက မြေယာ၏ အဆိုပါပုံစံများအား တစ်ဦးချင်းစီ ချိတ်ဆက်ကာ ပြောင်းလဲအသုံးပြုလျက်ရှိကြသည်။

**မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး လူထု၏စိတ်ချမှုကိုတိုးမြှင့်ပေးခြင်းနှင့်မြေယာများကို တရားမျှတ စွာလွှဲပြောင်းရောင်းချလုပ်ကိုင်နိုင်စေခြင်းဖြင့် ဆည်မြောင်းအခြေခံအဆောက်အအုံများနှင့်၎င်းတို့၏ ကုန်ထုတ်စွမ်းအားကို တိုးမြှင့်ပေးမည့် နှစ်ရှည်သီးနှံအမျိုးမျိုးတို့တွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ၎င်းတို့မြေပေါ်တွင် ယုံကြည်စိတ်ချစွာ တည်ဆောက်မှုကို ဖြစ်ပေါ်စေသည်။** မြေယာသိမ်းယူမှု အမွေဆိုးနှင့် မြေယာစီမံခန့်ခွဲမှုတို့၏ ရှုပ်ထွေးမှုတို့ကြောင့် လူများ၏စွမ်းရည်နှင့် အဆိုပါ ရေရှည်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဆန္ဒရှိမှုတို့ကို အဟန့်အတားဖြစ်စေနိုင်ကြောင်း QSEM ၏ လေ့လာချက်တွင် ထင်ရှားစွာတင်ပြထားသည်။ လက်ရှိမြေယာစနစ်သည် အများပြည်သူပိုင်မြေ အဖြစ် သိသာထင်ရှားစွာရှိနေသော ဧရိယာများတွင်ဖြစ်စေ၊ မြေကွက်များသည်သေးငယ်ပြီး တိုင်းတာရန်ခက်ခဲသောနေရာများတွင်ဖြစ်စေ မြေယာပိုင်ဆိုင်မှုလုံခြုံစိတ်ချရရေးကို လုံလောက် သောပံ့ပိုးမှုမပေးပါ။ သမားရိုးကျ မြေယာအသုံးပြုမှုစနစ်များကို လက်ရှိ တရားဥပဒေ မူဘောင် အောက်တွင် ပြည့်စုံစွာ ကာကွယ်မှု မပေးနိုင်ပါ။ ရပ်ရွာသူရပ်ရွာသားများသည်လည်း ဖြေရှင်းရန် ကျန်ရှိနေသေးသည့် မြေယာသိမ်းယူမှုကိစ္စရပ်များတို့ဖြင့် ရုန်းကန်ဆောင်ရွက်ခဲ့ကြရသည်။

## ကျေးရွာစီမံအုပ်ချုပ်မှုနှင့် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်မှု

**သုတေသနလုပ်ငန်းဆောင်ရွက်ချိန်တွင် QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ ကျေးရွာအဖွဲ့ အစည်းများသည် စဉ်ဆက်မပြတ်ပြောင်းလဲလျက်ရှိသည်။** ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်ပေး ခြင်းနှင့် အစိုးရအပေါ် ကျေးရွာအဖွဲ့အစည်းများနှင့် ပြည်သူတို့၏ မျှော်လင့်ချက်များ ပြောင်းလဲ ဖြစ်ပေါ်ပုံကို အခန်း-၅ တွင် ဆွေးနွေးခဲ့ပါသည်။ သုတေသနပြုချိန်တွင် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းများအတွင်း စိတ်ဝင်စားမှုနည်းပါးသည့်အဆင့်မှာ ပေါ်လွင်ထင်ရှားခဲ့သည်။ လတ်တ လောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရွေးကောက်ပွဲကာလအတွင်း ယှဉ်ပြိုင်မှုသည် ၂၀၁၂ ခုနှစ်ကထက် ပိုမို အားနည်းသည်။ နိုင်ငံတော်အဆင့်တွင် အစိုးရအပြောင်းအလဲဖြစ်စဉ်သည် ကျေးရွာအုပ်ချုပ်မှု အခင်းအကျင်းများအပေါ် မည်သို့သက်ရောက်မည်ဆိုသည်မှာ သေချာရေရာမှု မရှိသဖြင့် ကျေးရွာအဖွဲ့အစည်းများ၏ အလုပ်မှာလည်း ပုံမှန်အတိုင်းမလည်ပတ်တော့ပါ။

QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများရှိ အစိုးရဝန်ဆောင်မှုများသည် အချိန်နှင့်အမျှ တိုးတက် လာလျက်ရှိသည်။ သို့ရာတွင် အဆိုပါ ဝန်ဆောင်မှုများနှင့်ပတ်သက်သော သတင်းအချက် အလက်မှာ မရှိသလောက် ရှားပါးမြဲပင်ဖြစ်သည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားဆောင်ရွက်ပေးမှုနှင့် အစိုးရချေးငွေများကို အထူးချဲ့ထွင်လျက်ရှိပြီး ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ဒေသဆိုင်ရာ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်အချို့လည်း ပိုမိုရရှိ လာသည်။ ဥပမာ လျှပ်စစ်ဓာတ်အားဆက်သွယ်မှုကို စီမံခန့်ခွဲရန် ကျေးရွာကော်မတီဖွဲ့စည်းခြင်း ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း ဆောင်ရွက်ဆဲမူဝါဒအပြောင်းအလဲများက မတူညီသော ကော်မတီများ၏ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ထိခိုက်စေခြင်းနှင့်အတူ ကျေးရွာ အုပ်ချုပ်ရေးအပိုင်းတွင် ထင်ရှားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့သည်။ ဥပမာ - မြို့နယ်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများကို မကြာသေးမီက ဖျက်သိမ်းခဲ့ခြင်းမျိုး ဖြစ်သည်။ QSEM ဆောင်ရွက်ခဲ့သည့် ကျေးရွာများတွင် အဆိုပါပြောင်းလဲမှုများက မသေချာ မရေရာမှုကို မြင့်တက်စေပြီး ဒေသခံများပါဝင်ဆောင်ရွက်လာရန်အတွက် မက်လုံးများကိုလျော့ကျ စေခဲ့ပါသည်။ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အနာဂတ်အပေါ်တွင် ယုံကြည်စိတ်ချမှုမရှိသဖြင့်

ရွာသားများနှင့် ကျေးရွာခေါင်းဆောင်များကလည်း တာဝန်ဝတ္တရားများတွင် ရင်းနှီးမြုပ်နှံရန်ဖြစ်စေ၊ ယုံကြည်ကိုးစားရန်ဖြစ်စေဆန္ဒမရှိကြတော့ပါ။ ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် ရပ်ရွာလူထု၏ ယုံကြည်မှုတည်ဆောက်ရာ၌ အစပျိုးမှုများ ပြုပြင်ပြောင်းလဲမှုများအပေါ် လုံးလုံးလျားလျားမှီခိုအားထားနေခြင်းထက် ဝန်ဆောင်မှုဆောင်ရွက်ပေးရေး တိုးတက်လာခြင်းနှင့် ရေရှည်ခိုင်မာသော ပံ့ပိုးမှုတို့သည် ပိုမိုထိရောက်နိုင်သည်ဟု QSEM သုတေသနမှ ထင်ရှားစေပါသည်။

# နောက်ဆက်တွဲ (က) - QSEM သုတေသနများ ပြုလုပ်သည့် နည်းစနစ်

**လူမှုရေးနှင့် စီးပွားရေးဆိုင်ရာစောင့်ကြည့်လေ့လာမှု (QSEM)သည် မြန်မာနိုင်ငံကျေးလက်ဒေသ တစ်ဝန်း ကျေးရွာများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူမှုဆက်ဆံရေးများတွင် ပြောင်းလဲမှုများကို ကာလရှည်ကြာစောင့်ကြည့်လေ့လာသော သုတေသနလုပ်ငန်းဖြစ်သည်။** ဤသုတေသနသည် မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းရေး၌ ကျေးရွာအဆင့်ရှိ ပြည်သူများအား မည်သို့သက်ရောက်သည်ကို အထောက်အထားပြုခြင်းအားဖြင့် တရားမျှတသော ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် မူဝါဒများအတွက် သတင်းအချက်အလက် ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။ QSEM ကို ကမ္ဘာ့ဘဏ်နှင့် ပညာအလင်းပွင့် မြန်မာသုတေသနအဖွဲ့တို့အကြား မိတ်ဖက်ပြုကာ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ LIFT မှ ရန်ပုံငွေကျခံမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

ဤနောက်ဆက်တွဲတွင် QSEM ၏ရည်ရွယ်ချက်များနှင့် ဒီဇိုင်း၊ သုတေသနပြုလုပ်ပုံနည်းလမ်းနှင့် အရည်အသွေးဆိုင်ရာ သုတေသနနှင့် အရည်အသွေးထိန်းချုပ်မှုလုပ်ထုံးလုပ်နည်းများတွင်တွေ့ကြုံရသောကန့်သတ်ချက်များနှင့်ပတ်သက်သည့် အချက်အလက်များကိုအကျဉ်းချုပ်ဖော်ပြထားပါသည်။

ရည်ရွယ်ချက်များ

QSEM ၏ ရည်ရွယ်ချက်များမှာ အောက်ပါတို့ဖြစ်ပါသည်။

၁။ မြန်မာနိုင်ငံရှိကျေးရွာဘဝအခြေအနေများနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ပြောင်းလဲနေသော ဆက်စပ်မှုကို စောင့်ကြည့်လေ့လာရန်နှင့် နားလည်သဘောပေါက်ရန်၊

၂။ စိန်ခေါ်မှုအသစ်များနှင့် ပေါ်ပေါက်လာသော စိန်ခေါ်မှုများကိုဖော်ထုတ်သတ်မှတ်ရာတွင်လည်းကောင်း ပြန်လည်တုံ့ပြန်ရာတွင်လည်းကောင်း LIFT ကို အကူအညီပေးရန်၊

၃။ မြန်မာနိုင်ငံအစိုးရ၊ LIFT၊ ကမ္ဘာ့ဘဏ်နှင့် ပိုမိုကျယ်ပြန့်သော အလှူရှင်အသိုင်းအဝိုင်းတို့ ပါဝင်သည့် အဓိကကျသော သက်ဆိုင်သူများတို့ကို ပြောင်းလဲနေသော နောက်ခံအကြောင်းအရာများ မည်သို့ဖြစ်ပေါ်လှုပ်ရှားနေကြောင်းကိုလည်းကောင်း၊ မူဝါဒများနှင့်အစီအစဉ်များအတွက် အကြံပြုချက်များကိုလည်းကောင်း အသိပေးရန်၊

**QSEM ကို ကနဦးဒီဇိုင်းရေးဆွဲခဲ့သည့် ၂၀၁၁ ခုနှစ်က မြန်မာနိုင်ငံတွင်း သုတေသနလုပ်ငန်းကို ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူမှုရေးဖွဲ့စည်းပုံများ၊ ပထဝီဒေသတစ်လျှောက် ကွဲပြားခြားနားသည့် ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး ရနိုင်သမျှအချက်အလက်များဖြင့် အကန့်အသတ်ဖြင့် ဖြစ်ခဲ့သည်။** ပြဿနာရပ်များကို စူးစမ်းရှာဖွေဖော်ထုတ်ရန်နှင့် ကျေးလက်ဘဝတွင် အချိန်နှင့်အမျှ ပြောင်းလဲမှုနေမှုများကို မတူညီသည့် ရှုထောင့်များမှ နားလည်သဘောပေါက်စေနိုင်မည့် လမ်းကြောင်းတစ်ရပ်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် QSEM ကို သီးသန့် ဒီဇိုင်းရေးဆွဲခဲ့ပါသည်။

**၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၏သုတေသနလုပ်ငန်းများမှာ သိသာထင်ရှားစွာပြောင်းလဲလျက်ရှိပါသည်။** အရေအတွက်နှင့် အရည်အသွေးဆိုင်ရာကို ပို၍အလေးထားသော သုတေသနများကို ကဏ္ဍအသီးသီးအတွက် ရရှိနိုင်ပြီဖြစ်ပါသည်။ ဤနောက်ခံအကြောင်းအရာရှိ ပြောင်းလဲမှုနှင့် ယခင်သုတေသန ပြုလုပ်ထားသော QSEM၏ နည်းလမ်းများမှ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူကာ ဤသုတေသနသည် ကျေးရွာအဆင့်အရည်အသွေးဆိုင်ရာ

သုတေသနအတွက် ဆီလျော်မှုမရှိသည့် ပြဿနာများကို အာရုံမစိုက်ဘဲ ရည်ရွယ်ချက်ပြည့် မြောက်အောင် ကျယ်ပြန့်သောမူဘောင်ကို ထိန်းသိမ်းဆောင်ရွက်ထားပါသည်။[၄၆] တစ်မူ ထူးခြားသည်မှာ အမျိုးသားအဆင့် ပြုပြင်ပြောင်းလဲမှုများအတွက် ဒေသတွင်းအဆင့်က မည်သို့ တုံ့ပြန်မှုရှိသည်ကို QSEM ချဉ်းကပ်နည်းက ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ခဲ့သည်။ ၎င်းတို့မှာ ပြောင်းလဲမှုများသည် အဘယ်ကြောင့် ယင်းကဲ့သို့ ဖြစ်ပေါ်သွားရသနည်း၊ မတူညီသော အုပ်စုများက အဆိုပါပြောင်းလဲမှုများကို မည်သို့ရင်ဆိုင်ဖြေရှင်းကြသနည်းနှင့် စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတစ်လျှောက် ပြောင်းလဲမှုများ၏ အပြန်အလှန် ဆက်ဆံမှု၊ သို့မဟုတ် သွယ်ဝိုက်သက်ရောက်မှုများ စသည်တို့ ဖြစ်သည်။

QSEM ဆောင်ရွက်မှုနည်းလမ်းသည် အရေးကြီးသော သွင်ပြင်လက္ခဏာများစွာတို့မှ အကျိုး ကျေးဇူးများ ဖြစ်ထွန်းစေသည်။ ၎င်းတို့မှာ -

- ကျေးရွာများသို့ သွားရောက်ခြင်းထက် ကျေးရွာများတွင်နေထိုင်ခြင်း။ သုတေသီများသည် ကျေးရွာသားများနှင့် အဆက်အသွယ်မပြတ် အပြန်အလှန်တုံ့ပြန်ဆက်ဆံကာ ကျေးရွာ များတွင်နေ့ရက်ပေါင်းများစွာ ညအိပ်နေထိုင်ကြသည်။ ယခုအခါ QSEM အဖွဲ့များသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကျေးရွာများတွင် တဖြည်းဖြည်းတိုး၍ နေထိုင် ခဲ့ကြရာ ရှစ်လကြာသည်အထိ တည်းခိုနေထိုင်ခဲ့ကြသည်။

- တစ်နှစ်ပတ်လုံး အကြိမ်ကြိမ်အခါခါ ပုံမှန်သွားရောက်ကာ အချိန်နှင့်အမျှ ပြောင်းလဲမှု များကို လေ့လာခြင်း။ QSEM သုတေသနရှိ ကျေးရွာအများစုသို့ ၂၀၁၂ ခုနှစ်မှစ၍ ငါးကြိမ်သွားရောက်ခဲ့ပြီး ပြောင်းလဲမှုသည် အချိန်နှင့်အမျှ မည်သို့ဖြစ်ပေါ်သည်ကို အတွင်းကျကျသိမြင်ခဲ့ကြပါသည်။

- အိမ်ထောင်စုများအပေါ် အာရုံစူးစိုက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ဆုံးဖြတ်ချက်များကို အိမ်ထောင်စုအဆင့်တွင် မည်သို့ချမှတ်သည်ကို နားလည် သဘောပေါက်စေခြင်း။ မတူညီသော မိသားစုများအလိုက် အချိန်နှင့်အမျှ ပြောင်းလဲမှု များ တွေ့ကြုံရသည်ကို နားလည်သဘောပေါက်စေရန်အတွက် မတူညီသည့် လူမှု စီးပွားရေးအုပ်စုများကို ကိုယ်စားပြုရန် ရွေးချယ်ထားသည့် အိမ်ထောင်စုများ သုတေသ အဖွဲ့များ သွားရောက်ခဲ့ကြပါသည်။

- ပိုမိုပြည့်စုံသည့် ရုပ်လုံးပေါ်လာစေရန်အတွက် အမြင်ပေါင်းစုံကိုနားထောင်ခြင်းနှင့် တြိဂံဖွဲ့တိုင်းတာစုစည်းခြင်း။

- ပါဝါအရွေ့ကို အသိအမှတ်ပြုခြင်းသည် ဖြေကြားမှုအများဆုံးသော လူများ၏အမြင်များ သည် ကျေးရွာရှိလူတိုင်းကို ကိုယ်စားပြုသည်ဟု မှတ်ယူနိုင်မည်မဟုတ်ပါ။ ဖယ်ကျဉ် ခံထားရသော အုပ်စုများ အပါအဝင် ကျယ်ပြန့်သော အုပ်စုအဆင့်ဆင့်က ၎င်းတို့၏ အတွေ့အကြုံများကို သေချာစွာပါဝင်မျှဝေနိုင်စေရန် သီးခြားလုပ်ငန်းအဆင့်များလည်း နည်းစနစ်တွင် ပါဝင်သည်။

- တိုင်းဒေသကြီး။ပြည်နယ်များ အချင်းချင်းနှိုင်းယှဉ်ခြင်း။ နေရာဒေသများတစ်လျှောက် တူညီသောမူဘောင်နှင့်နည်းစနစ်များချမှတ်ခြင်းသည် တူညီမှုများကိုသတ်မှတ်နိုင်စေပြီး အခြေအနေမတူညီသောဒေသများ၌ ပြန်လည်ရှင်းလင်းပြရေးကိုလည်း အထောက်အကူ ဖြစ်စေသည်။

- ကျေးရွာဘဝအခြေအနေများကို လေ့လာခြင်း။ သုတေသီများသည် အစီအစဉ်တကျ တွေ့ဆုံမေးမြန်းမှုများနှင့်ပတ်သက်၍ ကျေးရွာများတွင် တည်းခိုနေထိုင်ခြင်းဖြင့် ကျေးရွာ

---

၄၆ ဥပမာ ဈေးကွက်ပေါက်ဈေးများနှင့်ပတ်သက်သောကိစ္စများ (ယင်းသည် မြို့နယ်၏ တုံ့ပြန်ဆောင်ရွက်မှုများပေါ်တွင် ထင်ရှားစွာမူတည်သည်။) ကြွေးမြီအဆင့်များ (ပေးထားသော နှစ်တစ်နှစ်အတွင်းပြောင်းလဲမှုများ အချိန်နှင့်အမျှဖြစ်ပေါ်ပြီး စူးစမ်းလေ့လာမှုသည် တုံ့ပြန်ဖြေကြားသူများထံမှ သိသာသောယုံကြည်မှုကိုလိုအပ်သည်။) နှင့် တိုင်းရင်းသားလူမျိုးစုများ၏ ပေါင်းစည်းပါဝင်မှု (ကျေးရွာများတွင် အမျိုးအစားမပြောင်းလဲဘဲ တူညီကြသည်။) များသည် အရည်အသွေးဆိုင်ရာ သုတေသန၏ ဤပုံစံအတွင်း အမြဲအသင့်လျော်ဆုံးဖြစ်လေ့မရှိကြပါ။

ဘဝအခြေအနေများနှင့် လူမှုရေးအပြန်အလှန် တုံ့ပြန်မှုများကိုလေ့လာကာ ၎င်းတို့သည် ပိုမိုပြည့်စုံစွာ ရုပ်လုံးဖော်နိုင်စေပါသည်။

**သုတေသနလုပ်ငန်း**

ဤအစီရင်ခံစာကို အဓိက QSEM သုတေသန၏အစိတ်အပိုင်းဖြစ်သော ၂၀၁၆ခုနှစ် ဇန်နဝါရီလ နှောင်းပိုင်းမှ မတ်လနှောင်းပိုင်းအထိ ပြုလုပ်ခဲ့သည့် သုတေသနမှ အဓိကထုတ်နုတ်ဖော်ပြထားပါသည်။ အစီရင်ခံစာက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေး၌ ထဲထဲဝင်ဝင် လေ့လာခဲ့သည့်လူမျိုးနှင့် ယဉ်ကျေးမှုသရုပ်ခွဲခြင်းဆိုင်ရာ သုတေသနငယ်မှ အထောက်အကူများအကျိုးကျေးဇူးများလည်းရရှိခဲ့ပါသည်။ ဤအခန်းတွင် သုတေသန ချဉ်းကပ်ပုံကို ဖော်ပြထားသည်။

**သုတေသနဆောင်ရွက်သော ဒေသများ**

အဓိက QSEM သုတေသနသည် ပြည်နယ်များနှင့် တိုင်းဒေသကြီး လေးခုရှိ ၂၁ မြို့နယ်အနှံ့ ပြောင်းလဲမှုများကို ကိုယ်စားပြုရန် ရည်ရွယ်ချက်ဖြင့် ရွေးချယ်ထားသော ကျေးရွာ ၆၃ ရွာကို လွှမ်းခြုံထားပါသည်။ [၄၇] ဤအကြိမ်သုတေသနတွင် QSEM 1 - 5 မှ မူရင်းအဓိကအဖွဲ့ကို အသုံးပြုထားကာ အပြောင်းအလဲများ ပြုလုပ်ထားသည်။

မူရင်းအဓိကသုတေသနအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ မြေဆီလွှာစီမံခန့်ခွဲမှုနှင့် သီးနှံထုတ်လုပ်မှု ဂေဟစနစ်ဆိုင်ရာ ဇုန်သုံးခုဖြစ်သည့် အပူပိုင်းဇုန် (မကွေးနှင့်မန္တလေး)၊ တောင်တန်းဒေသ (ချင်းနှင့်ရှမ်း)၊ ကမ်းရိုးတန်းဒေသ (ဧရာဝတီနှင့်ရခိုင်) အသီးသီးတို့မှ ပြည်နယ်၊ သို့မဟုတ် တိုင်းဒေသကြီးနှစ်ခုစီကို လွှမ်းခြုံထားပါသည်။ QSEM-6 တွင် မြန်မာနိုင်ငံရှိ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ပဋိပက္ခများ၏ ဩဇာသက်ရောက်မှုကို ပို၍နားလည်သဘောပေါက်ရန် ရှင်းလင်းသော ရည်ရွယ်ချက်ဖြင့် ကချင်ပြည်နယ်ကို ဖြည့်စွက်ထားသည်။ ၎င်းမှာ ပဋိပက္ခကြောင့် ထွက်ပေါ်လာသည့် ဒေသများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ရေးအပေါ် အဓိကအလေးပေးမှုတစ်ရပ်ပါဝင်သည့် LIFT ၏ ပြုပြင်ထားသော မဟာဗျူဟာနှင့် ကိုက်ညီမှုရှိပါသည်။

ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုစီ၌ အဆင်းရဲဆုံးသော မြို့နယ်သုံးမြို့နယ်ကိုရွေးချယ်ခဲ့ပါသည်။ ထိုသို့ ရွေးချယ်ရာတွင် LIFT အစီအစဉ်ရှိသော၊ သို့မဟုတ် ရွေးချယ်ချိန်တွင် LIFT တည်ရှိနေသည့် မြို့နယ်များကို ရွေးချယ်ခဲ့ပါသည်။ မူလသုတေသနအဖွဲ့ရှိနေသော မြို့နယ်များသည် ခြွင်းချက်တစ်ခုအဖြစ် ကျန်ရှိပါသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မြို့နယ်တစ်ခု (ကျိုင်းတုံမြို့နယ်) ကို မြို့နယ်သစ်တစ်ခု (ပင်လောင်းမြို့နယ်) ဖြင့် အစားထိုးခဲ့ပါသည်။ အကြောင်းမှာ ယခင်မြို့နယ်၌ သုတေသနလုပ်ငန်းများသည် အကျိုးကျေးဇူးများထက် စိန်ခေါ်မှုများက အဆိုပါကျေးရွာများတွင် ပိုမိုများပြားပြီး ဝန်ပိနေ၍ဖြစ်သည်။[၄၈] ကချင်ပြည်နယ်၏ မြို့နယ်သုံးခုတွင် LIFT ၏ လုပ်ငန်းများကို လက်ရှိတွင် အလေးပေးဆောင်ရွက်နေပြီး အဆိုပါ မြို့နယ်သုံးခုကို အလိုအလျောက် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

မြို့နယ်အသီးသီးရှိ သုတေသနလုပ်ငန်းသည် ကုန်သွယ်ရေးဗဟိုချက်နှင့် နီးကပ်မှု၊ ရေအရင်းအမြစ် သို့မဟုတ် လမ်းများနှင့် ချိတ်ဆက်သုံးစွဲနိုင်မှုတို့၏ ကွဲပြားခြားနားချက်ပေါ် မူတည်၍ ကျေးရွာသုံးခုစီကို ရွေးချယ်ခဲ့ရာ စုစုပေါင်း ကျေးရွာ ၆၃ ရွာအထိ လွှမ်းခြုံခဲ့ပါသည်။ ကချင်ပြည်နယ်ရှိ ကျေးရွာသစ်ကိုးရွာနှင့် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ရှိ ကျေးရွာတစ်ရွာတို့အပြင် မူလသုတေသနအဖွဲ့က အခြားကျေးရွာ လေးရွာကိုလည်း အစားထိုးခဲ့သည်။ မူလကျေးရွာများရှိ သုတေသနလုပ်ငန်းများတွင် ရပ်ရွာသူရပ်ရွာသားများက ပါဝင်ဆောင်ရွက်မှု အနည်းငယ်သာရှိခြင်း သို့မဟုတ် ဒေသခံခေါင်းဆောင်များက ကလန်ကဆန် ပြုလုပ်ခြင်း ကဲ့သို့သော စိန်ခေါ်မှုများရှိနေသောကြောင့် အဆိုပါ ကျေးရွာများကို အစားထိုးခဲ့ခြင်းဖြစ်သည်။ [၄၉]

---

၄၇ ဤအကြိမ်သုတေသနသည် အများစုကျေးရွာ ၆၁-ရွာကိုသာ ပြုလုပ်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်ရှိ ကျေးရွာတစ်ရွာမှာ လုံခြုံရေးအခြေအနေကြောင့် ချဉ်းကပ်ရောက်ရှိရန် မလွယ်ကူ၍ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်တွင် လှုပ်ရှားနေသော ပဋိပက္ခက ရောက်ရှိချဉ်းကပ်မှုကို ဟန့်တားခဲ့သည်။ သုတေသနအဖွဲ့သည် ကျေးရွာသုံးရွာအနက် နှစ်ရွာကိုသာရောက်ရှိခဲ့ပြီး လုံခြုံရေးပူပန်မှုကြောင့် တတိယကျေးရွာကို ချန်လှပ်ခဲ့ရသည်။

၄၈ မြို့နယ်အသစ်ကိုရှမ်းပြည်နယ်ရှိ LIFT မြို့နယ်များအကြားဆင်းရဲမှု အမြင့်ဆုံးအဆင့်များကိုအခြေခံ ရွေးချယ်ခဲ့သည်။

၄၉ အစားထိုးမှုများသည်ဧရာဝတီ၊မကွေး၊မန္တလေးတို့မှ ကျေးရွာတစ်ရွာစီကိုလွှမ်းခြုံခဲ့သည်။ထို့ပြင်ချင်းပြည်နယ်တွင်မူလကျေးရွာတွင် အိမ်ထောင်စုအရေအတွက်နည်းလွန်းသဖြင့်သုတေသနအတွက် ကျေးရွာတစ်ရွာကိုအနီးအနား ကျေးရွာတစ်ရွာနှင့် ပေါင်းစပ်ခဲ့ရသည်။

**ဤကွင်းဆင်းသုတေသနလုပ်ငန်းကို သုတေသီလေးဦးစီပါဝင်သော အဖွဲ့များက ဆောင်ရွက်ခဲ့သည်။**[၅၀] အဖွဲ့တစ်ဖွဲ့စီသည် ပြည်နယ်တစ်ခု သို့မဟုတ် တိုင်းဒေသကြီးတစ်ခုအတွက် တာဝန်ယူခဲ့ ကြသည်။ သုတေသနအဖွဲ့ ခေါင်းဆောင်နှင့် အနည်းဆုံး အခြားအဖွဲ့ဝင်တစ်ဦး တို့တွင် ယခင်က ပြည်နယ်နှင့် သို့မဟုတ် တိုင်းဒေသကြီးများရှိ QSEM သုတေသနတွင် ပါဝင်ဆောင်ရွက်မှု အပါအဝင် QSEM နှင့်ပတ်သက်သည့် အတွေ့အကြုံရှိသူများဖြစ်ကြသည်။

**သုတေသနအကြိမ်တိုင်းတွင် မစတင်မီ ပြန်လည်သုံးသပ်၍ လက်ရှိအခြေအနေအထိ ပြုပြင်ထားသော ကွင်းဆင်းလုပ်ငန်းလမ်းညွှန်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။** ကွင်းဆင်းလုပ်ငန်းလမ်းညွှန်သည် QSEM ခွဲခြမ်းစိတ်ဖြာမှု မူဘောင်၊ ကျေးရွာလုပ်ထုံးလုပ်နည်းများ၊ သုတေသနအသုံးအဆောင်ကိရိယာများ၊ အထောက်အထားပြုရေး လိုအပ်ချက်များ၊ သုတေသနကျင့်ဝတ်များအပြင် ဘေးကင်းလုံခြုံရေးဆိုင်ရာလည်း ပါဝင်ပါသည်။

**သုတေသနစတင်ဆောင်ရွက်ခြင်းမပြုမီ သုတေသီများကို အထူးသင်တန်းပို့ချပေးခဲ့ပါသည်။** သင်တန်းသည် သုတေသီများအား QSEM ချဉ်းကပ်နည်းနှင့် အရည်အသွေးဆိုင်ရာ အခြေခံသုတေသန နည်းစနစ်များနှင့် ရင်းနှီးကျွမ်းဝင်စေသည်။ ထို့ပြင် သုတေသီများ ကွင်းဆင်းဆောင်ရွက်ရာတွင် လိုအပ်သော အရေးကြီးသည့် ကျွမ်းကျင်မှုများကို လက်တွေ့လေ့ကျင့်ခွင့်ရရှိစေပြီး သရုပ်ခွဲလေ့လာဆန်းစစ်မှု မူဘောင်၏ မတူညီသော အစိတ်အပိုင်းများနှင့် ရင်းနှီးကျွမ်းဝင်မှု ရရှိလာစေသည်။ သင်တန်းတွင် ကျွမ်းကျင်မှုများကို လေ့ကျင့်ရန် ကွင်းဆင်းလုပ်ငန်းအကြို စမ်းသပ်စစ်ဆေးမှုလည်း ပါဝင်သည်။

**သုတေသနအဖွဲ့များသည် ကျေးရွာအသီးသီးတွင် သုံးလေးရက်ကြာ နေထိုင်ကြရသည်။**[၅၁] သုတေသနတွင် လမ်းဖွင့်မေးမြန်းဆောင်ရွက်သောနည်းလမ်း (semi-structured approach) တစ်ဝက်တစ်ပျက်ဖွဲ့စည်းချဉ်းကပ်နည်းကို ချမှတ်ထားသည်။ ကျေးရွာတစ်ရွာချင်းစီအတွက် ခွဲခြမ်းစိတ်ဖြာမှု မူဘောင်တွင် ပါဝင်သော အကြောင်းအရာနယ်ပယ်များစွာတစ်လျှောက် သတင်းအချက်အလက်များကို သုတေသီများက ကောက်ယူစုဆောင်းကြသည်။ သုတေသနကို အဓိကသုတေသန မေးခွန်းများဖြင့် ဝန်းရံဖွဲ့စည်းထားသော်လည်း သီးခြားကိစ္စရပ်များ၊ သို့မဟုတ် သရုပ်ခွဲလေ့လာဆန်းစစ်မှု မူဘောင်နှင့်တိုက်ရိုက်သက်ဆိုင်မှုမရှိဟု ကနဦးယူဆရပုံပေါ်သော ဆန်းစစ်မှုလမ်းကြောင်းများကို ထဲထဲဝင်ဝင်စစ်ဆေးရန် သုတေသီများအား တိုက်တွန်းအားပေးထားသည်။

ကျေးရွာအသီးသီး၌ သုတေသနပြုလုပ်ရာတွင် အချက်အလက်စုဆောင်းမှု နည်းစနစ်အမျိုးမျိုးကို အသုံးပြုခဲ့ပါသည်။

- ရပ်ရွာသူ/ရပ်ရွာသားများ ကိုယ်တိုင်ပါဝင်ပြုလုပ်စေသည့် ကျေးရွာအသီးသီးရှိအမျိုးသားနှင့် အမျိုးသမီး အုပ်စုများဖြင့်ဆောင်ရွက်သည်။ ရည်ရွယ်ချက်မှာ အလွှာသုံးလွှာဖြစ်သည်။ ၎င်းကရပ်ရွာသူရပ်ရွာသားများအနေဖြင့် ချမ်းသာကြွယ်ဝမှုနှင့် မတူညီသော အုပ်စုများတစ်လျှောက် တုံ့ပြန်မှု၏အဓိပ္ပာယ်ကို မည်သို့သိမြင်ပုံကို ကောင်းစွာနားလည်စေမည့် နည်းစနစ်တစ်ရပ်ကို ဖြည့်ဆည်းပေးသည်။[၅၂] နေရာဒေသများနှင့် အချိန်ကာလများတစ်လျှောက် ချမ်းသာကြွယ်ဝမှုအဆင့်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နှိုင်းယှဉ်နိုင်စေသည်။ လူမှုစီးပွားရေးအမျိုးအစားများအတွက် အဓိကသတင်းအချက်အလက် ထောက်ပံ့ပေးသူများကို ရွေးချယ်ဆုံးဖြတ်ရာတွင် လူမှုရေးနှင့်သက်ဆိုင်သော ချိတ်ဆက်မှုများပြမြေပုံရေးဆွဲရေး လေ့ကျင့်ခန်းကို အခြေခံအဖြစ်အသုံးပြုသည်။ လူမှုရေးစီမံလျာထားမှုသည် QSEM-6 တွင် အသစ်ဖြစ်သည်။

---

၅၀ ချင်းပြည်နယ်နှင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာများတွင် ၂၈၄ ကျေးရွာများ၌ ဒေသသုံးစကားနှင့် ရင်းနှီးကျွမ်းဝင်သော စကားပြန်များ အတူတကွ လိုက်ပါကြသည်။

၅၁ ကချင်ပြည်နယ်ရှိ ကျေးရွာ ၂-ရွာတွင် ထိုကျေးရွာများရှိ လုံခြုံရေးစိုးရိမ်မှုကြောင့် ကျေးရွာတွင် ၂-ရက်သာ ကန့်သတ်ခဲ့ရသည်။

၅၂ ချမ်းသာကြွယ်ဝခြင်းကို အရင်းအနှီးပုံစံများပေါ်တွင် ကျယ်ပြန့်စွာ သတ်မှတ်သည်။ ၎င်းတို့မှာ ရုပ်ဝတ္ထုဆိုင်ရာ လူမှုရေး၊ လူသား၊ ဘဏ္ဍာရေးနှင့် သဘာဝအရင်းအနှီးတို့ဖြစ်သည်။

- တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှုများအတွက် လူရွေးချယ်ရာတွင် သတ်မှတ်ချက်များမထားပဲ ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်ခဲ့ပါသည်။ ၎င်းတွင် လူမှုရေးစီမံလျာထားမှု လေ့ကျင့်ခန်းမှ တစ်ဆင့်ခွဲခြားသတ်မှတ်ထားပြီး လူမှုစီးပွားရေးအမျိုးအစားများ တစ်ခုချင်းစီကို ကိုယ်စားပြုရန် ရွေးချယ်ထားသည့် အိမ်ထောင်စုများ ပါဝင်သည်။ အနာဂတ်တွင် ဆောင်ရွက်သွားမည့် QSEM များတွင်လည်း အဆိုပါ အိမ်ထောင်စုများထံ ထပ်မံသွားရောက်မည် ဖြစ်ပါသည်။ အခြားသော အဓိကသတင်းအချက်အလက် ထောက်ပံ့ပေးသူများ နှင့် တွေ့ဆုံမေးမြန်းမှုများကို ကျေးရွာခေါင်းဆောင်နှင့် အခြားကျေးရွာခေါင်းဆောင်များ၊ သက်ကြီးရွယ်အိုများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဘေးအန္တရာယ် ကျရောက်လွယ်သောအုပ်စုများမှ ကိုယ်စားလှယ်များပါဝင်သော အခြားသတင်းပေးများနှင့် ပြုလုပ်ခဲ့သည်။ QSEM-6 တွင် တစ်ဦးချင်းတွေ့ဆုံမေးမြန်းခဲ့ရာတွင် လူမှုရေးစီမံလျာထားမှု လေ့ကျင့်ခန်းမှတစ်ဆင့် ရွေးချယ်ထားသော အိမ်ထောင်စုများမှ ၄၀၀ ဦးနှင့် ဖြည့်စွက်သတင်းပေး ၃၄၅ ဦးပါဝင်သော တွေ့ဆုံမေးမြန်းမှု ၇၄၅ ခု ပြုလုပ်ခဲ့ပါသည်။ အုပ်စုဖွဲ့ဆွေးနွေးခြင်းကို အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအုပ်စုများ (လယ်သမားများ၊ တံငါသည်များနှင့် အလုပ်သမားများကဲ့သို့) လူငယ်များနှင့် အမျိုးသမီးများပါဝင်သော အုပ်စုများမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည်။ QSEM-6 သည် အမျိုးသား ၆၁၂ ဦးနှင့် အမျိုးသမီး ၃၈၈ ဦး ပါဝင်ဆွေးနွေးသော အုပ်စုလိုက် ဆွေးနွေးပွဲ ၂၀၄ ကြိမ် ပြုလုပ်ခဲ့ကြပါသည်။

- သုတေသီများသည် ၎င်းတို့ ကျေးရွာများတွင် နေထိုင်စဉ်ကာလအတွင်းကျေးရွာ၏ အခြေခံအချက်အလက်များကို ကောက်ယူစုဆောင်းပြီး ၎င်းတို့၏လေ့လာတွေ့ရှိမှုများကို မှတ်တမ်းတင်ခဲ့ကြပါသည်။

**သုတေသီများသည် ကျေးရွာတွင် ရှိစဉ်အတွင်း တွေ့ဆုံမေးမြန်းမှုနှင့် FGD တစ်ခုချင်းစီအတွက် ပြည့်စုံသော အသေးစိတ်မှတ်တမ်းများကို ရေးသားခဲ့ကြသည်။** ကျေးရွာများတွင် သုတေသနပြီးဆုံးပြီးနောက် သက်ဆိုင်ရာ အစိုးရအာဏာပိုင်များနှင့် တွေ့ဆုံရန်၊ တြိဂံဖွဲ့တိုင်းတာမှုဆိုင်ရာ သတင်းအချက်အလက်များ ပြုစုရန်နှင့် မှတ်တမ်းများ ပြီးပြည့်စုံစေရန် မြို့နယ်ဗဟိုများတွင် အဖွဲ့များက နှစ်ရက်၊ သုံးရက်ခန့် နေထိုင်ခဲ့ကြသည်။

**ကွင်းဆင်းလုပ်ငန်းပြီးဆုံးပြီး ကုဒ်နံပါတ်တပ်ထားသော တွေ့ဆုံမှုမှတ်တမ်းများနှင့် ကျေးရွာများတွင်ကောက်ယူခဲ့သော အခြားအချက်အလက်များကို ပြုစုရေးဆွဲပြီးသောအခါ သုတေသနအဖွဲ့က အောက်ပါ မှတ်တမ်းများကို ပြုစုခဲ့သည်။** ၎င်းတို့မှာ ကျေးရွာတစ်ခုချင်းစီအတွက် စာမျက်နှာ ၁၀ မှ ၁၅ မျက်နှာခန့် ပါဝင်သော အစီရင်ခံစာ အကျဉ်းချုပ်၊ သုတေသနအကြိမ်များ တစ်လျှောက်နှင့် အကြောင်းအရာနယ်ပယ်အလိုက် လက်ရှိအခြေအနေအထိ ပြုပြင်ထားသော အချက်အလက်များ ပါဝင်သည့် အဓိကသတင်းများ၏ ဒေတာဘေ့စ်၊ တိုင်းဒေသကြီး။ ပြည်နယ် တစ်ခုချင်းစီအတွက် ဖြစ်ရပ်လေ့လာမှုအဆင့်ဆင့်နှင့် ကျေးရွာတစ်ခုချင်းစီအတွက် လူမှုရေးအရ ဆက်နွယ်သော မြေပုံနှစ်ခုတို့ ဖြစ်ပါသည်။

**သရုပ်ခွဲလေ့လာဆန်းစစ်ရေးလုပ်ငန်းစဉ်သည် သုတေသနအဖွဲ့များထံမှ အချက်အလက်များကို အသုံးပြုရန်၊ စစ်ဆေးရန်နှင့် ပြန်လည်စစ်ဆေးရန် အသေးစိတ်ဖွဲ့စည်းထားသော အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်ပေါ်တွင် များစွာအထောက်အကူပြုသည်။** မြန်မာနိုင်ငံ၏ အနေအထားကြောင့် သရုပ်ခွဲလေ့လာဆန်းစစ်မှု လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကန့်သတ်ချက်များ ရှိနေသည်။ အရည်အသွေးဆိုင်ရာသုတေသနနှင့် ပတ်သက်ပြီး ကျောင်းများတွင် သေချာစွာလေ့လာသင်ယူထားသည့် သုတေသနပညာရှင် အနည်းငယ်သာရှိပြီး အချက်အလက်ဆန်းစစ်ရေးအတွက် ဆော့ဝဲလ်ကို မှီခိုရန် စွမ်းဆောင်ရည်မှာလည်း အကန့်အသတ်ရှိနေသည်။ သုတေသနအကြိမ်များ တစ်လျှောက် အတွေ့အကြုံများအရအထိရောက်ဆုံးသော ချဉ်းကပ်နည်းမှာပထမအခြေအနေတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၌ သတင်းအချက်အလက်များ ဆန်းစစ်ပြီးနောက် အလားတူ သတင်းအချက်အလက်များကို ခေါင်းစဉ်သို့မဟုတ် အကြောင်းအရာအလိုက် ထပ်မံဆန်းစစ်သည့် အလုပ်ရုံဆွေးနွေးပွဲပုံစံကို အခြေခံသော ဆန်းစစ်မှုဖြစ်သည်။ ထိုဆန်းစစ်မှုကို သုတေသနအဖွဲ့များဖြင့် ဆန်းစစ်ပြီး ပြန်လည်စစ်ဆေးသည်။ ကျယ်ကျယ်ပြန့်ပြန့် အားထုတ်ဆောင်ရွက်သည့် သုံးသပ်မှုလုပ်ငန်းစဉ်ကိုလည်း အစီရင်ခံစာအပြီးသတ်ခြင်းမပြုမီ ဆောင်ရွက်ခဲ့ပါသည်။

### လူမျိုးနှင့်ယဉ်ကျေးမှုလေ့လာရေးဆိုင်ရာ သုတေသန

**လူမျိုးနှင့်ယဉ်ကျေးမှုသရုပ်ခွဲခြင်းဆိုင်ရာသုတေသနကို ဧရာဝတီ၊ မကွေးနှင့် ရခိုင်တို့ရှိ QSEM သုတေသနအဖွဲ့အသီးသီးက ကျေးရွာတစ်ရွာစီတွင် ပြုလုပ်ခဲ့သည်။** ကျေးရွာများကို ဖော်ပြပါမှုများ အသုံးပြု၍ ရွေးချယ်ခဲ့သည်။ ၎င်းမှုများမှာ QSEM တစ်လျှောက် တည်ဆောက်ထားသော ဆက်ဆံရေးများကို အခြေခံ၍ ကျေးရွာခေါင်းဆောင်များအလိုက် လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုသုတေသန၏ လက်ခံသော အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ကွဲပြားခြားနားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်း အခွင့်အလမ်းများ တည်ရှိမှု၊ သုတေသနတွင် မြန်မာဘာသာ စကားဖြင့် ပါဝင်ဆောင်ရွက်ရန် ရပ်ရွာသူရပ်ရွာသားများ၏ စွမ်းရည်နှင့် LIFT အစီအစဉ်များ ဆက်လက်တည်ရှိမှုတို့ဖြစ်ပါသည်။

**ကျေးရွာသုံးရွာ၏ တစ်ခုချင်းစီတွင် QSEM အတွေ့အကြုံ သုံးကြိမ်ရှိသော သုတေသီများက ကျေးရွာတစ်ရွာစီရှိ အိမ်ထောင်စုနှစ်ခုတွင် အတူနေထိုင်ပြီး ရက်သတ္တပတ် ငါးပတ်ကျော်ကြာသော လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာလေ့လာမှု သုတေသနကို ပြုလုပ်ခဲ့ကြသည်။** အိမ်ထောင်စုများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကွဲပြားခြားနားမှုအဆင့် ရှိမှုအချို့ပေါ်တွင် အခြေခံ၍ ရွေးချယ်ခဲ့သည်။ [၅၃] ထို့ပြင် အိမ်ထောင်စုများက သုတေသနတွင် ပါဝင်ဆောင်ရွက်လိုကြသည့်ပြင် အမျိုးသမီးဦးစီးသောအိမ်ထောင်စုများကလည်း ဤသုတေသနတွင် သေချာစွာပါဝင်ဆောင်ရွက်ခဲ့ကြသည်။

**သုတေသီများက သင်တန်းပို့ချပေးခဲ့ပြီး ကွင်းဆင်းသုတေသနလုပ်ငန်းကို အတွေ့အကြုံရင့်ကျက်သောလူမျိုးဆိုင်ရာသုတေသနပညာရှင်တစ်ဦးက ကြီးကြပ်ခဲ့သည်။** သုတေသနကို ရက်သတ္တပတ် နှစ်ပတ်ကျော်ကာလနှစ်ခု ခွဲခြားကာ တိုးတက်မှုကို သုံးသပ်ရန်နှင့် အပြီးသတ်သုတေသန ရလဒ်များကို လမ်းညွှန်မှုပေးရန် ထိုကာလနှစ်ခုအကြားတွင် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

### ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ

**QSEM သုတေသန၏ အစိတ်အပိုင်းအဖြစ် ပြုလုပ်ခဲ့သော သုတေသနလုပ်ငန်းမှာ မည်သည့်ပြင်ပစွက်ဖက်မှုများနှင့်မှ တိုက်ရိုက်ဆက်စပ်ခြင်းမရှိပါ။ သုတေသနလုပ်ငန်းများကို LIFT လုပ်ငန်းများတည်ရှိခဲ့သည့် ကျေးရွာများတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။** ဤသဘောတရားရှိသည့် အရည်အသွေးဆိုင်ရာသုတေသနလုပ်ငန်းက အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပတ်သက်ကာ ရပ်ရွာသူရပ်ရွာသားများ၏ သာမန်မျှော်လင့်ချက်များကိုသာ ဦးတည်ထားပြီး သုတေသနက ကျေးရွာအတွက် ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည်ဖြစ်သည်။ ထိုမျှော်လင့်ချက်များကို စီမံခန့်ခွဲရန်အတွက် သုတေသန ရှာဖွေတွေ့ရှိချက်များသည် ကျေးရွာတစ်ခုစီအတွက် အကူအညီရရှိစေရန် ဩဇာသက်ရောက်စေခြင်းထက် ပိုမိုကျယ်ပြန့်သော မူဝါဒရည်မှန်းချက်များအတွက် ဦးတည်ထားသည်ဟူသည့်အချက် ပါဝင်သော QSEM သုတေသန၏ ရည်ရွယ်ချက်များကို သုတေသနအဖွဲ့များက အချိန်ယူရှင်းပြခဲ့ကြပါသည်။

**အိမ်ထောင်စုအဆင့်တွင် အရည်အသွေးဆိုင်ရာ သုတေသနဆောင်ရွက်ရာ၌ ထည့်သွင်းစဉ်းစားရမည့် ကျင့်ဝတ်ဆိုင်ရာများကို နားလည်သဘောပေါက်စေရန် သုတေသီများအား လေ့ကျင့်ပေးထားပါသည်။** ထိုအထဲတွင် သုတေသနကို တုံ့ပြန်ဖြေကြားသူများ၏ ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာ သို့မဟုတ် ပုဂ္ဂိုလ်ရေးသီးခြား လွတ်လပ်ခွင့်တို့အား မထိခိုက်စေရေးတို့ ပါဝင်သည်။ သုတေသန၏ ရည်ရွယ်ချက်များ၊ တွေ့ရှိချက်များအား မည်သို့အသုံးပြုမည်နှင့် သုတေသနတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုနှင့် ပတ်သက်သော အခွင့်အရေးများကို တုံ့ပြန်ဖြေကြားသူများအား အသိပေးထားပါသည်။ အိမ်ထောင်စုများ၏ တိကျသောတည်နေရာများနှင့် အမည်များကို ဤအစီရင်ခံစာတွင် ဖော်ပြခြင်းပြုမည်မဟုတ်ပါ။

### အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**QSEM သည် အရည်အသွေးဆိုင်ရာ သုတေသနအတွက် အထူးပင်ကြီးမားလှပါသည်။ သုတေသန အကြိမ်တိုင်းတွင် သုတေသီများက မတူကွဲပြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်လျှောက် ကျေးရွာ ၆၃ ရွာရှိ လူပေါင်း ၁၀၀ ကျော်နှင့် တွေ့ဆုံမေးမြန်းမှုများ၊ အုပ်စုလိုက် ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။** QSEM ၏ အတိုင်းအတာနှင့် ကျယ်ပြန့်မှုကြောင့် အချက်အလက်များ၏ အရည်အသွေးကို ထိန်းချုပ်ရန်အတွက်  ထူးခြားသည့် စိန်ခေါ်မှုများ ကြုံတွေ့ရသည်။ အရည်အသွေးဆိုင်ရာ သုတေသနနှင့် သရုပ်ခွဲလေ့လာဆန်းစစ်နိုင်သည့် စွမ်းရည်

---

၅၃ မဟာဗျူဟာမှ ပညာရပ်ဝေါဟာရကို အသုံးပြုခြင်း။ ၎င်းတို့သည် စိုက်ပျိုးထုတ်လုပ်မှုပေါ် မှီခိုခြင်း၏ လမ်းခွဲထွက်မှုများ ဖြစ်သည်။

အကန့်အသတ်ရှိသည့် မြန်မာနိုင်ငံ၏ အနေအထားကြောင့် ထိုစိန်ခေါ်မှုများမှာ ကျယ်ပြန့်လာခြင်းဖြစ်ပါသည်။ ဤအခန်းတွင် သုတေသနလုပ်ငန်းဆိုင်ရာ ကန့်သတ်ချက် အချို့နှင့် အချက်အလက်များ၏ အရည်အသွေးကို သေချာမှုရှိစေရန် ဆောင်ရွက်သောအဆင့်များကို ဖော်ပြထားသည်။ QSEM အချက်အလက်အရည်အသွေးဆိုင်ရာ နည်းစနစ်များကို မြန်မာနိုင်ငံရှိသုတေသနဝန်းကျင်နှင့် အကိုက်ညီဆုံးဖြစ်စေရန် အတွေ့အကြုံပေါ်အခြေခံ၍ ဒီဇိုင်းရေးဆွဲထားပါသည်။

## အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ မူဘောင်

**QSEM ချဉ်းကပ်မှုနည်းလမ်းများသည် သုတေသနတွေ့ရှိချက်များ၏ တိကျမှန်ကန်မှုနှင့် ယုံကြည်စိတ်ချရမှုကို သေချာစေနိုင်ရန် မြန်မာနိုင်ငံရှိ အရည်သွေးနှင့်စပ်လျဉ်းသည့် သုတေသနအတွက် ဆက်စပ်အကြောင်းအရာများနှင့် အသင့်တော်ဆုံးဖြစ်သည့် အရည်အသွေးထိန်းချုပ်မှုဆိုင်ရာ ယန္တရားများအပေါ် အလေးပေးဆောင်ရွက်ပါသည်။ QSEM အသုံးပြုသည့် အဓိကနည်းလမ်းများတွင် အောက်ပါတို့ပါဝင်ပါသည်။** [၅၄]

- ရှည်လျားသော ထိတွေ့ချိတ်ဆက်မှု - ကွင်းဆင်းလေ့လာမှုတစ်ကြိမ်လျှင် သုတေသီများသည် ကျေးရွာတစ်ရွာစီ၌ ၃-၄ ရက်အထိ အချိန်ယူဆောင်ရွက်ပါသည်။ ဒေသတစ်ခုချင်း၌ သုတေသန လုပ်ငန်းခြောက်ကြိမ်တို့ကို စုပေါင်းလိုက်လျှင်၊ သုတေသီတို့သည် ကျေးရွာများတွင် ၆-၇ လ အထိ နေထိုင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ၎င်းသည် ယုံကြည်ဆက်ဆံမှု နှင့် ကျေးရွာ၏ ဆက်စပ်အခြေအနေများကို အသေးစိတ်နားလည်သဘောပေါက်မှုတို့ကို ရရှိစေပါသည်။

- ဆက်တိုက်လေ့လာစောင့်ကြည့်ခြင်း - QSEM ၏ သဘောသဘာဝအရ အချိန်နှင့်အမျှ ဆက်တိုက် လေ့လာစောင့်ကြည့်မှုကို ဖြစ်ပေါ်စေပါသည်။ အချိန်နှင့်အမျှဖြစ်ပေါ်နေသော သတ်မှတ်ဖော်ထုတ်ထားသည့် ကိစ္စရပ်များကို ပြန်လည်သုံးသပ်နိုင်ရန်နှင့် ပြန်လည်ဆန်းစစ်နိုင်ရန် သုတေသီအဖွဲ့တစ်ဖွဲ့တွင် အနည်းဆုံး တစ်ဦးသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွင် QSEM ၏ ယခင်အတွေ့အကြုံရှိရန်လိုအပ်ပါသည်။ ကျေးရွာများ၌ လူမျိုးနှင့်ယဉ်ကျေးမှုဆိုင်ရာလေ့လာမှုလုပ်ငန်းကို မိတ်ဆက်ပေးခြင်းသည် ဤစံနှုန်းများဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းကို ဆက်လက်ခိုင်မာလာစေပါသည်။

- တြိဂံဖွဲ့တိုင်းခြင်း - သတင်းအချက်အလက်အရင်းအမြစ်များကြိဂံဖွဲ့တိုင်းမှုကို အဓိကအချက် အလက်များဖြေကြားပေးသူနှင့် အုပ်စုလိုက်ဆွေးနွေးဖြေကြားသူများကို သတ်မှတ်ဖော်ထုတ်ရန် အတွက် ရွေးချယ်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် QSEM တွင် ထည့်သွင်းဆောင်ရွက်ပါသည်။ သုတေသနအဖွဲ့များသည် ကျေးရွာအဆင့်ရှိ မတူကွဲပြားသော သက်ဆိုင်သူများအကြား သတင်းအချက်အလက်များကို ခိုင်မာမှုရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါသည်။ QSEM သည် တြိဂံဖွဲ့တိုင်းခြင်းနည်းလမ်းများကို အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ပါသည်။ ၎င်းတွင် တစ်ဆင့်ခံတွေ့ရှိချက်များ၊ ကျွမ်းကျင်သူများ၏ ပြည်လည်သုံးသပ်ချက်များနှင့် ပြန်လှန်ကိုးကားမှုများအပြင် လူမျိုးနှင့် ယဉ်ကျေးမှုဆိုင်ရာလေ့လာမှုသုတေသနကို မိတ်ဆက်ခြင်း နှင့် MPLCS အချက်အလက်များမှတစ်ဆင့် သရုပ်ခွဲလေ့လာဆန်းစစ်မှုတို့ ပါဝင်ကြပါသည်။

- အတွေ့အကြုံများကို အချင်းချင်းမေးမြန်းမှတ်သားခြင်း - ၎င်းကို QSEM ရှိ အတွင်းနှင့် အပြင်တို့တွင် ဆောင်ရွက်ပါသည်။ အတွင်းပိုင်းဆောင်ရွက်ရာတွင် အတွေ့အကြုံများကို မေးမြန်းမှတ်သားခြင်းကို ကွင်းဆင်းလေ့လာချိန်ကာလတွင်းအဖွဲ့ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ်များပြီးနောက် ထိရောက်သော သရုပ်ခွဲအလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် ဆောင်ရွက်ပါသည်။ အပြင်ပိုင်းဆောင်ရွက်ရာတွင် သတ်သတ်မှတ်မှတ်ဖြစ်သော အချင်းချင်းပြည်လည်သုံးသပ်ရေးလုပ်ငန်းစဉ်နှင့် သက်ဆိုင်ရာ အခြားသူများနှင့် မေးမြန်းမှတ်သားခြင်းကို အပြင်မှဖြစ်သော ပုဂ္ဂိုလ်များသို့ ဆွေးနွေးဖြန့်ဖြူးခြင်းဖြင့် ဆောင်ရွက်ပါသည်။

---

၅၄ ဤသည်တို့မှာ Lincoln, YS & Buba, ES၊ "သဘာဝလောကဆိုင်ရာ လေ့လာဆန်းစစ်ခြင်း" Sage ပုံနှိပ်ထုတ်လုပ်ငန်း၊ Newbury Park (၁၉၈၅) မှ တည်ဆောက်ထားသည့် စံနှုန်းများမှ ဆွဲနုတ်ယူထားခြင်းဖြစ်ပါသည်။

- ကွဲလွဲသောကိစ္စများကိုသရုပ်ခွဲလေ့လာဆန်းစစ်ခြင်း - အတွင်းပိုင်း အချင်းချင်းမေးမြန်းမှတ်သားခြင်းလုပ်ငန်းစဉ်တွင် လေ့လာဆန်းစစ်မှုတွင် ကွဲလွဲချက်များကို ထောက်ပံ့ပေးနိုင်ရန် သွေဖီသော ကိစ္စအကြောင်းအရာများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ရှာဖွေလေ့လာခြင်းအပေါ် အလေးပေးဆောင်ရွက်မှုတို့ပါဝင်ပါသည်။ QSEM အစီရင်ခံစာများသည် ကွဲလွဲသောကိစ္စများသရုပ်ခွဲ လေ့လာဆန်းစစ်ခြင်းကို မီးမောင်းထိုးပြလျက် အလားအလာများနှင့် တွေ့ရှိချက်များအပေါ်ရှိ အထူးကိစ္စရပ်များကို တင်ပြထားပါသည်။

- စာရင်းစစ်ဆေးခြင်း - QSEM ၏ မူကြမ်းအချက်အလက်များသည် ကွင်းဆင်းလေ့လာချိန်များတစ်လျှောက် ထိန်းသိမ်းထားပြီး၊ အီလက်ထရောနစ်ဖောင်ပုံစံသို့ တစ်ဆင့်ချင်းဖြည့်သွင်းပါသည်။ နှစ်စဉ် QSEM အစီရင်ခံစာများသည် သုတေသနလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုဖြင့် ကွင်းဆင်းလေ့လာမှုအကြိမ်တိုင်းအတွက် အသုံးပြုမည့်နည်းစနစ်များနှင့် သုတေသနအဆင့်များရှိ အပြောင်းအလဲများကို ရှင်းလင်းတင်ပြပေးပါသည်။

**သုတေသနလုပ်ငန်းဆိုင်ရာ အကန့်အသတ်များ**

မည်သည့်သုတေသနနည်းစနစ်မဆို အရည်အသွေးဆိုင်ရာ သုတေသန၏ သဘောသဘာဝနှင့်အညီ ကန့်သတ်ချက်များစွာရှိသည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်သည်

- QSEM က လွှမ်းခြုံသော ကိစ္စရပ်များ၏ နယ်ပယ်သည် ကျယ်ပြန့်သည်။ သုတေသန အဖွဲ့များသည် မည်သည့်ကျေးရွာတွင်မဆို လေးရက်ကျော်အတွင်း လွှမ်းခြုံခြင်း မရှိနိုင်သောကြောင့် အသေးစိတ်အချက်အလက်ပမာဏတွင် ကန့်သတ်မှုရှိနေသည်။ သုတေသနအဖွဲ့များ၊ အထူးသဖြင့် အဖွဲ့ခေါင်းဆောင်များသည် သရုပ်ခွဲလေ့လာဆန်းစစ်မှုမူဘောင်အတွက် သိသာထင်ရှားသော ကိစ္စရပ်များကို ပို၍အသေးစိတ် စူးစမ်းလေ့လာနိုင်ရေးအတွက် အခွင့်အလမ်းရရှိရန် ကျယ်ပြန့်သောအကြောင်းအရာများ အဆင့်ဆင့် သတင်းအချက်အလက်စုဆောင်းရေးတွင် ချိန်ခွင့်လျှာမျှရန်လိုအပ်သည်။

- အလားတူစွာပင်ကွဲပြားသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများအနှံ့တွင် အဖွဲ့ခုနစ်ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် အဖွဲ့များတွင် ကျွမ်းကျင်မှုများနှင့် အလေးပေးမှုတို့၌ ကွဲပြားမှုအချို့ကို ဖြစ်ပေါ်စေခဲ့သည်။ သုတေသန အဓိကမေးခွန်းများနှင့်အတူ သရုပ်ခွဲလေ့လာဆန်းစစ်မှုမူဘောင်ကို အသုံးပြုခြင်းသည် ရှေ့နောက်ညီညွတ်စေရန် ရည်ရွယ်ပါသည်။ တွေ့ရှိချက်များကိုလည်း သုတေသနအဖွဲ့များအားလုံးပါဝင်သော ပူးတွဲအလုပ်ရုံဆွေးနွေးပွဲများဖြင့် ခိုင်မာမှုဖြစ်စေသည်။ သို့ရာတွင် ဤအစီရင်ခံစာ၏ နယ်ပယ်အချို့တွင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများတစ်လျှောက် အချက်အလက် နှိုင်းယှဉ်မှုတွင် ကန့်သတ်ချက်များ ရှိနေသည်။

- ကျေးရွာများ၏ မျှော်လင့်ချက်များနှင့် သို့မဟုတ် သုတေသနကို ဆန့်ကျင်ငြင်းဆန်မှုကို စီမံခန့်ခွဲရခြင်းသည် နောက်ထပ် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ကျေးရွာများတွင် သုတေသလုပ်ငန်းဆောင်ရွက်ခြင်းက သုတေသနနောက်တွင် ပြင်ပအကူအညီများဆက်လက် လိုက်ပါလိမ့်မည်ဟူသော မျှော်လင့်ချက်များကို မြင့်တက်လာစေနိုင်သည်။ အပြန်အလှန်အားဖြင့် သုတေသနအဖွဲ့များသည် စိတ်မဝင်စားမှု၊ သို့မဟုတ် ငြင်းဆန်မှုများကိုလည်း တွေ့ကြုံကြရသည်။ အဘယ်ကြောင့်ဆိုသော် ရပ်ရွာသူရပ်ရွာသားများက သုတေသနတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ၎င်းတို့အတွက် တိုက်ရိုက်အကျိုးကျေးဇူးများရရှိမည်မဟုတ်ကြောင်း သိနေသောကြောင့်ဖြစ်သည်။ အထက်ပါ ကန့်သတ်ချက်များရှိလင့်ကစားဒေသအများစုတွင် သုတေသီများသည် ကျေးရွာများ၌ ယုံကြည်မှုတည်ဆောက်ကြပြီး သုတေသန၏ ရည်ရွယ်ချက်များကို နားလည်သဘောပေါက်စေခြင်းအားဖြင့် သုတေသန ကို ဆက်လက်ဆောင်ရွက်နိုင်စွမ်းရှိကြသည်။ QSEM-6 တွင် အဆိုပါ ကန့်သတ်ချက်များကို ကျော်လွှားနိုင်စွမ်းမရှိသော ကျေးရွာအနည်းငယ်ကို အစားထိုးခဲ့ရသည်။

- ဤသုတေသနက လွှမ်းခြုံသော ပြည်နယ်များတစ်လျှောက်ရှိ ကျေးရွာအချို့တွင် ဘာသာစကားက ပြဿနာတစ်ခုဖြစ်သည်။ သုတေသနအဖွဲ့သည် တွေ့ဆုံမေးမြန်းမှုများအတွက် မြန်မာဘာသာစကားကို အသုံးပြုသည်။ ဒေသသုံးဘာသာစကားရှိသော

ဒေသများတွင် သုတေသနအဖွဲ့က စကားပြန်များနှင့် ဆောင်ရွက်ခဲ့ကြရသည်။ ဤသို့ ဆောင်ရွက်ရာတွင် အချိန်၊ တိကျမှုနှင့်သုတေသနအဖွဲ့များ၏ ယုံကြည်မှု တည်ဆောက်နိုင်စွမ်းတို့နှင့်ပတ်သက်၍ ကောက်ချက်အချို့ရှိသည်။

- မြန်မာနိုင်ငံတွင် ထိခိုက်လွယ်သောကိစ္စရပ်များ ကျန်ရှိနေသေးပြီး ယင်းတို့အား အတိအလင်း တုံ့ပြန်ဖြေကြားရန်ခက်ခဲသည်။ ၎င်းတို့တွင် ပဋိပက္ခဖြစ်ပွားမှု၊ နိုင်ငံရေး။ အစိုးရ၊ ဒေသဆိုင်ရာခေါင်းဆောင်မှုနှင့် ယှဉ်ပြိုင်မှုတို့ပါဝင်သည်။ အဆိုပါ ကိစ္စရပ်အချို့ကို သုတေသီများက စုံစမ်းသိရှိနိုင်သော်လည်း အဆိုပါကိစ္စရပ်များမှ မှန်ကန်တိကျသည့် သတင်းအချက်အလက် မည်မျှရရှိနိုင်သည်ဟူသည့် ကန့်သတ်ချက်များနှင့်အတူ ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကလည်း အရေးကြီးပေသည်။

# ကျမ်းကိုးစာရင်း


**Bene, C. G. (2012).** (၂၀၁၂)။ ကြံ့ကြံ့ခိုင်နိုင်မှု။ စိတ်ကူးယဉ်နိုင်ငံသစ် သို့မဟုတ် ရက်စက်ဖိနှိပ်သော အစိုးရသစ်လား။ *IDP* လုပ်ငန်းစာတမ်း *405*.

**Dickenson-Jones, K. D. (2015).** မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးပြည်သူ့ဘဏ္ဍာငွေများ။ အာရှဖောင်ဒေးရှင်း။

**Dutta, P. V. (2015).** မြန်မာနိုင်ငံတွင် ကြံ့ကြံ့ခံနိုင်မှု၊ တရားမျှတမှုနှင့် အခွင့်အလမ်းတည်ဆောက်ခြင်း - လူမှုရေး အကာအကွယ်ပေးမှု၏ အခန်းကဏ္ဍ။ ကမ္ဘာ့ဘဏ်။

ပညာအလင်းပွင့် မြန်မာသုတေသနဖောင်ဒေးရှင်း **(GFDRR).** ကမ္ဘာ့ဘဏ်အုပ်စု (၂၀၁၄)။ နေ့စဉ် နာဂစ် တိုက်ခိုက်မှုများ၊ နာဂစ်အလွန်လူမှုရေးသက်ရောက်မှုများ ၅-နှစ်တာ စောင့်ကြည့်လေ့လာမှု။ ဝါရှင်တန်ဒီစီ၊ ကမ္ဘာ့ဘဏ်။

**Griffths, et al**, (စက်တင်ဘာလ ၂၀၁၅) "မြန်မာနိုင်ငံ ကျေးလက်ဒေသများရှိ ဆင်းရဲနွမ်းပါးမှု၊ ထိခိုက်လွယ်မှု နှင့် လူမှုရေး ကာကွယ်ပေးမှု၏ အရွယ်အစား"

**Khandker, J. H. (2009).** (၂၀၀၉)။ ဆင်းရဲမှုနှင့် မညီမျှမှုဆိုင်ရာ လက်စွဲစာအုပ်။ ဝါရှင်တန်ဒီစီ၊ ကမ္ဘာဘဏ်။

အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့(၂၀၁၅)။ နှစ်ပတ်လည်အစီရင်ခံစာ

မြန်မာ၊ **G. o.** (၂၀၁၅)။ မြန်မာနိုင်ငံ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၏ ဘေးအန္တရာယ်အလွန် လိုအပ်ချက်များ အကဲဖြတ်မှု၊ နေပြည်တော်။

ကမ္ဘာ့ဘဏ်၊ (၂၀၀၈)။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအစီရင်ခံစာ၊ ၂၀၀၈။ ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေး၊ ဝါရှင်တန်ဒီစီ၊ ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ်၊ (၂၀၁၆)။ "လူမှုရေးနှင့် စီးပွားရေး စောင့်ကြည့်လေ့လာမှု၊ ပဉ္စမအကြိမ်၊ ဒမြန်မာနိုင်ငံ ကျေးလက်ဒေသများရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လူမှုရေးပြောင်းလဲမှု"။ *EMReF* နှင့် *LIFT* နှင့် ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ်၊ (၂၀၁၄)။ "လူမှုရေးနှင့် စီးပွားရေး စောင့်ကြည့်လေ့လာမှု၊ စတုတ္ထအကြိမ် *EMReF* နှင့် *LIFT* နှင့် ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ်၊ (၂၀၁၃)။ "လူမှုရေးနှင့် စီးပွားရေး စောင့်ကြည့်လေ့လာမှု၊ တတိယအကြိမ် *EMReF* နှင့် *LIFT* နှင့် ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ်၊ (၂၀၁၃)။ "လူမှုရေးနှင့် စီးပွားရေး စောင့်ကြည့်လေ့လာမှု၊ ဒုတိယအကြိမ် *EMReF* နှင့် *LIFT* နှင့် ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ်၊ (၂၀၁၂)။ "လူမှုရေးနှင့် စီးပွားရေး စောင့်ကြည့်လေ့လာမှု၊ ပထမအကြိမ် *EMReF* နှင့် *LIFT* နှင့် ကမ္ဘာ့ဘဏ်။

ကမ္ဘာ့ဘဏ် နှင့် (၂၀၁၆). ရွေ့လျားနေသည့်နိုင်ငံ။

**The World Bank Myanmar**

No 57, Pyay Road, (Corner of Shwe Hinthar Road)
61/2 Mile, Hlaing Township,
Yangon, Republic of the Union of Myanmar

www.worldbank.org/myanmar
www.facebook.com/
myanmar@worldbank.org